# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

**Myanma Alinn Daily**

အတွဲ (၅၄)
အမှတ် (၅၁)

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက်၊ ကြာသပတေးနေ့။


**နေ့ ည မကွာ မင်္ဂလာ**

- ကလေးအရွယ် လိမ္မာနှင့်ပါမှ၊ ကြီးရင့်က လိမ္မာမည်
- မလိမ္မာ ပြည်ထောင်စုကြလျှင်၊ ကောင်းမှု မတည်
- ကလေးတို့နေပြည်၊ တည်စေဖို့ စိတ်စော။
- နံနက်မင်္ဂလာနှင့်၊ နေ့မကွာ ညဥ့်ပါသုံးလို့ရယ်၊ ပြုံးကြစေသော။

(မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# နိုင်ငံနှင့်နိုင်ငံသားများ၏ ကောင်းကျိုးအတွက် ကောင်းမြတ်သည့်စေတနာအရင်းခံဖြင့် ဆွေးနွေးရပ်တည်

နေပြည်တော် နိုဝင်ဘာ ၁၉

**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော မြန်မာ့သတ္တုတွင်း ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့၏ ပြင်ဆင်အတည်ပြုချက်များ၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြင်ဆင်အဆိုပြုချက်များအပေါ် လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးတို့က တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၊ ယနေ့ဆွေးနွေးကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရှေ့နေချုပ်ရုံးမှတာဝန်ရှိသူများ၊ အစိုးရအဖွဲ့အစည်းမှ ဥပဒေနှင့်ပတ်သက်ပြီး ဆွေးနွေးအကြံဉာဏ်ပေးနိုင်မည့်သူများ အားလုံးပါဝင်သောအဖွဲ့ဖြင့် ပြန်လည်သုံးသပ်ဆွေးနွေးပြီး ဥပဒေကြမ်းပူးပေါင်းကော်မတီက ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်တင်ပြရန် ဆုံးဖြတ်ခဲ့သည်။

ယင်းနောက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးအကောင်အထည်ဖော်မှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခဲ့ကြသည်။

**စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမြတ်ကို**က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အုပ်ချုပ်ရေးနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများအား ရွေးချယ်ခန့်အပ်ရာတွင် ပြည်သူများရွေးချယ်ထားသည့်

*စာမျက်နှာ ၇ ကော်လံ ၁* ✺

## ဘဏ်ခွဲဖွင့်ခွင့်ရရှိသော OCBC ဘဏ် ကြိုတင်ပြင်ဆင်မှုပြုလုပ် ပြည်တွင်းဘဏ်များနှင့်ပူးပေါင်းပြီး ဘဏ္ဍာရေးပိုမိုမြှင့်တင်မည်



**သတင်း-ခင်ရတနာ**
**ဓာတ်ပုံ-မေဦးမိုး**

**ရန်ကုန် နိုဝင်ဘာ ၁၉**

၂၀၁၅ခုနှစ်အတွင်း ဘဏ်ခွဲစတင်ဖွင့်လှစ်ခွင့်ရရှိထားသော အရှေ့တောင်အာရှ၌ ပိုင်ဆိုင်မှု ဒုတိယအကြီးဆုံး ဘဏ္ဍာရေးအဖွဲ့အစည်းဖြစ်သည့် OCBC ဘဏ်မှ လုပ်ငန်းများအခြေပြုစတင်လေ့လာလည်ပတ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းများပြုလုပ်ရန် ကိုယ်စားလှယ်ရုံးခွဲကို ဆာကူရာတာဝါ၌ ဖွင့်လှစ်ထားရာမှ သိမ်ဖြူလမ်းရှိ Union Financial Centre (UFC) ဒုတိယအထပ်၌ ဘဏ်လုပ်ငန်းဆိုင်ရာ အောင်မြင်မှုများ ရရှိထားသော အတွေ့အကြုံရှိ ဘဏ်ပညာရှင်တစ်ဦးအား ထားရှိကာ လုပ်ငန်းစတင်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်းသိရသည်။

"ကျွန်တော်က OCBC ရဲ့ ဗန်ကောက်ဘဏ်ခွဲမှာ ဆယ်နှစ်တာဝန်ယူထားခဲ့ပါတယ်။ အခုလည်း မြန်မာဘဏ်ခွဲကို ၂၀၁၅ ခုနှစ်အတွင်း စတင်ဖွင့်လှစ်နိုင်ဖို့ လုပ်ငန်းလေ့လာမှုတွေအတွက် တာဝန် စတင်

*စာမျက်နှာ ၃ ကော်လံ ၄* ●



## နိုင်ငံခြားသားခရီးသည်များ လာရောက်လည်ပတ်မှု ယခင်နှစ်ထက် ပိုမိုများပြားလာ

**မော်လိုက် နိုဝင်ဘာ ၁၉**

မြန်မာနိုင်ငံ၏ပွင့်လင်းမြင်သာသောပြုပြင်ပြောင်းလဲမှုများနှင့်ဒီမိုကရေစီနိုင်ငံသစ် ဖော်ဆောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သည့်အချိန်ကာလတွင် နိုင်ငံတကာ စိတ်ဝင်စားလျက်ရှိကြသည်။ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသော နိုင်ငံခြားသားများသည် စီးပွားရေးရင်းနှီးမြှုပ်နှံလိုသူများ၊ မြန်မာနိုင်ငံ၏ ထင်ရှားသော အလှအပရှုခင်းများကို ကြည့်ရှုခံစားလိုသူများ၊ ဒေသန္တရဗဟုသုတရလိုသူများ ပိုမိုများပြားလာခဲ့သည်။

ထိုကဲ့သို့ လာရောက်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့သို့ နိုင်ငံခြားသားခရီးသည် လာရောက်လည်ပတ်မှုမှာ ယခင်နှစ်ကထက် ပိုမိုများပြားလာခဲ့သည်။ ထိုသို့ နိုင်ငံခြားသား လာရောက်လည်ပတ်မှုမှာ ၂၀၁၃ ခုနှစ်တစ်နှစ်တာကာလတွင် နိုင်ငံအသီးသီးမှ နိုင်ငံခြားသားခရီးသည် စုစုပေါင်း ၃၀၄ ဦးဝင်ရောက်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှစ၍ နိုဝင်ဘာ ၁၅ ရက်အထိ နိုင်ငံခြားသား ခရီးသည် လာရောက်လည်ပတ်သူဦးရေ စုစုပေါင်း

*စာမျက်နှာ ၈ ကော်လံ ၅* ✻

**မိုးလေဝသ အခြေအနေ**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ လျော့နည်းနိုင်သည်။




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ပိုမိုပေါင်းစည်းလာသော ဤမြေကမ္ဘာ

မကြာသေးမီက ထိပ်သီးအစည်းအဝေးကြီးသုံးခုကို အာရှတိုက်တွင် ဆက်တိုက်ကျင်းပသွားခဲ့သည်။ တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပခဲ့သည့် အာရှပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အေပက်)ထိပ်သီးအစည်းအဝေး၊ မြန်မာနိုင်ငံနေပြည်တော်၌ ကျင်းပခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့၌ ကျင်းပခဲ့သော ဂျီ-၂၀ ထိပ်သီးအစည်းအဝေးတို့ပင် ဖြစ်ပါသည်။

ဤထိပ်သီးအစည်းအဝေးကြီးများသည် သမိုင်းအခြေခံအကြောင်းတရားများနှင့်အတူ ပေါ်ပေါက်ခဲ့သည့်အားလျော်စွာ ထိပ်သီးအစည်းအဝေးတစ်ခုချင်းစီမှာလည်း ရည်မှန်းချက်၊ မျှော်မှန်းချက်များစွာဖြင့် အနာဂတ်ကို ပိုမိုတိုးတက်ကောင်းမွန်သော လူမှုအသိုက်အဖြစ် ထုဆစ်ပုံဖော်လျက်ရှိသည်ကို တွေ့ရပေသည်။ တစ်နည်းအားဖြင့် ကမ္ဘာကြီးသည် ပိုမိုပေါင်းစည်းလာလျက်ရှိသည်။ အထူးသဖြင့် စီးပွားရေးကဏ္ဍတွင် ကမ္ဘာကြီးသည် ပို၍ပေါင်းစည်းလာလျက်ရှိသည်။ ထိုသို့ကမ္ဘာကြီးပေါင်းစည်းလာမှုတွင် ကျွန်ုပ်တို့မြန်မာနိုင်ငံသည်လည်း နိုင်ငံတကာနှင့်ဝင်ဆံ့ပြီးလိုက်ပါလျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံတည်းဟူသော အဝန်းအဝိုင်းအတွင်းမှ ကမ္ဘာကြီးနှင့် ပေါင်းစည်းမှုပိုမိုရရှိလာပြီဖြစ်ပါသည်။ ကမ္ဘာ့မျက်နှာစာတွင် မြန်မာနိုင်ငံအနေဖြင့် မျက်နှာပွင့်လန်းလာနေပြီ ဖြစ်သည့်အလျောက် ပါဝင်ပတ်သက်ခွင့်များလည်း ရရှိလာပြီဖြစ်ပါသည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းကပင် ကမ္ဘာ့မျက်နှာစာတွင် မြန်မာနိုင်ငံပါဝင်လာနိုင်မှုကို သက်သေပြနေခြင်းပင်ဖြစ်ပါသည်။

ဤသို့ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ချိတ်ဆက်ကာပါဝင်ဆောင်ရွက်လာနိုင်မှုနှင့်အတူ မြန်မာနိုင်ငံအတွက် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို ဆောင်ကြဉ်းလာတော့မည်ဖြစ်ပါသည်။ အခွင့်အလမ်းများကို အမိအရဆုပ်ကိုင်ပြီး တိုးတက်သည်ထက်တိုးတက်အောင် ကြိုးပမ်းစွမ်းဆောင်ရမည်ဖြစ်သကဲ့သို့ စိန်ခေါ်မှုများ၊ ယှဉ်ပြိုင်မှုများကိုလည်း အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားရတော့မည်ဖြစ်ပါသည်။

မည်သည့်နေရာတွင်မဆို စိန်ခေါ်မှုနှင့် ယှဉ်ပြိုင်မှုများရှိပါသည်။ စိန်ခေါ်မှုနှင့်ယှဉ်ပြိုင်မှုများသည် တိုးတက်မှုအတွက် တွန်းအားများပင်ဖြစ်ပါသည်။ အရာရာစိန်ခေါ်ရဲမှ တိုးတက်ပါမည်။ ယှဉ်ပြိုင်မှုရှိမှတိုးတက်ပါမည်။ သို့ပါ၍ ပိုမိုပေါင်းစည်းလာသော ယနေ့ကမ္ဘာကြီးနှင့်အတူ ဟန်ချက်ညီညီလိုက်ပါသွားနိုင်ရေး ပြည်သူတစ်ရပ်လုံးက ခေတ်သစ်၊ စနစ်သစ်အတွင်း အတွေးသစ်၊ အမြင်သစ်၊ တီထွင်ကြံဆမှုအသစ်များဖြင့် မိမိတို့ဆောင်ရွက်နေသော လုပ်ငန်းဆောင်တာများအားလုံးကို ယခုအချိန်မှ စတင်ကာနှစ်ဆ၊ သုံးဆတိုးတက်အောင် ကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်ပါကြောင်း။ ။

နိုင်ငံကြီးသားပီသစွာ
အခွန်ဆောင်တာ ပြည့်အကျိုးပါ

## ပြည်တွင်းသတင်း

# မွန်ပြည်နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများ စစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၉**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ မွန်ပြည်နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို နိုဝင်ဘာ ၁၅ ရက်မှ ၁၆ ရက်အထိ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

နိုဝင်ဘာ ၁၅ ရက်တွင် ကျိုက်ထိုမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော အင်ဘို-မိုးဘော-ခမောက်ခွေ-ကျောက်ပုံကြီးကွင်း မြေသားလမ်း (၂၂)မိုင် လုပ်ငန်းနှင့် မိုးဘောဘေလီတံတားကမ်းကပ်ခုံဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ညနေပိုင်းတွင် ကျိုက်ထိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်ကော်မတီ သုံးရပ်မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် ဆိပ်ဖူးတောင်ပရဟိတလူငယ်ကျောင်းသို့ သွားရောက်ကြည့်ရှုခဲ့ပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ နိုဝင်ဘာ ၁၆ ရက်တွင် ကျိုက်ထိုမှ ဘီးလင်းသို့ထွက်ခွာ၍ ဘီးလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအစည်းအဝေးခန်းမတွင် မြို့နယ်ကော်မတီသုံးရပ်မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းမှာကြားခဲ့သည်။ ထို့နောက် သထုံသို့ ထွက်ခွာ၍ သထုံမြို့နယ် လူငယ်သင်တန်းကျောင်း ဆောက်လုပ်နေမှုအခြေအနေကို စစ်ဆေးခြင်း၊ သထုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် မြို့နယ်ကော်မတီသုံးရပ်မှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံ၍ လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ကြံစိုက်ဒေသများ၌ အဝယ်ဒိုင်များဖွင့်လှစ်ထား



**နေပြည်တော် နိုဝင်ဘာ ၁၉**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့အရှေ့ဘက်ရှိ ပျဉ်းမနား သကြားစက် ကုမ္ပဏီလီမိတက်ပိုင် သကြားစက်သည် ယခု ၂၀၁၄-၂၀၁၅ ကြံရာသီအတွက် နိုဝင်ဘာ ၁၉ ရက်မှ စတင်၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကြံများကို စတင်ကြိတ်ဝါးလည်ပတ်နေပြီ ဖြစ်ကြောင်း လက်ထောက်စက်ရုံမှူး ဦးညွန့်တင်ထံမှ သိရသည်။ အဆိုပါ ကြိတ်ဝါးရန် ကြံများအတွက် နေပြည်တော်ကောင်စီနယ်မြေ ကြံစိုက်ဒေသများဖြစ်သည့် ပျဉ်းမနားမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်နှင့် လယ်ဝေးမြို့နယ်များတွင် ကြံအဝယ်ဒိုင် ၃၁ ဒိုင် ဖွင့်လှစ်ထားရှိကြောင်း၊ ယခုနှစ်တွင် ပျဉ်းမနား သကြားစက် ကုမ္ပဏီလီမိတက်မှ ကြံတစ်တန်လျှင် ငွေကျပ် ၃၀၀၀၀ ဖြင့် ဝယ်ယူမည်ဖြစ်ကာ စက်ရုံမှ သယ်ယူပို့ဆောင်ရေးအတွက် တာဝန်ယူမည်ဖြစ်ပြီး ကြံကားတင်အလုပ်သမားခကိုမူ ကြံတောင်သူများ ကျခံရမည်ဖြစ်ကြောင်း၊ ယခုနှစ်အတွက် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကြံစိုက်တောင်သူများအတွက် ပျဉ်းမနားသကြားစက်ကုမ္ပဏီလီမိတက်မှ ကြံစိုက်ပျိုးရာတွင် အသုံးပြုသည့် ထွန်စက်၊ မြေဩဇာ စသည်တို့ကို စာရင်းမှတ်စနစ်ဖြင့် ပံ့ပိုးကူညီထားကြောင်း၊ နိုဝင်ဘာ ၁၉ ရက်မှ မတ် ၁၅ ရက်အထိ လည်ပတ်ကြိတ်ဝါးမည့် ပျဉ်းမနားသကြားစက်သည် ယမန်နှစ်က ကြံတန်ချိန် ၁၃၀၀၀၀ ကျော် ကြိတ်ဝါးနိုင်ခဲ့ပြီး ပျဉ်းမနားမြို့နယ်သည် ကြံထွက်အကောင်းဆုံး မြို့နယ်ဖြစ်ကြောင်း အဆိုပါ လက်ထောက်စက်ရုံမှူးထံမှ သိရသည်။ **ကိုကြီးကျော်(ပျဉ်းမနား)**

# မန္တလေးစာပေပညာရှင်များ လူမှုကူညီရေးအသင်း မျက်စိခွဲစိတ်ကုသရန် ကူညီထောက်ပံ့

**မန္တလေး နိုဝင်ဘာ ၁၉**

နိုဝင်ဘာ ၁၆ ရက်က မျက်စိခွဲစိတ်ကုသမှုခံယူခဲ့သော မန္တလေး ပြည်ကြီးတံခွန်မြို့နယ် အင်းခရရပ်ကွက်နေ စာရေးဆရာ သတင်းစာဆရာ ရွှေရိုး(မန္တလေး)သို့ မန္တလေး စာပေပညာရှင်များ လူမှုကူညီရေး အသင်းမှ စာရင်းစစ်အဖွဲ့ခေါင်းဆောင် ဆရာရွှေညာဏ်ဇော်က ငွေကျပ် ၅၀၀၀၀ ကို နိုဝင်ဘာ ၁၇ ရက်က သွားရောက်ပေးအပ်ခဲ့သည်။

အဆိုပါအသင်းသည် မန္တလေးခရိုင်အတွင်း နေထိုင်သည့် စာရေးဆရာ၊ သတင်းစာဆရာ၊ သတင်းထောက်၊ ကာတွန်းဆရာ၊ ကဗျာဆရာများ ကျန်းမာရေးချို့တဲ့၍ ဆေးရုံတက်ဆေးဝါးကုသခြင်း၊ ကွယ်လွန်ခြင်းနှင့် ၄င်းတို့နေထိုင်သည့် နေအိမ်များ သဘာဝဘေးအန္တရာယ် ကျရောက်ပါက ငွေကျပ် ၅၀၀၀၀ ကူညီထောက်ပံ့လျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**




# အခမဲ့ဆေးကုသပေးမည်

**ငါန်းဇွန် နိုဝင်ဘာ ၁၉**

ငါန်းဇွန်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်အတွင်းရှိ ပြည်သူများအတွက် လွှတ်တော်ကိုယ်စားလှယ်များ၏ အခမဲ့ကျန်းမာစောင့်ရှောက်မှုအနေဖြင့် နိုဝင်ဘာ ၂၂ ရက် နံနက် ၈နာရီမှ ညနေ ၃ နာရီအထိ အထူးကုဆရာဝန်ကြီးများ အခမဲ့လာရောက်ကုသပေးမည် ဖြစ်ကြောင်း သိရသည်။

ကုသပေးမည့်ဆရာဝန်ကြီးများမှာ သွားနှင့်ခံတွင်းအထူးကု၊ မျက်စိအထူးကု၊ အရိုးနှင့်အကြော အထူးကု၊ သားဖွားမီးယပ်အထူးကု၊ ခွဲစိတ်ရောဂါအထူးကုနှင့် အထွေထွေရောဂါကုတို့ဖြစ်ပြီး နိုဝင်ဘာ ၁၆ ရက်မှ စတင်ပြီး မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ကြိုတင် ကြေညာထားကြောင်း သိရသည်။ **သက်နောင်ဦး(ငါန်းဇွန်)**

နေပြည်တော်(၁) ဖုန်း - 251277 251288 | မင်္ဂလာ စံပြ ဖုန်း - ၀၉၇၇၃၁၇၆၀၀၀ ၀၉၇၇၃၁၇၆၁၁၁ ၀၉၇၇၃၁၇၆၂၂၂ | မင်္ဂလာဒိုင်းမွန်း ဒိုင်းမွန်းပလာဇာ(၅)လွှာ၊ မန္တလေး ဖုန်း-၀၉၄၀၂၇၆၅၆၄၁၊ ၀၉၄၀၂၇၆၅၆၄၂ | အောင်သီရိ (လားရှိုး) အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် လည်းတစ်ပြိုင်တည်းပြမည်
၂၀ . ၁၁ . ၂၀၁၄ ရက်မှစတင်၍ တစ်ပြိုင်တည်းပြမြီ




နေပြည်တော်(၂) ဖုန်း - 251277 251288 | ရွှေဆောင်(၂) ဖုန်း - 01370787 097301704 | မင်္ဂလာ (၂) ဓါဂုံစင်တာ(၂) မြေနီကုန်း ဖုန်း - ၀၉၇၇၂၅၄၀၉၁ ၀၉၇၇၂၅၄၀၉၂ | မင်္ဂလာ စံပြ ဖုန်း - ၀၉၇၇၃၁၇၆၀၀၀ ၀၉၇၇၃၁၇၆၁၁၁ ၀၉၇၇၃၁၇၆၂၂၂ | မင်္ဂလာဒိုင်းမွန်း ဒိုင်းမွန်းပလာဇာ(၅)လွှာ၊ မန္တလေး ဖုန်း-၀၉၄၀၂၇၆၅၆၄၁၊ ၀၉၄၀၂၇၆၅၆၄၂
၂၀ . ၁၁ . ၂၀၁၄ ရက်မှစတင်၍ တစ်ပြိုင်တည်းပြမြီ



# တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေထုတ်ပြန်

**တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ**

**(၂၀၁၄ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၇။)**

**၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ရက်**

**(၂၀၁၄ ခုနှစ် ၊ နိုဝင်ဘာလ ၁၉ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကိုတောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဦးဆောင်အဖွဲ့ကို ဒုတိယသမ္မတတစ်ဦးအားဦးဆောင်စေပြီး အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(က) သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊

(ခ) သက်ဆိုင်သည့်အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊

(ဂ) တောင်သူလယ်သမားများအား ကိုယ်စားပြုသောအဖွဲ့အစည်းများနှင့် သင့်လျော်သော အခြားအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ။"

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**

ပြည်တွင်းသတင်း

# အမျိုးသားပြတိုက်(ရန်ကုန်)တွင် အသံဖြင့် လမ်းညွှန်မှုပြုသောစနစ်များ အသုံးပြု

**ရန်ကုန် နိုဝင်ဘာ ၁၉**

အမျိုးသားပြတိုက် (ရန်ကုန်)သို့ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၃၀ ရက်က ဂျပန်နိုင်ငံ မီယရှိတကုမ္ပဏီမှ အသံဖြင့် လမ်းညွှန်စနစ် (Audio Guide System) အလုံး ၄၀ လှူဒါန်းခဲ့သည်။ အဆိုပါစနစ်တွင် ပြသပစ္စည်းအမျိုး ၃၀ အတွက် မြန်မာ၊ အင်္ဂလိပ်၊ ဂျပန်၊ တရုတ်ဘာသာလေးမျိုးဖြင့် အသံသွင်းထားကြောင်း သိရှိရသည်။

အဆိုပါစက်များအား အမျိုးသားပြတိုက်(ရန်ကုန်)တွင် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှစတင်၍ အခမဲ့ ငှားရမ်းလျက်ရှိကြောင်းနှင့် နိုဝင်ဘာ ၁၉ ရက်တွင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (မြို့မကျောင်း) မှ ကျောင်းသား ကျောင်းသူ ၃၅ ဦးက အဆိုပါ အသံဖြင့် လမ်းညွှန်မှုစနစ်အား အသုံးပြု၍ လာရောက်လေ့လာခဲ့ကြောင်း တာဝန်ရှိသူများထံမှ သိရသည်။

**(မြန်မာ့အလင်း)**

# အကြိမ်(၂၀)မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးနှင့် အာဆီယံပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁၉**

အကြိမ်(၂၀)မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၊ (၁၃)ကြိမ်မြောက် အာဆီယံ-တရုတ်ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး၊ (၁၂)ကြိမ်မြောက် အာဆီယံ-ဂျပန်ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးနှင့် (၅)ကြိမ်မြောက် အာဆီယံ-ကိုရီးယားပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးတို့ကို မန္တလေးမြို့ ဆီဒိုးနားဟိုတယ်တွင် ၂၀၁၄ ခုနှစ် နိုဝင်ဘာ၂၇ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားကို မန္တလေးမြို့ ဟိုတယ်ရွှေပြည်သာတွင် နိုဝင်ဘာ ၂၇ ရက် နံနက်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အစည်းအဝေးများ မတိုင်မီ (၃၈)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၊ (၁၃)ကြိမ်မြောက် အာဆီယံ- တရုတ် ပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ (၁၃)ကြိမ်မြောက် အာဆီယံ-ဂျပန်ပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် (၆)ကြိမ်မြောက် အာဆီယံ-ကိုရီးယားပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတို့ကို နိုဝင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိ မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

ဖော်ပြပါအစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ပို့ဆောင်ရေးဝန်ကြီးများ ပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်တို့အပါအဝင် စုစုပေါင်းကိုယ်စားလှယ် ၂၁၀ ခန့် တက်ရောက်ကြမည်ဖြစ်သည်။

အစည်းအဝေးတွင် အာဆီယံထိပ်သီးအစည်းအဝေးမှ လမ်းညွှန်ချက်များ၊ အာဆီယံစီးပွားရေးအသိုက်အဝန်း အကောင်အထည်ဖော်မှုအခြေအနေ၊ အာဆီယံလေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှု ဖြေလျှော့မှုအခြေအနေ၊ အာဆီယံတစ်ခုတည်းသောလေကြောင်းနှင့် ရေကြောင်းဈေးကွက်ဖော်ဆောင်မှု၊ အာဆီယံမောင်းတက်/မောင်းဆင်း ရေလမ်းကြောင်းကွန်ရက် တည်ဆောက်မှု၊ စင်ကာပူ-ကူမင်း ရထားလမ်းစီမံကိန်း အကောင်အထည်ဖော်မှု၊ အာဆီယံအဝေးပြေးလမ်း ကွန်ရက်တည်ဆောက်မှု၊ အာဆီယံပို့ဆောင်မှုလွယ်ကူချောမွေ့စေရေး မူဘောင်သဘောတူညီချက်များ အကောင်အထည်ဖော်မှု၊ နယ်စပ်ဖြတ်ကျော်ခရီးသည်ပို့ဆောင်မှုဆိုင်ရာ အာဆီယံမူဘောင်သဘောတူညီချက် အကောင်အထည်ဖော်မှု၊ အာဆီယံဆွေးနွေးဖက်နိုင်ငံများနှင့် ပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှုများနှင့် အကောင်အထည်ဖော်မှုကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ရွှေဖုံးမှ*

ထမ်းဆောင်တာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဘဏ်လုပ်ငန်းတွေလုပ်ဖို့အတွက် အောက်တိုဘာ ၁ ရက်ကစတင်ပြီး ပြင်ဆင်ခွင့်ရရှိထားပါတယ်။ အဓိကကတော့ ငွေကြေးစီမံခန့်ခွဲခြင်း၊ စီမံကိန်းတွေအတွက် ငွေကြေးထောက်ပံ့ခြင်း၊ လုပ်ငန်းလည်ပတ်စေဖို့အတွက် ရင်းနှီးငွေထုတ်ချေးခြင်း၊ ကူးသန်းရောင်းဝယ်ရေးဝန်ဆောင်မှုတွေနဲ့ အရင်းအနှီးဈေးကွက် အကြံပေးလုပ်ငန်းတွေကို လုပ်ကိုင်သွားဖို့ရှိတယ်"ဟု မြန်မာနိုင်ငံတာဝန်ခံ Mr.Daniel Tan က ပြောကြားသည်။



**မြန်မာနိုင်ငံတာဝန်ခံ Mr.Daniel Tan**

ယင်းဘဏ်အနေဖြင့် နိုင်ငံခြားကုမ္ပဏီများ၊ ဖက်စပ်ကုမ္ပဏီများနှင့် ပြည်တွင်းဘဏ်များအတွက် ဝန်ဆောင်မှုများပေးအပ်ရန် ရည်ရွယ်ထားပြီး မြန်မာနိုင်ငံ၏ တိုးတက်မှုများကြောင့် စိတ်ဝင်စားဖွယ်ဖြစ်နေချိန်တွင် ဘဏ်ခွဲသစ်ဖွင့်လှစ်ရန်အတွက် Daniel ကို ယုံကြည်စွာ တာဝန်ပေးအပ်ရခြင်းမှာ သူ၏စီမံခန့်ခွဲမှုဖြင့် နိုင်ငံခြားဘဏ်တစ်ခုမှပေးအပ်သည့် အထောက်အပံ့ကောင်းများကို အကျိုးတူပူးပေါင်းသူအားလုံး အောင်မြင်နားလည် လက်ခံနိုင်ဖွယ်ရှိနိုင်ကြောင်း OCBC Bank မှ Head of Global Commercial Banking ဖြစ်သူ Mr.Linus Goh က ပြောကြားသည်။

"မြန်မာနိုင်ငံနဲ့ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်လိုသူတွေကို Daniel နဲ့ သူရဲ့ဝါရင့်အဖွဲ့က အကောင်းဆုံးဝန်ဆောင်မှုတွေပေးနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ လက်ရှိပူးပေါင်းလုပ်ကိုင်နေတဲ့ ပြည်တွင်းဘဏ်တွေနဲ့ အတူတကွ ဆက်လက်ပူးပေါင်းဆောင်ရွက်ပြီးတော့ မြန်မာနိုင်ငံရဲ့ဘဏ္ဍာရေးအခန်းကဏ္ဍကို ပိုမိုမြှင့်တင်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်" ဟုလည်း Mr.Goh က ဆိုသည်။

မြန်မာနိုင်ငံရှိ OCBC ဘဏ်ကို ၁၉၂၃ ခုနှစ်တွင်စတင်ခဲ့ပြီး ၁၉၃၂ ခုနှစ်တွင် Overseas Chinese Bank ၏ဘဏ်ခွဲကို ရန်ကုန်မြို့တွင် ဖွင့်လှစ်ခဲ့သည်။ တရုတ်ပြည်အနောက်တောင်ပိုင်းနှင့် မြန်မာပြည်အားဆက်သွယ်ထားသော မြန်မာပြည်လမ်းမကြီး (Burma Road)ကို ၁၉၃၉ ခုနှစ်တွင် ဖွင့်လှစ်ပြီးနောက် OCBC ဘဏ်က နောက်ထပ်ဘဏ်ခွဲကိုလားရှိုးတွင်ဖွင့်လှစ်၍ တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုကိုတိုးမြှင့်စေခဲ့သည်။ နိုင်ငံခြားဘဏ်တစ်ခုအနေဖြင့် နိုင်ငံတကာကုန်သွယ်ချေးငွေနှင့်နိုင်ငံခြားငွေကြေးလဲလှယ်မှုများဖြင့် ၁၉၆၃ ခုနှစ်အထိ မြန်မာနိုင်ငံရှိ စီးပွားရေးသမားများနှင့် ကုန်သည်များအား ဝန်ဆောင်မှုပေးခဲ့သည်။ ၁၉၉၄ တွင် OCBC ဘဏ်သည် ကိုယ်စားလှယ်ရုံးအနေဖြင့် ရန်ကုန်မြို့ အမှတ် ၆၁၅၊ ပြည်လမ်းတွင် ဖွင့်လှစ်ခဲ့သည်။ ထိုရုံးကို ယခု Sakura Tower သို့ ၁၉၉၉ ခုနှစ်တွင် ပြောင်းရွှေ့ခဲ့သည်။ OCBC သည် ကိုယ်စားလှယ်ရုံးခွဲအနေဖြင့် ရန်ကုန်မြို့တွင် လုပ်ငန်းဆောင်ရွက်ခဲ့သည်မှာ ယခုနှစ်တွင်နှစ် ၂၀ ပြည့်ပြီဖြစ်သည်။ OCBC ဘဏ်သည် စင်ကာပူအခြေစိုက်ဘဏ်သုံးဘဏ်ပူးပေါင်း၍ ၁၉၃၂ ခုနှစ်တွင် စတင်ဖြစ်တည်လာခဲ့သည်။ အရှေ့တောင်အာရှ၌ ပိုင်ဆိုင်မှုအားဖြင့် ဒုတိယအကြီးဆုံး ဘဏ္ဍာရေးအဖွဲ့အစည်းဖြစ်ကြောင်း သိရသည်။

# တိကျသောမိုးလေဝသနှင့် ဇလဗေဒသတင်းများကိုအသုံးပြုသူများထံ အချိန်မီရောက်ရှိအောင် ပေးပို့ရာတွင် အထောက်အကူပြုမည့် မှတ်သုံဖိုရမ်

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ထိုင်းနိုင်ငံအခြေစိုက် ဒေသတွင်း ဘက်စုံသဘာဝဘေး ကြိုတင်ကာကွယ်ရေးဗဟိုဌာန (RIMES) တို့ပူးပေါင်း၍ ၁၃ကြိမ်မြောက် အမျိုးသားအဆင့် မှတ်သုံဖိုရမ်ကို ၂၀၁၄ခုနှစ် နိုဝင်ဘာ ၁၉ရက်မှ ၂၀ ရက်နေ့အထိ နေပြည်တော်ဟိုတယ်ဇုန်ရှိ Royal ACE ဟိုတယ် အင်းဝဆောင်၌ ကျင်းပလျက်ရှိရာ မြန်မာ့သတင်းစဉ်(နိုင်ငံခြား)က အဆိုပါဖိုရမ်ကို ဦးဆောင်သူဖြစ်သည့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဟာရင်နိုင်တီယမ်းနှင့် ဖိုရမ်နှင့်ပတ်သက်သည့် ထူးခြားချက်များကို မေးမြန်းခဲ့သည်။

**တွေ့ဆုံမေးမြန်းသူ – ဒေါက်တာသာစိန်**



**ဦးချစ်ကျော် ညွှန်ကြားရေးမှူး (အငြိမ်းစား)။**

**မေး။ ။ မှတ်သုံဖိုရမ်ကျင်းပရတဲ့ အဓိကရည်ရွယ်ချက်နဲ့ ဒီဖိုရမ်ကျင်းပခြင်းအားဖြင့် သက်ရောက်နိုင်တဲ့ အကျိုးကျေးဇူးတွေ သိချင်ပါတယ်။**

ဖြေ။ ။ ဒီမှတ်သုံဖိုရမ်ကို ၂၀၀၇ခုနှစ်က စတင်ကျင်းပခဲ့တာဖြစ်ပြီး အဲ့ဒီမတိုင်ခင် ၂၀၀၆ ခုနှစ်မှာ Disaster Communication အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ပါတယ်။ အဲ့ဒီတုန်းက မိုး/ဇလဌာနကထုတ်ပြန်တဲ့ ခန့်မှန်းချက်အားလုံးကိုတင်ပြပြီးတော့ USER အားလုံးကို ဖိတ်ခေါ်ပြီးတော့ ခန့်မှန်းချက်တွေကို အထိရောက်ဆုံး ဘယ်လိုတုံ့ပြန်မလဲ။ ကျွန်မတို့နိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံလည်းဖြစ်တဲ့အတွက် လယ်သမားတွေများတဲ့အခါကျတော့ မှတ်သုံဖိုရမ်လိုဟာမျိုး၊ မိုးလေဝသနှင့်ပတ်သက်ပြီးတော့ ဘယ်လိုအသုံးချနိုင်မလဲဆိုတာကို Disaster Communication အလုပ်ရုံဆွေးနွေးပွဲကနေ ဆွေးနွေးခဲ့ကြတယ်။ အဲဒီဆွေးနွေးချက်တွေကို အစပြုပြီးတော့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၀၇မေလ မှတ်သုံမတိုင်ခင်မှာ ကျင်းပပြီးတော့ မှတ်သုံကာလမှာ ဖြစ်ပေါ်နိုင်တဲ့ မိုးလေဝသအခြေအနေတွေကို ကျွန်မတို့က ထုတ်ပြန်ပေးပါတယ်။ အဲ့ဒီမှာအားလုံးဖြန့်ဝေလိုက်တယ်။ ဖြန့်ဝေပြီးတော့ ကဏ္ဍအသီးသီးကပါဝင်တဲ့ စိုက်ပျိုးရေးဌာန၊ ဆည်မြောင်းဌာန၊ ရေအရင်းမြစ်အသုံးချရေး၊ ဟိုတယ်နှင့်ခရီးသွားလာရေး၊ ပို့ဆောင်ရေး၊ ကျန်းမာရေးနှင့် အခြားအင်န်ဂျီအိုစတဲ့ မိုးလေဝသခန့်မှန်းချက်ကိုအသုံးပြုတဲ့ USER အားလုံးကို ခေါ်ပြီးတော့ ကျွန်မတို့ဆွေးနွေးပါတယ်။ မှတ်သုံကာလမှာဖြစ်မယ့် ဝယ်သာဖီနော်မီနာတွေကို ဌာနအသီးသီးကို ပေးလိုက်တယ်။ မှတ်သုံကာလပြီးခါနီး နိုဝင်ဘာလမှာ ဖိုရမ်ကိုကျင်းပပြီးတော့ ပြီးခဲ့တဲ့ကာလက ခန့်မှန်းချက်တွေ မှန်ကန်မှု ရှိမရှိ ပြန်သုံးသပ်တယ်။ ကျန်တဲ့ဌာနအသီးသီးကလည်း ကျွန်မတို့ပေးတဲ့ခန့်မှန်းချက်ပေါ်မှာ ဘယ်လောက် အသုံးချနိုင်သလဲဆိုတာတွေကိုလည်း ပြန်ပြီးတော့ တင်ပြကြပါတယ်။

**မေး။ ။ ဒီပွဲကျင်းပနိုင်ဖို့ ဘယ်လောက်ကြိုတင်ပြင်ဆင်မှုတွေ လုပ်ခဲ့ရပါသလဲ။**

ဖြေ။ ။ များသောအားဖြင့်တော့ ကုလသမဂ္ဂဆိုင်ရာ အာရှပစိဖိတ်စီးပွားရေးနှင့် လူမှုရေးပူးပေါင်းဆောင်ရွက်မှုကော်မရှင် (ယူအင်အက်စကတ်) ငွေကြေးထောက်ပံ့ပြီး ဒေသတွင်း ဘက်စုံသဘာဝဘေး ကြိုတင်ကာကွယ်ရေးဗဟိုဌာန (RIMES) က နည်းပညာအကူအညီပေးပါတယ်။ ဌာနဘတ်ဂျက်နှင့်တော့ ဆောင်ရွက်နိုင်ခြင်းမရှိသေးပါဘူး။ ကြိုတင်ပြင်ဆင်မှုအနေနဲ့ကတော့ တစ်ပတ်လောက် အချိန်ယူရပါတယ်။

ပြီးနောက် မြန်မာ့သတင်းစဉ် (နိုင်ငံခြား)က ညွှန်ကြားရေးမှူး (အငြိမ်းစား) ဦးချစ်ကျော်အား ဆက်လက်မေးမြန်းခဲ့ပါသည်။

**မေး။ ။ ဒီဖိုရမ်ကနေ ပြည်သူအတွက် ဘယ်လိုထူးခြားတဲ့ အကျိုးကျေးဇူးတွေ မျှော်မှန်းနိုင်ပါသလဲ။**

ဖြေ။ ။ ဒီဖိုရမ်ကနေ ပြည်သူတွေအတွက် မိုးလေဝသ/ဇလဗေဒခန့်မှန်းချက်တွေကို နေ့စဉ်ခန့်မှန်းချက်၊ ၁၀ရက်ပတ်ခန့်မှန်းချက်၊ တစ်လစာလပတ်ခန့်မှန်းချက်၊ မိုးရာသီ ယေဘုယျခန့်မှန်းချက်၊ ဆောင်းရာသီ ယေဘုယျခန့်မှန်းချက်တွေကိုထုတ်ပြန်ခြင်း၊ တက်ရောက်လာကြတဲ့ ဌာနဆိုင်ရာတွေက ခန့်မှန်းချက်တွေကို အသုံးပြုပြီး ၄င်းတို့ရဲ့ ဌာနဆိုင်ရာလုပ်ငန်း၊ စီမံကိန်းတွေ အောင်မြင်စွာလုပ်နိုင်အောင် အထောက်အကူပေးခြင်း၊ ခန့်မှန်းချက်များမှာ ပါဝင်တဲ့ဝေါဟာရတွေ အဓိပ္ပာယ်ဆိုလိုရင်းအချက်တွေကိုလည်းတင်ပြပေးခြင်း၊ ခန့်မှန်းချက် အရည်အသွေးကောင်းအောင်လုပ်ရသလို၊ ခန့်မှန်းချက်ရဲ့ ဆိုလိုရင်းကို နားလည်ပြီး လက်တွေ့နယ်ပယ်မှာ တိုက်ရိုက်အသုံးချ နိုင်အောင် ဖိုရမ်မှာ ညှိနှိုင်းဆောင်ရွက်မှာပင်ဖြစ်ပါတယ်။ ဒီဖိုရမ်ကိုလုပ်ခြင်းအားဖြင့် မိုးလေဝသ/ ဇလဗေဒသတင်းတွေကို အသုံးပြုတဲ့သူတွေဆီ အချိန်မီ အချိန်ကိုက်ရောက်ရှိအောင် မျှော်မှန်းပါတယ်။ ရောက်ရှိ ရရှိလာတဲ့သတင်းတွေရဲ့အနက်အဓိပ္ပာယ် ဆိုလိုချက်ကိုသိရှိပြီး ကြိုတင်ပြင်ဆင်ခြင်း စီမံချက်စီမံကိန်းများထဲ ထည့်သွင်းအသုံးချခြင်းလုပ်နိုင်အောင် မျှော်မှန်းပါတယ်။ ဒါ့အပြင် ဌာနဆိုင်ရာတွေကနေ လက်အောက်ခံရုံးတွေ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို ထပ်ဆင့်လမ်းညွှန်နိုင်အောင်လည်း ပြည်သူလူထုအတွက် ရာသီဥတု မိုးလေဝသနှင့် ဇလဗေဒသတင်းအချက်အလက်များ ပြန်ပြုစုပေးပြီး အကျိုးရှိစွာအသုံးချနိုင်အောင် မျှော်မှန်းပါတယ်။ ထို့နောက် ဒေသတွင်းဘက်စုံသဘာဝဘေးကြိုတင်ကာကွယ်ရေးဗဟိုဌာန (RIMES) မှ ကျွမ်းကျင်သူပညာရှင် မစ္စရူ ဘီရိုး ပိုလီကာပီရိုအား ဆက်လက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး။ ။ မြန်မာနိုင်ငံက မိုး/ဇလဌာနနှင့် RIMES တို့အကြား အနာဂတ်ပူးပေါင်းဆောင်ရွက်မှုအခြေအနေကို သိချင်ပါတယ်။**

ဖြေ။ ။ ဒီမှတ်သုံဖိုရမ် မိုးလေဝသခန့်မှန်းချက်ကို အသုံးပြုကြတဲ့သူတွေအားလုံး များစွာအကျိုးသက်ရောက်စေပါတယ်။ USER တွေအတွက် တိကျတဲ့ မိုးလေဝသ/ဇလဗေဒသတင်းတွေကို အချိန်မီရောက်ရှိအောင် အထူးအရေးကြီးတဲ့အတွက် နောက်ထပ်ဒီလိုမျိုး မှတ်သုံဖိုရမ်တွေကို အခြေအနေပေးရင်ပေးသလို ကျင်းပမှာဖြစ်ပါတယ်။ ပေးလိုက်တဲ့သတင်းအချက်အလက်တွေ တိကျမှုသာ USER တွေက ထိရောက်စွာ အသုံးပြုနိုင်မှာဖြစ်တဲ့အတွက် ပေးတဲ့သူရော အသုံးပြုတဲ့သူပါ ကက်ပစတီမြှင့်မားဖို့လိုပါတယ်။ ဒါကြောင့်မို့ ဒီလိုမျိုးဖိုရမ်များများ လုပ်ပေးဖို့ လိုပါတယ်။


နိုင်ငံတကာသတင်း

# ကမ္ဘာ့အကြီးဆုံးနှင့် ဈေးအကြီးဆုံးကြော်ငြာဘုတ် နယူးယောက်၌ စိုက်ထူ

**နယူးယောက် နိုဝင်ဘာ ၁၉**

Google သည် အမေရိကန်နိုင်ငံ နယူးယောက်မြို့ တိုင်းမ်းစကွဲယားရင်ပြင်၌ ကမ္ဘာ့အကြီးဆုံးနှင့် ဈေးအကြီးဆုံးကြော်ငြာဘုတ် Digital billboard ကြီးကို ငှားရမ်းရန် ပထမဆုံးကုမ္ပဏီ ဖြစ်လာသည်။

ရှစ်ထပ်တိုက်အရွယ် မြင့်မားသည့် အဆိုပါ ဘေဘုတ်ကြီးသည် ရက်သတ္တလေးပတ်တာ ကာလအတွက် ငှားရမ်းခ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်း ကုန်ကျလိမ့်မည်ဟု ခန့်မှန်းထားသည်။ ၎င်းဘေဘုတ် ဖန်သားပြင် အကျယ်အဝန်းမှာ ဘောလုံးကွင်းတစ်ကွင်း စာကျယ်ဝန်းပြီး မာရီယော့မာကွစ်ဟိုတယ်နှင့် ဘေးချင်းယှဉ်လျက် စိုက်ထူထားသည်။



ယင်းဘေဘုတ်ကြီး အနီးသို့ နေ့စဉ်လမ်းသွားလမ်းလာ ခရီးသွားပြည်သူ ၃၀၀၀၀၀ ခန့် ဖြတ်သန်းကြည့်ရှုသွားကြသည်ဟု ခန့်မှန်းထားသည်။ ၎င်းဘေဘုတ်၏ အလင်းရောင်ကြောင့် တိုင်းမ်းစကွဲယားရင်ပြင်တစ်ခုလုံး လင်းလက်တောက်ပလျက်ရှိပြီး အချို့သော နေရာများကို ထင်ထင်ရှားရှား မြင်တွေ့ရသည်ဟု ဆိုသည်။ ၎င်းဘေဘုတ်ကြီးကို အင်္ဂါနေ့ညနေပိုင်းမှစတင်ကာ စိုက်ထူဖွင့်လှစ်ခဲ့ရာ ရာပေါင်းများစွာသော ခရီးသွားဧည့်သည်များ တအံ့တသြ ကြည့်ရှုခဲ့သည်။

ယင်းဖန်သားပြင်ကို ကင်မရာများနှင့်လည်း ဆက်သွယ်ထားသည်။ အဆိုပါ အမေရိကန် နည်းပညာကုမ္ပဏီက ၂၀၁၅ ခုနှစ် ဇန်နဝါရီလတိုင်အောင် ၎င်းဘေဘုတ်ကြီး၏ ဖန်သားပြင်များကို ကြော်ငြာလုပ်ငန်းရှင်များအား ငှားရမ်းထားမည်ဟု ဆိုသည်။

**(ဘီဘီစီ)**

# ISIL တို့ လက်ဝယ်ပိုင်ဆိုင်ထားသော လက်နက်များ နှစ်နှစ်ကျော်အထိ တိုက်ခိုက်မှုပြုလုပ်ရန် လုံလောက်ဟု ကုလပြောကြား

**ဂျီနီဗာ နိုဝင်ဘာ ၁၉**

တက်ဖ်ီရီ စစ်သွေးကြွများ၏ လက်ဝယ်ပိုင်ဆိုင်ထားသော လက်နက်များသည် အရှေ့အလယ်ပိုင်းတွင် နှစ်နှစ်ကျော် ဆက်လက်တိုက်ခိုက်မှု ပြုလုပ်နိုင်ကြောင်း ကုလသမဂ္ဂအစီအရင်ခံစာတွင် တွေ့ရသည်။

၎င်းတို့ပိုင်ဆိုင်သော လက်နက်ငယ်များ၊ လက်နက်ခဲယမ်း မီးကျောက်များ၊ ယာဉ်များသည် ခြောက်လကြာ တိုက်ခိုက်ခဲ့သော လက်ရှိနှုန်းများအတိုင်း နှစ်နှစ်ကြာတိုက်ခိုက်မှုများ ပြုလုပ်နိုင်လိမ့်မည်ဟု ကုလသမဂ္ဂလုံခြုံရေးကောင်စီက သတိပေးပြောကြားခဲ့သည်။

အဆိုပါအစီရင်ခံစာတွင် တက်ဖီရီအုပ်စုသည် ကမ္ဘာပေါ်ရှိ အကောင်းဆုံး လက်နက်ကိုင်အုပ်စုများအနက် တစ်ခုအပါအဝင်ဖြစ်သည်ဟု ဆိုသည်။ အမေရိကန် ဦးဆောင်သော မဟာမိတ်တပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ ယာဉ်များ၊ လက်နက်ကြီးများကို ဖျက်ဆီးရန် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သော်လည်း ၎င်းတို့ ပိုင်ဆိုင်သော လက်နက်များ လျော့ပါးသွားခြင်းမရှိပေ။



မဟာမိတ်တပ်များသည် ဆီးရီးယား၌ ဗုံးကြဲတိုက်ခိုက်မှုကို စက်တင်ဘာလက စတင်ပြုလုပ်ခဲ့သည်။

စစ်သွေးကြွများ၏ လက်နက်များ၊ ငွေများရရှိသည့် လမ်းကြောင်းများကို ဖြတ်တောက်ရန်အတွက် အကြံဉာဏ်များပေးရန်နှင့် စစ်သွေးကြွများ၏ ဆီတင်ယာဉ်များကို သိမ်းပိုက်မှုပြုလုပ်ရန် ၎င်းတို့၏ ထိန်းချုပ်ခံနယ်စပ်ရှိနိုင်ငံများကို ကုလသမဂ္ဂက တိုက်တွန်းခဲ့သည်။

စစ်သွေးကြွများ၏ အဓိကဝင်ငွေမှာ အဆိုပါဆီများမှရသည်။ ယင်းဆီများကို ၎င်းတို့သိမ်းယူထားသော ဒေသများမှ ထုတ်ယူခြင်းဖြစ်သည်။ ၎င်းတို့၏ ဆီထွက်ကုန်သည် တစ်နေ့လျှင် စည်ပေါင်း ၁၀၀၀၀ အောက်ရှိကြောင်း နိုင်ငံတကာစွမ်းအင်အေဂျင်စီ(အိုင်အေအီး)၏ အောက်တိုဘာ ၁၄ ရက် အစီရင်ခံစာတွင် ဖော်ပြထားသည်။ **(ပရက်စ်တီဗွီ)**

# ဆီးရီးယားတွင် နော်ဝေနိုင်ငံမှ အိုင်အက်စ်တိုက်ခိုက်ရေးသမားနှစ်ဦးသေဆုံး

**အော်စလို နိုဝင်ဘာ ၁၉**

အစ္စလာမ္မစ်နိုင်ငံ (IS)ထူထောင်ရေးအတွက် တိုက်ပွဲဝင်ခဲ့သော နော်ဝေနိုင်ငံသားနှစ်ဦးသည် ဆီးရီးယားနိုင်ငံ၌ မကြာသေးမီကဖြစ်ပွားခဲ့သော တိုက်ပွဲများအတွင်း သေဆုံးသွားခဲ့သည်ဟု ဒေသဆိုင်ရာ တီဗွီရုပ်သံလိုင်း တီဗွီတူးက အင်္ဂါနေ့တွင် သတင်းဖော်ပြခဲ့သည်။

နော်ဝေနိုင်ငံမှ ဆီးရီးယားနိုင်ငံသို့ သွားရောက်ခဲ့သူနှစ်ဦးအနက် တစ်ဦးမှာ ၂၄ နှစ်အရွယ် အက်ထရီးယား နော်ဝေနိုင်ငံသား ဖြစ်သည်ဟု သိရသည်။

အဆိုပါ ၂၄ နှစ်အရွယ်ရှိသူသည် ၂၀၀၃ ခုနှစ်တွင် ခိုလှုံခွင့်တောင်းခံသူတစ်ဦးအဖြစ် အက်ထရီးယားမှ နော်ဝေနိုင်ငံတွင် ကာလရှည်ကြာ နေထိုင်ခဲ့သည့် နော်ဝေနိုင်ငံသားများအနက် တစ်ဦးအပါအဝင်ဖြစ်သည်ဟု ယူဆရသည်။

ဆီးရီးယားနှင့် အီရတ်တွင် အစ္စလာမ္မစ်နိုင်ငံ ထူထောင်ရေးအတွက် နော်ဝေနိုင်ငံမှထွက်ခွာသွားသူများမှာ အမျိုးသမီးများအပါအဝင် ခန့်မှန်းခြေ ၆၀ ကျော်ရှိပြီး ၎င်းတို့အနက် ၁၀ ဦးခန့်မှာ တိုက်ပွဲများအတွင်း သေဆုံးခဲ့သည်ဟု နော်ဝေလုံခြုံရေး ရဲတပ်ဖွဲ့၏ ဖော်ပြချက်အရ သိရသည်။

**(ဆင်ဟွာ)**

# အမေရိကန်က ရိုမေးနီးယားနိုင်ငံသား နှစ်ဦးဖမ်းဆီးနိုင်ရေးအတွက် ဆုငွေကမ်းလှမ်း

**ဝါရှင်တန် နိုဝင်ဘာ ၁၉**

အမေရိကန်ပြည်ထောင်စုက အင်တာနက်ပေါ်တွင် လိမ်လည်မှု ကျူးလွန်ခဲ့သော ရိုမေးနီးယားနိုင်ငံသားနှစ်ဦးအား ဖမ်းဆီးနိုင်ရေး သတင်းအချက်အလက်အတွက် ဆုငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၅ သန်းပေးမည်ဟု အင်္ဂါနေ့က ထုတ်ပြန်ခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက နိုကိုလေးပေါ်ဖက်ကျူနှင့် ဒူမီတွီဒန်နီယယ်ဘိုဆိုဂူတို့အား ဖမ်းဆီးနိုင်ရေး သတင်းအချက်အလက်အတွက် ဆုငွေ ဒေါ်လာ ၁ မီလီယံနှင့် ၇ သိန်းခွဲ ထုတ်ပြန်ခဲ့သည်။

ပေါ်ပက်ကျူသည် အင်တာနက်ပေါ်တွင် အမှန်တကယ်မရှိသောကားများ၊ ဆိုင်ကယ်များ၊ မော်တော်ဘုတ်များနှင့် အခြားတန်ဖိုးကြီးပစ္စည်းများကို ရောင်းချရေးအတွက် အမေရိကန်အွန်လိုင်းဈေးကွက်ဝက်ဘ်ဆိုက်များ၏ ကြော်ငြာများသို့ဖြန့်ချိသည့် အင်တာနက်လိမ်ညာမှုအစီအစဉ်ကို ဦးဆောင်သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောကြားသည်။

လိမ်လည်ခံရသူများ၏ ငွေကြေးများသည် အင်တာနက်ပေးသွင်းမှုများမှတစ်ဆင့် လိမ်လည်ထားသော ဘဏ်စာရင်းများထဲသို့ ရောက်ရှိပြီး ဂိုဏ်းခေါင်းဆောင်များရှိရာ ရိုမေးနီးယားသို့ ရောက်ရှိသွားကြသည်။

ဘိုဆိုဂူသည် ၎င်းလုပ်ရပ်များတွင် အဓိကအဖွဲ့ဝင်တစ်ဦးဖြစ်သည်။ ပေါ်ပက်ကျူနှင့် ဘိုဆိုဂူတို့အား FBI က အလိုရှိနေကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာလိုက်ပြီး ပေါ်ပက်ကျူအား အလိုအရှိဆုံးတရားခံအဖြစ် ကြေညာခဲ့သည်။

**(ဆင်ဟွာ)**

# ဆန္ဒပြသူများက လွှတ်တော်အဆောက်အအုံအတွင်းဝင်ရောက်ရန်ကြိုးစား ဟောင်ကောင်အဓိကရုဏ်း ရဲတပ်ဖွဲ့ကဖြိုခွင်း

**ဟောင်ကောင် နိုဝင်ဘာ ၁၉**

ဗုဒ္ဓဟူးနေ့ စာစောပိုင်းကပါလီမန် အဆောက်အအုံအတွင်း ဝင်ရောက်ရန်ကြိုးစားသည့် ဆန္ဒပြအဖွဲ့ငယ်တစ်ဖွဲ့နှင့်ဟောင်ကောင် ရဲတပ်ဖွဲ့တို့အကြား အဓိကရုဏ်းဖြစ်ပွားခဲ့သည်။

ယင်းဖြစ်စဉ်ဖြစ်ရပ်မှာ ရဲတပ်ဖွဲ့ဝင်များက အဓိကသပိတ်စခန်းကို ရှင်းလင်းမှုတစ်ရပ်ပြုလုပ်ပြီး နာရီပိုင်းအကြာ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။



ဆန္ဒပြသူများက ရှစ်ပတ်နီးပါးကြာ အဓိကသိမ်းပိုက်ထားသော နေရာသုံးခုတွင် ဒီမိုကရေစီ အပြည့်အဝရရှိရေး ဆော်ဩလျက်ရှိသည်။ ဒါဇင်နှင့်ချီသော လူငယ်ဆန္ဒပြသူများက မျက်နှာဖုံးစွပ်ထားကြပြီး နံနက် ၁နာရီတွင် အဆိုပါတံခါးကိုဖျက်ကာ အဆောက်အအုံအတွင်း ဝင်ရောက်ရန် ကြိုးစားခဲ့ကြခြင်း ဖြစ်သည်။

အဓိကရုဏ်းရဲတပ်ဖွဲ့က ဆန္ဒပြသူများအား နောက်ပြန်ဆုတ်ရန် သတိပေးပြောကြားခဲ့ပြီး အနီရောင် အလံများအသုံးပြုကာ ငရုတ်ကောင်း စပရေးများ ပက်ဖျန်းလျက် လူအုပ်ကို ဖြိုခွင်းခဲ့သည်။ ဆန္ဒပြသူများက တစ်ညလုံး အဆောက်အအုံအတွင်း ဝင်ရောက်ရန် ကြိုးစားခဲ့ကြသော်လည်း နေ့လယ်ရောက်သည့်တိုင် အောင် ဝင်မရဘဲ ဖြစ်ခဲ့ရသည်။

အဓိကရုဏ်းဖြိုခွင်းစဉ်အတွင်း ရဲအရာရှိသုံးဦး ဒဏ်ရာရခဲ့ပြီး ဆန္ဒပြသူလေးဦးအား ဖမ်းဆီးထားသည်။ **(ဘီဘီစီ)**

## ရန်ကုန်-မန္တလေးအမြန်လမ်းတစ်လျှောက် လိုက်ထရပ်ယာဉ်မတော်တဆမှုဖြစ်စဉ်များ

**နေပြည်တော် နိုဝင်ဘာ ၁၉**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး စတင်ဖွင့်လှစ်ချိန်တွင် သိရှိသူနည်းပါးခြင်း၊ အကျွမ်းတဝင်မရှိခြင်းတို့ကြောင့် ဖြတ်သန်းသွားလာသည့်ယာဉ်အရေအတွက် နည်းပါးခဲ့သော်လည်း ၂၀၁၃ ခုနှစ်တွင် နေ့စဉ်ယာဉ်စီးရေ ၈၀၀၀ ကျော်မှ ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း နေ့စဉ်ယာဉ်စီးရေ ၁၃၀၀၀ ကျော်ခန့်အထိ ဖြတ်သန်းသွားလာလျက်ရှိကြောင်းတွေ့ရှိရသည်။

ထိုသို့အမြန်လမ်းတစ်လျှောက် ယာဉ်သွားလာမှုများပြားလာသည်နှင့် အမျှ ယာဉ်မောင်းများ၏ ပေါ့လျော့စွာမောင်းနှင်မှု၊ မဆင်မခြင်မောင်းနှင်မှု၊ အရှိန်ပြင်းစွာ မောင်းနှင်မှု၊ ယာဉ်မောင်းမကျွမ်းကျင်မှု၊ ယာဉ်မောင်းကြံ့ခိုင်မှုအားနည်းခြင်း၊ ယာဉ်ကြံ့ခိုင်မှုအားနည်းခြင်းစသည့်အကြောင်းခြင်းရာများကြောင့် ယာဉ်မတော်တဆမှုများ ပိုမိုဖြစ်ပွားလာကြောင်း စိစစ်တွေ့ရှိရသည်။

အမြန်လမ်းတစ်လျှောက် ဖြစ်ပွားသော ယာဉ်မတော်တဆမှုများကို စိစစ်ရာတွင် ၂၀၁၂ ခုနှစ်အတွင်း ယာဉ်မတော်တဆမှု ၁၀၃ မှု၊ သေဆုံး ၅၇ ဦး၊ ဒဏ်ရာရ ၁၈၆ ဦးရှိ၍ ၂၀၁၃ ခုနှစ်အတွင်း ယာဉ်မတော်တဆမှု ၂၅၉ မှု၊ သေဆုံး ၁၁၃ ဦး၊ ဒဏ်ရာရ ၆၂၂ ဦးရှိခဲ့ပြီး ၂၀၁၄ ခုနှစ်အတွင်း ၁-၁-၂၀၁၄ ရက်နေ့မှ ၁၄-၁၁-၂၀၁၄ ရက်နေ့အထိ ယာဉ်မတော်တဆမှု ၃၆၂ မှု၊ သေဆုံး ၁၂၈ ဦး၊ ဒဏ်ရာရ ၇၂၇ ဦးရှိခဲ့သည့်အတွက် ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ နှစ်စဉ် ယာဉ်မတော်တဆမှုပိုမိုဖြစ်ပွားလာခဲ့ကြောင်း တွေ့ရှိရသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှုများမှ လိုက်ထရပ်ယာဉ်တိုက်မှုပမာဏမှာ စိုးရိမ်ဖွယ်ရာ အခြေအနေဖြစ်ကြောင်း တွေ့ရှိရသည်။ ၂၀၁၂ ခုနှစ်အတွင်း လိုက်ထရပ်ယာဉ်တိမ်းမှောက်မှု ခုနစ်ကြိမ်၊ သေဆုံးသူငါးဦး၊ ဒဏ်ရာရ ၄၇ ဦးရှိခဲ့သဖြင့် ယာဉ်မတော်တဆမှုအားလုံး၏ ၆ ဒသမ ၈ ရာခိုင်နှုန်းဖြစ်ပွားခဲ့သည်။ ၂၀၁၃ ခုနှစ်အတွင်း လိုက်ထရပ်ယာဉ်မတော်တဆမှု ၄၂ ကြိမ်ဖြစ်ပွားခဲ့ပြီး ၁၃ ဦးသေဆုံးကာ ၂၁၉ ဦးဒဏ်ရာရရှိခဲ့သဖြင့် ယာဉ်မတော်တဆမှုအားလုံး၏ ၁၆ ရာခိုင်နှုန်းကျော် ဖြစ်ပွားခဲ့ပြီးသေဆုံးသူ ၁၁ ဒသမ ၅ ရာခိုင်နှုန်း၊ ဒဏ်ရာရသူ ၃၅ ရာခိုင်နှုန်းကျော်ရှိကြောင်း တွေ့ရှိရသည်။ ထို့အတူ ၂၀၁၄ ခုနှစ်အတွင်း နိုဝင်ဘာလ ၁၇ ရက်အထိ လိုက်ထရပ်ယာဉ် မတော်တဆမှုပေါင်း ၄၆ မှု ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၄ ဦး၊ ဒဏ်ရာရသူ ၁၇၂ ဦးရှိသဖြင့် ယာဉ်မတော်တဆမှုအားလုံး၏ ၁၃ ရာခိုင်နှုန်းဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၁ ရာခိုင်နှုန်း၊ ဒဏ်ရာရရှိသူ ၂၃ ဒသမ ၆ ရာခိုင်နှုန်းကျော်ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

ထို့အပြင် နိုဝင်ဘာ ၁ ရက်နေ့မှ နိုဝင်ဘာ ၁၇ ရက်အထိ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတစ်လျှောက် ယာဉ်မတော်တဆမှု ၁၃ မှုဖြစ်ပွားခဲ့ပြီး ၁၀ ဦးသေဆုံး၍ ၄၁ ဦးဒဏ်ရာရရှိခဲ့ရာတွင်လိုက်ထရပ် ယာဉ်မတော်တဆမှု လေးမှုဖြစ်ပွားခဲ့ပြီး ခြောက်ဦးသေဆုံးကာ ၁၇ ဦး ဒဏ်ရာရရှိခဲ့သဖြင့် ၂၀၁၄ ခုနှစ် အတွင်း ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုပေါင်း၏ ၃၁ ရာခိုင်နှုန်း၊ သေဆုံးသူပေါင်း၏ ၆၀ ရာခိုင်နှုန်း၊ ဒဏ်ရာရရှိသူပေါင်း၏ ၄၁ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရသဖြင့် လိုက်ထရပ်ယာဉ်မတော်တဆမှု ဖြစ်စဉ်များ လျော့နည်းကျဆင်းစေရေးအတွက် အခြားယာဉ်များနည်းတူ ကြိုတင်ကာကွယ်ခြင်း၊ စစ်ဆေးအရေးယူခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့်အပြင် လိုက်ထရပ်ယာဉ်များနှင့် ပတ်သက်၍ စည်းကမ်းချက်များ ထုတ်ပြန်ခြင်း၊ ပူးပေါင်းအဖွဲ့များဖြင့်စစ်ဆေးအရေးယူခြင်းတို့ဖြင့် ဆောင်ရွက်သွားရန် အစီအမံများချမှတ်ဆောင်ရွက်လျက်ရှိသည်။

လိုက်ထရပ်ယာဉ်ကြောင့် ဖြစ်ပွားသော ယာဉ်မတော်တဆမှုများတွင် ယာဉ်၌လိုက်ပါလာသူဦးရေများပြားခြင်းကြောင့် ဝန်ချိန်ပမာဏများပြားသဖြင့် ထိန်းကျောင်းရန် မလွယ်ကူခြင်း၊ သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်ခြင်း၊ ယာဉ်ကိုယ်ထည်အောက်ပိုင်း ကြံ့ခိုင်မှုအားနည်းခြင်း၊ ယာဉ်မောင်းအိပ်ငိုက်ခြင်းတို့ကြောင့်ဖြစ်ကြောင်း တွေ့ရှိရသဖြင့် အလားတူဖြစ်စဉ်များ ထပ်မံမဖြစ်ပွားစေရန်အတွက် အမြန်လမ်းမကြီးတစ်လျှောက် ဖြတ်သန်းသွားလာလျက်ရှိသော လိုက်ထရပ်ယာဉ်များအနေဖြင့် သတ်မှတ်ထားသည့် တစ်နာရီလျှင် ကီလိုမီတာ ၈၀ အထိသာ မောင်းနှင်ရန်၊ ယာဉ်ပေါ်တွင် ကုန်တင်ဆောင်မောင်းနှင်ခြင်းနှင့် ယာဉ်စီးသူဦးရေများပြားမှုမရှိရန်၊ ယာဉ်၏ကိုယ်ထည်အောက်ပိုင်းများနှင့် တာယာများ ကြံ့ခိုင်မှု အပြည့်အဝရှိရန်နှင့် ကောင်းမွန်မှုရှိစေရေးအမြဲစစ်ဆေးပြုပြင်ရန်၊ ယာဉ်မောင်းများ ပင်ပန်းနွမ်းနယ်ပြီး အိပ်ငိုက်မောင်းနှင်မှုမရှိစေရေးယာဉ်မောင်းများအား အနားပေးခြင်းနှင့် ယာဉ်ကိုလည်း မကြာခဏရပ်နားပေးစေခြင်းတို့ ဆောင်ရွက်ရန် လိုအပ်ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်ထားရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၀ ရက်မှ ၁၆ ရက်အထိ တစ်ပတ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု

**နေပြည်တော် နိုဝင်ဘာ ၁၉**

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၀ ရက်မှ ၁၆ ရက်အထိ တစ်ပတ်အတွင်း တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က ဘိန်း ၁၁ မှ အလေးချိန် ၁၄ ဒသမ ၇၄၁၃ ကီလို၊ ဘိန်းဖြူအမှု ၆၀၊ အလေးချိန် ၄ ဒသမ ၇၆၃၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၆မှု ဆေးပြားအရေအတွက် ၈၇၅၀၈ ပြား၊ အဆင့်နိမ့်ဘိန်းလေးမှု အလေးချိန် ၂ ဒသမ ၇၃၀၈ ကီလို၊ ဘိန်းဆီခဲ ၀ ဒသမ ၀၀၂၀ ကီလို၊ ဆေးခြောက်ကိုးမှု အလေးချိန်၁၉ ဒသမ ၅၈၉၁ ကီလို၊ ဘိန်းဆီရည် ၀ ဒသမ ၆ လစ်တာ၊ အိုက်စ်တစ်မှု အလေးချိန် ၀ ဒသမ ၀၂၁၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား အကြေမှုန့် ၀ ဒသမ ၀၀၁၁ ကီလို၊ မှတ်ပုံတင်ပျက်သုံးမှု၊ အမှုပေါင်း ၁၅၄ မှုဖမ်းဆီးခဲ့ရာတွင် အမျိုးသား တရားခံ ၁၇၂ ဦး၊ အမျိုးသမီး တရားခံ ၂၀ ဦး စုစုပေါင်းတရားခံ ၁၉၃ ဦးတို့ကို ဥပဒေအရအရေးယူနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**(မြန်မာ့အလင်း)**

## လောက်ကိုင်မြို့၌ ဘိန်းဖြူ ၃၈ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀ နှင့် အိုက်စ် ၁၁ ဂရမ် ဖမ်းဆီးရမိ



ဖူလောက်ဖူး၊ လီလောင်ချိုင်(ခ)လောက်အဲနှင့် မအားဆောင်(ခ) လီရှောက်ရှင်းနှင့် ရန်လောက်ဂူ(ခ)လောက်ဂူတို့ လေးဦးအား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၉**

နိုဝင်ဘာ ၁၆ ရက်က မူးယစ်တပ်ဖွဲ့စု(၂၁)ကွမ်းလုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လောက်ကိုင်-တာရွှေထန်သွားလမ်း၊ နားလီစိုက်ပျိုးရေးခြံရှေ့လမ်းပေါ်တွင် လောက်ကိုင်မှ ကုန်းကြမ်းဘက်သို့ ဖူလောက်ဖူး မောင်းနှင်ပြီး လီလောင်ချိုင်(ခ)လောက်အဲ လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ဖူလောက်ဖူး၏ ဘောင်းဘီအိတ်အတွင်းမှ ပုလင်းဖြင့်ထည့်လျက် ဘိန်းဖြူတစ်ဂရမ်စီပါ ၁၁ ပုလင်း စုစုပေါင်း ဘိန်းဖြူ ၁၁ ဂရမ် သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေး ဖော်ထုတ်ချက်အရ လောက်ကိုင်မြို့ ရပ်ကွက်(၃)နေ ကွင်းဆက်ပြစ်မှုကျူးလွန်သူ မအားဆောင်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ခင်ပွန်းဖြစ်သူ ရန်လောက်ဂူ(ခ)လောက်ဂူတို့ကို တွေ့ရှိရပြီး မအားဆောင်၏လက်တွင် ကိုင်ထားသော ကြွပ်ကြွပ်အိတ်အတွင်းမှ ဘိန်းဖြူ ၁၅ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၊ အိုက်စ် ၁၁ ဂရမ်နှင့် ရန်လောက်ဂူ၏ ဘောင်းဘီအိတ်အတွင်းမှ ဘိန်းဖြူဘလောက်တုံးသုံးတုံး အလေးချိန် ၁၂ ဂရမ်သိမ်းဆည်းရမိသဖြင့် ဖူလောက်ဖူး(၂၃ နှစ်)၊ လီလောင်ချိုင်(ခ) လောက်အဲ(၂၉ နှစ်)၊ မအားဆောင်(ခ)လီရှောက်ရှင်း(၃၀ နှစ်)နှင့် ရန်လောက်ဂူ (ခ) လောက်ဂူ(၄၅ နှစ်)တို့ လေးဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### ပြည်တွင်းသတင်း

## ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ပေါက်တူးကိုင်နှောင့်ယှက်သူများထဲမှ ပြစ်မှုကျူးလွန်သူ ကရင်(ခ)ဝင်းထူးအား ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၉**

နိုဝင်ဘာ ၆ ရက် ညနေ ၅ နာရီက ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၉၉/၄)အနီး၌ ပေါက်တူးကိုင်၍ ခရီးသည်တင်ယာဉ်များကို အနှောင့်အယှက်ပေးရန် အုပ်စုဖွဲ့၍ ကြံစည်ဆောင်ရွက်နေကြောင်း ဇန်နဝါရီ ၇ ရက် Facebook လူမှုကွန်ရက်စာမျက်နှာများတွင် ဖော်ပြခဲ့ရာ အဆိုပါသတင်းနှင့် ပတ်သက်၍ အမြန်လမ်းရဲတပ်ဖွဲ့က ကျေးရွာပြည်သူများနှင့် အမာခံသတင်းပေးတို့နှင့် ပူးပေါင်း၍အခင်းဖြစ်ရပ် ပတ်ဝန်းကျင်ကို ပိုက်စိပ်တိုက်ရှာဖွေခြင်း၊ စုံစမ်းခြင်းတို့ ဆောင်ရွက်ခဲ့သဖြင့် ပြစ်မှုကျူးလွန်သူသုံးဦးတို့၏ အမည်များကို စုံစမ်းဖော်ထုတ်နိုင်ခဲ့ပြီး အချိန်နှင့်တစ်ပြေးညီ ပိတ်ဆို့ရှာဖွေနိုင်ခဲ့သဖြင့် ညွန့်ဝင်း(၄၂ နှစ်)၊ ကိုလင်း(၅၅ နှစ်)တို့နှစ်ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း နိုဝင်ဘာ ၁၀ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ခဲ့ပြီး ဖမ်းဆီးရမိခဲ့ခြင်းမရှိသေးသော ကရင်(ခ)ဝင်းထူးကို ဖမ်းဆီးရမိရေးအတွက် ၎င်းနေထိုင်ရာ ကျောက်တံခါးမြို့နယ် ကျလိုကျေးရွာသို့ နိုဝင်ဘာ ၁၀ ရက်က သွားရောက်ရှာဖွေခဲ့ရာ ကျလိုကျေးရွာသည် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး အနောက်ဘက်ခြမ်း ပဲခူးရိုးမပေါ်၌ တည်ရှိပြီး အိမ်ခြေ ၁၅ အိမ်ခန့်ရှိသော တောင်ပေါ်ကျေးရွာငယ်တစ်ခုဖြစ်ကြောင်း၊ ယင်းကျေးရွာသို့ အမြန်လမ်းမကြီးမှ ၇ နာရီ ခရီးသွားလာရကြောင်း၊ အဆိုပါရွာတွင် ကရင်(ခ)ဝင်းထူးကို မတွေ့ရသဖြင့် ညအိပ်အခြေပြုကာပတ်ဝန်းကျင်ကျေးရွာ တောင်ကြောများတစ်ဝိုက် လိုက်လံရှာဖွေခဲ့သော်လည်း တွေ့ရှိခဲ့ခြင်းမရှိသဖြင့် ပြစ်မှုကျူးလွန်သူကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် အပ်နှံပေးရန် ကျေးရွာလူကြီးနှင့် ရပ်မိရပ်ဖများအား စည်းရုံးပြောကြားခဲ့သည်။ ယင်းနောက် နိုဝင်ဘာ ၁၆ ရက်တွင် ကျောက်ခဲအင်းကျေးရွာရပ်မိရပ်ဖများက ပြစ်မှုကျူးလွန်သူ ကရင်(ခ)ဝင်းထူး(၂၈ နှစ်)ကို လာရောက်အပ်နှံပေးသဖြင့် အမှုဖြင့် ဖမ်းဆီးခဲ့ပြီး ပြစ်မှုကျူးလွန်သူသုံးဦးအား မြို့ချောင်းအမြန်လမ်းရဲစခန်းမှ ဥပဒေနှင့်အညီ အမြန်ဆုံးတရားစွဲတင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် မြို့ချောင်းအမြန်လမ်းရဲစခန်းမှ တပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိခြင်း၊ ကျေးရွာနေပြည်သူများနှင့် တစ်သားတည်းရှိခြင်းတို့ကြောင့် ယခုကဲ့သို့ ပြည်သူများက တုံ့ပြန်ကူညီခဲ့ကြောင်း တွေ့ရှိရသည်။

ယခုဖြစ်စဉ်တွင် ပြစ်မှုကျူးလွန်သူများအနေဖြင့် အရက်သေစာသောက်စားရာမှ မလိုလားအပ်သောဖြစ်စဉ်များ ဖြစ်ပွားခဲ့ခြင်းဖြစ်ရာ အမြန်လမ်းရဲတပ်ဖွဲ့အနေဖြင့် မြို့ချောင်းအမြန်လမ်းရဲစခန်းနှင့် ဆက်စပ်ကျေးရွာများရှိ ကျေးရွာပြည်သူများသို့ မူခင်းနှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ ဆွေးနွေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## တပ်ကုန်းမြို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**တပ်ကုန်း နိုဝင်ဘာ ၁၉**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ပေါ်၌ သတင်းအရ ရှာဖွေရာမှ မူးယစ်ဆေးဝါးများ လက်ဝယ်ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ နေပြည်တော် မူးယစ်တပ်ဖွဲ့စု(၁၀)မှ ဒုရဲမှူး ထွန်းထွန်းဦး ဦးစီးအဖွဲ့သည် တပ်ကုန်းမြို့ မြဝတီရပ်ကွက် နယ်မြေ(၁၁) ရာအိမ်မှူး ဦးစိုးမင်းနယ်မြေ(၁) ချစ်ကြည်ရေးလက်ဖက်ရည်ဆိုင်ပိုင်ရှင် ဦးကျော်သန်းတို့အဖွဲ့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီခွဲက သတင်းအရ ချစ်ကြည်ရေးလက်ဖက်ရည်ဆိုင်၌ ရောက်ရှိနေသော သန်းနိုင်ဦး (ခ) ရွှေမိအား ရှာဖွေရာ ၎င်းဝတ်ဆင်ထားသော ဘောင်းဘီရှည်အတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၃၀ အလေးချိန် ၂ ဒသမ ၇ ဂရမ်ပါတစ်ထုပ် တစ်ပြားလျှင် ၃၅၀၀ ကျပ်နှုန်းဖြင့် စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၀၅၀၀၀ ကို သိမ်းဆည်းခဲ့သည်။

သိမ်းဆည်းရမိသော စိတ်ကြွရူးသွပ်ဆေးပြား ၃၀ ကို တပ်ကုန်းမြို့ မြဝတီရပ်ကွက် ပိတောက်လမ်း Happy စားသောက်ဆိုင် အမှတ် (မ-၁၀၁)နေ အာကာဖြိုး(ခ)အာကာဆိုသူထံမှ တစ်ပြားလျှင် ၃၀၀၀ ကျပ်နှုန်းဖြင့် ဝယ်ယူခဲ့ကြောင်း၊ သက်သေများရှေ့တွင် ထွက်ဆိုသောကြောင့် အာကာဖြိုး(ခ)အာကာဆိုသူ၏ နေအိမ်ကို သက်သေများနှင့်အတူ လိုက်လံပြသခိုင်းရာ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် မူးယစ်ဆေးဝါးနေအိမ်ရှာဖွေ ဖမ်းဝရမ်းအမှတ် (၅/၂၀၁၄)ဖြင့် သွားရောက်ရှာဖွေရာ မူးယစ်ဆေးဝါးတစ်စုံတစ်ရာ မတွေ့ရှိရသော်လည်း အာကာဖြိုး(ခ)အာကာအားတွေ့ရှိရပြီး ၎င်းထံသို့ ပြီးခဲ့သော နာရီဝက်ခန့်က သန်းနိုင်ဦး(ခ) ရွှေမိလာရောက်ကြောင်း ထွက်ဆိုသဖြင့် သန်းနိုင်ဦး(ခ)ရွှေမိနှင့် အာကာဖြိုး(ခ)အာကာတို့အား အမှုဖွင့်ဖမ်းဆီးခဲ့သည်။ **မင်းမင်းလတ်**


# Job Fair (Magway)2014

## အလုပ်အကိုင် အခွင့်အလမ်းပြပွဲ(မကွေး)

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု

လုပ်ငန်းရှင်များအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင် အခွင့်အလမ်းပြပွဲအခမ်းအနားကို

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ မြို့တော်ခန်းမ၌

(၂၉.၁၁.၂၀၁၄) မှ (၃၀.၁၁.၂၀၁၄)အထိ နံနက် (၉း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအတွင်း ခင်းကျင်းပြသမည်ဖြစ်ပါသဖြင့်

နိုင်ငံရပ်ခြားသွားရောက်အလုပ်လုပ်ကိုင်လိုသူများနှင့် စိတ်ပါဝင်စားသူများ လာရောက်လေ့လာကြည့်ရှုနိုင်ပါသည်။

၂၀၁၄ ခုနှစ် ကမ္ဘာ့ကလေးများနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ကလေးသူငယ်များဘဝဖွံ့ဖြိုးဖို့ ကဏ္ဍပေါင်းစုံဆောင်ရွက်စို့

ကြည်ထွန်း(လူမှုဝန်ထမ်း)

အပြည်ပြည်ဆိုင်ရာ စီးပွားရေးပညာရှင်များနှင့် ဘဏ္ဍာရေးဝန်ကြီးများက ရလဒ်အကောင်းဆုံး ရင်းနှီးမြှုပ်နှံမှု (၁၀) မျိုးအနက် **"ကလေးသူငယ်ဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှု"** ကို ထိပ်ဆုံးမှာထားရှိတယ်။ မွေးကင်းစမှ အသက်ရှစ်နှစ် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေး (Early Childhood Care and Development - ECCD)မှာ တစ်ဒေါ်လာရင်းနှီးမြှုပ်နှံမယ်ဆိုရင် အကျိုးအမြတ်အားဖြင့် သုံးဒေါ်လာမှ ၁၇ ဒေါ်လာအထိ ပြန်လည်ရရှိပါတယ်။ ၁၃ ဒေါ်လာက ပြည်သူ့အကျိုးပြုလုပ်ငန်းအတွက်ဖြစ်ပြီး လေးဒေါ်လာက ၎င်းကလေးက တိုက်ရိုက်ခံစားရရှိခြင်းပါ။ ၂၀၀၀ ပြည့်နှစ် စီးပွားရေးဆိုင်ရာ နိုဘယ်ဆုရှင် Dr.James Heckmanက မွေးစမှ သုံးနှစ်အရွယ် ကလေးများအတွက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်းဟာ အကျိုးအမြတ်အားဖြင့် အမြင့်ဆုံးဖြစ်ပြီး ဒုတိယအများဆုံးက မူကြိုပညာရေးလုပ်ငန်းဖြစ်တယ်လို့ ဆိုပါတယ်။

### ကလေးပြုစုပျိုးထောင်ရေးလုပ်ငန်း ဘာကြောင့်အရေးကြီးတာလဲ

ကလေးဘဝရဲ့ အစောဆုံးနှစ်များဟာ ဘဝအတွက်အရေးအကြီးဆုံးသော ကိုယ်ရည်ကိုယ်သွေးအတွက် အခြေခံအုတ်မြစ်ချဖို့ အချိန်အခါကောင်းပါ။ အာဟာရပြည့်ဝအောင် ကျွေးမွေးခြင်း၊ ကျန်းမာအောင်ပြုစုစောင့်ရှောက်ခြင်း၊ ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးခြင်းတို့ဟာ ကလေးရဲ့ဦးနှောက်ဖွံ့ဖြိုးမှုနဲ့ ဉာဏ်ရည်ဉာဏ်သွေး ဖွံ့ဖြိုးမှုကို ဖြစ်စေနိုင်ပါတယ်။ လူသားတစ်ယောက်ရဲ့ ဦးနှောက်ဖွံ့ဖြိုးမှု ၈၅ ရာခိုင်နှုန်းဟာ အသက်ငါးနှစ်အရွယ်မှာ ဖွံ့ဖြိုးပြီးဖြစ်တဲ့အတွက် အဲဒီနောက်မှ မြှင့်တင်ဖို့ကြိုးစားမယ်ဆိုရင် သိမှုစွမ်းရည်နှင့် စဉ်းစားနိုင်မှုဟာ မြင့်တက်ဖို့ခက်ခဲလှပါတယ်။ ကလေးများ အရွယ်ရောက်ကြီးပြင်းလာသည်အထိ (သို့မဟုတ်) စာသင်ကျောင်း ရောက်သည်အထိ သူတို့အတွက် ရင်းနှီးမြှုပ်နှံမှုကို ရွှေ့ဆိုင်းမယ်ဆိုရင် မိုးလွန်မှထွန်ချဆိုသလို သူတို့ကို တိုးတက်အောင်လုပ်ဆောင်ဖို့ (သို့မဟုတ်) ဆိုးရွားတဲ့ အခြေအနေကို မရောက်ရှိအောင်ကာကွယ်ဖို့ အလွန်နောက်ကျသွားပါလိမ့်မယ်။

### ကဏ္ဍပေါင်းစုံလွှမ်းခြုံနိုင်ပြီး ရေရှည်တည်တံ့မည့်မူဝါဒ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဟာ ကလေးသူငယ်များရဲ့အခြေခံအခွင့်အရေးများဖြစ်တဲ့ အသက်ရှင်သန်ခွင့် (survival)၊ ဖွံ့ဖြိုးတိုးတက်ခွင့် (development)၊ ပါဝင်ဆောင်ရွက်ခွင့် (protection)၊ ကာကွယ်စောင့်ရှောက်ခွင့် (care) တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ဗဟိုချက်ဌာနတစ်ခုပါ။ ကလေးသူငယ် ပြုစုပျိုးထောင်ရေးလုပ်ငန်းကို နှစ်ပေါင်း ၆၀ ကျော် စိုက်လိုက်မတ်တတ် ဆောင်ရွက်ခဲ့တဲ့ ဌာနကြီးတစ်ခုလည်း ဖြစ်ပါတယ်။ ကလေးသူငယ်တွေရဲ့ အကျိုးစီးပွားကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးဖို့ ရည်သန်ထားတာနဲ့အညီ ဆက်စပ်ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့ အပြည့်အဝပူးပေါင်းပါဝင်ရေးဆွဲထားတဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် **မြန်မာ့ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒ** (Myanmar Policy For Early Childhood Care and Development) ကို နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ရဲ့ ဥယျောဇဉ်နဲ့အတူ ၂၀၁၄ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့က မိတ်ဆက်ဖြန့်ချိလိုက်ပါပြီ။ ဒီမူဝါဒဟာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ **ကလေးသူငယ်အခွင့်အရေးတွေကို ထိထိရောက်ရောက်ဖြည့်ဆည်းပေးနိုင်မှာဖြစ်ပြီး နှစ်စဉ် ကလေးဦးရေ ရှစ်သန်းခန့်ကို အကျိုးပြုစေမှာ ဖြစ်ပါတယ်။**

ကလေးများကို ဘက်စုံအခြေခံကောင်းများ ရရှိစေခြင်းဖြင့် သူတို့ရဲ့ မိသားစု၊ ရပ်ရွာနှင့် တိုင်းပြည်အတွက် အပြုသဘောဆောင်တဲ့ အထောက်အကူတွေကို ပေးစွမ်းနိုင်မှာဖြစ်ပါတယ်။ ကဏ္ဍပေါင်းစုံပါဝင်ပေါင်းစည်းထားတဲ့ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ဆောင်မှုများဟာ ကလေးများရဲ့ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး၊ အာဟာရ၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကာကွယ်စောင့်ရှောက်ခွင့်ရရှိရေးတို့ကို တိုးတက်စေပါမယ်။ ဒီဝန်ဆောင်မှုတွေဟာ ကလေးများကို ကျန်းမာကြံ့ခိုင်ရေးနှင့် အာဟာရပြည့်ဝစွာ စားသုံးတတ်ရေးသာမက တာဝန်ယူတတ်မှုနှင့် စိတ်ခံစားမှုတို့ကိုလည်း မျှမျှတတ ကြီးပြင်းလာစေမှာဖြစ်ပါတယ်။ ဒါ့အပြင် ဒီဝန်ဆောင်မှုတွေဟာ ကလေးများကို ကျောင်းတက်နိုင်ဖို့ အဆင်သင့်ဖြစ်စေပြီး မူလတန်းပညာကို ပြီးဆုံးအောင် သင်ကြားနိုင်မှာဖြစ်တဲ့အပြင် အလယ်တန်းကို ဆက်လက်တက်ရောက်နိုင်ဖို့ ကူညီထောက်ပံ့ပေးမှာဖြစ်ပါတယ်။

### အနာဂတ်မျှော်မှန်းချက်

ဒီမူဝါဒရဲ့ အနာဂတ်မျှော်မှန်းချက်ကတော့ **"မြန်မာပြည်တစ်ဝန်းလုံးရှိ မွေးကင်းစအရွယ်မှ အသက်ရှစ်နှစ်အထိ ကလေးအားလုံးဟာ သူတို့ရဲ့ မိဘများ၊ ပြုစုစောင့်ရှောက်သူများနှင့် ဝန်ဆောင်မှုပေးသူများထံက ဘက်ပေါင်းစုံ လွှမ်းခြုံ၍ အရည်အသွေးပြည့်ဝသော ဖွံ့ဖြိုးမှုအဆင့်နှင့် ကိုက်ညီသော ပြုစုစောင့်ရှောက်မှုများ ရရှိခြင်းအားဖြင့် လွတ်လပ်မှု၊ ညီမျှမှု၊ ဂုဏ်သိက္ခာရှိမှု အခြေအနေများမှာ ပျော်ရွှင်ခြင်း၊ ကျန်းမာခြင်း၊ အာဟာရပြည့်ဝခြင်း၊ ပေါင်းသင်းဆက်ဆံရေးကောင်းခြင်း၊ စိတ်ဓာတ်ကြံ့ခိုင်ခြင်း၊ လုံခြုံမှုရရှိခြင်းတွေနဲ့ ပြည့်စုံပြီး သူတို့ရဲ့ မိသားစုများ၊ ရပ်ရွာနှင့်နိုင်ငံကို အကျိုးပြုစေနိုင်သူများဖြစ်လာစေဖို့"** ပဲ ဖြစ်ပါတယ်။

### မူဝါဒဆိုင်ရာ မဟာဗျူဟာများ

အထက်ကမျှော်မှန်းချက်များနှင့်အညီ ဦးတည်ရည်ရွယ်ချက်များ ပြည့်မီလာစေဖို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဟာ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန အခြားသော ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းပြီး အောက်ပါမဟာဗျူဟာများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်-

(၁) ကိုယ်ဝန်မဆောင်မီ၊ ကိုယ်ဝန်ဆောင်စဉ်နှင့် ကလေးမွေးဖွားပြီးစအချိန်များအတွက် ဝန်ဆောင်မှုလုပ်ငန်းများ၊

(၂) မွေးစမှ သုံးနှစ်အရွယ်ကလေးများအတွက် ဝန်ဆောင်မှုများ၊

(၃) မွေးစမှ ငါးနှစ်ကလေးများအတွက် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ စစ်ဆေးပံ့ပိုးသည့် ဝန်ဆောင်မှုများ၊

(၄) သုံးနှစ်မှ လေးနှစ်အရွယ်ကလေးသူငယ်များအတွက် မူကြိုပညာရေး၊

(၅) အထူးလိုအပ်ချက်ရှိနေသော ကလေးသူငယ်များ၏ အခွင့်အရေးများကို အပြည့်အဝဖြည့်ဆည်းပေးခြင်း၊ မိသားစုဘဝကို ထိန်းသိမ်းစောင့်ရှောက်ပေးခြင်း၊ မိသားစုနှင့်အတူ နေထိုင်စေရန် စီစဉ်ဖန်တီးခြင်း၊

(၆) ပဋိပက္ခများ၊ သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့နေရသော ကလေးများ၊ ကယ်ဆယ်ရေးစခန်းများ၊ ရွှေ့ပြောင်းနေထိုင်ရာ အရပ်များတွင် နေကြရသောကလေးများ ၊ မတရားအနိုင်ကျင့်ခံရသော၊ လျစ်လျူရှုခြင်းခံရသော၊ ရောဂါဝေဒနာ ခံစားနေရသော ကလေးငယ်များအတွက် အကာအကွယ်ပေးသော ဝန်ဆောင်မှုများ၊

(၇) အတတ်ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် စေတနာရှင်လုပ်အားပေးများ(သို့မဟုတ်) စေတနာ့ဝန်ထမ်း၏ အရည်အသွေးစွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန် လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်သင်တန်းစနစ် တည်ထောင်ခြင်း၊

(၈) အရည်အသွေးထိန်းသိမ်းခြင်းနှင့် တာဝန်ခံခြင်းအတွက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ သတင်းအချက်အလက် စီမံခန့်ခွဲရေးစနစ် ထူထောင်ခြင်း၊

(၉) မူဝါဒကို ကျယ်ကျယ်ပြန့်ပြန့် သိရှိထောက်ခံမှုရရှိစေရန် ပြန်ကြားဆက်သွယ်ပညာပေးခြင်း၊

(၁၀) ကဏ္ဍပေါင်းစုံ ပါဝင်သော ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးစနစ်ကို ဖွဲ့စည်းထူထောင်ခြင်း။

### ရင်းနှီးမြှုပ်နှံမှု၏ အကျိုးရလဒ်

ကလေးသူငယ် ဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်တဲ့အတွက် ကလေးများဟာ မွေးကတည်းက ကျန်းမာသန်စွမ်းကြမှာပါ။ ECCD ဝန်ဆောင်မှုများဟာ အာဟာရမပြည့်ဝမှုပြဿနာ၊ ဖွံ့ဖြိုးမှုနှေးကွေးတဲ့ ပြဿနာများကို တဖြည်းဖြည်း ကျော်လွှားသွားစေနိုင်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ကလေးသူငယ်ဖွံ့ဖြိုးမှုအခြေအနေကို စစ်ဆေးတိုင်းတာပေးပို့တဲ့ စနစ်ထူထောင်ခြင်းဖြင့် ကလေးသူငယ်များ အာဟာရမပြည့်ဝခြင်း၊ ဖွံ့ဖြိုးမှုနောက်ကျခြင်း၊ မသန်စွမ်းဖြစ်ခြင်းတွေကို စောစောစီးစီးသိရှိနိုင်ပြီး လိုအပ်တဲ့ ကုသမှုများနှင့် လူမှုရေးအကာအကွယ်ပေးမှုတွေကို အချိန်မီဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ ဒီဆောင်ရွက်ချက်ဟာ **မြန်မာ့လူမှုရေးကာကွယ်စောင့်ရှောက်မှုစနစ်** (Myanmar Social Protection System) ထူထောင်ခြင်းရဲ့ အခြေခံအုတ်မြစ်ပဲဖြစ်ပါတယ်။

**"ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ဆောင်မှုများကို တိုးမြှင့်ဆောင်ရွက်ပေးခြင်းသည် နိုင်ငံတော်အတွက် ထိရောက်ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုဖြစ်ပါသည်။ သို့ပါ၍ နိုင်ငံတော်၏ အနာဂတ်ကို ဖော်ဆောင်ပေးမည့် ကလေးများအားလုံးအတွက် ဤမူဝါဒနှင့် မဟာဗျူဟာလုပ်ငန်းစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ထိထိရောက်ရောက် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။ အနာဂတ်တွင် ကလေးများ၏ဘဝကို ဆန်းသစ်လှပစွာဖော်ဆောင်ပေးနိုင်မည့် ဤမြန်မာ့ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ နိုင်ငံသားများ၏ အဓိကလိုအပ်ချက်များ မျှော်လင့်ချက်များ၊ မေတ္တာရပ်ခံချက်များနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထင်ဟပ်ပေါ်လွင်လျက်ရှိပါကြောင်းနှင့် ယုံကြည်မှုအပြည့်အဝဖြင့် အခိုင်အမာထောက်ခံကြသည့် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း သိရှိစေအပ်ပါသည်"** လို့ ကလေးသူငယ် လူမမည်အပေါင်းကို ပန်းလိုစိုက်ပျိုး၊ ပိုးလိုမွေးမြူလိုတဲ့ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က ဥယျောဇဉ်မှာ မြွက်ဆိုထားပါတယ်။

ဤမူဝါဒပေါ်ထွန်းလာရေးကို ကမကထပြုခဲ့သူ မြန်မာနိုင်ငံကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က"ဤမူဝါဒနှင့် မဟာဗျူဟာအစီအစဉ်များကို ရေးဆွဲပြုစုခဲ့ရာ၌ အမျိုးသားအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ခေါင်းဆောင်များ၊ အဖွဲ့အစည်းများ၊ တိုင်းရင်းသားလူမျိုးစုများနှင့် မိဘများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ခြင်းအပေါ် အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း"၊ **"ဤမူဝါဒနှင့်မဟာဗျူဟာအစီအစဉ်များကို အပြည့်အဝအကောင်အထည်ဖော်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ကလေးများအားလုံးအတွက် ပိုမိုကောင်းမွန်သည့်အနာဂတ်ကို ရရှိစေမည့်အပြင် ပြောင်းလဲလာသည့် ခေတ်၊ စနစ်နှင့်အညီ မြန်မာနိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလိမ့်မည်ဟု ယုံကြည်မိပါသည်"** လို့ **ကျေးဇူးတင်လွှာ** မှာ မုဒိတာစကားဆိုထားပါတယ်။

### ကလေးသူငယ်များဘဝ ဖွံ့ဖြိုးဖို့ကဏ္ဍပေါင်းစုံဆောင်ရွက်စို့

"ကလေးသူငယ်သည် မိမိ၏လက်ရုံးရည်နှလုံးရည် မပြည့်စုံ မရင့်သန်သေးသည့်အတွက် ဥပဒေအရ လျော်ကန်သည့် အကာအကွယ်များ အပါအဝင် မမွေးဖွားမီအချိန်တွင်ဖြစ်စေ၊ မွေးဖွားပြီးအချိန်တွင်ဖြစ်စေ အထူး ကာကွယ်စောင့်ရှောက်မှုများလိုအပ်သည်" လို့ ၁၉၅၉ ခုနှစ် နိုဝင်ဘာ ၂၀ ရက်က ထုတ်ပြန်တဲ့ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကြေညာချက်မှာ အတိအလင်းထည့်သွင်းထားပါတယ်။ ဒီလိုနဲ့ နှစ်ပေါင်း ၃၀ အကြာ ၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့မှာတော့ ကုလသမဂ္ဂအထွေထွေညီလာခံက **"ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း** (Convention on the Rights of the Child-CRC) ကို အတည်ပြုပေးလိုက်ပါတယ်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများစွာ သဘောတူလက်မှတ်ရေးထိုးထားတဲ့ ဒီကွန်ဗင်းရှင်းဟာ ကမ္ဘာတစ်ဝန်းလုံးမှာ သက်ဝင်လှုပ်ရှားခဲ့တာ ၂၅ နှစ်တာ ကာလကို ရောက်ရှိလာပါပြီ။

မြန်မာနိုင်ငံက ဒီကွန်ဗင်းရှင်းကို ၁၉၉၁ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့မှာ ပါဝင်လက်မှတ်ရေးထိုးပြီး ဩဂုတ်လ ၁၅ ရက်နေ့မှာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံဖြစ်လာပါတယ်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ၁၉၉၃ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့မှာ **ကလေးသူငယ်ဥပဒေ** ကို ပြဋ္ဌာန်းပေးခဲ့ပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးဦးဆောင်တဲ့ **မြန်မာနိုင်ငံ ကလေးသူငယ်များဆိုင်ရာ အမျိုးသားကော်မတီ**နဲ့ လုပ်ငန်းကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းပြီး နိုင်ငံနှင့်အဝန်း ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးတွေကို ဖော်ဆောင်ပေးလျက် ရှိပါတယ်။ မြန်မာနိုင်ငံကလေးသူငယ်များဆိုင်ရာ အမျိုးသားအစီအစဉ် (၂၀၀၆-၂၀၁၅) ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသလို **"ရှေးဦး အရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးမှုဆိုင်ရာ ပင်မအထောက်အကူပြုဗဟိုဌာန"** ကိုလည်း ရန်ကုန်မြို့မှာ ၂၀၀၉ ခုနှစ်ကတည်းက စတင်ဖွင့်လှစ်ထားပြီး ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရသစ်လက်ထက်မှာ ပြည်ထောင်စုလွှတ်တော်ကကို **"ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုး ထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ"** ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့က ပြဋ္ဌာန်းပေးလိုက်ပြီး မရှေးမနှောင်းဆိုသလိုပဲ ဇူလိုင်လ ၈ ရက်မှာ **"မြန်မာ့ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒနှင့်မဟာဗျူဟာများ"** ကို ချပြလိုက်နိုင်ပြီဖြစ်ပါတယ်။

ကဏ္ဍပေါင်းစုံပါဝင်တဲ့ ဒီမူဝါဒဟာ နိုင်ငံတော်အစိုးရအဖွဲ့အနေနဲ့ ကျန်ရှိနေတဲ့ ကာလအတွင်း ဒီမိုကရေစီနိုင်ငံသစ်ထူထောင်ရေးမှာ အခြေခံအုတ်မြစ်ခိုင်မာအောင် ဆောင်ရွက်ပေးရမယ့်တာဝန်နှင့် ပြည်သူတို့ရဲ့ လူမှုစီးပွားဘဝ ဦးစားပေးလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးရမယ့် တာဝန်တို့ကို တတိယအဆင့်အရှိန်အဟုန်မြှင့်တင်မှု (Third Wave)အဖြစ် ထိထိရောက်ရောက်ကြိုးပမ်းဆောင်ရွက်ခြင်းရဲ့ ပြယုဂ်တစ်ခုလို့လည်း ဆိုရပါမယ်။ ကလေးသူငယ်ဘက်စုံ ဖွံ့ဖြိုးရေးဝန်ဆောင်မှု ရရှိတဲ့ကလေးတွေဟာ တစ်ချိန်မှာ မိခင်ဖခင်ကောင်းတွေဖြစ်လာပြီး သူတို့ရဲ့ကလေးတွေကိုလည်း လက်ဆင့်ကမ်းအောင်မြင်သူတွေဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးနိုင်မှာသေချာပါတယ်။ ဤနည်းအားဖြင့် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးမှုလုပ်ငန်းဟာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်စေပြီး ဆင်းရဲနွမ်းပါးမှုသံသရာကို ဖြတ်တောက်ပေးမှာမလွဲပါဘူး၊ ဒီမူဝါဒကို ပါဝင်ရေးဆွဲခဲ့တဲ့ ဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနဲ့ မိဘပြည်သူတစ်ရပ်လုံး တာဝန်ယူမှု၊ တာဝန်ခံမှုတွေနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်ကြမယ်ဆိုရင် မအောင်မြင်နိုင်စရာအကြောင်း မရှိပါဘူး။ တကယ်ဖြစ်ချင်တကယ်လုပ် အဟုတ်ဖြစ်မှာ သေချာပါတယ်။

၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့မှာ ကျရောက်တဲ့ (၅၅)နှစ်မြောက် ကမ္ဘာ့ကလေးသူငယ်များနေ့ (Universal Childrens Day) နဲ့ (၂၅) နှစ်မြောက် ကုလသမဂ္ဂကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းနေ့ (CRC Day)မှာ သန္ဓေသားဘဝကို ရောက်နေပြီဖြစ်တဲ့ ကလေးများရော၊ မွေးဖွားပြီးတဲ့ ကလေးများပါ အားလုံးကျန်းမာဖွံ့ဖြိုး အသရေတိုးကြပါစေ၊ ECCD ရဲ့ အနှစ်သာရကို ရရှိခံစား စံစားနိုင်သူများ ဖြစ်ကြပါစေလို့ တောင်းဆုခြွေလိုက်ရပါတယ်။ ကလေးသူငယ်များဘဝဖွံ့ဖြိုးဖို့ ကဏ္ဍပေါင်းစုံမြှင့်တင်ဆောင်ရွက်ကြပါစို့။ ။

> "ကလေးဘဝရဲ့ အစောဆုံးနှစ်များဟာ ဘဝအတွက် အရေးအကြီးဆုံးသော ကိုယ်ရည်ကိုယ်သွေး အတွက် အခြေခံအုတ်မြစ်ချဖို့ အချိန်အခါကောင်းပါ။ အာဟာရပြည့်ဝအောင် ကျွေးမွေးခြင်း၊ ကျန်းမာအောင် ပြုစုစောင့်ရှောက်ခြင်း၊ ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးခြင်းတို့ဟာ ကလေးရဲ့ဦးနှောက်ဖွံ့ဖြိုးမှုနဲ့ ဉာဏ်ရည်ဉာဏ်သွေး ဖွံ့ဖြိုးမှုကို ဖြစ်စေနိုင်ပါတယ် ။"

ပြည်တွင်းသတင်း

✷ ပြည်ထောင်စုလွှတ်တော်မှ

ပြည်သူ့ကိုယ်စားလှယ်များထဲမှ ရွေးချယ်ခန့်အပ်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ ပြည်သူများ၏အကျိုးကို ပိုမိုသိမြင်ပြီး လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့်အပြင် ဒီမိုကရေစီကျင့်သုံးမှုနည်းလမ်းလည်း ပိုမိုမှန်ကန်နိုင်မည် ဖြစ်ပါကြောင်း။

ထို့အပြင် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့အတွက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ ရွေးချယ်ခန့်အပ်ရာတွင်လည်း တပ်မတော်သားကိုယ်စားလှယ်များထဲမှ ရွေးချယ်ခန့်အပ်ရန်လိုအပ်ပါကြောင်း၊ သို့မှသာ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်(၃)ရပ်သည် အချင်းချင်းအပြန်အလှန် ပိုမိုထိန်းကျောင်းနိုင်မည်ဖြစ်ပြီး လုပ်ငန်းပိုင်းဆိုင်ရာများတွင်လည်း ပိုမိုတတ်ကျွမ်းသိရှိနားလည်မှုရှိသောကြောင့် ပိုမိုအောင်အောင်မြင်မြင်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

တံတားဦးမဲဆန္ဒနယ်မှ ဒေါ်ခင်သန္တာက ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမကျင်းပမီ အနည်းဆုံးခြောက်လအလိုတွင် ပြင်ဆင်သင့်သည့်အကြောင်းအရာများကို ဥပဒေပြု၍ ပြင်ဆင်ပြီးဖြစ်အောင် လုပ်ငန်းအစီအစဉ်ပြုအချိန်ဇယား သတ်မှတ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

မိမိတို့၏အကျိုးစီးပွားကို ယခုအချိန်တွင် အားလုံးဘေးချထားပြီး နိုင်ငံ့ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေးကို တည်ဆောက်စေလိုပါကြောင်း၊ နိုင်ငံသားအားလုံးသည် တရားမျှတပြီး စံချိန်စံညွှန်းပြည့်မီသည့် ဒီမိုကရေစီ၏ တန်ဖိုးအနှစ်သာရများကို ခံစားခွင့်ရရန်လိုပါကြောင်းဖြင့် ဆွေးနွေးသည်။

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး သိမ်းထွန်းက တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ အနေဖြင့် ပြည်ထောင်စုအစိုးရအပေါ် ယခုထက် ပိုမိုယုံကြည်လာစေရေးအတွက် ပုဒ်မ ၉၆ အရဖြစ်သည့် ဇယား(၁)ပါ ဥပဒေပြုပိုင်ခွင့်အချို့ကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအား ခွဲဝေပေးသင့်ပါကြောင်း၊ ဇယားပါအချက်များကိုပြင်ဆင်ခြင်းဖြင့် တိုင်းရင်းသားများ၏အမြင်တွင် တန်းတူရည်တူရှိမှု၊ သာတူညီမျှမှုတို့ ဖြစ်ပေါ်ခံစားလာမည်ဖြစ်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပိုမိုခိုင်မြဲလာကာ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်မှုများကိုပါ အထောက်အကူပြုလာနိုင်မည်ဖြစ်ပါကြောင်း။

"ရွာမြေ၊ မြို့မြေစီမံခန့်ခွဲရေး"၊ အိမ်ငှား၊ မြေငှား၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် တရားစီရင်ရေး၊ ရှေ့နေများဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုရန်လိုအပ်လာလျှင် ပြည်ထောင်စုအစိုးရအနေနှင့်သာမက မြေပြင်ထိတွေ့ဆောင်ရွက်ရသည့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအနေဖြင့်လည်း ဥပဒေနှင့်အညီ မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် ပူးတွဲဥပဒေပြုစာရင်းသို့ ထည့်သွင်းထားရှိလိုခြင်းဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ အခန်း(၁၂)ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းတွင်ပါရှိသော ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပြင်ဆင်နိုင်ပါရန် အကြံပြုတင်ပြအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။



တံတားဦးမဲဆန္ဒနယ်မှ ဒေါ်ခင်သန္တာ ဆွေးနွေးစဉ်။

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ဖေကြိုင်က ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်ခြင်းနှင့် အဓမ္မနည်းဖြင့် ဆောင်ရွက်၍ ဖြစ်လာသည့်အရေးပေါ်အခြေအနေတွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများ အချိန်မီခေါ်ယူကျင်းပရန် အခြေအနေပေးချင်မှပေးမည်ဖြစ်ပါကြောင်း၊ ယင်းအတွေ့အကြုံမျိုးကိုလည်း ၁၉၈၈ ခုနှစ်ကလည်း ကိုယ်တိုင်ကြုံတွေ့ခဲ့ကြပြီးဖြစ်ပါကြောင်း၊ ထိုအကျိုးဆက်၏ရလဒ်က အခြေခံဥပဒေနှင့် မညီညွတ်သည့် အာဏာသိမ်းမှုများဆီကို ဦးတည်သွားရတာမျိုး ကြုံတွေ့ရတတ်သောကြောင့် အရေးပေါ်အခြေအနေရောက်လာလျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အခြေခံဥပဒေပါသတ်မှတ်ပြဋ္ဌာန်းချက်နှင့်အညီ အချိန်မီကျင့်သုံးဆောင်ရွက်ခွင့်ရှိစေလိုပါကြောင်း။

သို့မှသာ နိုင်ငံရေးအခြေအနေ ပိုမိုဆိုးရွားမသွားမီ ထိန်းသိမ်းပြီး အာဏာ(၃)ရပ်ကို သက်ဆိုင်ရာများထံ ပြန်လည်အပ်နှင်းနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပုဒ်မ ၄၀(ဂ)မှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည်ဆိုသည့် စကားရပ်ရှေ့တွင် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့်ဆိုသည့် စကားရပ်ထည့်သွင်းပါကအရေးပေါ်အခြေအနေတွင် အချိန်မီဆောင်ရွက်ရမည့်ကိစ္စများကို မဆောင်ရွက်နိုင်ဘဲ မလိုအပ်သည့်ဆုံးရှုံးမှုများဖြစ်နိုင်သည့်အတွက် စကားရပ်ထပ်မံဖြည့်စွက်ခြင်း မပြုသင့်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မများကို ပြင်ဆင်ရန် အဆိုပြုကြရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခန်း(၁၂)၊ ပုဒ်မ ၄၃၃ (က)၊(ခ)၊ ၄၃၄၊ ၄၃၅နှင့် ၄၃၆ (က)၊(ခ) ပြဋ္ဌာန်းချက်များနှင့်အညီ တိတိကျကျလိုက်နာဆောင်ရွက်ကြမှသာ ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာစောင့်ထိန်းသောကိုယ်စားလှယ်များ ပီသကြမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အစွဲမျိုးစုံကိုဖယ်ခွာပြီး ဥပဒေနှင့်ညီညွတ်စွာ စဉ်းစားဆွေးနွေးဆုံးဖြတ်နိုင်ပါကြောင်းဖြင့် ဆွေးနွေးသည်။



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမြတ်ကို ဆွေးနွေးစဉ်။

ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်းက မြန်မာနိုင်ငံသည် လူဦးရေပေါက်ဖွားနှုန်းမြင့်မားသော နိုင်ငံကြီးနှစ်ခုကြားတွင် တည်ရှိနေသောကြောင့် မိမိတို့နိုင်ငံ၏ အတိတ်နှင့် ပစ္စုပ္ပန်အခြေအနေတို့ကိုလေ့လာပြီး အနာဂတ်နိုင်ငံရေးအတွက် အလေးအနက်ထား စဉ်းစားဆောင်ရွက်ရေးသည် အရေးကြီးသည်ဟု ထင်မြင်ယူဆပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံ၏ အသက်သွေးကြောဖြစ်သော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပထမဆုံး ပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရန် အဓိကတာဝန်ရှိသည့် အဖွဲ့အစည်းတစ်ခုဖြစ်၍ ကုသိုလ်ထူးသော၊ ခေတ်တစ်ခေတ်၏ သမိုင်းမှတ်တိုင်ကို စိုက်ထူနိုင်သော ပုဂ္ဂိုလ်များပီပီ နိုင်ငံတော်နှင့် ပြည်သူများအတွက် အလွန်အရေးကြီးသည့် ပုဒ်မ ၄၃၆ ကို အားလုံးပူးပေါင်းပါဝင်၍ ပြင်ဆင်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ဆွေးနွေးသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်က ပြည်တွင်းပြည်ပ နိုင်ငံရေးအခြေအနေနှင့် မနက်ဖြန်အတွက် ခန့်မှန်းချက်တို့ကိုသုံးသပ်ပြီး ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးမှု၊ တည်ငြိမ်အေးချမ်းမှု၊ အနာဂတ်နိုင်ငံတော်၏ တည်တံ့ဖွံ့ဖြိုးတိုးတက်နိုင်မှုတို့ကို ဆင်ခြင်သုံးသပ်ပြီး အုပ်ချုပ်သူ၏ ရပိုင်ခွင့် မူဘောင်၊ အအုပ်ချုပ်ခံပြည်သူတို့၏ ရပိုင်ခွင့်မူဘောင်နှင့် တိုင်းရင်းသားများ မျှော်မှန်းသည့် စစ်မှန်သော ပြည်ထောင်စုမူဘောင် အဖြစ်ပေါ်ထွန်းရေး ဆွေးနွေးကြရမည်ဖြစ်သည့်အတွက် နိုင်ငံနှင့် နိုင်ငံသားများ၏ ကောင်းကျိုးအတွက် ကိုယ့်ဘက် သူ့ဘက်လွန်ဆွဲမှုကို အတတ်နိုင်ဆုံးလျှော့ချပြီး ကောင်းမြတ်သည့် စေတနာအရင်းခံဖြင့် ဆွေးနွေးရပ်တည်ပေးကြမည်ဆိုပါက ခေတ်ကာလနှင့် အလွန်သင့်လျော်သည့် ဖက်ဒရယ် ပြည်ထောင်စုဖွဲ့စည်းပုံကြီးတစ်ခုကိုရရှိမည်ဟု ယုံကြည်ပါကြောင်းဖြင့် ဆွေးနွေးသည်။

(သတင်းစဉ်)

# နည်းပညာတက္ကသိုလ်များ ဘီအီးခြောက်နှစ်သင်တန်းစတင်သင်ကြားမည်




**နေပြည်တော် နိုဝင်ဘာ ၁၉**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် နိုဝင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော သတင်းမီဒီယာများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် နိုင်ငံတော်တွင် လက်တွေ့ကျသော ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အဆင့်မြင့်ပညာရေးတက္ကသိုလ်များ ဖွင့်လှစ်နိုင်ရန်အတွက် နည်းပညာတက္ကသိုလ်များကို ယခုပညာသင်နှစ်မှစ၍ ဘီအီးခြောက်နှစ်သင်တန်းကို စတင်သင်ကြားပေးတော့မည်ဖြစ်ကြောင်း၊ မိမိတို့တက္ကသိုလ်များတွင်လည်း ပြုပြင်ပြောင်းလဲမှုများအတွက် ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်ထားကြောင်း၊ သင်ရိုးညွှန်းတမ်းများကို နိုင်ငံတကာအဆင့်မီစေရေး၊ အရည်အသွေးမြင့်မားစေရေးနှင့် လက်တွေ့နယ်ပယ် ဖြစ်သောလုပ်ငန်းခွင်များတွင် လက်တွေ့အသုံးချနိုင်သည့် အဆင့်အထိရောက်အောင် သင်ရိုးညွှန်းတမ်းများဖြစ်ရန် ပြင်ဆင်ထားကြောင်း၊ သင်ကြားမှုပိုင်းတွင် စာတွေ့၊ လက်တွေ့ဖြင့် ထိထိရောက်ရောက် သင်ကြားပေးလျက်ရှိကြောင်းနှင့် တက္ကသိုလ်များတွင် ဆရာ ဆရာမနှင့် ကျောင်းသားအချိုး ညီမျှမှုရှိစေရန် ဆောင်ရွက်ထားရှိကြောင်း။

အစိုးရစက်မှုလက်မှုသိပ္ပံ (GTI) ကျောင်း (၁၀)ကျောင်းကိုဖွင့်လှစ်ပြီးဖြစ်ကြောင်း၊ ယခုပညာသင်နှစ်တွင် ၁၀ ကျောင်း ထပ်မံဖွင့်လှစ်မည်ဖြစ်၍ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း ၁၀ ကျောင်းနှင့် စုစုပေါင်း ကျောင်း ၃၀ ဖွင့်လှစ်သွားရန် လျာထားကြောင်း၊ GTI များတွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ၊ အစိုးရနည်းပညာအထက်တန်းကျောင်း (THS) အောင်မြင်သူများ တက်ရောက်ရန် THS များတွင် အသက်ကန့်သတ်ချက်မထားဘဲ ရှစ်တန်းအောင် ကျောင်းသားများတက်ရောက်ရန် လျှောက်ထားနိုင်ကြောင်း၊ အသက်ကန့်သတ်ချက်၊ နှစ်ကန့်သတ်ချက်များ၊ ဖြေလျှော့ပေးခြင်းဖြင့် အမှန်တကယ်ကျွမ်းကျင်သူနှင့် ကျွမ်းကျင်လုပ်သားများအဖြစ် အလုပ်လုပ်ကိုင်လိုသူများ ကျောင်းများသို့ တက်ရောက်နိုင်ခွင့်ရရှိလာမည် ဖြစ်ကြောင်း၊ Drop Out များ လျော့ကျစေရေး ဆောင်ရွက်နိုင်မှာ ဖြစ်ကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ)နှင့် နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသော ဒေသများမှ ကျောင်းသားကျောင်းသူများအား အဆင့်မြင့်တက္ကသိုလ် (Centre of Excellence) များ၌ ကျောင်းသားဦးရေအများဆုံး သုံးရာခိုင်နှုန်းအထိ တိုးမြှင့်လက်ခံခြင်းနှင့်စပ်လျဉ်း၍ အဆင့်မြင့်တက္ကသိုလ်များသို့ တက်ရောက်ရန်အတွက် အဆိုပါဒေသများတွင် အမြဲနေထိုင်သူဖြစ်ရမည့်အပြင် ဒေသအတွက် ပြန်လည်အကျိုးပြုနိုင်မည့်သူ ဖြစ်ရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဒေသအဖွဲ့အစည်း (မြို့နယ်အုပ်ချုပ်ရေးမှူး )၏ ထောက်ခံချက်ဖြင့် လျှောက်ထားနိုင်မည် ဖြစ်ကြောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများ၌ ဝင်ခွင့်ကိစ္စများ ဖြေလျှော့ခြင်းကိစ္စရပ်များ၊ ထပ်မံဆောင်ရွက်ပေးရန် စီစဉ်လျက်ရှိကြောင်း၊ ဆရာဆရာမများကိုလည်း Capacity Building မြင့်မားရေး စီမံချက်အရ ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသား ကျောင်းသူများ အနေဖြင့်လည်း သက်ဆိုင်ရာ ဘာသာရပ်များကို ကြိုးကြိုးစားစား လေ့လာသင်ယူကြရေး ဝိုင်းဝန်းတိုက်တွန်းရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်၊ အဆင့်မြင့် သိပ္ပံနှင့်နည်းပညာဦးစီးဌာနနှင့် စက်မှုနှင့် သက်မွေးပညာဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သတင်းမီဒီယာများ တက်ရောက်၍ သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးက အသေးစိတ်ပြန်လည် ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

# လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် နိုဝင်ဘာ ၁၉**

လမ်းမတော်မဲဆန္ဒနယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၏မိသားစုဝင်သုံးဦး၊ National Democratic Institute မှ Parliamentary Strengthening Program Officer တစ်ဦး၊ ပဲခူးတိုင်းဒေသကြီး၊ သံတောင်မြို့နယ်မှ NLD အဖွဲ့ဝင် ၁၃၂ ဦး၊ မုံရွာမြို့ NLD အဖွဲ့ချုပ်၊ အမေ့ဉယျာဉ်(အခမဲ့)ပညာဒါနကျောင်းမှ အုပ်ချုပ်သူဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူ ၆၉ ဦး၊ သင့်မြတ်လိုသူများ ဘာသာပေါင်းစုံပရဟိတအဖွဲ့မှ အဖွဲ့ဝင် ၁၆ဦး၊ ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် ရွှေအင်းသူကိုယ့်အားကိုယ်ကိုး အမျိုးသမီးအဖွဲ့မှ အဖွဲ့ဝင် ၃၂ ဦး စုစုပေါင်း ၂၅၃ ဦးတို့သည် ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ ကျင်းပနေပုံနှင့် လွှတ်တော်အဆောက်အအုံများကို လာရောက်လေ့လာကြည့်ရှုကြသည်။

(မြန်မာ့အလင်း)

# စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြော

**ရန်ကုန် နိုဝင်ဘာ ၁၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှတာဝန်ရှိသူများနှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရန်ကုန်ရုံးခွဲ) မြန်မာနိုင်ငံစားသုံးသူကြိုတင်ကာကွယ်ရေးအသင်းတို့မှ တာဝန်ရှိသူများသည် နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မြတ်ခရေခန်းမ၌ စားသုံးသူအကာအကွယ်ပေးရေး အကြောင်းသိကောင်းစရာများ ဟောပြောဆွေးနွေးခဲ့သည်။

ဟောပြောဆွေးနွေးပွဲသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာ ဆရာမများနှင့်ကျောင်းသား/ကျောင်းသူ ၂၁၀၊ မြို့နယ်အတွင်းရှိ ဈေးရောင်းချသူများ စုစုပေါင်း ၃၁၀ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# ဂျပန်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၁၉**

ဂျပန်နိုင်ငံအိုဆာကာမြို့၌ နိုဝင်ဘာ ၁၇ ရက်မှ ၂၁ ရက် အထိကျင်းပမည့် " The 35th KHNKEIREN ASEAN Management Seminar သို့တက်ရောက်ရန် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ အသင်းမှ အလုပ်အမှုဆောင် ဒေါ်သင်းသင်းဆက်သည် နိုဝင်ဘာ ၁၅ ရက် ညပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားကြောင်း သိရသည်။

**စွမ်းဆောင်ရှင်အသင်း**

ပြည်တွင်းသတင်း

# ပြည်သူများယခုထက် ပူးပေါင်းပါဝင်အောင် စည်းရုံးဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၉**



လက်ပံတောင်းတောင် ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေ ၄ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဝင်းယူနတီဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက် အမှာစကားပြောကြားသည်။ **(ယာပုံ)**

အဆိုပါ အစည်းအဝေးသို့ ကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေးနှင့် စစ်ရေးချုပ် ဗိုလ်ချုပ်ဆန်းဦး၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် မြန်မာ-ဝမ်ပေါင်ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာတွင် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကော်မရှင်၏ အစီရင်ခံစာပါအကြံပြုချက်များနှင့်အညီ လုပ်ငန်းများကို ကဏ္ဍလေးခုခွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကဏ္ဍအလိုက်ရည်မှန်းချက် ရောက်သည်အထိ အရှိန်အဟုန်မပျက် ဆောင်ရွက်ရန်လိုကြောင်း၊ ယခင် ကာလများက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတကာ အတွေ့အကြုံနည်းပါးခဲ့သဖြင့် အားနည်းချက်များ ရှိခဲ့သော်လည်း ယခုအခါတွင် နည်းပညာများ တိုးတက်လာသည်နှင့်အမျှ ကဏ္ဍအလိုက်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပိုမိုတိုးတက်ကောင်းမွန်လာပါကြောင်း။

စီမံကိန်းနယ်မြေ ပတ်ဝန်းကျင်ကျေးရွာများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် CSR Plan အရ လုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသခံပြည်သူများဘက်မှ ရပ်တည်စဉ်းစား၍ ပြည်သူများ၏လူနေမှုဘဝကို ပိုမိုကောင်းမွန်ပြည့်စုံအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ CSR Plan ဖြင့် ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နှစ်အလိုက်သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ပေးသွားရန်လိုကြောင်း။

ယနေ့အချိန်တွင် ကော်မတီ၏ လုပ်ငန်းများ ဆောင်ရွက်မှုအရှိန်အဟုန်များ ရရှိနေပြီဖြစ်သည့်အတွက် ဆက်လက်ဆောင်ရွက်ရန်ကျန်ရှိသည့်လုပ်ငန်းများကို ပြည်သူများ ယခုထက်ပိုမိုပူးပေါင်းပါဝင်လာအောင် စည်းရုံးဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးအနက်ထား ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ဒေသ၏မြေထု၊ လေထု၊ ရေထုနှင့်ဆက်စပ်သည့် Environmental Effect များနှင့်ပတ်သက်၍ ဒေသခံများ ထိခိုက်နစ်နာမှု မရှိစေရေးအတွက် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ တိကျစွာ စီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ESIA အစီရင်ခံစာ ထွက်ပေါ်လာရေးအတွက် နိုင်ငံတော်ကဖွဲ့စည်းထားသည့် ပြည်တွင်းပြည်ပ ကျွမ်းကျင်ပညာရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သောအဖွဲ့ဖြင့် စနစ်တကျ စိစစ်သုံးသပ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စီမံကိန်းသည် နိုင်ငံတော်၏ အကျိုးစီးပွား၊ ဒေသခံပြည်သူများ၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ရသည်ဖြစ်သကဲ့သို့ ကုမ္ပဏီ၏ အကျိုးစီးပွားလည်းပါဝင်သဖြင့် စီမံကိန်းကြောင့် ဒေသခံပြည်သူများ၏ လူနေမှုဘဝကို ထိခိုက်နစ်နာမှု မရှိစေရေးအတွက် လက်တွေ့လုပ်ဆောင်နေသည့် တာဝန်ရှိသူများအနေဖြင့် အလေးအနက်ထား ဆောင်ရွက်သွားရန် လိုကြောင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ့နေရာမှနေ၍ အားနည်းချက်များကို မြင်အောင်ကြည့်တတ်ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ ဒေသတွင်း ဖွင့်လှစ်သင်ကြားပေးခဲ့သည့် Vocational Training သင်တန်းများ တက်ရောက်အောင်မြင်ပြီးသူများကို ဘာသာရပ်ဆိုင်ရာလုပ်ငန်းများတွင် အလုပ်အကိုင်ခန့်ထားနိုင်ရေးဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ပြည်သူများနှင့် ဆက်ဆံရာတွင် စိတ်ရှည်သည်းခံ၊ စည်းရုံးဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းနှင့်ပတ်သက်၍ တာဝန်ရှိမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုတို့ဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရမည်ဖြစ်ပြီး မိမိလုပ်ငန်းကိုလည်း ကျွမ်းကျင်မှုရှိအောင် လေ့လာဆောင်ရွက်ထားကြရန်လိုကြောင်း၊ လုပ်ငန်းကျွမ်းကျင်မှသာ ထောင့်စေ့အောင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ တိုက်တွန်းပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် စစ်ရေးချုပ်တို့က လုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အခြေအနေများနှင့် လိုအပ်ချက်များကိုလည်းကောင်း၊ ကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် မြန်မာ-ဝမ်ပေါင်ကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်ပြောကြားရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အကောင်အထည်ဖော်ရေးလုပ်ငန်း အဖွဲ့များ၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ကော်မတီ၏ လုပ်ငန်းများသည် တိုးတက်အောင်မြင်မှုများရှိကြောင်း၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအနက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များသည် များစွာအရေးကြီးပါကြောင်း၊ စီမံကိန်းနေရာသည် ကျေးရွာများနှင့် ဆက်စပ်နေသည့် နေရာဖြစ်သည့်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ရာနှုန်းပြည့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ပြည်သူ့ဆန္ဒသဘောထားများနှင့်အညီ ပွင့်လင်းမြင်သာစွာ စနစ်တကျ ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ခတက္ကန်(တောင်)ကျေးရွာ မဟာဗောဓိတစ်ထောင် ဗန္ဓုဂတောင်ကုန်းတော်၌ တည်ထားကိုးကွယ်မည့် လေးကျွန်းစကြာ ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်နေမှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လေးကျွန်းစကြာ ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် ဘူမိဖဿမုဒြာပုံတော်ဖြစ်ပြီး တောင်မြောက် ပေ ၂၄၀၊ အရှေ့အနောက် ၁၃၃ ပေ၊ အမြင့် ၂၇ ပေရှိ ကြာပလ္လင်ပေါ်တွင် တည်ထားကိုးကွယ်မည်ဖြစ်ပြီး ထိုင်တော်မူရုပ်ပွားတော်၏ ဉာဏ်တော်အမြင့် ၂၀၇ ပေ စုစုပေါင်းအမြင့်မှာ ၂၃၄ ပေ ဖြစ်ကြောင်း သိရသည်။

ထို့နောက် မဟာဗောဓိတစ်ထောင် လေးကျွန်းစကြာရုပ်တော်မူဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဘက်စုံမွမ်းမံပြင်ဆင်ရေးနှင့် နဝကမ္မအလှူတော်ငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# (၁၁)ကြိမ်မြောက် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီစည်းဝေး

**နေပြည်တော် နိုဝင်ဘာ ၁၈**



တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ၏ (၁၁)ကြိမ်မြောက် အစည်းအဝေးကို နိုဝင်ဘာ ၁၈ ရက်နံနက် ၉နာရီခွဲက နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ တရားမဝင် ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အမှာစကားပြောကြားရာတွင် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ တရားနည်းလမ်းတကျဖြစ်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ကြောင်း၊ Mobile Team ပူးပေါင်းအဖွဲ့များ အချင်းချင်း စည်းလုံးညီညွတ်ကြရန်၊ နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ အနေဖြင့် အောက်ခြေအထိ ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း၊ အဖွဲ့စုံ၏ကြိုးပမ်းအားထုတ်မှု၊ အပြန်အလှန်ထိန်းကျောင်းမှုများကြောင့် လုပ်ငန်းများ အဆင်ပြေချောမွေ့ခြင်းကို တွေ့ရှိရကြောင်း၊ တစ်ဖက်က စဉ်ဆက်မပြတ် စစ်ဆေးမှုများပြုလုပ်နေချိန်တွင် တစ်ဖက်ကလည်း ဖြေလျှော့မှုအပိုင်းများ၊ ပြုလုပ်ရမည်ဖြစ်ကြောင်း၊ ကုန်သည်လုပ်ငန်းရှင်များအနေဖြင့်လည်း တရားဝင်လမ်းကြောင်းမှ ကုန်သွယ်မှုပြုကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် တရားမဝင် ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက ဗဟိုကော်မတီ၏လုပ်ငန်းများ အဆင်ပြေမှန်ကန်မြန်ဆန်ပြီး ဥပဒေနှင့်အညီဖြစ်စေရန်၊ ကော်မတီ၏ ညှိနှိုင်းချက်၊ ဆုံးဖြတ်ချက်၊ အကောင်အထည်ဖော်မှုများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ခြင်းကြောင့် အများအနည်းဆုံးနှင့် အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသော ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့မှ စီမံ၊ စီးပွားဝန်ကြီးများ၊ လုပ်ငန်းဌာနများမှ တာဝန်ရှိသူများက မိမိတို့လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားနည်းချက်၊ အားသာချက်များကို ရှင်းလင်းတင်ပြချက်များအပေါ် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌက ဖြည့်စွက်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

**✳ ရှေ့ဖုံးမှ**

၃၄၈ ဦးအထိ ပိုမိုဝင်ထွက်လာကြောင်းကို မော်လိုက်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ရေး ဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ယင်းကဲ့သို့ နိုင်ငံခြားသားခရီးသည်များ လာရောက်လည်ပတ်မှုများပြားလာသည့်အပေါ် ပြည်သူတစ်ဦး၏ ရင်တွင်းစကားသံကိုလည်း ယခုလိုကြား သိခဲ့ရသည်။ "ကျွန်တော်တို့ မော်လိုက်မြို့ကို နိုင်ငံခြားသားခရီးသည်တွေ လာရောက် လည်ပတ်တာ အရင်နှစ်ကထက် ဒီနှစ်ပိုများတယ်။ သူတို့တစ်တွေအခုလိုလာ ရောက် လည်ပတ်တာများတော့ ဒေသခံကျွန်တော်တို့လို ဆိုက်တွဲသမားတွေ၊ ကားသမားတွေအတွက် အဆင်ပြေပါတယ်။ သူတို့တစ်တွေက မော်လိုက်မြို့ကိုရောက်ရင် မြို့တွင်းမှာရှိတဲ့အင်္ဂလိပ်လက်ထက်က ဆောက်လုပ်ခဲ့တဲ့ ရုံးအဆောက်အအုံတွေ၊ စာသင်ကျောင်းတွေ၊ ဂေါက်ကွင်းတွေကိုဆိုက်တွဲနဲ့ လှည့်ပတ်ကြည့်ရှုကြတယ်၊ နောက်ပြီး မော်လိုက်မြို့အနောက်သစ်ထုတ်လုပ်ရေးကြိုးဝိုင်းရှိ ပျားစွဲဆင်စခန်းကိုသွားရောက်ပြီး ဆင်များ လုပ်ငန်းခွင် ဝင်ရောက်မှုများ၊ အလှပြကွက်များကို သွားရောက်ကြည့်ရှုကြတယ်။ မော်လိုက်ကိုရောက်ရင် အဲဒီနေရာတွေကို အမြဲတမ်း သွားတယ်။ ဒါတွေကလည်း ကျွန်တော်တို့ မော်လိုက်မြို့အတွက် ဂုဏ်ယူစရာ တစ်ခုပါပဲဗျာ"ဟု ဦးမိုးဇော်ထံမှ ကြားသိရသည်။

**မော်လိုက်သားလေး**

# သက်ကြီးသတင်းစာပညာရှင်များ ပူဇော်ကန်တော့မည်

**ရန်ကုန် နိုဝင်ဘာ ၁၉**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA) မှ ကြီးမှူး၍ ပထမအကြိမ်သက်ကြီးသတင်းစာပညာရှင်များ ပူဇော်ကန်တော့ပွဲကို နိုဝင်ဘာ ၂၂ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ကန်တော့ခံသက်ကြီးသတင်းစာပညာရှင်များထံ ဖိတ်ကြားစာများ ပေးပို့ထားပြီးဖြစ်သည်။ ပူဇော်ကန်တော့ပွဲသို့ မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA) ဗဟိုဦးစီးအဖွဲ့ဝင်များလည်း တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

**အောင်သူရ**

# အာဆီယံကာကွယ်ရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးနှင့် အာဆီယံ-ဂျပန်ကာကွယ်ရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးများကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၉**



အာဆီယံကာကွယ်ရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေး ASEAN Defence Minister' Meeting Retreat ကို ယနေ့နံနက် ၉ နာရီတွင် ပုဂံမြို့ ရွှေနန်းတော်ဟိုတယ်ရှိ ကျန်စစ်သားခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ အစည်းအဝေးသို့ အာဆီယံကာကွယ်ရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေး ဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်၊ အာဆီယံနိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်နှင့် အစည်းအဝေး တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများသည် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်က အဖွင့်အမှာစကား ပြောကြားပြီး အစည်းအဝေး ဆက်လက်ကျင်းပရာ နံနက် ၁၁ နာရီခွဲတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် အနော်ရထာခန်းမ၌ အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးဥက္ကဋ္ဌ တာဝန်လွှဲပြောင်းခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်က အမှာစကားပြောကြားပြီး ၂၀၁၅ ခုနှစ်တွင် ပြုလုပ်မည့် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး၌ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်မည့် မလေးရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီး Dato' Seri Hishammuddin Tun Hussein ထံသို့ အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးဥက္ကဋ္ဌ အထိမ်းအမှတ်တံဆိပ်အား လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် မလေးရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် အာဆီယံ-ဂျပန် ကာကွယ်ရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးကို ဆက်လက်ကျင်းပရာ အာဆီယံနိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများနှင့် ဂျပန်နိုင်ငံကာကွယ်ရေးဝန်ကြီး Mr.Akinori Eto နှင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အစည်းအဝေးကို ညနေ ၃ နာရီ ၄၅ မိနစ်တွင် ရုပ်သိမ်းခဲ့ကြောင်း သတင်း ရရှိသည်။

**(သတင်းစဉ်)**

## ပြည်တွင်းသတင်း

### ❖ ကျောဖုံးမှ

တံတားမရှိခြင်းက အခက်အခဲဖြစ်လျက်ရှိသည်။ ဆိပ်ခံတံတားကို ကမာကဆစ်ဘက်ခြမ်း၌ တည်ဆောက်နိုင်ပါက ကူးတို့ရေယာဉ်များကို ပြေးဆွဲပေးရန် စီစဉ်ထားသည်။

ပြည်တွင်းရေကြောင်းမှ ကူးတို့ရေယာဉ်ဟောင်းနှစ်စင်းသည် ကြံ့ခိုင်မှုကောင်းမွန်ဆဲဖြစ်ရာ ပန်းဆိုးတန်း-ဒလခရီးစဉ်တွင် ဂျပန်မှ ချယ်ရီကူးတို့ယာဉ်သုံးစင်းက ခရီးသည်များကို လုံလောက်စွာ သယ်ယူပို့ဆောင်နေပြီဖြစ်သဖြင့် ကူးတို့ယာဉ်ဟောင်းနှစ်စင်းကို ကမာကဆစ်ဘက်သို့ နေရာရွှေ့ပြောင်းပြေးဆွဲပေးရန် လျာထားကြောင်း ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှ ရေကြောင်းမှူးချုပ် ဦးဝင်းသိန်းက ပြောသည်။

ကမာကဆစ်ဘက်ခြမ်းတွင် ရေယာဉ်ကြီးများ ဆိုက်ကပ်ရန် ဆိပ်ခံတံတားများကို တည်ဆောက်ရမည်ဖြစ်ရာ လောလောဆယ်တွင်ယင်း ဆိပ်ခံတံတားများ ပြီးစီးမှသာ ကူးတို့ရေယာဉ်ကြီးများပြေးဆွဲနိုင်မည်ဖြစ်သည်။ ကမာကဆစ်ဘက်မှ နေ၍ရန်ကုန်ဘက်ခြမ်းသို့ စက်တပ်ရေယာဉ်ငယ်များဖြင့် သွားလာနေခြင်းသည် ခရီးသည်များအတွက် အသက်အန္တရာယ်များပြီး လုံခြုံမှု မရှိဖြစ်လျက်ရှိနေသည်။

**(မြန်မာ့အလင်း)**

### ❄ ကျောဖုံးမှ

ကျောက်ဖြူရွှေသဘာဝဓာတ်ငွေ့တူးဖော်ရေးမှ ထွက်ရှိလာသော သဘာဝဓာတ်ငွေ့ကုဗပေ သန်း ၂၀ မှ အချို့ကို အသုံးပြု၍ ပထမအဆင့်အနေဖြင့် ၅၀ မဂ္ဂါဝပ်ရှိသော သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတစ်ခု တည်ဆောက်နေပြီး ယင်းမှ ရရှိလာမည့် ဓာတ်အားများနှင့် သံတွဲခရိုင်အတွင်း တည်ဆောက်ဆဲ သူဌေးရေအားလျှပ်စစ်စီမံကိန်းမှ ထွက်ရှိလာမည့် ဓာတ်အားများကို နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ချိတ်ဆက်၍ ဖြန့်ဖြူးလိုက်ပါက ရခိုင်ပြည်နယ်တစ်ဝန်းလုံး ဓာတ်အားကို လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်သည်။ထို့အပြင် ပိုလျှံလာမည့် ဓာတ်အားများကို ပြည်မနှင့် အခြားသော တိုင်းဒေသကြီးများသို့ပါ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

ယခုအခါ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ပြည်တွင်းပြည်ပကုမ္ပဏီများနှင့် ဆက်သွယ်၍ အချိန်နှင့်တစ်ပြေးညီ စီမံဆောင်ရွက်လျက်ရှိသည့်အပြင် ရေတိုရေရှည်အတွက် လိုအပ်ချက်များကိုလည်း စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍချိတ်ဆက်ကာ ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်သူများ အလိုအပ်ဆုံးဖြစ်သည့် လျှပ်စစ်စွမ်းအားကဏ္ဍကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း ရခိုင်ပြည်နယ် လျှပ်စစ်ဓာတ်အားရရှိရေးအတွက်ထုတ်လုပ်ရေးလုပ်ငန်းများက သက်သေပြလျက်ရှိပါကြောင်း။

# ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကမ်းရိုးတန်းဒေသ ဒီရေတောဂေဟစနစ် ပြန်လည်တည်ထောင်ရေးလုပ်ငန်းများစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၉**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည် သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ တာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၁၃ ရက်မှ ၁၄ ရက်အထိ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း သစ်တောဦးစီးဌာနကတည်ထောင်စိုက်ပျိုးထားသည့် သစ်တောစိုက်ခင်းများ သစ်စေ့ထုတ်ဧရိယာများ၊ ကျေးရွာပိုင်စိုက်ခင်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများ၏ ကမ်းရိုးတန်းဒေသ ဒီရေတောဂေဟစနစ် ပြန်လည်တည်ထောင်ရေးလုပ်ငန်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် စိုက်ခင်းများနှင့် ပုဂ္ဂလိကပိုင်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေး၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနတို့မှ တာဝန်ရှိဝန်ထမ်း အဆင့်ဆင့်အားတွေ့ဆုံအားပေးဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ဒုတိယဝန်ကြီးသည် နိုဝင်ဘာ ၁၃ ရက်က ရခိုင်ပြည်နယ် သံတွဲမြို့နယ် ကြာညိုကျေးရွာပိုင် တစ်အုပ်တစ်မစိုက်ခင်း ၁၀ ဧကအတွင်း တည်ထောင်စိုက်ပျိုးထားသော ကျွန်းပင်နှင့် ပျဉ်းကတိုးပင် ရှင်သန်ကြီးထွားမှုအခြေအနေကို ကြည့်ရှုစစ်ဆေး၍ စိုက်ခင်းဆက်လက်ရှင်သန်ကြီးထွား အောင်မြင်စေရေးအတွက် ပြုစုထိန်းသိမ်းရေးလုပ်ငန်းကို ဌာနတာဝန်ရှိသူများက ဝိုင်းဝန်းဆောင်ရွက်ပေးရန် ညွှန်ကြားစီမံပေးခဲ့သည်။ယင်းနောက် သံတွဲမြို့နယ်အတွင်း ၁၉၄၅ ခုနှစ်ကစိုက်ပျိုးတည်ထောင်ထားရှိသည့် ကျွန်းသစ်စေ့ထုတ်ဧရိယာ၊ ၁၉၇၀ ပြည့်နှစ်နှင့် ၁၉၇၁ ခုနှစ်က စိုက်ပျိုးတည်ထောင်ခဲ့သည့် စီးပွားရေး (ကျွန်း) စိုက်ခင်းများကို ကြည့်ရှုစစ်ဆေး၍ ဆောင်ရွက်ရန်လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်းသိရသည်။ မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် သံတွဲမြို့နယ် မြန်မာ့သစ်လုပ်ငန်းစုဝေးခန်းမ၌ ရခိုင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနတို့မှ တာဝန်ရှိဝန်ထမ်းအဆင့်ဆင့်အား တွေ့ဆုံဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၁၄ ရက်က ဒုတိယဝန်ကြီးသည် ရခိုင်ပြည်နယ် ဂွမြို့နယ် ကျိန္တလီကျေးရွာ CLEARR Project ရှင်းလင်းဆောင်၌ ဒေသခံပြည်သူများ၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများဖြစ်သည့် MERN, ECCDI, EcoDev, BANCA , BDA, SDF, RCA စသည်တို့မှ ကျိန္တလီကျေးရွာ၌စိုက်ပျိုးရေး၊ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကမ်းရိုးတန်းဒေသ ဒီရေတောဂေဟစနစ် ပြန်လည်တည်ထောင်စီမံ အုပ်ချုပ်ခြင်းဆောင်ရွက်နေမှုတင်ပြချက်အပေါ် လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဂွမြို့နယ် စီးပွားရေး (ပျဉ်းကတိုး) စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် ဆက်လက်ထွက်ခွာကာ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်နှင့် လေးမျက်နှာမြို့နယ်တို့မှ ဒေသခံပြည်သူအစုအဖွဲ့ပိုင် စိုက်ခင်းနှင့်ပုဂ္ဂလိကပိုင်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေး၍ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များအား လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

**မိုးလေဝသ**

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့်ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

# အင်ဖာ၌ ကျင်းပမည့်ရိုးရာပွဲတော်သို့ ချင်းပြည်နယ်အစိုးရတက်ရောက်မည်

**ဟားခါး နိုဝင်ဘာ ၁၉**

အိန္ဒိယနိုင်ငံ မဏိပူရ်ပြည်နယ် အင်ဖာမြို့တွင် နိုဝင်ဘာ ၂၁ရက်မှ ၂၄ရက်ထိ လေးရက်ကြာ ကျင်းပမည့် Sangai ရိုးရာပွဲတော်သို့ ချင်းပြည်နယ်အစိုးရနှင့်အဖွဲ့ တက်ရောက်မည်ဟု သိရသည်။

အဆိုပါပွဲတော်သို့အိန္ဒိယနိုင်ငံ ဗဟိုပြည်ထဲရေးဝန်ကြီး တက်ရောက်မည်ဖြစ်ပြီး တရုတ်၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ထိုင်း၊ဘူတန်နှင့် ဩစတြေးလျနိုင်ငံမှ အကြီးအကဲများကိုလည်း ဖိတ်ကြားထားကြောင်း သိရသည်။

ချင်းပြည်နယ် အစိုးရဘက်မှ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ လူမှုရေးဝန်ကြီး ဒေါက်တာဘမောင်၊သစ်တောနှင့် သတ္တုဝန်ကြီး ဦးကျော်ငြိမ်း၊ လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးကျင့်လျန်းပေါင်၊ ယဉ်ကျေးမှုပြတိုက်နှင့် တာဝန်ရှိသူတို့အပါအဝင် အဖွဲ့ဝင်ပေါင်း ၄၅ ဦး တက်ရောက်ကြမည်ဟု လူမှုရေးဝန်ကြီး ဒေါက်တာဘမောင်က ပြောသည်။

“အိန္ဒိယနှင့် နယ်နိမိတ်ထိစပ်တဲ့ နိုင်ငံတွေကိုလည်း ဖိတ်တယ်လို့သိရတယ်။ ကျွန်တော်တို့ဘက်ကလည်းပွဲတော်တွေရှိရင် ဖိတ်ဖို့လိုတာပေါ့။ ဒါမှလည်း နှစ်နိုင်ငံ အပြန်အလှန်နားလည်ပြီး လူမှုရေး၊ စီးပွားရေး တိုးတက်ဖို့အထောက်အကူရကြမယ်လို့ ထင်ပါတယ်”ဟု ၎င်းက ဆိုသည်။

ချင်းပြည်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းနှင့်အဖွဲ့သည် နိုဝင်ဘာ ၁၉ ရက် နံနက်တွင် ဟားခါးမြို့မှ စတင် ထွက်ခွာမည်ဖြစ်ပြီး တမူးမြို့တွင် ညအိပ်ကာ နိုဝင်ဘာ ၂၀ ရက်နေ့တွင် အင်ဖာမြို့သို့ သွားမည်ဖြစ်သည်။

မဏိပူရ်ပိုင်နက် နယ်မြေလုံခြုံရေးကိစ္စနှင့်စပ်လျဉ်း၍ ယင်းပြည်နယ်ဝန်ကြီးချုပ် Mr.Ibobi က နယ်စပ်ဒေသအပြင် ပြဿနာဖြစ်ပွားတတ်သည့် နေရာအသီးသီးတွင် လုံခြုံရေးအင်အားများ တိုးမြှင့်ချထားပြီးဖြစ်ကြောင်း ပြောသည်။

“အခုလို Sangai ရိုးရာပွဲတော်နီးရင် အင်ဖာဘက်မှာ ပစ်ခတ်မှု၊ ဗုံးပေါက်ကွဲမှုတွေ ဖြစ်ပွားတတ်ပါတယ်။ ဒါကြောင့် ချင်းပြည်နယ်အစိုးရအဖွဲ့က ကားလမ်းခရီးမှ သွားမယ်ဆိုရင် သတိထားဖို့လိုပါမယ်”ဟုတမူးမြို့ ဒေသခံတစ်ဦးက ပြောသည်။

မဏိပူရ် ပြည်နယ်အစိုးရသည် Sangai ရိုးရာပွဲတော်သို့ ချင်းပြည်နယ်အစိုးရကို ပထမဆုံးအကြိမ် ဖိတ်ကြားခြင်းဖြစ်ရာ ယင်းကဲ့သို့၂၀၁၃ ခုနှစ် ပွဲတော်တွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့တို့ တက်ရောက်ကြပြီးဖြစ်သည်။

ယခုနှစ် အဆိုပါပွဲတော်သို့ တက်ရောက်မည့် ချင်းပြည်နယ်အစိုးရနှင့်အဖွဲ့သည် နိုဝင်ဘာ ၂၁ ရက် ဖွင့်ပွဲနေ့နှင့် ၂၂ရက်နေ့ထိသာ တက်ရောက်ရန်ဖြစ်ပြီး နိုဝင်ဘာ ၂၄ ရက်နေ့တွင် ဟားခါးမြို့သို့ ပြန်လည်ရောက်ရှိမည်ဟုသိရသည်။

**CL ထန်းငါ**

# နိုင်ငံတကာ စိုက်ပျိုးရေးဆိုင်ရာ ကုန်စည်ပြပွဲနှင့် နည်းပညာဟောပြောပွဲကျင်းပ

**သတင်း- ဇင်ဦး၊ တင်လင်းအောင်**
**ဓာတ်ပုံ- အောင်ပိုင်**

**နေပြည်တော် နိုဝင်ဘာ ၁၉**

ခေတ်မီစိုက်ပျိုးရေးဓာတု ဈေးကွက်နှင့် အာရှနည်းပညာဆိုင်ရာ နိုင်ငံတကာ စိုက်ပျိုးရေးဆိုင်ရာ ကုန်စည်ပြပွဲ၊ နည်းပညာဆိုင်ရာ ပြပွဲများနှင့် ဟောပြောပွဲ Agro Myanmar 2014 ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ နိုဝင်ဘာ ၁၈ ရက်မှ ၁၉ ရက်အထိ ကျင်းပသည်။

အဆိုပါပြပွဲသို့ ဂျပန်၊ အိန္ဒိယ၊ တရုတ်၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ထိုင်းနိုင်ငံနှင့် ပြည်တွင်းမှ ကုမ္ပဏီ ခြောက်ခု လာရောက်ပြသလျက်ရှိပြီး စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေးလုပ်ကိုင်သူများနှင့် အကျိုးတူလက်တွဲလုပ်ကိုင်နိုင်မည့်အခွင့်အလမ်းများနှင့် တိုးတက်လျက်ရှိသော ဈေးကွက်သို့ ဦးစွာဝင်ရောက်နိုင်ရေးအတွက် အကျိုးရလဒ်များ ရရှိနိုင်သော နိုင်ငံတကာကုန်စည်ပြပွဲကြီးတစ်ခုဖြစ်သည်။ စိုက်ပျိုးရေး လုပ်ငန်းများအတွက် နိုင်ငံတကာ ကုမ္ပဏီများမှ စိုက်ပျိုးရေးဆိုင်ရာ ဆေးများ၊ နည်းပညာများနှင့် စိုက်ပျိုးရေးထုတ်ကုန်များကို ခင်းကျင်းပြသသည်။

ဟောပြောပွဲများတွင်လည်း စိုက်ပျိုးရေးလုပ်ငန်းရှင်များအတွက် ဗဟုသုတရရှိသော ထုတ်ကုန်များ



အရောင်းမြှင့်တင်ခြင်းနှင့် နည်းပညာဆိုင်ရာဖလှယ်ခြင်းများ၊ ထုတ်ကုန်များ မှတ်ပုံတင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲများ၊ စိုက်ပျိုးရေး ဆိုင်ရာ ဓာတုပစ္စည်းများ မှတ်ပုံတင်ခြင်း၊ ကောက်ပဲသီးနှံများ၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် ကာကွယ်ထိန်းသိမ်းနည်းများ၊ တင်သွင်းခြင်းနှင့် တင်ပို့ခြင်းဆိုင်ရာလုပ်ငန်းစဉ်များနှင့် မူဝါဒများ၊ အကောက်ခွန်များနှင့် စိုက်ပျိုးရေးဆိုင်ရာ ဓာတုပစ္စည်းများ၏ ဈေးကွက်များအကြောင်း ဟောပြောဆွေးနွေးကြသည်။ **(မြန်မာ့အလင်း)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# အမျိုးသားမြေအသုံးချမှု မူဝါဒ(မူကြမ်း)အပေါ် အကြံပြုဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၁၉**

အမျိုးသားမြေအသုံးချမှု မူဝါဒ (မူကြမ်း)အပေါ် အကြံပြုဆွေးနွေးပွဲကို နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကြို့ကုန်းသစ်တောဝင်းအတွင်းရှိ တော်ဝင်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး သစ်တောနှင့်စွမ်းအင်ဝန်ကြီး ဦးကျော်စိုး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာ ကိုယ်စားလှယ်များ၊ အထောက်အကူပြုကော်မတီဝင်များ၊ မြို့မမြို့ဖများ၊ ဒေသခံပြည်သူများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊သတင်းမီဒီယာများ၊ သစ်တောဦးစီးရုံးချုပ် (နေပြည်တော်)မှ တာဝန်ရှိသူများ စုစုပေါင်း ၂၉၆ ဦး တက်ရောက်ကြသည်။

အဆိုပါ အကြံပြုဆွေးနွေးပွဲတွင် တိုင်းဒေသကြီး သစ်တောနှင့်စွမ်းအင်ဝန်ကြီး ဦးကျော်စိုးက မြေသယံဇာတ အရင်းအမြစ်များကို နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေး ဖြည့်ဆည်းပေးနိုင်ရန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးတို့အတွက် စီမံခန့်ခွဲအသုံးပြုရာမှ စနစ်တကျမှန်ကန်ပြီး ရေရှည်တည်တံ့နိုင်မည့် မြေအသုံးချမှု မူဝါဒတစ်ရပ် ပြဋ္ဌာန်းရန်လိုအပ်ကြောင်း၊ တစ်နိုင်ငံလုံးရှိ မြေယာများတွင် စနစ်တကျစီမံခန့်ခွဲနိုင်ရေး လက်ရှိနှင့်အနာဂတ် စီမံခန့်ခွဲမှုဆိုင်ရာများတွင် တိကျသော မြေအသုံးချမှုမူဝါဒ ရေးဆွဲနိုင်ရေး၊ မြေယာအငြင်းပွားမှု ပြဿနာများ ဖြေရှင်းနိုင်ရေးနှင့် မြေယာဥပဒေခေတ်နှင့်အညီဖြစ်စေရေး အပါအဝင် အမျိုးသားမြေအသုံးချမှု မူဝါဒ(မူကြမ်း)ကို ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း။

ယခုအခါ အမျိုးသားမြေအသုံးချမှု မူဝါဒ ပဉ္စမ(မူကြမ်း)အပြီးသတ်ရေးဆွဲခဲ့ပြီးဖြစ်ကြောင်း၊ ရေးဆွဲပြီး အမျိုးသားမြေအသုံးချမှု မူကြမ်းအပေါ် အများပြည်သူတို့ တွင်တွင်ကျယ်ကျယ်သိရှိပြီး ပါဝင်သုံးသပ်အကြံပြုနိုင်ရန်အတွက် ယခုလိုအများပြည်သူများပါဝင်သော အကြံပြုဆွေးနွေးပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း၊ ယခုဆွေးနွေးမှုများမှ ရရှိလာသော အချက်အလက်များ၊ အကြံပြုချက်များကို အခြေခံပြီး အမျိုးသားမြေအသုံးချမှု မူဝါဒ(မူကြမ်း)ကို ပြန်လည်ပြင်ဆင်ရေးဆွဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အမျိုးသားမြေအသုံးချမှု မူဝါဒ (မူကြမ်း)အပေါ်အကြံပြုဆွေးနွေးပွဲများကို နေပြည်တော် ကောင်စီနယ်မြေတွင် နိုဝင်ဘာ ၁၇ ရက်က ကျင်းပခဲ့ပြီး ကျန်ရှိသည့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မိုးကို(သစ်တော)**

## တောင်သမန်အင်းတွင် ကမ္ဘာလှည့်ခရီးသည်များ ငှက်လှေစီးပြီး နေဝင်ဆည်းဆာအလှကို ကြည့်ရှုခံစား

**မန္တလေး နိုဝင်ဘာ ၁၉**

မန္တလေးမြို့သို့ လာရောက်လည်ပတ်သော ကမ္ဘာလှည့်ခရီးသည်များ မဖြစ်မနေ သွားရောက်လေ့လာလည်ပတ်သောနေရာတစ်ခုမှာ ကမ္ဘာ့အရှည်ဆုံး သစ်သားတံတားရှိသည့် တောင်သမန်အင်း ယဉ်ကျေးမှုဒေသဖြစ်သည်။ အဆိုပါဒေသသို့ ကမ္ဘာလှည့်ခရီးသည်များက မော်တော်ယာဉ်၊ ဆိုင်ကယ်တို့ဖြင့်သာမက စက်ဘီးများဖြင့်ပါ သွားရောက်လေ့လာကြသည်။ တောင်သမန်အင်းဒေသတွင် ဦးပိန်တံတားပေါ်တွင် လမ်းလျှောက်ခြင်း၊ တောင်သမန်အင်းအတွင်း ငှက်လှေစီးခြင်း၊ ကျောက်တော်ကြီးဘုရားသို့ သွားရောက်လေ့လာခြင်းတို့သာမက မဟာဂန္ဓာရုံဘုန်းကြီးကျောင်းတိုက်သို့ သွားရောက်လေ့လာလေ့ရှိသည်။



"အောက်တိုဘာလက တောင်သမန်အင်းသို့ ကမ္ဘာလှည့်ခရီးသည် လာရောက်မှု ယခင်နှစ်များကထက် လျော့နည်းခဲ့ပြီး ငှက်လှေစီးသည့် နိုင်ငံခြားသားခရီးသည် မရှိသလောက်နည်းပါးခဲ့တယ်။ နိုဝင်ဘာလဆန်းတွင် ကမ္ဘာလှည့်ခရီးသည် ၁၀၀၀ ကျော် နေ့စဉ် တောင်သမန်အင်းသို့ လာရောက်လည်ပတ်တယ်။ နေ့စဉ် ငှက်လှေစီးသည့် နိုင်ငံခြားသားခရီးသည် ၂၀၀ ကျော်ရှိပြီး နံနက်ပိုင်းထက် ညနေပိုင်းတွင် ငှက်လှေစီးသူ ပိုများပါတယ်။ တောင်သမန်အင်းတွင်ရှိသည့် ငှက်လှေ ၄၆ စင်းလုံး နေ့စဉ် ကမ္ဘာလှည့်ခရီးသည်များဖြင့် အလုပ်ဖြစ်နေပါတယ်။ ငှက်လှေတစ်စင်းကို လေးဦးသာတင်ခွင့်ပြုပြီး နံနက်ပိုင်းတွင် ငွေကျပ် ၆၀၀၀ နှင့် ညနေပိုင်းတွင် ငွေကျပ် ၈၀၀၀ ကောက်ခံပါတယ်။ ငှက်လှေသမားတွေက တံတားဝန်းကျင် သာယာလှပမှုရှိအောင် စုပေါင်းသန့်ရှင်းရေး လုပ်ဆောင်မှုတွေရှိပါတယ်"ဟု တောင်သမန်အင်း ငှက်လှေအသင်းဥက္ကဋ္ဌက ပြောကြားသည်။

**တင်မောင်(မန္တလေး)**

## အရက်သောက်သုံးခြင်းကြောင့် ဖြစ်တတ်သော နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများ ကာကွယ်ရေးနှိုးဆော်ချက်

နှစ်စဉ်ကမ္ဘာ့လူဦးရေ သန်းနှစ်ထောင်ကျော်သည် အရက်ကိုစွဲစွဲမြဲမြဲသောက်သုံးနေကြပြီး သန်း ၈၀ နီးပါးသည် အရက်ကြောင့်ဖြစ်သော နောက်ဆက်တွဲကျန်းမာရေးပြဿနာများခံစားနေရကြောင်း၊ လူငယ်အမျိုးသား၊ အမျိုးသမီးများသည်ပင် အရက်ဆိုင်ထိုင်ကာ အရက်သောက်သုံးမှုများကို တွေ့ရှိရကြောင်း၊ အရက်သောက်သုံးမှုကြောင့် နောက်ဆက်တွဲဖြစ်ပွားသောရောဂါများအပြင် မတော်တဆထိခိုက်မှုများဖြစ်ပွားခြင်းကြောင့် သေဆုံးမှုပိုမိုများပြားခြင်း၊ လူမှုရေးပြဿနာများ၊ ရာဇဝတ်မှုများ၊ ပိုမိုများပြားလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ စစ်တမ်းများအရ တွေ့ရှိရသည်။

အရက်သောက်သုံးခြင်းကြောင့် နောက်ဆက်တွဲ ကျန်းမာရေးပြဿနာဖြစ်သော အသည်းရောင်ခြင်း၊ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်း၊ သွေးအန်ခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ နှလုံးရောဂါဖြစ်ခြင်း၊ ဦးနှောက်နှင့် အာရုံကြောရောဂါဖြစ်ခြင်း၊ ပန်းသေပန်းညှိုးဖြစ်ခြင်း၊ သားသမီးမရခြင်း၊ စိတ်ရောဂါများ ဖြစ်ပေါ်နိုင်သည်။

ထို့အပြင် အရက်ကြောင့်ဖြစ်သော နောက်ဆက်တွဲ စိတ်ကျန်းမာရေးဆိုင်ရာ ပြဿနာဖြစ်သော အရက်မူးခြင်းကြောင့် ရာဇဝတ်မှုများကို ဆင်ခြင်မှုကင်းမဲ့စွာပြုမူခြင်း၊ စိတ်ဖောက်ပြန်ခြင်း၊ စိတ်ကြွစိတ်ကျရောဂါဖြစ်ခြင်း၊ မိမိကိုယ်ကိုသတ်သေရန်ကြိုးစားခြင်းနှင့် သတ်သေခြင်း၊ သံသယလွန်ခြင်း၊ အတက်ရောဂါဖြစ်ခြင်း၊ ညအိပ်မပျော်ရောဂါရရှိခြင်း၊ မှတ်ဉာဏ်လျော့ပါးပျက်စီးခြင်း၊ ဦးနှောက်ပျက်စီး၍ သူငယ်ပြန်ရောဂါဖြစ်ခြင်းနှင့် လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေးများထိခိုက်ပြီး သက်တမ်းစေ့မနေရခြင်းတို့ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် အသက်အရွယ်မရွေး အရက်သောက်သုံးခြင်းကို ရှောင်ကြဉ်ရန် လိုအပ်သကဲ့သို့ အရွယ်မရောက်သေးသူများ၊ အမျိုးသမီးများကို အရက်ဝယ်ခိုင်းခြင်း၊ ရောင်းချခြင်း၊ မပြုလုပ်စေရန်နှင့် မသောက်သုံးစေရန်လည်း လိုအပ်သည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကျန်းမာရေး၊လူမှုရေး၊ စီးပွားရေး၊ ထိခိုက်မှုများမဖြစ်ပေါ်စေရန် အရက်သောက်သုံးမှုမှ လုံးဝရှောင်ကြဉ်ခြင်း၊ အထူးသဖြင့် အလွန်အကျွံသောက်သုံးခြင်း၊ စွဲလမ်းစွာသောက်သုံးခြင်းမှ ရှောင်ကြဉ်ရန်နှင့် အရက်စွဲရောဂါဖြစ်နေပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းနှင့် ကျန်းမာရေးဌာနများတွင် ဆောလျင်စွာပြသ၍ စနစ်တကျကုသမှုခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ရဲတပ်ဖွဲ့လုပ်ငန်းများ သတင်းစာရှင်းလင်းပွဲပြုလုပ်

**ပန်းတနော်**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၏ လစဉ်သတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးအောင်အောင်မြက မြို့နယ်အတွင်း ဖြစ်ပွားခဲ့သည့် ပြစ်မှုများ၊ မိမိတို့ရဲတပ်ဖွဲ့ဝင်များအား နိုင်ငံတော်လစာအပြင် ရိက္ခာ၊ စရိတ်နှင့် အခြားထောက်ပံ့ကြေးများပေးထားပြီးဖြစ်ကြောင်းနှင့် ရဲတပ်ဖွဲ့ဝင်များ လာဘ်ပေးလာဘ်ယူ ပြုလုပ်ပါက ပွင့်ပွင့်လင်းလင်း သတင်းပေးတိုင်ကြားနိုင်ကြောင်း ပြောကြားခဲ့သည်။ ထို့နောက် နယ်မြေအလိုက် တာဝန်ခံစခန်းမှူးများက အမှုကိစ္စများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**ရေတာရှည်**

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏လုပ်ငန်းစဉ်များ သတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက ရေတာရှည်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဉာဏ်ဝင်းက တာဝန်သိပြည်သူများအနေဖြင့် ရာဇဝတ်ပြစ်မှုကျူးလွန်သူများ၊ မသင်္ကာဖွယ်ရာအကြောင်းအရာများကို သတင်းရရှိပါက ရဲတပ်ဖွဲ့နှင့် အချိန်မီချိတ်ဆက်ကာ ကူညီသတင်းပေးပို့ခြင်းဖြင့် အလျင်အမြန် အရေးယူဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

**ထန်းတပင်**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရဲတပ်ဖွဲ့မှကျင်းပသော ရဲလုပ်ငန်းနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို နိုဝင်ဘာ ၁၆ ရက်က ထန်းတပင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးအပေါ်ထပ်၌ ကျင်းပရာ ထန်းတပင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဝေက လက်ရှိဆောင်ရွက်နေသော ရဲလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောပြခဲ့ပြီး တက်ရောက်လာသော မီဒီယာသမားများက သိလိုသမျှကိုမေးမြန်းရာ မြို့နယ်ရဲတပ်ဖွဲ့မှူးက ရှင်းလင်းဖြေကြားသည်။

**မောင်ဆွေ(တောင်ငူ)**

**ဖားကန့်**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်အတွင်း မြို့နယ်ရဲတပ်ဖွဲ့မှ လုပ်ငန်းစဉ်များဆောင်ရွက်မှုနှင့်ပတ်သက်၍ မြို့နယ်အတွင်းမှ တာဝန်ရှိသူများသို့ ရှင်းလင်းတင်ပြခြင်းကို နိုဝင်ဘာ ၁၆ ရက်က ဖားကန့်မြို့နယ် ဆယ်ဇင်းကျေးရွာ အုပ်ချုပ်ရေးရုံး(ဗိုလ်တဲ)ခန်းမ၌ ကျင်းပခဲ့သည်။ ဖားကန့်မြို့နယ် မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေက ရဲလုပ်ငန်းစဉ်များ ပြုပြင်ပြောင်းလဲရေးတွင် အီးယူအဖွဲ့နှင့်ပူးပေါင်း၍ ပြည်သူကို ဗဟိုပြုစနစ်ဖြင့် ဆောင်ရွက်နေမှု၊ နယ်မြေအတွင်း ဖြစ်ပွားလျက်ရှိနေသော မှုခင်းအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**စိုးနိုင်ဦး(ဖားကန့်)**

**တောင်ငူ**

တောင်ငူခရိုင် ရဲတပ်ဖွဲ့၏ ရဲလုပ်ငန်းများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီက တောင်ငူခရိုင် ရဲရိပ်သာ၌ ကျင်းပရာ တောင်ငူခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဦးသန်းထွန်းက ရဲလုပ်ငန်းစဉ်များနှင့် မှုခင်းများဖြစ်ပွားရခြင်းအကြောင်း၊ ပြည်သူဗဟိုပြု ရဲလုပ်ငန်းများ လုပ်ဆောင်ရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန် မီဒီယာများနှင့် လစဉ် ရှင်းလင်းပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး တောင်ငူမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအုန်းဖေက တောင်ငူမြို့နယ်အတွင်း မြို့နယ်လုံခြုံရေး၊ တရား ဥပဒေစိုးမိုးရေးလုပ်ငန်းများနှင့် မှုခင်းပညာပေးရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

**သူရ(တောင်ငူ)**

## ကြေညာချက်

၁။ လှိုင်ကော်တက္ကသိုလ်တွင် လစ်လပ်လျက်ရှိသော နည်းပြ/သရုပ်ပြ ရာထူးများအတွက် လှိုင်ကော်တက္ကသိုလ်တွင် တိုက်ရိုက်တင်သွင်းလျှောက်ထားခဲ့ပြီး သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများအတွက် ရေးဖြေစာမေးပွဲကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

| နေ့ရက် | ဘာသာရပ် | အချိန် | ဖြေဆိုမည့်အခန်း |
|---|---|---|---|
| ၂၃-၁၁-၂၀၁၄ | မြန်မာစာ | နံနက် ၈း၀၀နာရီမှ ၁၀း၀၀နာရီအထိ | ပင်မဆောင် |
| (တနင်္ဂနွေနေ့) | အင်္ဂလိပ်စာ | နံနက် ၁၁း၀၀နာရီမှ ၁၃း၀၀နာရီအထိ | (C10,C11,C14) |
| | အထွေထွေဗဟုသုတ | မွန်းလွဲ ၁၄း၀၀ နာရီမှ ၁၆း၀၀ နာရီအထိ | |

၂။ စာမေးပွဲဖြေဆိုခွင့်ကတ်များကို ၁၈-၁၁-၂၀၁၄ ရက်မှ ၂၂-၁၁-၂၀၁၄ ရက်အထိ လှိုင်ကော်တက္ကသိုလ်၊ သင်တန်းရေးရာဌာနတွင် ရုံးချိန်အတွင်း ကိုယ်တိုင်ထုတ်ယူရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက လှိုင်ကော်တက္ကသိုလ်၊ သင်တန်းရေးဌာန၊ ဖုန်း-၀၈၃-၂၂၀၆၉၊ ၀၈၃-၂၂၀၆၇၊ ၀၈၃-၂၂၄၅၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**(ဒေါက်တာအောင်ဝင်းကြည်)**
**တာဝန်ခံပါမောက္ခချုပ်**
**လှိုင်ကော်တက္ကသိုလ်**

## ကျောက်မျက်ရတနာလုပ်ငန်းရှင်များသို့ ဖိတ်ကြားခြင်း

ကျောက်မျက်သယံဇာတဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုနိုင်ရန် အများပိုင်ဘဏ်တစ်ခု တည်ထောင်ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအားလုံး တက်ရောက်ပေးကြပါရန် ဖိတ်ကြားအပ်ပါသည်-

(၁) **ကျင်းပမည့်နေ့ရက်** - ၂၅-၁၁-၂၀၁၄ရက်
(၂) **ကျင်းပမည့်အချိန်** - မွန်းလွဲ ၁၄း၀၀နာရီ
(၃) **ကျင်းပမည့်နေရာ** - မဏိရတနာခန်းမ
နေပြည်တော်

**အများပိုင်ဘဏ်ဖြစ်မြောက်ရေးကော်မတီ**

## လူပျောက်



သဃ်န်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ မွန်တန်းလျားလမ်း၊ အမှတ် (၁၀၆)နေ ကိုဖြိုးသိန်း၏ဇနီး မအေးအေးလွင် အသက်(၂၂)နှစ် (ဘ)ဦးသိန်းလွင်၏ သမီးသည် ၁၇-၁၁-၂၀၁၄ရက် နံနက် ၁၀း၀၀ နာရီတွင် နေအိမ်မှ ဈေးဝယ်သွားရာ အိမ်ပြန်မလာ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့် လက်ခံထားသူများကို တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ကိုဖြိုးသိန်း**
**ဖုန်း-၀၉-၄၂၁၁၃၀၉၈၇၊ ၀၉-၇၉၅၆၄၈၂၀၆**

## အထူးကျေးဇူးတင်ရှိခြင်း

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာ ၁၅ရက်တွင် ရန်ကုန်မြို့၊ လိပ်ပြာကန်ကျောင်းတိုက်၊ နန္ဒာအောင်မြေကျောင်း၌ ဆရာတော်ဦးနိမလ၏ ညွှန်ကြားမှုဖြင့် နေမြန်မာကုမ္ပဏီမှ ပြုလုပ်ကျင်းပသော ကုသိုလ်ဖြစ်အခမဲ့ဆေးခန်းသို့ လာရောက် ဆွေးနွေးပေးသော ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၊ ကမ္ဘာ့ကျန်းမာရေးစင်တာ (WMC)မှ ဆရာဝန်ကြီးများဖြစ်သော Dr. Chalerm.H, Dr. Surapong. L, Dr.Korbpabya.W, Dr. Nilar.H တို့အား လှူနာများနှင့်အတူ နန္ဒာအောင်မြေကျောင်းဆရာတော်နှင့် နေမြန်မာကုမ္ပဏီတို့မှ အထူးကျေးဇူးတင်ပါသည်။



ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# လုံ့လဝီရိယကိုအခြေပြုပြီး ကိုယ့်အားကိုယ်ကိုးဖွံ့ဖြိုးတိုးတက်စေမည့် စံပြကျေးရွာ ၁၀၀ တည်ထောင်မည်

**ကိုရီးယား-မြန်မာချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) မှ မြန်မာနိုင်ငံအတွင်းရှိ ကျေးရွာ ၁၀၀ အား ဆေးမားအွန်ဒေါင်းစံပြကျေးရွာတည်ထောင်ခြင်းစီမံကိန်းဖြင့် ကူညီထောက်ပံ့မှုများပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။**

**သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး (မြန်မာ့အလင်း)**

အဆိုပါစီမံကိန်းကို တိုင်းဒေသကြီးများနှင့်ပြည်နယ်များတွင် ပြုလုပ်သွားမည်ဖြစ်ပြီး မြေပြန့်ဒေသများတွင် နေပြည်တော် ကောင်စီနယ်မြေရှိ ကျေးရွာ ၄၀၊ ပဲခူးတိုင်းဒေသကြီး၌ ကျေးရွာငါးရွာ၊ ရန်ကုန်တိုင်းဒေသကြီး၌ ငါးရွာ၊ တောင်တန်းဒေသဖြစ်သော ရှမ်းပြည်နယ်၌ ကျေးရွာ ၁၀ ရွာ၊ ကမ်းခြေဒေသများဖြစ်သည့် မွန်ပြည်နယ်၌ ငါးရွာ၊ တနင်္သာရီတိုင်းဒေသကြီး၌ ငါးရွာ၊ မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး၌ ကျေးရွာ ၁၀ ရွာ၊ အပူပိုင်းဇုန်ဒေသများ ဖြစ်သော မန္တလေးတိုင်းဒေသကြီး၌ ကျေးရွာ ၁၀ ရွာ ပြုလုပ်သွားမည်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

“ကျေးရွာတွေသတ်မှတ်ရွေးချယ်တဲ့နေရာမှာတော့ ရွေးချယ်တဲ့ကျေးရွာဟာ စိုက်ပျိုးမြေ၊ စိုက်ပျိုးရေ လုံလောက်စွာရရှိတဲ့ ကျေးရွာတွေ ဖြစ်ရပါမယ်၊ ကျေးရွာအုပ်စုမဟုတ်ဘဲ ရွာလေးတွေကို ရွေးချယ်သွားမှာဖြစ်ပါတယ်၊ ဒါ့အပြင် ကျေးရွာရဲ့ တည်နေရာဟာ မြို့ရဲ့အနီးဝန်းကျင်မှာရှိရပါမယ်၊ အိမ်ထောင်စုအားဖြင့်လည်း ၁၀၀ မှ ၂၀၀ အတွင်းရှိရပါမယ်၊ ကျေးရွာသားတွေကလည်း ကိုယ့်ရပ်ရွာဖွံ့ဖြိုးတိုးတက်ဖို့ရန်အတွက် စီမံကိန်းမှာ တက်ကြွစွာ ပါဝင်နိုင်တဲ့သူရှိတဲ့ကျေးရွာဖြစ်ရပါမယ် ” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဆေးမားအွန်ဒေါင်း မဟာစီမံကိန်းမှာ အမျိုးသားအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုကို တိုးမြှင့်ပေးရန်၊ စီမံကိန်းလုပ်ငန်းများကို ရေရှည်လုပ်ကိုင်နိုင်ရန်အတွက် ဆေးမားအွန်ဒေါင်း ခေါင်းဆောင်များ၏စွမ်းဆောင်ရည်ကို တည်ဆောက်ပေးရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုကို အမျိုးသားအဆင့်အနေဖြင့် ဆက်လက်တည်တံ့ခိုင်မြဲစေရေးအတွက် စံပြကျေးရွာများကို တည်ထောင်ပေးရခြင်းဖြစ်ကြောင်း သိရသည်။

“စံပြကျေးရွာ တည်ထောင်တဲ့နေရာမှာ မိမိတို့ကျေးရွာဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ကိုယ့်မှာ အရင်ရှိပြီးသား မိသားစုဝင်ငွေကို ဘယ်လိုတိုးအောင် ပြုလုပ်ရမယ်ဆိုတဲ့အကြောင်း သင်တန်းတွေလည်းပေးသွားမှာ ဖြစ်ပါတယ်၊ အဓိကအားဖြင့်ကတော့ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ဒေသဖွံ့ဖြိုးအောင် ပြုလုပ်ရမှာဖြစ်ပါတယ်” ဟုဒုတိယညွှန်ကြားရေးမှူး (စီမံကိန်း) ဒေါ်နော်ဂျယ်နီလူးက ပြောသည်။

> **“ကိုယ့်မှာ အရင်ရှိပြီးသား မိသားစုဝင်ငွေကို ဘယ်လိုတိုးအောင် ပြုလုပ်ရမယ်ဆိုတဲ့အကြောင်း သင်တန်းတွေလည်းပေးသွားမှာ ဖြစ်ပါတယ်၊ အဓိကအားဖြင့်ကတော့ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ဒေသဖွံ့ဖြိုးအောင် ပြုလုပ်ရမှာ ဖြစ်ပါတယ်“**

ဆေးမားအွန်ဒေါင်းစံပြကျေးရွာများတည်ထောင်ခြင်းစီမံကိန်းကို ၂၀၁၄-၂၀၁၅မှ ၂၀၁၈-၂၀၁၉ထိ ငါးနှစ်ကြာပြုလုပ်သွားမည်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်ရေးအတွက် ကိုရီးယားအစိုးရဘက်မှ လိုအပ်သည့်ငွေကြေးနှင့် နည်းပညာအကူအညီအပါအဝင် ပညာရှင်များစေလွှတ်၍ ကျေးရွာရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ကိုရီးယားအစိုးရက ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၂၂ သန်း ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်၊ ထောက်ပံ့တဲ့နေရာမှာ ငွေကြေးကိုပေးအပ်သွားမှာမဟုတ်ဘဲ ကျေးရွာတွေမှာ သင်တန်းပေးရာမှာ လိုအပ်တဲ့ အကယ်ဒမီတွေ တည်ထောင်ပေးသွားမှာ ဖြစ်ပါတယ်၊ နေပြည်တော်မှာရှိတဲ့ ရေဆင်းစိုက်ပျိုးရေးသုတေသနပိုင် မြေနေရာကိုလည်း Head Quarter အနေနဲ့ ပြုလုပ်သွားမှာဖြစ်ပါတယ်” ဟု လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ပြုံးပြုံးမွန်က ပြောကြားသည်။

မြန်မာနိုင်ငံတွင် ဆေးမားအွန်ဒေါင်းစံပြကျေးရွာများ တည်ထောင်ခြင်းစီမံကိန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ ROD ဆွေးနွေးမှုမှတ်တမ်းကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် KOICA နှင့် စတင်၍ နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးခဲ့ပြီး ROD Master Plan အရ တစ်နိုင်ငံလုံးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုရီးယားနိုင်ငံတွင် ကျေးရွာသစ်စီမံကိန်းကို ဒေသခံပြည်သူများက ကိုယ်ထူကိုယ်ထစနစ်ဖြင့် လုံ့လဝီရိယရှိစွာ ပူးပေါင်းဆောင်ရွက်ကြသောကြောင့် ၁၉၇၀ ပြည့်နှစ် နောက်ပိုင်းမှစ၍ဖွံ့ဖြိုးတိုးတက်လာကြောင်း၊ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ အခြားမဖွံ့ဖြိုးသော နိုင်ငံများကို တိုးတက်ဖွံ့ဖြိုးလာစေရန်ရည်ရွယ်ကာ ကိုရီးယားနိုင်ငံကဦးဆောင်၍ ကျေးရွာသစ်လှုပ်ရှားမှုအစီအစဉ်ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထို့အပြင် မဖွံ့ဖြိုးသေးသော နိုင်ငံများမှ ကျေးရွာသစ်လှုပ်ရှားမှု ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာများကို ပဏာမရွေးချယ်၍ ကိုရီးယားနိုင်ငံသို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ သက်ဆိုင်ရာကျေးရွာမှ ခေါင်းဆောင်များ၊ တောင်သူလယ်သမားများကို ခေါ်ယူ၍ Saemaul Undong Training Centre ၌ လေ့ကျင့်သင်တန်းပေးလျက်ရှိကြောင်း သိရသည်။

ကျေးရွာသစ် စီမံကိန်းများကို အကောင်အထည်ဖော်ပေးခြင်းအားဖြင့် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြသော တိုင်းဒေသကြီးများ၌ စိုက်ပျိုးရေးနှင့်ပတ်သက်သည့် နည်းပညာများ၊ စိုက်ပျိုးရေးမဖြစ်ထွန်းသည့်ဒေသများ၌ လက်မှုပညာ၊ မွေးမြူရေးပညာစသည့် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေမည့် နည်းပညာများကို KOICA မှ သင်တန်းများ ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျေးရွာသစ် ဖွံ့ဖြိုးမှုစီမံကိန်းတွင် ပါဝင်သည့်ကျေးရွာများမှ ဒေသခံပြည်သူများအနေဖြင့် စီမံကိန်းတွင် လုံ့လဝီရိယရှိစွာဖြင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

## အဲကွန်းအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား

**ပျဉ်းမနား နိုဝင်ဘာ ၁၉**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက် ပေါင်းလောင်း (၃)နယ်မြေ ၁၈ လမ်းနှင့် ပိတောက်လမ်းထောင့်ရှိ နေအိမ်တစ်လုံး၌ ယနေ့နံနက် ၀း၂ နာရီ ၄၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ နေပြည်တော် ဇေယျာသီရိမြို့နယ် အိုင်စောက်ကျေးရွာနေသူ ဦးစံရွှေပိုင် ပျဉ်းမနား ရွာကောက်ရပ်ကွက် ပေါင်းလောင်း(၃) နယ်မြေ ၁၈ လမ်း နှင့် ပိတောက်လမ်းထောင့်ရှိ အိမ်အမှတ် (၁၃၃၉)အိမ်ကို ငွေကြယ်ကုမ္ပဏီက ငှားရမ်းထားကြောင်း၊ အိမ်သည်သုံးပင်ပတ်လည် ဝါးထရံကာ၊ သွပ်မိုး၊ ပျဉ်ခင်း၊ မြေစိုက်အိမ်အမျိုးအစားဖြစ်ပြီး နေအိမ်ရှိ အဲကွန်းအပူရှိန်လွန်ကဲ ၍ မီးစတင်လောင်ကျွမ်းခဲ့ကြောင်း၊ မီးလောင်မှုဖြစ်ချိန်တွင် အိမ်၌ လူတစ်ဦးတစ်ယောက်မျှမရှိကြောင်း သိရပြီး မီးလောင်မှုကြောင့် နေအိမ်တစ်လုံးသာ ဆုံးရှုံး၍ လူနှင့်တိရစ္ဆာန်အသေအပျောက်မရှိကြောင်း သိရသည်။

မီးလောင်မှုကို မီးသတ်ယာဉ်ငါးစီး၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက ပူးပေါင်းငြိမ်းသတ်ခဲ့သည်။ မီးလောင်မှုဖြစ်ပွားသည့်အတွက် လျှပ်စစ်ဓာတ်အား ပေ့ါဆစွာသုံးစွဲသူအား ပျဉ်းမနားရဲတပ်ဖွဲ့စခန်းက စုံစမ်း၍ အရေးယူဆောင်ရွက်သွားမည်ဟု သိရသည်။


**မျိုးဇေယျာ(ပျဉ်းမနား)**

## နည်းပညာတက္ကသိုလ် သုံးထပ်ပင်မစာသင်ဆောင်ပန္နက်တင်

**မန္တလေး နိုဝင်ဘာ ၁၉**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မန္တလေးနည်းပညာတက္ကသိုလ် ပင်မသုံးထပ်စာသင်ဆောင်မြေသန့်ပရိတ်တရားတော်နာယူခြင်းနှင့် ပန္နက်တင်မင်္ဂလာအခမ်းအနားကို အဆိုပါ တက္ကသိုလ်ဝင်းအတွင်း၌ နိုဝင်ဘာ ၁၇ ရက်က ကျင်းပရာ နံနက် ၇ နာရီတွင် မြေသန့်ပရိတ်တရားတော်နာယူကြသည်။ ဆက်လက်၍ နံနက် ၉ နာရီတွင် ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပရာ မန္တလေးနည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာမြင့်သိန်း Grand Glory Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးနေလင်းနှင့်တာဝန်ရှိသူများက ပန္နက်တင်ပေးကြကြောင်း သိရသည်။

**(မြန်မာ့အလင်း)**




### နိုင်ငံတကာဆက်ဆံရေးပညာဘာသာရပ် ကျောင်းသူ ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့်ဘာသာရပ် နှစ်(၃၀)ပြည့်အခမ်းအနားကျင်းပရေးနှိုးဆော်လွှာ

၁။ ၁၉၈၄ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် စတင်ထူထောင်ဖွင့်လှစ်ခဲ့သော နိုင်ငံတကာဆက်ဆံရေးပညာဘာသာရပ်သည် ယခုအခါ နှစ်(၃၀)ပြည့်မြောက်ပြီ ဖြစ်ပါသဖြင့် နိုင်ငံတကာဆက်ဆံရေးပညာဌာန(ရန်ကုန်)တွင် ဘာသာရပ်၏ ရှင်သန်ဖွံ့ဖြိုးရေးကို ဦးဆောင်လမ်းညွှန်ခဲ့ကြသည့် အနန္တဂိုဏ်းဝင်ကျေးဇူးရှင်များဖြစ်ကြသည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများကို ပူဇော်ကန်တော့သည့် အာစရိယပူဇော်ပွဲအခမ်းအနားနှင့် ၁၉၈၄ ခုနှစ်မှ ယနေ့အချိန်အထိ နိုင်ငံတကာဆက်ဆံရေးပညာဘာသာရပ်ကို အထူးပြုလေ့လာသင်ယူခဲ့ကြသည့် ကျောင်းသူ ကျောင်းသားများအားလုံး ပြန်လည်ဆုံစည်းသည့်အခမ်းအနားကို အောက်ဖော်ပြပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် အခမ်းအနားကို ပျော်ရွှင်စွာ မပျက်မကွက် ပါဝင်ဆင်နွှဲနိုင်ပါရန်နှင့် မိမိတို့၏ စေတနာသဒ္ဓါတတ်အားသမျှ အလှူငွေများကို ထည့်ဝင်လှူဒါန်းနိုင်ကြပါရန် လေးစားစွာ နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၇ ရက် (တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ
**နေရာ** - ရန်ကုန်တက္ကသိုလ်အပန်းဖြေရိပ်သာ

၂။ အခမ်းအနားတက်ရောက်ရန် လက်မှတ်များနှင့် မိမိတို့ စေတနာသဒ္ဓါတတ်အားသမျှ ထည့်ဝင်ကြသော အလှူငွေများကို အောက်ဖော်ပြပါ ဆက်သွယ်ရေးပုဂ္ဂိုလ်များအပြင် ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနများနှင့် ရန်ကုန်မြို့၊ အမှတ် (၂၇/၂၉) ၄ဘီ၊ ၄၅ လမ်း(အောက်လမ်း) ဖုန်း-၃၉၇၆၈၇ရှိ ဦးမျိုးနိုင်တို့ထံတွင် လာရောက်လှူဒါန်းထုတ်ယူနိုင်ပါသည်။ အခမ်းအနားသို့တက်ရောက်ရန် အတွက် လက်မှတ်များကို ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၂ ရက် နောက်ဆုံးထား၍ ထုတ်ယူကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များ**

| | | |
|---|---|---|
| ၁။ | ဒေါက်တာချောချောစိန် | ဖုန်း-၀၉-၅၀၆၀၀၃၀ |
| ၂။ | ဦးမျိုးနိုင် | ဖုန်း-၀၉-၅၁၁၇၄၇၁ |
| ၃။ | ဒေါက်တာစန်းစန်းခိုင် | ဖုန်း-၀၉-၄၃၁၂၆၂၅၁ |
| ၄။ | ဦးကျော်စွာဟိန်း | ဖုန်း-၀၉-၅၅၀၁၇၉၀ |
| ၅။ | ဒေါက်တာသူဇာမြင့် | ဖုန်း-၀၉-၄၂၀၁၀၀၅၇၆ |
| ၆။ | ဦးမျိုးသန့် | ဖုန်း-၀၉-၅၁၁၈၁၇၂ |
| ၇။ | ဒေါ်နှင်းမိုးအောင် | ဖုန်း-၀၉-၅၀၄၁၃၉၉ |
| ၈။ | ဒေါ်ကေသွယ်ကျော် | ဖုန်း-၀၉-၅၀၂၉၇၂၂ |
| ၉။ | ဒေါ်စိုးစံသိန်း | ဖုန်း-၀၉-၅၁၈၇၄၅၃ |

**ရန်ကုန်တက္ကသိုလ်၊ နိုင်ငံတကာဆက်ဆံရေးပညာဌာန ဖုန်း-၅၃၆၀၈၈**

**နိုင်ငံတကာဆက်ဆံရေးပညာဘာသာရပ်မိသားစု**

**အငြိမ်းစားဆရာကြီး၊ဆရာမကြီးများစာရင်း**

| | | | |
|---|---|---|---|
| ၁။ | ဦးထွန်းအောင်ချိန် | ၉။ | ဦးစိုင်းခမ်းမိုင်း |
| ၂။ | ဦးစိုင်းအောင်ထွန်း | ၁၀။ | ဒေါ်ခင်ခင်လေး |
| ၃။ | ဒေါက်တာခင်မောင်ညွှန့် | ၁၁။ | ဒေါ်ကယ်ရယ်အင်ချစ်သာ |
| ၄။ | ဒေါ်စန်းစန်းတင် | ၁၂။ | ဦးအောင်မြင် |
| ၅။ | ဦးမောင်မောင်အေး | ၁၃။ | ဦးမြင့်အောင် |
| ၆။ | ဒေါက်တာဒေါ်မြင့်ကြည် | ၁၄။ | ဒေါက်တာကံညွှန့် |
| ၇။ | ဒေါ်စောခင်ကြီး | ၁၅။ | ဦးထိန်ဝင်း |
| ၈။ | ဦးစိုင်းစံတစ်ပ် | ၁၆။ | ဦးသန်းဝင်း |

ဒေါ်နီနီမြင့်
ဒေါ်ခင်ထွေးရီ

**ကွယ်လွန်သူများစာရင်း**

ဒေါ်ခင်ခင်မ ဦးစောရော့တော့ပ်
ဦးလှမြင့် ဦးစိုးလင်း
ဒေါ်ခင်စု

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# ကျောက်တော်ရှိ ဘင်္ဂါလီဒုက္ခသည် ကယ်ဆယ်ရေးစခန်းများ၌ နေထိုင်စားသောက်မှုများ အဆင်ပြေလျက်ရှိ

ကျောက်တော် နိုဝင်ဘာ ၁၃

သတင်းနှင့်ဓာတ်ပုံ
ဇေယျာ(မိုင်ရာ)

**ရခိုင်ပြည်နယ် ကျောက်တော်မြို့သည် ရပ်ကွက် ငါးရပ်ကွက်၊ ကျေးရွာအုပ်စု ၇၉ အုပ်စုနှင့် ကျေးရွာ ၂၈၃ ရွာတို့ဖြင့် ဖွဲ့စည်းထားပြီး အိမ်ခြေ ၄၀၀၀၀ ကျော်ရှိကာ ရခိုင်၊ ချင်း၊ ဗမာ၊ ဟိန္ဒူ၊ ဘင်္ဂါလီနှင့် တရုတ်လူမျိုး စသည်ဖြင့် လူဦးရေနှစ်သိန်းကျော် နေထိုင်ကြသည်။**



ကယ်ဆယ်ရေးစခန်းအတွင်း၌ အေးချမ်းပျော်ရွှင်စွာဖြင့် ဝိုင်းဖွဲ့စကားပြောနေစဉ်။

ကျောက်တော်မြို့တွင် ၂၀၁၂ ခုနှစ် ဇွန်လနှင့် အောက်တိုဘာလတွင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခတစ်ခုကြောင့် ဘင်္ဂါလီလူမျိုးများအတွက် သက်ဆိုင်ရာက ကယ်ဆယ်ရေးစခန်း ၁၂ ခုကို ဖွင့်လှစ်ကာ လူဦးရေ ၆၀၀၀ ကျော်အတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ လုံခြုံရေးစောင့်ရှောက်မှုများကို ယနေ့အထိ ပြုလုပ်ပေးလျက်ရှိသည်။

အဆိုပါ ဘင်္ဂါလီဒုက္ခသည်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ကျန်းမာရေးမှူးများအသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် NGO အဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးအတွက် ရဲတပ်ရင်း ၃၁ ခုအပြင် တပ်ရင်း၊ တပ်ဖွဲ့များကပါ စောင့်ရှောက်ပေးလျက်ရှိသည်။

ထို့အပြင် ပဋိပက္ခဖြစ်စဉ်ကြောင့် ဒုက္ခရောက်ခဲ့သည့် မိသားစုများအတွက် ၎င်းတို့၏ မူလကျေးရွာများ၌ပင် ကယ်ဆယ်ရေးစခန်းအဖြစ် ပြုလုပ်ကာ ရှစ်ခန်းတွဲ တဲကြီးများကို တည်ဆောက်ပေးထားပြီး အိမ်ထောင်စု ၈၀၀ ကျော်၊ လူဦးရေ ၅၀၀၀ ကျော် နေထိုင်လျက်ရှိကြသည်။ ရွက်ဖျင်တဲဖြင့် နေထိုင်သူ အိမ်ထောင်စုမှာ ၁၀၀ ကျော်သာ ရှိသည်။ ကျန်းမာရေးအတွက် ဆေးပေးခန်း၊ အရောင်းအဝယ်ပြုလုပ်နိုင်မည့် ဈေးဆိုင်တန်းများကိုလည်း အဆိုပါ ကယ်ဆယ်ရေးစခန်းများ၌ တစ်ပါတည်း ဆောက်လုပ်ပေးထားသည်။

ဒုက္ခသည် ဘင်္ဂါလီမိသားစုများသည် သက်ဆိုင်ရာမှ ပံ့ပိုးသည့် ကယ်ဆယ်ရေးပစ္စည်းများအပြင် ယခင် ပိုင်ဆိုင်ခဲ့သည့် လယ်မြေများတွင် စပါးစိုက်ပျိုးခြင်း၊ ကစ္စပနဒီ (ကုလားတန်)မြစ်အတွင်း၌ ရေလုပ်ငန်းလုပ်ကိုင်ခြင်း၊ ကျပန်းအလုပ်များ လုပ်ကိုင်ခြင်း စသည်ဖြင့် ဘဝရပ်တည်လျက်ရှိကြသည်။ အချို့မိသားစုများသည် မြေကွက်လပ်များ၌ သီးပင်၊ စားပင်များ စိုက်ပျိုးထားသကဲ့သို့ အချို့မိသားစုများသည် ဆိုလာမီးအိမ်၊ ဆက်သွယ်ရေးကိရိယာများ၊ ဖျော်ဖြေရေးပစ္စည်းများ စသည်ဖြင့် အဆင်ပြေပြေ နေထိုင်လျက်ရှိသည်။



ခေါင်းတုတ်ကျေးရွာ ကယ်ဆယ်ရေးစခန်း၌ မူလတန်းကျောင်းသားကျောင်းသူများ စာသင်ကြားနေစဉ်။

## ကျိုက်ထိုမြို့၌ ရထားတိုက်မိ၍ လူတစ်ဦးသေဆုံး

**ကျိုက်ထို နိုဝင်ဘာ ၁၉**

ကျိုက်ထိုမြို့နယ် ဖက္ကလိပ်ကျေးရွာ မရမ်းချိုကွက်သစ်တွင် နိုဝင်ဘာ ၁၇ ရက် နံနက် ၂ နာရီက ရထားတိုက်မိ၍ လူတစ်ဦးသေဆုံးမှုဖြစ်ပွားကြောင်း သတင်းအရ ကျိုက်ထိုမြို့မရဲစခန်းမှူး ဒုတိယရဲမှူးကိုကိုဦးနှင့် တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ဖက္ကလိပ်ကျေးရွာ မရမ်းချိုကွက်သစ် ရန်ကုန်-မော်လမြိုင်ရထားလမ်း မိုင်တိုင်အမှတ် (၁၀၀၊/၁၁) နှင့် (၁၀၀/၁၂) ကြားရှိ ရထားသံလမ်းတွင် ကျိုက်ထိုမြို့နယ် ကျိုက်ပိကျေးရွာမြောက်ပိုင်းနေ ထွန်းထွန်းခိုင် (၃၂ နှစ်)မှာ ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသည်။

**ဝင်းမောင်(iprd)**


## မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း
## မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမဖွင့်ပွဲအခမ်းအနား
## အသိပေးကြေညာချက်

**၂၀၁၄ခုနှစ် နိုဝင်ဘာ ၁၈ရက်**

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်မှ ကြီးမှူးဖွင့်လှစ်မည့် မြန်မာ့ကျောက်မျက်ရတနာ အရောင်းခန်းမဖွင့်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းဝင်/အသင်းသားများအားလုံး စုံညီစွာတက်ရောက်ပေးနိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်-

(၁) **ကျင်းပမည့်နေ့ရက်** - ၂၄-၁၁-၂၀၁၄ ရက် (တနင်္လာနေ့)
(၂) **ကျင်းပမည့်အချိန်** - နံနက် ၉း၀၀ နာရီ
(၃) **ကျင်းပမည့်နေရာ** - မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမ အမှတ်(၆၈)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့

**အလုပ်အမှုဆောင်အဖွဲ့**

Y.E.S. Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre
တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများ အတွက်

**Basic Spoken English**
Sat & Sun - 12:30-3:30 pm 8,22 Nov
Mon to Thurs-7:30-9:30am 10 Nov
Sat & Sun - 9:00-12:00 am 15 Nov
Mon toThurs 1:00-3:00-5:00pm 17,24 Nov
Mon to Thurs-10:00-12:00am 24 Nov
Mon to Thurs-5:30-7:00pm 24 Nov
**Pre-Intermediate English**
Mon to Thurs-10:30-12:30 am 17 Nov
Mon to Thurs-7:30-9:30am 17 Nov
Sat & Sun - 12:30-3:30 pm 22 Nov
Mon to Thurs-5:00-7:00pm 24 Nov
Mon to Thurs-10:00-12:00am 1 Dec
**Grammar Foundation Course**
Mon to Thurs - 1:00-2:30 pm 17 Nov
Mon to Thurs - 7:30-9:30 am 24 Nov
**Intermediate English**
Mon to Thurs-1:00-3:00 pm 10 Nov
**Vocabulary Enrichment Course**
Mon to Thurs - 3:30-5:00 pm 24 Nov
**Structure & Written Expression**
Sat & Sun - 7:30-10:00 am 15 Nov
Mon to Thurs-1:00-3:00 pm 17 Nov
Sat & Sun - 9:00-12:00 am 22 Nov
Mon to Thurs-4:00-5:30-7:00 pm 17 Nov
**Basic Writing Course**
San & Sun - 9:00 - 12:00 am 22 Nov
San & Sun - 12:30 - 3:30 pm 22 Nov
Mon to Thurs - 10:00 - 12:00am 24 Nov
TOEFL,SAT,IELTS,API,AWC
No.190, 2nd Flr.,28thSt:(Upper), Pabedan Tsp. Ph: 01-243950, 246910

iStock® ကုန်ပစ္စည်းထိန်းကွပ်ပျူတာစနစ်
ကုန်ရောင်း/ကုန်ဝယ်စာရင်း
ငွေစာရင်း
ကုန်လက်ကျန်စာရင်း
ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
အကြွေးစာရင်း
လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း
Contact Us ...
YGN 09-254151516, 09-43064181, 09-73138079
MDY 09-31406813, 09-91050973
NPT 09-974432762, 09-974432763
Galaxy Software Co.,Ltd.
www.galaxy.com.mm

**MIGUN Myanmar Co.Ltd.**
**ကျန်းမာရေးစင်တာများဖွင့်လှစ်ရန် ကိုယ်စားလှယ်များ ဖိတ်ခေါ်အပ်ပါသည်။**
နိုင်ငံပေါင်း (၅၀)တွင် အထူးအောင်မြင်ကျော်ကြားနေသော MIGUN ကျောက်စိမ်းအနှိပ် ကုတင်များဖြင့်အသေးစားကျန်းမာရေးစင်တာများဖွင့်လှစ်ပေးပါမည်။ ကုမ္ပဏီမှ တဝက်ရင်းနှီးမြှုပ်နှံပေး မည်ဖြစ်ပြီး အရစ်ကျငွေပေးချေရပါမည်။ကော်မရှင်များနှင့် အခြားသော Bonus များလည်းခံစား ခွင့်ရရှိမည်ဖြစ်ပါသည်။ အိုးမကွာ၊ အိမ်မကွာ စီးပွားရေးဖြစ်သည်။ ကုသိုလ်လည်းရ၊ ပုံမှန်ဝင်ငွေလည်း ရှိ ၊ ကျန်းမာရေးလည်းကောင်းစေမည့် MIGUN ကိုယ်စားလှယ်ဖြစ်လိုပါက ယခုကြော်ငြာသည့် နေ့မှစ၍ ဒီဇင်ဘာ(၃၁)ရက် နောက်ဆုံးထားပြီး လျှောက်လွှာပေးပို့နိုင်ပါပြီ။ အသေးစိတ်သိရှိလိုပါက- (ဆက်သွယ်ရန်လိပ်စာ) အမှတ် (၃၄၈/၃၅၀) ၊ မဟာဗန္ဓုလလမ်းနှင့် ၊ (၃၉)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph : 09-250 542115, 09-421138968 , 09-422478961

**အိမ်ရောင်းမည်**
ရန်ကင်းမြို့နယ်ရှိ အသင့်နေ နှစ်ထပ် RC တိုက်နှင့် ဗဟန်းဆရာစံလမ်းပေါ်ရှိ လေးလွှာအခန်း Hall Type ရောင်းမည်။ အကျိုးဆောင်များ ဆက်သွယ်နိုင်ပါသည်။
ဖုန်း-၀၉-၃၁၈၆၅၂၃၆၊၀၉-၂၅၀၂၇၄၁၅၂

**ပျောက်ဆုံးကြောင်း**
NGP New Generation Power Engineering Co., Ltd.မှ ကျွန်တော် ဦးသော်ဇင်ထွန်း ၁၂/ဥကတ(နိုင်)၁၆၁၈၉၁ ၏ ကုမ္ပဏီစာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။
**ဦးသော်ဇင်ထွန်း**
ဖုန်း-၀၉-၄၃၀၁၆၁၂၈၊ ၀၉-၅၀၄၉၂၄၄

ကြော်ငြာ


THE ILLUSTRA
AT PHO SEIN
သားစဉ်မြေးဆက်ပိုင်ဆိုင်နိုင်သော လူကုံထံ ဆိတ်ငြိမ်ရပ်ကွက်အတွင်းရှိ နိုင်ငံတကာအဆင့် အရည်အသွေးအကောင်းဆုံး ကွန်ဒိုမီနီယံ
ကန်တော်ကြီးကန်
ချက်ထရီယမ်ဟိုတယ်
THE ILLUSTRA
အရောင်းပြခန်းမိတ်ဆက်ပွဲ
November 15 မှ December 7 ထိ
10 AM to 6 PM
မိတ်ဆက်ပွဲကာလ နေ့ရက်များအတွင်း စနေ၊ တနင်္ဂနွေနေ့တိုင်းတွင် လာရောက်လေ့လာသူများအား Amazing Gift များ အထူးစိတ်ဝင်စားဖွယ်ရာအစီအစဉ်များဖြင့် ကျင်းပသွားပါမည်
အံ့သြဖွယ် ခမ်းနားခေတ်မီသည့်
Condo Facility များအပြည့်အဝဖြင့်
The Illustra Show Flat မှ သင့်ကို ကြိုဆိုလျက်ရှိပါသည်။
♦ နိုင်ငံတကာမှကျော်ကြားသော ဆောက်လုပ်ရေးနှင့် ဗိသုကာဆိုင်ရာ ပညာရှင်များ၊ အကြံပေးများဖြင့်တည်ဆောက်ထားသော မြန်မာနိုင်ငံ၏ ပထမဦးဆုံး အဆင့်မြင့် Condo
♦ သင့်တင့်မျှတသောဈေးနှုန်းဖြင့် နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့် Condo အခန်းအားဝယ်ယူခွင့်ရရှိမည့် အခွင့်အရေး။
♦ ပြီးပြည့်စုံစွာပြင်ဆင်ခင်းကျင်းပြသထားသည့် အခန်းနမူနာပုံစံကိုလေ့လာကြည့်ရှုရင်း ခေတ်မီ Luxury Condo ၏အရသာကို လာရောက်ခံစားကြည့်ပါ။
The Illustra တည်ရှိရာ- အမှတ်-၃၆၊ ဖိုးစိန်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
Luxury Condo Sales Gallery & Show Flat
အမှတ် - ၃-၄-၅၊ တိုက် D/E (မြေညီ)၊ ရွှေမြရာအိမ်ရာ၊မြန်မာ့ဂုဏ်ရည်လမ်းနှင့် သစ္စာလမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
Condo တည်ဆောက်မှုလုပ်ငန်း တိုးတက်မှုအလိုက် ငွေပေးချေမှုစနစ် Progressive payment system ကို ပထမဆုံးဆောင်ရွက်ပေးနေပါသည်။
A Prestigious Development By:
PSWN
PSWN Development Company Limited
International Partner:
DPA DP ARCHITECTS
MEINHARDT
RHLB (Myanmar) Ltd.
ASIAN ACRE ADVISORS
Supported by:
KBZ BANK
Marketing Partner:
ERA REAL ESTATE
စုံစမ်းမေးမြန်းရန် = ၀၁၂၀၆၄၃၁၊ ၀၁၂၀၆၄၃၂၊ ၀၉၂၅၄၄၇၇၆၃၃၊ ၀၉၂၅၄၄၇၇၆၄၄
www.pswn.com

# မြေပဲပုတ်ပြတ်အငှားလိုက်သူများ ပုံမှန်ဝင်ငွေရရှိ၍ စီးပွားရေးအဆင်ပြေ

**ငါ့သရောက် နိုဝင်ဘာ ၁၉**

ငါ့သရောက် မြို့နယ်ခွဲအတွင်းရှိ ကျေးလက်ဒေသနေ ပြည်သူများသည် မိရိုးဖလာအလုပ်ဖြစ်သည့် တောင်ယာ စနစ်ဖြင့် စိုက်ပျိုးရေးကို အဓိကထားပြီး စီးပွားဖြစ်လုပ်ကိုင်ကြရာ ယခုလို မြေပဲဖော်ချိန်၌ တောင်ယာလုပ်ငန်းလုပ်ကိုင်ကြသူများ မြေပဲပုတ်ပြတ်အငှားလိုက်သူများကို ငှားရမ်းရခြင်းကြောင့် ကျေးလက်ဒေသများတွင် နေ့စားအလုပ်သမားများ မြေပဲပုတ်ပြတ်အငှားလိုက်ခြင်းကို နေ့စဉ်မပြတ်လုပ်နေရ၍ ပုံမှန်ဝင်ငွေရရှိကာ စီးပွားရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။



ငါ့သရောက် မြို့နယ်ခွဲတွင် ဆီထွက် သီးနှံဖြစ်သည့် မြေပဲကို တောင်သူတစ်ဦးလျှင် အနည်းဆုံး တင်းရေ လေးငါးခြောက်တင်းမှ အများဆုံး ၁၀၊ ၁၅ တင်းခန့်ထိ စိုက်ပျိုးကြကြောင်းသိရသည်။ ယခုနှစ်တွင် နောက်ပိုင်း မိုးကောင်းမွန်မှုကြောင့် ခြောက်လမြေပဲ(ခေါ်) ပဲကြီးမြေပဲ အထွက်နှုန်းမှာလည်း တစ်တင်းကျလျှင် မြေအမျိုးအစားအလိုက် ၁၅ တင်းမှ တင်း၂၀ခန့်ထွက်ရှိရာ တောင်သူများ ဆီထွက်သီးနှံကို နှမ်းထွက်နှုန်းမကောင်းခဲ့သော်လည်း မြေပဲအထွက်နှုန်း ကောင်းမွန်မှုကြောင့် တစ်နွေစာဆီအတွက် ပူပင်စရာမလိုတော့ကြောင်း ငါ့သရောက်မြို့နယ်ခွဲ ဖြူကြီးကျေးရွာမှ မြေပဲစိုက်ပျိုးသည့် တောင်သူများက ပြောပြသည်။

"ကျွန်တော်တို့ ရွာမှာ မြေပဲစိုက်တောင်သူတိုင်း ဒီနှစ် မြေပဲရကြပါတယ်၊ တောင်သူတစ်ဦးကို မြေပဲ သုံးလေးတင်းစိုက်ရင် မြေပဲတင်း ၇၀၊ ၈၀ ခန့်ရပါတယ်။ မြေပဲ တင်းများများ စိုက်တဲ့သူတွေဆိုရင် တင်း ၂၀၀၊ ၃၀၀ ထိရပါတယ်" ဟု အဆိုပါ ကျေးရွာမှတောင်သူ ဦးဝင်းချိုက ပြောပြသည်။

ဒီနှစ်က မြေပဲအထွက်နှုန်းကောင်းလို့ တောင်သူတွေအတွက် အဆင်ပြေသလို မြေပဲပုတ်ပြတ်အငှားလိုက်တဲ့သူတွေလည်း နေ့စဉ်အလုပ်နဲ့လက်နဲ့ မပျက်အောင် အငှားလိုက်နေရတော့ အဆင်ပြေကြပါတယ်။ ကျွန်တော်တို့ဆီမှာမြေပဲပုတ်ပြတ်အငှားလိုက်သူတစ်ဦးကို ငွေကျပ် ၃၀၀၀ ပေးငှားရပြီး မြေပဲပေါ်ချိန်အလုပ်က ဖြိုင်နေတော့ ငှားလို့လည်း မလွယ်ပါဘူး။ ပဲထွေးထပ်အငှားလိုက်သူ မိန်းကလေးတွေကိုလည်းတစ်ဦးကို ငွေကျပ် ၂၀၀၀ ခန့်ဖြင့် ငှားနေရပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

**ရဲဝင်းနိုင်(iprd)**

---



# သံကူတံတားဆောက်လုပ်မည့်နေရာ ကွင်းဆင်းစစ်ဆေး

**ထန်တလန် နိုဝင်ဘာ ၁၈**

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နတလရန်ပုံငွေ သန်း ၄၂၀ဖြင့် ဆောက်လုပ်မည့် နှာရိန်း-ရေဇွာကြား Bailey သံကူတံတားဆောက်လုပ်မည့်နေရာအား သတ်မှတ်နိုင်ရေးအတွက် ချင်းပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးဗန်ထောင်းနှင့် အဖွဲ့တို့သည် နိုဝင်ဘာ ၁၄ ရက်က တံတားဆောက်လုပ်ရန်လျာထားသည့် နေရာများသို့ကွင်းဆင်းစစ်ဆေးရာ နှာရိန်း-ဆာသဲ-ရေဇွာလမ်း ယခင် CAD ဆောက်လုပ်သည့် တံတားနေရာတွင် ဆောက်လုပ်ရန် အတည်ပြုသတ်မှတ်ခဲ့ကြောင်း သိရသည်။ ယခုကွင်းဆင်းသည့်အဖွဲ့တွင် ပြည်နယ်/မြို့နယ်ဆောက်လုပ်ရေး နှင့်တံတားဆောက်လုပ်ခွင့်ရ BMEC ကုမ္ပဏီမှ အင်ဂျင်နီယာများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာမြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီနှင့်စည်ပင်သာယာရေးကော်မတီမှ ဥက္ကဋ္ဌများပါဝင်ကြပြီး တံတားဆောက်လုပ်ရန် လျာထားနေရာသုံးနေရာ၏အခြေအနေအရပ်ရပ်ကို မြေပြင်အထိကွင်းဆင်းကြည့်ရှုကာ ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူအများဆုံးဖြစ်ထွန်းစေနိုင်မည့်နေရာကို သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ယခုဆောက်လုပ်မည့်တံတားသည် ထန်တလန်-နှာရိန်း-ရေဇွာ-မတူပီလမ်းပေါ်ရှိ ဘွေနူးမြစ်ဖြတ်ကူးတံတားဖြစ်ပြီး ပေ ၂၄၀ ရှည်လျားမည်ဖြစ်ကြောင်း၊ တံတားဆောက်လုပ်ပြီးစီးပါက ချင်းပြည်နယ် တောင်နှင့် မြောက်ကိုရာသီမရွေး လွယ်လင့်တကူသွားလာနိုင်တော့မည်ဖြစ်ရာ ဒေသခံပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးမှုကို များစွာအထောက်အကူပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# သက်ကြီးပူဇော်ပွဲအခမ်းအနားကျင်းပ

**တောင်သာ နိုဝင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် အမှတ်(၅) ရေကျော်ရပ်ကွက်အတွင်းရှိ စတုတ္ထအကြိမ်မြောက် သက်ကြီးပူဇော်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၄ ရက် ညနေ ၄ နာရီက ရေကျော်မွှာရုံ၌ ကျင်းပသည်။ ထို့နောက် သက်ကြီးပူဇော်ပွဲတွင် ကန်တော့ခံအဘိုး၊ အဘွားတစ်ဦးလျှင် ဂွမ်းစောင်၊ တဘက်၊ ရေခွက်၊ အမွှေးဆပ်ပြာနှင့်ဆပ်ပြာမှုန့်၊ ဆေးမျိုးစုံ၊ လုံချည်နှင့်ပဲဆီသန့်တစ်ဘူး စုစုပေါင်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀ တို့ဖြင့် ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

# ကျွန်းမျောတိုင်နှင့် ပျဉ်းကတိုးသစ်များ ဖမ်းဆီးရမိ

**ကလေး နိုဝင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် အောင်ရွာကျေးရွာ မြောက်ဘက် အနောက်မြောက်လမ်းမပေါ်၌ နိုဝင်ဘာ ၁၅ ရက် ညနေပိုင်းက ရဲအုပ်သီဟနှင့် ခရိုင်မှုခင်းနှိမ်နင်းရေးခေါင်းဆောင်တို့သည် သတင်းအရ စောင့်ဆိုင်းနေစဉ် ရာဇဂြိုလ်ကျေးရွာမြောက်ဘက်မှ အောင်ရွာကျေးရွာဘက်သို့ မောင်းနှင်လာသော ကလေးစက်မှုဇုန်ထုတ် နံပါတ်မပါ အစိမ်းရောင် ထော်လာဂျီကားကို ရပ်တန့်စစ်ဆေးရှာဖွေရာ ပျဉ်းကတိုး သစ်ရောင်တုံး ၂၆ တုံးနှင့် အဆိုပါနေရာ၌ပင် ကျွန်းမျောတိုင်များ တင်ဆောင်လာသော 11/.... အပြာရောင် ထော်လာဂျီ ခြောက်ဘီးကားတစ်စီးသည် ကျွန်းမျောတိုင် ၃၅ လုံးတို့ကို ဖမ်းဆီးရမိခဲ့ရာ ပြစ်မှုကျူးလွန်သူနှင့် သစ်ပိုင်ရှင်တို့ကို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သျှင်နေမင်း**

**ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့ ကွင်းအမှတ် (၁၃) မိုးစပါးစံပြဧက (၁၀၀) စိုက်ကွင်း၌ နိုဝင်ဘာ ၁၆ ရက် ပုလဲသွယ်စပ်မျိုးစပါး (လုံ-၈) ဝတ်မှုန်ကူးပွဲတော်နှင့် မိုးစပါးစံကွက်ရိတ်သိမ်းပွဲအခမ်းအနားကျင်းပရာ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တောင်သူများ တက်ရောက်အားပေးကြစဉ်။**

သန်းဇော် (iprd)



---


## ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၂ယ/၃၄၅၆၁ Yes SUMBO 125 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ထူး ၅/ပလန(နိုင်)၀၇၄၇၆၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ငှားမည်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မနော်ဟရီလမ်း၊ ၆၂×၆၄လမ်းကြား၊ အိမ်အမှတ် ဃ-၂၊ အကွက်(၆+၇)၊ အရှေ့မျက်နှာစာ ၈၀၊ တိုက်သုံးထပ်ခွဲ၊ ရေ၊ မီးအစုံ ငှားမည်။

**စုံစမ်းရန်ဖုန်း-၀၉-၂၀၀၇၈၁၈၊ ၀၉-၂၀၀၃၈၂၁**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၅ယ/၂၅၇၁၄ Honda Wave ယာဉ်လက်ဝယ်ရှိသူ ဦးဂူဆာရဲ ၁/ပတအ(နိုင်)၀၀၉၁၃၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၈၉၄၉၉ Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သန်း ၂/သကန(နိုင်)၀၀၇၁၆၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃က/၉၄၂၄ Mitsubishi Fuso F 114/7H Truck(4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ငွေ ၅/ဝလန(နိုင်)၀၃၇၃၁၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရွှေဘိုမြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၂ယ/၇၁၃၈၃ Zong Shen 110 ယာဉ်လက်ဝယ်ရှိသူ ဦးနန်းတင်ထွေး ၉/တတဥ(နိုင်)၁၁၀၄၃၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

## CNG TAXI ရောင်းမည်

(1) Toyota Fielder 2003. X-Limited မှန်မည်း၊ အဖြူရောင် TV, back camera, Alloy Wheel. EE/..... မခိုင်းရသေး ကားသစ် CNG 70 အိုး
(2) Toyota ဖင်ကောက်၊ အင်ဂျင်အသစ်၊ တာယာအသစ်အောက်ပိုင်းရှယ်၊ shock bar သစ်၊ ဆေးဘော်ဒီသင့် CNG 77 အိုး 9B/......

**ဖုန်း-၀၉-၅၀၁၄၈၇၆၊ ၀၉-၃၂၂၂၀၀၀၃**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဟ/၈၄၂၇ Lifan 200 3/W ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဆက်အောင် ၆/ထဝန(နိုင်)၁၂၁၂၂၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၃၇၄၃ Honda Dream ND125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းအောင် ၆/ရဖန(နိုင်)၀၂၅၀၁၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8D/5699, NGWE KYAIR S/N, Container Carrier ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယွန်းမှီမှီ(ခ)ကယ်ရီလှိုင်း ၂/ဒမဆ(နိုင်)၀၅၁၈၈၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

## မြေဂရန်ပျောက်ဆုံးကြောင်း ကြေညာခြင်း

တောင်ငူမြို့နယ်၊ ကေတုမတီမြို့၊ နတ်သျှင်နောင်ရပ်ကွက်၊ ဇလမ်းရှိ ကျွန်တော် ဦးဝင်းမောင် အမည်ပေါက်ခြံကွက် ဦးပိုင်အမှတ် ၁၁၃နှင့် ၁၁၄ တို့၏ ၁၅နှစ်မြေဂရန်ပျောက်ဆုံးသွား၍ မြေဂရန်မိတ္တူ လျှောက်ထားမည်ဖြစ်ပါသဖြင့် ၎င်းမြေဂရန်လက်ဝယ်ရှိသူများ၊ ကန့်ကွက်လိုသူများရှိခဲ့လျှင် ကြေညာသည့်ရက်မှ ၁၅ရက်အတွင်း အထက်ပါလိပ်စာတိုင်းဆက်သွယ်ရန် ကြေညာအပ်ပါသည်။

**ပိုင်ရှင်-ဦးဝင်းမောင်**
**၇/တငန(နိုင်)၀၃၂၁၆၅**

## မြေညီဝမ်းဆက် တိုက်ခန်းရောင်းမည်

၁၂၆ လမ်း၊ မင်္ဂလာဈေးအနီး
အဆင့်မြင့်ပြင်ဆင်ပြီး။
**ဖုန်း- ၀၉-၇၃၂၀၅၃၀၉၊**
**၀၉-၄၂၀၁၁၅၀၁၅၊**
**၀၉-၄၂၁၀၇၆၇၇၈**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၇စ/၃၈၅၄ mitsubishi L900 PU Extra Cub (4x4) ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးသက်စိုး ၁၂/အစန(နိုင်)၁၆၉၂၀၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ယ/၃၆၃၀၃ KENBO 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်အောင် ၁၃/ထမန(နိုင်)၀၉၆၂၂၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်မဲ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ယ/၈၆၂၄၁ ဟွန်ဒါဒရိမ်း ND-125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးအေးဝင်း ၆/သရခ(နိုင်)၀၀၅၅၀၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# ငွေကြေးတတ်နိုင်ရုံဖြင့် ဝယ်ယူ၍မရသော ယဉ်ကျေးမှုအမွေအနှစ်များ

သတင်း-ဇူလိုင်မိုး(မြန်မာ့အလင်း)၊ သိမ့်သိမ့်မိုး(မြန်မာ့အလင်း)



ပြီးခဲ့သည့် ဇွန်လက ပျူသုံးမြို့ကို UNESCO ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ပြီးနောက် ပုဂံဒေသကိုလည်း ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ပေးနိုင်ရန် ယဉ်ကျေးမှုဝန်ကြီးဌာနက ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက် ၂၀၁၃ ခုနှစ် နိုဝင်ဘာလမှစ၍ UNESCOမှပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ပြည်တွင်း၊ ပြည်ပပညာရှင်များ၊ ဒေသခံအဖွဲ့များ၊ ဌာနဆိုင်ရာများ ပါဝင်သော Consultation Meeting: Towards World Heritage Nomination of Bagan ညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ကျင်းပခဲ့သည်။ ပုဂံယဉ်ကျေးမှုအမွေအနှစ် ဒေသဇုန်နယ်နိမိတ်များ ပြင်ဆင်သတ်မှတ်ရေးနှင့် ပုဂံဒေသအတွက် လတ်တလောစီမံခန့်ခွဲရေး အစီအစဉ်များကို ရေးဆွဲနိုင်ရေးအတွက် ဆွေးနွေးပွဲကိုမူ ပြီးခဲ့သည့် နိုဝင်ဘာ ၁ ရက်က အမျိုးသားပြတိုက်(ရန်ကုန်)၌ ကျင်းပခဲ့သည်။

ရှေးဟောင်း အထိမ်းအမှတ်တည်ရှိရာဇုန်နှင့် ရှေးဟောင်းနေရာတည်ရှိရာဇုန်များတွင် စီးပွားရေးအဆောက်အအုံများဖြစ်သည့် ဟိုတယ်၊ မိုတယ်များ ဆောက်လုပ်လျှင် ရှေးဟောင်းသုတေသန ညွှန်ကြားရေးမှူးချုပ်ထံ ခွင့်ပြုချက်တောင်းခံရမည်ဖြစ်ကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းထားသော ဥပဒေပါပုဒ်မ ၄ အရ ယဉ်ကျေးမှုဝန်ကြီးဌာနက လိုက်နာရန် ဆောင်ရွက်နိုင်ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက "ပုဂံယဉ်ကျေးမှု နယ်နိမိတ်ဇုန်ထဲမှာရှိတဲ့ အဆောက်အအုံအချို့က ယဉ်ကျေးမှုဌာနခွဲက တားမြစ်ထားသော်လည်း ဆက်လက်လုပ်ဆောင်တာတွေရှိတယ်။ လိုက်နာမှုမရှိတဲ့သူတွေကို ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်ရမှာပါ။ ယဉ်ကျေးမှုဝန်ကြီးဌာနအနေနဲ့ကတော့ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်နေပါတယ်"ဟု ပြောသည်။

ပုဂံယဉ်ကျေးမှုနယ်နိမိတ်ဇုန်ထဲတွင် သတ်မှတ်ထားသည့် ဥပဒေကို လိုက်နာမှုမရှိ၊ ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်နေသည့် အဆောက်အအုံများကို ပြန်လည်ရုပ်သိမ်းပြီး လူနေအိမ်ရိုးရိုး ဆောက်လုပ်ခြင်း၊ ဖျက်သိမ်းခြင်းများရှိသည်ဟု သိရသည်။

"တကယ်တော့ ဒီပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်ဟာ ၄၂ စတုရန်းကီလိုမီတာပဲကျယ်ပြန့်တာပါ။ သူနဲ့လွတ်တဲ့နေရာတွေမှာ စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ အဆောက်အအုံတွေ တည်ဆောက်လို့ရပါတယ်။ ဒီပုဂံယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံကြီးတွေကြားမှာ စီမံကိန်းအဆောက်အအုံတွေ၊ ဟိုတယ်ကြီးတွေ၊ စားသောက်ဆိုင်ကြီးတွေ တိုးချဲ့လာလို့ ပျက်စီးသွားမယ်ဆိုရင် ဘာနဲ့မှ အစားထိုးလို့မရပါဘူး။ Disneyland ကြီးတစ်ခုကို တည်ဆောက်မယ်ဆိုရင်ပိုက်ဆံရှိရင် တည်ဆောက်လို့ရတယ်။ ပုဂံမြို့ဟောင်းကြီးတစ်ခုကိုပြန်ပြီးတည်ဆောက်ချင်ရင် ပိုက်ဆံရှိရုံနဲ့လုပ်လို့မရဘူး။ ဘာနဲ့မှ လဲလို့မရဘူး"ဟုယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ပြောသည်။

"ဒီယဉ်ကျေးမှု အမွေအနှစ်ဇုန်ထဲမှာ ကျရောက်နေတဲ့ မြို့ပြတွေ၊ ဇုန်မသတ်မှတ်ခင် မူလကတည်းက ရှိနေခဲ့တဲ့ ညောင်ဦး၊ ပုဂံမြို့သစ်တွေကို ဖယ်ထုတ်ပစ်ဖို့ အစီအစဉ်မရှိပါဘူး။ သူတို့က အဲ့ဒီမြို့မှာပဲ စည်းနဲ့ ကမ်းနဲ့ လိုက်နာနေထိုင်ပြီး ဆောက်လုပ်ဖို့ပဲ လိုပါတယ်။ ဒီထက်ပိုပြီးတော့ လူဦးရေများလာပြီး တိုးတက်လာမယ်ဆိုရင် တိုးတက်လာတဲ့လူဦးရေအသစ်ကတော့ မြို့သစ်တွေဖော်ထုတ်တဲ့နေရာမှာ ရွှေ့ပြောင်းပြီးနေထိုင်သင့်ပါတယ်။ လက်ရှိမြို့ထဲမှာပဲ တိုးတက်ပြီး နေထိုင်မယ်ဆိုရင် သူတို့တွေရေတွေသုံးတာ၊ မီးတွေသုံးတာတိုးလာပြီး မြေအောက်ရေတွေပြောင်းလဲမှု ရှိလာမယ်။ မြေမျက်နှာပြင်တွေကလည်း ပြောင်းလဲလာမယ်။ အဲ့ဒီလိုဆိုရင် မြေပြင်ပေါ်မှာရှိတဲ့ ရှေးဟောင်းအဆောက်အအုံတွေ ယိုင်လာမယ်၊ ပြိုကျလာမယ်။ အဲ့ဒါတွေက ကြောက်စရာကောင်းတဲ့ အန္တရာယ်တွေပါပဲ" ဟု ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ဆက်လက်ပြောကြားသည်။

ပုဂံရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်ဇုန်ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်စေလိုရခြင်းမှာ ပြည်တွင်း၌ရှိနေသည့် အတတ်ပညာရှင်အား၊ ငွေအားဖြင့် ထိန်းသိမ်းခြင်းထက် ကိုယ့်ထက်ပိုမိုကျွမ်းကျင်သည့် နိုင်ငံတကာပညာရှင်များက လာရောက်ထိန်းသိမ်းခြင်း၊ နိုင်ငံတကာမှ ငွေကြေးထောက်ပံ့ခြင်းများ ရလာမည်ဖြစ်ပြီး ပုဂံယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံများ တည်တံ့ခိုင်မြဲဖို့ ပို၍ကောင်းလာမည်ဆိုသည့် ရည်ရွယ်ချက်ကြောင့်ဖြစ်သည်ဟု သိရသည်။

"ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖို့ဆိုတာထက် ကိုယ့်နိုင်ငံရဲ့အမွေအနှစ်တွေ ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းနိုင်ဖို့ အဓိကဖြစ်ပါတယ်။ အရေးကြီးတဲ့ဇုန်အတွင်းမှာ အဆောက်အအုံတွေကို မည်သူ့ကိုမှ ဆောက်ခွင့်ပြုမှာ မဟုတ်တော့ပါဘူး၊ ဟိုတယ်ဇုန်ထဲမှာပဲ သွားဆောက်ခွင့်ပြုတော့မှာပါ" ဟု ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံ၌ တစ်မူထူးခြားသည့် ယဉ်ကျေးမှုအမွေအနှစ်တွေ၊ ဘာသာသာသနာနှင့်ပတ်သက်သည့် အမွေအနှစ်များတည်ရှိကြောင်း၊ ယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရာ၌ မြန်မာနိုင်ငံလောက် အမွေအနှစ်မကြွယ်ဝဘဲ ရသွားသည့်နိုင်ငံများလည်းရှိခြင်းကြောင့် မိမိတို့၏ အမွေအနှစ်ကို တန်ဖိုးထားသင့်ကြောင်းလည်း ၎င်းကပြောကြားသည်။

"ပုဂံယဉ်ကျေးမှုအဆောက်အအုံတွေဟာဆိုရင် လွန်ခဲ့တဲ့နှစ်ပေါင်း ၁၀၀၀ ကျော်လောက်က တည်ဆောက်ခဲ့တာဖြစ်တယ်။ အဲဒီခေတ်ရဲ့ ဗိသုကာအတတ်ပညာ နည်းပညာတွေ၊ ဥစ္စာခနကြွယ်ဝမှုတွေသာမက အဲဒီခေတ် မြန်မာတွေရဲ့ သဒ္ဓါတရားနဲ့ စိတ်စေတနာကလည်း အရေးပါပါတယ်။အဲဒီစိတ်စေတနာနဲ့ သဒ္ဓါတရားကို ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တွေက ဖော်ပြနေတဲ့အတွက်ကြောင့် နည်းနည်းလေးမှ မထိခိုက်စေချင်ပါဘူး။

"မြန်မာနိုင်ငံသားတွေမဆိုထားနဲ့၊ ပုဂံအကြောင်းကို သိနေတဲ့ ကမ္ဘာသူ၊ ကမ္ဘာသားတွေကတောင်မှ ပုဂံကို ဒီလောက်တန်ဖိုးထားပြီး ထိန်းသိမ်းစောင့်ရှောက်ဖို့ အားပေးနေတယ်ဆိုရင် မြန်မာနိုင်ငံသားတိုင်းဟာ ပုဂံယဉ်ကျေးမှုကို ကိုယ့်အတ္တကိုဘေးဖယ်ပြီး ကိုယ့်နိုင်ငံ ကိုယ့်အမျိုးသား အမွေအနှစ်အနေနဲ့ အသိစိတ်ရှိရှိ ကာကွယ်ထိန်းသိမ်း စောင့်ရှောက်သွားစေချင်ပါတယ်" ဟု ဒုတိယဝန်ကြီးက ပြောသည်။

နိုဝင်ဘာ ၁ ရက်က အမျိုးသားပြတိုက်(ရန်ကုန်)တွင် ကျင်းပပြုလုပ်ခဲ့သည့် ပုဂံယဉ်ကျေးမှုအမွေအနှစ် ဒေသဇုန်နယ်နိမိတ်များ ပြင်ဆင်သတ်မှတ်ခြင်း ဆွေးနွေးပွဲနှင့်ပတ်သက်၍ ဇုန်နယ်နိမိတ်သတ်မှတ်ခြင်းကို ထပ်မံဆွေးနွေးရမည်ဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၁၇ သို့*


## ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ၂၀၁၅ ခုနှစ် လုပ်ငန်းများဆောင်ရွက်ရန် ဈေးပြိုင်ကြော်ငြာ

ရွှေတိဂုံစေတီတော် ဝတ္တကမြေအတွင်း ဘုရားဖူးများအဆင်ပြေစေရန် ဂေါပကအဖွဲ့က စီမံဆောင်ရွက်ထားသော အောက်ဖော်ပြပါလုပ်ငန်းများသည် ၃၁-၁၂-၂၀၁၄ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါ၍ ၂၀၁၅ခုနှစ်အတွက် လုပ်ငန်းများချထားပေးရန်ရှိပါသည်။ ယင်းလုပ်ငန်းများကို ဈေးပြိုင်စနစ်ဖြင့် ချထားပေးမည်ဖြစ်၍ လုပ်ငန်းဆောင်ရွက်လိုသူများသည် ဈေးနှုန်းအဆိုပြုလွှာပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် ၅၀၀၀ိ/-နှုန်းဖြင့် ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်းဝယ်ယူပြီး ၄-၁၂-၂၀၁၄ရက်နှင့် ၅-၁၂-၂၀၁၄ရက်များတွင် သတ်မှတ်ချိန်အတိုင်း ဈေးနှုန်းအဆိုပြုလွှာတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

**မှတ်ချက်**။ ၂-၁၂-၂၀၁၄ရက် မွန်းတည့် ၁၂နာရီ (**နောက်ဆုံး**)ထား၍ ဈေးနှုန်းအဆိုပြုလွှာစည်းကမ်းချက်များ ရောင်းချပေးမည်။ အာမခံငွေများကို မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၄)တွင် ပေးသွင်းခြင်းအပါအဝင် အသေးစိတ်အချက်အလက်များကို အဆိုပြုလွှာတင်သွင်းသူများလိုက်နာရန် စည်းကမ်းတွင် ထည့်သွင်းဖော်ပြပေးမည်။

**ဈေးနှုန်းအဆိုပြုလွှာတင်သွင်းရန်လုပ်ငန်းများ**

(၁) ယာဉ်ဝင်ခွင့်ကောက်ခံခြင်းလုပ်ငန်းများ
(၂) ဓာတ်ပုံလုပ်ငန်း
(၃) ရွှေဆိုင်းရောင်းချခြင်းလုပ်ငန်း
(၄) သန့်စင်ခန်းလုပ်ငန်းများ
(၅) စားသောက်ဆိုင်လုပ်ငန်းများ
(၆) လက်ဆောင်ပစ္စည်းရောင်းချခြင်းလုပ်ငန်း
(၇) ပန်းဆိုင်ရောင်းချခြင်းလုပ်ငန်းများ
(၈) ဖိနပ်အပ်လုပ်ငန်း
(၉) နိဗ္ဗာန်ကုန်ရောင်းချခြင်းလုပ်ငန်းများ
(၁၀) အုန်းပွဲ/ငှက်ပျောပွဲရောင်းချခြင်းလုပ်ငန်း
(၁၁) လိပ်စာ/ငါးစာ ရောင်းချခြင်းလုပ်ငန်း
(၁၂) ကားကွင်းများ၌ ထီကားရပ်နားရောင်းချခြင်းလုပ်ငန်းများ
(၁၃) အုန်းသီး/ထန်းသီး ခူးဆွတ်ရောင်းချခြင်းလုပ်ငန်း
(၁၄) သရက်သီး၊ ပိန္နဲသီး ခူးဆွတ်ခြင်းလုပ်ငန်း
(၁၅) ကုန်မျိုးစုံဆိုင်ရောင်းချခြင်းလုပ်ငန်း
(၁၆) ဂုဏ်ပြုလွှာမှန်ပေါင်သွင်းခြင်းလုပ်ငန်း
(၁၇) Money Exchange Counter နှင့် ATM စက်ဖွင့်လှစ်ခြင်းလုပ်ငန်း
(၁၈) ATM စက်တပ်ဆင်ခြင်းလုပ်ငန်း

**ဂေါပကအဖွဲ့**



## သန်လျင်မြို့၊ သမိုင်းဝင်ဆံတော်ရှင်ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရန် ဓာတ်ပွဲ-ရုံမြေနေရာများရောင်းချရန် လေလံခေါ်ယူခြင်း

၁။ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့၊ သမိုင်းဝင်ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ တပို့တွဲလ ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၇၆ခုနှစ် တပို့တွဲလဆန်း ၈ ရက်မှ လပြည့်ကျော် ၁ ရက်နေ့အထိ (၂၇-၁-၂၀၁၅ရက်မှ ၄-၂-၂၀၁၅ရက်အထိ)ဓာတ်ပွဲ၊ ကြည့်ချင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်၍ ဓာတ်ပွဲရုံကြီး(၄)ရုံ မြေနေရာနှင့် ကြည့်ချင်ပွဲများအတွက် မြေနေရာများကို အောက်ဖော်ပြပါနေ့ရက်တွင် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။

**လေလံတင်ရောင်းချမည့်ရက်** - ၂၉-၁၁-၂၀၁၄ ရက် (စနေနေ့)
**လေလံတင်ရောင်းချမည့်အချိန်** - မွန်းလွဲ ၁း၀၀ နာရီတိတိ
**လေလံတင်ရောင်းချမည့်နေရာ** - ဂေါပကအဖွဲ့ရုံး(အစည်းအဝေးခန်းမ)

၃။ ရုံမြေနေရာများ လေလံတင်ရောင်းချသည့် လေလံတင်စည်းကမ်းသတ်မှတ်ချက် အသေးစိတ်အချက်အလက်များနှင့် လေလံပုံစံများကို (၁)စောင်လျှင် ငွေကျပ် ၁၀၀၀ိ/-ဖြင့် ဂေါပကအဖွဲ့ရုံးတွင် စုံစမ်းဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဂေါပကအဖွဲ့**
**ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်**
**ဖုန်း-၀၅၆-၂၁၁၄၃၊ ၀၅၆-၂၂၀၃၂**



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၅စ/၉၄၉၃ Suba Ra Sambar 772 PU (4×4) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင့်ရည်ဖြိုး ၁၂/မရက(နိုင်)၁၄၈၅၄၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**



**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ခ/၉၁၄၃ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**



# မော်လမြိုင်ကျွန်းတွင် အဝေးပြေးယာဉ်ရပ်နားစခန်း ၉၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီး

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၁၉**

မော်လမြိုင်ကျွန်းမြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် အဝေးပြေးယာဉ်ရပ်နားစခန်း၊ ကားကြီးဝင်းကို မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့က ကြီးကြပ်ပြီး ၂၀၁၄ ခုနှစ် ဧပြီ ၇ရက်မှ စတင်အကောင်အထည်ဖော်ဆောက်လုပ်ခဲ့ရာ နိုဝင်ဘာ ၁၇ ရက် အထိ ၉၀ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးနေပြီဖြစ်သည်။

ယင်းအဝေးပြေးယာဉ်ရပ်နားစခန်း ကားကြီးဝင်းကို မော်လမြိုင်ကျွန်းမြို့အဝင် ရာဇဗိုလ်တံတားအမှတ်(၂)အနီးတွင် တည်ဆောက်လျက်ရှိရာ ကားကြီးဝင်းမှာ သုံးဧကခန့်ကျယ်ဝန်းပြီး အလျား ၆၅၄ ပေ၊ အနံပေ ၁၈၀ ပေါ်တွင် တည်ဆောက်လျက်ရှိပြီး ကားကြီးဝင်းအတွင်းတွင် အလျား ၁၅ ပေ၊ အနံ ၃၄ ပေရှိ အာရ်စီတစ်ထပ်ခွဲ အဆောင်သုံးဆောင်၊ ဂိတ်ခန်းရှစ်ခန်းတွဲ အဆောင်နှစ်ဆောင်၊ ယာဉ်ရပ်နားရန်နေရာ၊ လူနေဆိုင်ခန်းများ၊ ခရီးသည် နားနေဆောင်များ၊ ကားပါကင်များနှင့်ဂိတ်ခန်းများ ပါဝင်သည်။

အဆိုပါ မော်လမြိုင်ကျွန်းမြို့ အဝေးပြေးယာဉ်ရပ်နားစခန်း ကားကြီးဝင်းကို ယခုပွင့်လင်းရာသီတွင် ဖွင့်လှစ်နိုင်ရေးအတွက် တည်ဆောက်မှုအချောသတ်လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ မကြာမီအတွင်း အဝေးပြေးယာဉ်ရပ်နားစခန်း ကားကြီးဝင်း ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

*စာမျက်နှာ ၁၆ မှ*

"၁၉၉၆ ခုနှစ်ကတည်းက ပုဂံမြို့သစ်နှင့်ညောင်ဦးကို ယဉ်ကျေးမှုအမွေအနှစ်ဇုန်အဖြစ် သတ်မှတ်ထားတာပါ။ ယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ပြီဆိုရင်တော့ ဒေသခံတွေနေတဲ့မြို့ပြတွေမှာ လိုက်နာကြရမယ့် စည်းကမ်းချက်တွေရှိလာမှာဖြစ်ပါတယ်။

ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့က ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်သွားတဲ့ ဒေသရဲ့ပုံတွေကို ယူနက်စကိုကို ပေးလိုက်ရပါတယ်။ သူတို့က သတ်မှတ်ဇုန်တွေကို ဂြိုဟ်တုကနေပြီး စောင့်ကြည့်နေမှာဖြစ်ပါတယ်။ ညောင်ဦးနဲ့ ပုဂံက ဒီဇုန်ထဲမှာပါတဲ့အတွက် အိမ်ဆောက်ခြင်းတွေ၊ ပြန်ပြုပြင်ခြင်းတွေ ပြုလုပ်မယ်ဆိုရင် ယူနက်စကိုကသတ်မှတ်ထားတဲ့ ဒီဇိုင်းပုံစံ၊ အရောင်အတိုင်း ပြန်လည်ဆောက်လုပ်ရမှာ ဖြစ်ပါတယ်။ သတ်မှတ်ဇုန်ဧရိယာထက်လည်းကျော်လို့မရပါဘူး။ ပုဂံမြို့ဟာ ကျွန်တော်တို့ တစ်မျိုးသားလုံးရဲ့ အသည်းနှလုံးဖြစ်ပါတယ်။ ဒီမြို့ဟာ ကမ္ဘာကအသိအမှတ်ပြုတဲ့ မြို့ဖြစ်သွားမယ်ဆိုရင်တော့ အကောင်းဆုံးပါ။

ကမ္ဘာ့အမွေအနှစ်ဝင်ဖြစ်ဖို့ကိုလည်း ကြိုးစားနေပါတယ်။ ဒေသခံတွေအနေနဲ့လည်း စီးပွားရေးလုပ်ငန်းတွေကို ဆက်လက်လုပ်ကိုင်နိုင်ရမယ်။ ယဉ်ကျေးမှု အမွေအနှစ်ကိုလည်း ဆက်လက်ထိန်းသိမ်းနိုင်ရမယ်ဆိုပြီး အားလုံးကောင်းဖို့အတွက် ကြိုးစားဆောင်ရွက်နေပါတယ်"ဟု ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းယဉ်ကျေးမှုနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ပြောကြားသည်။

## ကျိုက်ထိုမြို့၌ ယာဉ်တိုက်မှုကြောင့် ရာအိမ်မှူးနှစ်ဦးသေဆုံး

**ကျိုက်ထို နိုဝင်ဘာ ၁၉**

ကျိုက်ထိုမြို့နယ် လှည်းလမ်းကူးကျေးရွာအုပ်စု စိန်ကလဲ့ကျေးရွာ ရန်ကုန်-မော်လမြိုင် ကားလမ်းမိုင်တိုင်အမှတ် ၁၀၀/၄ နှင့် ၁၀၀/၅ အကြားတွင် ကျိုက်ထိုဘက်မှ သိမ်ဇရပ်ကျေးရွာဘက်သို့ ဆိုင်ကယ်မောင်းဦးဘဟန် (၄၁ နှစ်)၊ ဝါးဘိုးချောင်းကျေးရွာအုပ်စု မိုးဘောနတ်စင်ကျေးရွာနှင့် နောက်တွင် ဦးမိုးညို (၅၀နှစ်) တို့သည် နိုဝင်ဘာ ၁၅ ရက် ည ၁၀နာရီခန့်တွင် wave (100) အမျိုးအစား ဆိုင်ကယ်ဖြင့် မိမိကျေးရွာသို့ပြန်လာစဉ် မော်တော်ယာဉ် တစ်စီးကနောက်မှဝင်ရောက်တိုက်မိခဲ့၍ ဆိုင်ကယ်မှာတိမ်းမှောက်ခဲ့ပြီး မော်တော်ယာဉ်မှာ မောင်းနှင်ထွက်ပြေးသွားခဲ့သည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် ဦးဘဟန်နှင့် ဦးမိုးညိုတို့မှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့၍ ဆိုင်ကယ်ကိုတိုက်ပြီး မောင်းနှင်သွားသည့်ယာဉ်ကို ဆက်သွယ်အကြောင်းကြားချက်အရ မုပ္ပလင်ကျေးရွာ စစ်တောင်း တံတား (သစ်/ဟောင်း) လမ်းဆုံရှိ ပိတ်ဆို့ရှာဖွေရေးအဖွဲ့မှ ယာဉ်မောင်းမျိုးသက်အောင်(၃၀ နှစ်) မင်းရဲကျော်စွာလမ်း ၇ ရပ်ကွက် ရွှေပြည်သာနေသူကို ကျိုက်ထိုမြို့မရဲစခန်းသို့ခေါ်ဆောင်လာခဲ့ပြီး ကျိုက်ထိုမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းမောင်(iprd)**

## ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# အာဆီယံမသန်စွမ်းသူများအနုပညာပွဲတော် စာနယ်ဇင်းရှင်းလင်းပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၉**

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၏ ဦးဆောင်လမ်းညွှန်မှု၊ ဂျပန်နိုင်ငံအခြေစိုက် The Nippon Foundation ၏ အဓိကကူညီပံ့ပိုးမှု၊ မသန်စွမ်းအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့မှ မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် ပထမဦးဆုံးအကြိမ် ကျင်းပပြုလုပ်မည့် "အာဆီယံမသန်စွမ်းသူများအနုပညာပွဲတော်"ကို နေပြည်တော်နှင့် ရန်ကုန်မြို့များ၌ ဒီဇင်ဘာ ၃ ရက်မှ ၇ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပရန်စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ Immense Spectrum အာဆီယံဒေသအဆင့် မသန်စွမ်းသူများအနုပညာပွဲတော်နှင့် စပ်လျဉ်းသည့် လုပ်ငန်းဆောင်ရွက်မှုများအား ရှင်းလင်းတင်ပြသွားမည်ဖြစ်၍ ဒုတိယအကြိမ်စာနယ်ဇင်းရှင်းလင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ Park Royal Hotel Yadanar (1&2) ခန်းမ၌ ကျင်းပသွားမည်ဖြစ်သောကြောင့် မီဒီယာများ တက်ရောက်အားပေး သတင်းရယူနိုင်ကြောင်းဖြင့် မြန်မာမီလီအဖွဲ့ထံမှ စုံစမ်းသိရသည်။ **တင်လှမောင်**

# ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၉**

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အခမ်းအနားကို နိုဝင်ဘာ ၁၇ နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါအခမ်းအနားပြုလုပ်ရခြင်း ရည်ရွယ်ချက်မှာ ကျောင်းသား၊ ကျောင်းသူများ စာပေဗဟုသုတ၊ အကြားမြင်ဗဟုသုတပွားများစေပြီး ကျောင်းသား ကျောင်းသူများမှတစ်ဆင့် မြို့နယ်ရပ်ကွက်ရှိ ပြည်သူများသို့ ဗဟုသုတအသိပညာများကျယ်ပြန့်စွာ ပျံ့နှံ့စေရန်ဖြစ်ကြောင်း သိရသည်။

ပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဒုတိယ ဥက္ကဋ္ဌ ဦးကျော်ဝင်း (မနုဿကျော်ဝင်း)နှင့် အမှတ်(၃)အခြေခံပညာဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးစိန်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ကျောင်းစာကြည့်တိုက်တွင် စာအုပ်လှူဒါန်းပွဲ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းနာယက သီရိပျံချီ ဦးအောင်ကြည်နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က စာအုပ်စာစောင် ၂၀၀ လှူဒါန်းခဲ့ရာ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်အေးက လက်ခံယူခဲ့ပြီး နံနက် ၉နာရီခွဲတွင် အောင်မြင်စွာပြီးမြောက်ခဲ့သည်။

အဆိုပါပွဲတော်တွင် မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ဆရာလယ်တွင်းသားစောချစ်၊ ဆရာမနုဿကျော်ဝင်း၊ ဆရာမောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ ဆရာမ မနှင်းဖွေး၊ ဆရာမ မစန္ဒာ၊ ဆရာမြင်းမူမောင်နိုင်မိုး၊ ဆရာမောင်စိုးထိုက်(သုံးဆယ်)၊ ဆရာနွမ်ဂျာသိုင်း၊ ဆရာဟိန်းလတ်တို့က အထက်တန်းကျောင်းများတွင် ဟောပြောသွားမည်ဖြစ်ပြီး မြို့နယ်အဆင့်အထက်တန်း၊ အလယ်တန်း စာစီစာကုံးပြိုင်ပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် မူလတန်းအဆင့်ကဗျာရွတ်ပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုကြီးစိုး(ဆိပ်ကမ်း)**

### အလုပ်လျှောက်လွှာခေါ်ယူခြင်း
**(ပြည်တွင်း၌သာခန့်ထားရန်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးရှိ မေတ္တာစမ်းရေဆေးခန်းတွင် တာဝန်ထမ်းဆောင်ရန်အတွက် လစာနှုန်း ၃၀၀,၀၀၀/- ဖြင့် လက်ထောက်ဆရာဝန်(၂)နေရာ လစ်လပ်လျက်ရှိပါသဖြင့် စိတ်ပါဝင်စားသူများ လျှောက်ထားနိုင်ပါသည်။ လိုအပ်သောအရည်အချင်းမှာ ဆေးပညာဘွဲ့ရရှိပြီး ဆရာဝန်မှတ်ပုံတင်(ဆမ)ရရှိပြီးသူဖြစ်ရမည်။ လုပ်ငန်းလိုအပ်ချက်အရ ရုံးလုပ်ငန်းကိုလည်း ကူညီဆောင်ရွက်ရပါမည်။

စိတ်ပါဝင်စားသူများသည် ကိုယ်ရေးအချက်အလက် ပြည့်စုံစွာရေးသားထားသော ကိုယ်ရေးလျှောက်လွှာ(လိုင်စင်ဓာတ်ပုံအပါ) သက်ဆိုင်ရာရဲစခန်းနှင့် ရပ်ကွက်ရုံးထောက်ခံချက်၊ ပညာအရည်အချင်း၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူတို့နှင့်အတူ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ သုခမလမ်း၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်သို့ ၂၆-၁၁-၂၀၁၄ရက် နောက်ဆုံးထား၍ ပေးပို့ရပါမည်။ လုပ်ငန်းပိုင်းဆိုင်ရာ တာဝန်ဝတ္တရားများနှင့် တာဝန်ခံထားရမှုအခြေအနေအသေးစိတ်ကို အောက်ဖော်ပြပါ ဖုန်းနံပါတ်များတွင် အသေးစိတ်မေးမြန်း စုံစမ်းနိုင်ပါသည်။ (ဖုန်း-၀၆၇-၄၁၉၀၁၁၊ ၀၆၇-၄၁၉၀၁၂)

**မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း**

### သမိုင်းဝင် ဘုရားကိုးဆူစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းတော် ဆက်ကပ်လှူဒါန်းမည်

ပျဉ်းမနားမြို့၊ သမိုင်းဝင် ဘုရားကိုးဆူစေတီတော်မြတ်များတွင် ပျက်စီးယိုယွင်းစပြုနေပြီဖြစ်သော စေတီများအား ရွှေချခြင်းလုပ်ငန်းများပြုလုပ်ရန် ပြန်လည်ပြုပြင်ရန် ဂေါပကအဖွဲ့မှ စီမံဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၄ခုနှစ် ဒီဇင်ဘာလတွင် ရွှေချခြင်းလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရွှေချလုပ်ငန်း လုပ်ကိုင်သော လုပ်ငန်းရှင်များမှ ၂၀၁၄ခုနှစ် နိုဝင်ဘာ ၂၅ရက်ထက် နောက်မကျစေဘဲ ဆက်သွယ်နိုင်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် အောက်ပါဂေါပကရုံးခန်း ဖုန်း-၀၆၇-၂၁၉၀၀၊ ဥက္ကဋ္ဌ ဖုန်း-၀၉-၄၃၀၄၅၆၇၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ဂေါပကအဖွဲ့**

### Naung Yoe Technologies Co., Ltd.
**တွင်တာဝန်ထမ်းဆောင်ရန်ဝန်ထမ်းများအလိုရှိသည်**

၁။ Site Engineer / Technician ကျား (၁၀) ဦး

B.E, B.Tech, AGTI (EC,EP,IT), B.Sc (Physics) ဘွဲ့/ Diploma ရရှိပြီးသူများလျှောက်ထားနိုင်သည်၊ အီလက်ထရွန်းနစ်နည်း ပညာကိုစိတ်ဝင်စား၍ လေ့လာ လုပ်ကိုင်လိုသူဖြစ်ရမည်၊ သက်ဆိုင်ရာလုပ်ငန်း အတွေ့အကြုံ အနည်း ဆုံး (၁) နှစ်ရှိသူ ဦးစားပေးမည်၊

၂။ Engineering Assistant Manager ကျား/မ (၂)ဦး

AGTI နှင့် နည်းပညာဘွဲ့ရထားသူများ လျှောက်ထားနိုင်သည်၊ စီမံခန့်ခွဲမှုအပိုင်းစိတ်ဝင်စားပြီး နားလည်တတ်ကျွမ်းသူများ လျှောက်ထားနိုင်သည်၊ သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်၊

ကျန်းမာရေးကောင်းမွန်ပြီး ဒေသမရွေး သွားရောက်လုပ်ကိုင်နိုင်သူ ဖြစ်ရမည်၊

လျှောက်ထားလိုသူများသည် CV Form ၊ ဓါတ်ပုံ(၁)ပုံ ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်/ ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်း၊ ပညာအရည်အချင်း အထောက်အထားတို့နှင့် အတူကြော်ငြာပါသည့် နေ့မှ(၁၀) ရက် အတွင်း အမှတ်(၉၂)၊ သီရိရတနာအဆင့်မြင့်ဈေး ၊နေပြည်တော်သို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်၊ ဖုန်း-၀၆၇-၄၂၁၂၄၄၊ ၄၂၁၂၅၅

### ဖခင်အမည်မှန်

ဘားအံမြို့၊ အထက(၄)၊ အဋ္ဌမတန်းမှ နော်ချိုဇင်ဖူး၏ ဖခင်အမည်မှန်မှာ ဦးနိုင်စိုး ဖြစ်ပါကြောင်း။

**ဦးနိုင်စိုး**
**၅/ငဇန(နိုင်)၀၆၇၀၀၇**

### မိဘအမည်မှန်

စစ်တွေမြို့၊ စက်ရုံစု၊ အထက(ခွဲ)၊ အဋ္ဌမတန်း(B)မှ မလှလှစိန်နှင့် ပဉ္စမတန်း(A)မှ မောင်မျိုးနိုင်တို့၏ မိဘအမည်မှန်မှာ ဦးရာစ်ကုမ္မာရ် ၁၁/စတန(ပြု)၀၀၀၁၂၂နှင့် ဒေါ်မရီနှာ ၁၁/စတန(ပြု)၀၀၀၄၉၇ ဖြစ်ပါကြောင်း။

### အလုပ်ကြော်ငြာ
### ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
### လူထုဗဟိုပြုစီမံကိန်း
**National Community Driven Development Project (NCDD)**

ကမ္ဘာ့ဘဏ်၏ ထောက်ပံ့ငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တပ်ကုန်းမြို့နယ်(နေပြည်တော်ကောင်စီ)၊ ပင်လည်ဘူးမြို့နယ်(စစ်ကိုင်းတိုင်းဒေသကြီး)၊ စေတုတ္တရာမြို့နယ် (မကွေးတိုင်းဒေသကြီး)၊ အမ်းမြို့နယ် (ရခိုင်ပြည်နယ်)၊ လေးမျက်နှာမြို့နယ်(ဧရာဝတီတိုင်းဒေသကြီး)နှင့် ထန်းတပင်မြို့နယ်(ရန်ကုန်တိုင်းဒေသကြီး)တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် လူထုဗဟိုပြုစီမံကိန်းတွင် တာဝန်ထမ်းဆောင်ရန်အတွက် အနည်းဆုံးလစာ မြန်မာကျပ်ငွေ ၃၀၀၀၀၀နှုန်းထားဖြင့် AGTI, B.Tech, BE,ME(Civil) ဘွဲ့ရလက်ထောက် နည်းပညာမှူးများ(Technical Facilitators) ငှားရမ်းလိုပါသည်။

လျှောက်ထားလိုသူများအနေဖြင့် မှတ်ပုံတင်၊ ဘွဲ့လက်မှတ်မိတ္တူများနှင့်အတူ ကိုယ်ရေးအကျဉ်းတွင် လုပ်ငန်းအတွေ့အကြုံများကို အသေးစိတ်ဖော်ပြပြီး သက်ဆိုင်ရာမြို့နယ်များရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများသို့ ၁၉-၁၂-၂၀၁၄ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာသို့ စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဦးကျော်စွာအောင်(ဒုတိယညွှန်ကြားရေးမှူး)**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၊**
**ရုံးအမှတ်(၁၄)၊ နေပြည်တော်၊**
**ဖုန်း-၀၉-၄၂၀၇၄၉၅၈၀၊ ၀၆၇-၄၀၉၄၁၃**
**Email:drdmyanmar@gmail.com**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးဇေယျာဖြိုး ID No- 804381နှင့် LC No-ISP 3-12-13 20966 07/11/12 မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၀၀၄၁၄၇**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# နှလုံးနှင့် အထွေထွေရောဂါဝေဒနာရှင် ၁၀၀ ကျော်အား ဗန်ကောက်ကမ္ဘာ့ကျန်းမာရေးစင်တာမှအထူးကုများ အခမဲ့လာရောက်စမ်းသပ်ပေး

**ရန်ကုန် နိုဝင်ဘာ ၁၉**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ကမ္ဘာ့ကျန်းမာရေးစင်တာ ဆေးရုံကြီးမှ နှလုံးနှင့် အထွေထွေရောဂါကုသမားတော်ကြီးများဦးဆောင်သော အထူးကုဆရာဝန်ခြောက်ဦးက နှလုံးရောဂါနှင့် အထွေထွေရောဂါများ အခမဲ့ကုသိုလ်ဖြစ် စမ်းသပ်စစ်ဆေးကုသပေးခြင်းကို နိုဝင်ဘာ ၁၅ ရက်က ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်းပေါ်ရှိ လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ကျင်းပခဲ့သည်။



"ကျောင်းတိုက်အတွင်းမှာ အခမဲ့ကုသပေးရတဲ့ရည်ရွယ်ချက်ကတော့ ကျန်းမာရေးအတွက် ကုသိုလ်ပြုရတာဖြစ်ပါတယ်။ ဘုန်းကြီးက အဲဒီဆေးရုံမှာ ကျန်းမာရေးစောင့်ရှောက်မှုခံယူခဲ့တယ်။ ဆေးစစ်ဆေးမှုတွေလည်း လုပ်ဆောင်နေတာကြောင့် ဆေးရုံအုပ်ကြီးနဲ့ အထူးကုသမားတော်ကြီးတွေကို ဘုန်းကြီးရဲ့ ကျောင်းတိုက်မှာ အခမဲ့လာရောက်စမ်းသပ်ကုသပေးဖို့ ဖိတ်ခေါ်တဲ့အခါ သူတို့က လိုလိုချင်ချင်နဲ့ လာပြီးကုသိုလ်ပြုပေးကြတာဖြစ်ပါတယ်"ဟု နန္ဒာအောင်မြေကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနိမလက မိန့်ကြားသည်။

နှလုံးရောဂါ ဝေဒနာရှင် ၅၀နှင့် အထွေထွေရောဂါဝေဒနာရှင် ၆၀ တို့ကို ထိုင်းနိုင်ငံရှိ ကမ္ဘာ့ကျန်းမာရေးစင်တာ ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ချလန်းဦးဆောင်သော အထူးကုဆရာဝန်ကြီးများက စမ်းသပ်ကြည့်ရှုပြီး လိုအပ်သည့် ဆေးဝါးများနှင့် ဆက်လက်ကုသနိုင်ရန်နှင့် ဆင်ခြင်ဖွယ်အချက်အလက်များကို ညွှန်ကြားပေးခဲ့ကြောင်း သိရသည်။

"တောင်ကြီးနဲ့ မန္တလေးမြို့တွေမှာ နှလုံးရောဂါဝေဒနာရှင်တွေကို သွားရောက်ကုသပေးခဲ့ဖူးပါတယ်။ အခုလို ဘုန်းတော်ကြီးကျောင်းမှာတော့ ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ မြန်မာနဲ့ ထိုင်းက နှလုံးဝေဒနာရှင်တွေ အတော်များများက တူညီတဲ့ရောဂါဖြစ်ပွားပုံတွေ ရှိပါတယ်။ ဥပမာပြောရရင် စိတ်ဖိစီးမှုကိုမလျှော့ချနိုင်တာနဲ့ ခန္ဓာကိုယ်အတွက် လိုအပ်တဲ့ အာဟာရတွေနဲ့ ကျန်းမာရေးပုံမှန်လေ့ကျင့်မှုတွေကို မလုပ်တာတွေကြောင့် မဖြစ်သင့်ဘဲ ဖြစ်ရသူတွေများနေတယ်။ အဖြစ်အများဆုံးနှလုံးရောဂါတွေမှာ နှလုံးသွေးကြောကျဉ်းတာနဲ့ နှလုံးခုန်မြန်တာတွေ၊ နှလုံးကြီးတဲ့ရောဂါရှင်တွေ အများဆုံးစမ်းသပ်ကုသပေးရတယ်။ ကာကွယ်ရင်ရနိုင်တဲ့ ရောဂါတွေကို ကြိုတင်ကာကွယ်မှုအားနည်းနေတာတွေ့ရတယ်"ဟု ကမ္ဘာ့ကျန်းမာရေးစင်တာ၏ အာဆီယံဆိုင်ရာ နှလုံးအထူးကုဆရာဝန်ကြီး ဒေါက်တာကော်ပရန်ရာက ပြောကြားသည်။

နှလုံးဝေဒနာရှင်များအပြင် အထွေထွေရောဂါများကိုလည်း အခမဲ့ကုသပေးခဲ့ပြီး လိုအပ်သည့်ဆေးဝါးများကိုလည်း ပေးအပ်ခဲ့ကြောင်း သိရသည်။

"ကျွန်မတို့အနေနဲ့ တောင်ကြီးနဲ့ မန္တလေးမြို့တွေမှာ ၄၅ ရက်တစ်ကြိမ် သွားရောက်ကုသပေးနေတာ ငါးကြိမ်ရှိပါပြီ။ ရန်ကုန်မှာတော့ အခုတစ်ကြိမ်က ပထမဆုံးဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးစင်တာက ဗန်ကောက်မှာရှိနေပြီး မြန်မာနိုင်ငံမှာ ရုံးခွဲဖွင့်ထားတာ တစ်နှစ်ရှိပါပြီ။ ဆေးရုံရဲ့အားသာချက်က စျေးသက်သာပြီး မြန်မာလူမျိုးကုသဆောင်သီးသန့်ရှိလို့ တက်ရောက်ကုသသူတွေအနေနဲ့ မြန်မာဆရာဝန်တွေ၊ မြန်မာသူနာပြုတွေနဲ့ ကုသနိုင်ပြီး အထူးကုဆရာဝန်ကြီးတွေနဲ့ ပြောဆိုဖို့လည်း မြန်မာစကားပြန်တွေ လုံလောက်အောင် ထားရှိပေးထားတာရှိပါတယ်"ဟု မြန်မာနိုင်ငံဆိုင်ရာ အာဆီယံတာဝန်ခံ ဒေါက်တာနီလာဟန်က ပြောကြားသည်။

**သတင်း-ခင်ရတနာ**
**ဓာတ်ပုံ-မေဦးမိုး**

> အထူးကုသမားတော်ကြီးတွေကို ဘုန်းကြီးရဲ့ကျောင်းတိုက်မှာ အခမဲ့ လာရောက်ကုသပေးဖို့ ဖိတ်ခေါ်လို့ လာပြီးကုသိုလ်ပြုပေးကြ . . .

## မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်း (၉၄)နှစ်မြောက် အမျိုးသားနေ့ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၉**

ရန်ကုန်မြို့မ ကျောင်းသား ကျောင်းသူဟောင်းများအသင်း၏ (၉၄)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း မြတ်မွန်ရတနာခန်းမ၌ နိုဝင်ဘာ ၁၆ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတထံမှပေးပို့သော (၉၄)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို ဦးခင်မောင်သိမ်းက ဖတ်ကြားပြီး မြို့မကျောင်းသား ကျောင်းသူဟောင်းများအသင်းဥက္ကဋ္ဌ ဦးညွန့်မြင့်က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက အမျိုးသားနေ့အမှတ်တရအမှာစကားပြောကြားပြီး ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ခြောက်ဘာသာဂုဏ်ထူးရှင် အထက(၂)ဒဂုံမှ မဆောင်းဟေမာန်အားလည်းကောင်း၊ သူရဦးတင်ဦးက အထက(၃)ဒဂုံမှ ခြောက်ဘာသာဂုဏ်ထူးရှင် မအေးဖြူသန့်အားလည်းကောင်း သမီးမြို့မစလွယ်ဆုကို ဂုဏ်ပြုပေးအပ်ခဲ့သည်။

အခမ်းအနားသို့ မြို့မကျောင်းသား ကျောင်းသူဟောင်းများအသင်းမှ တာဝန်ရှိသူများ၊ ကင်းထောက်လူငယ်များနှင့်၊ ဒဂုံအထက(၂)နှင့် (၃)တို့မှ ဆရာ ဆရာမများ တက်ရောက်ခဲ့ကြသည်။ **မောင်စိန်လွင်(မြန်မာ့အလင်း)**

## ပိုင်ရှင်မဲ့ကျွန်းသစ်ခြောက်လုံး သိမ်းဆည်းရမိ

**ပင်လည်ဘူး နိုဝင်ဘာ ၁၉**

ကသာခရိုင် ပင်လည်ဘူးမြို့နယ် ဝဲလာဘိနယ် ဒေါ်စီကြိုးပြင်တောအတွင်း၌ ပိုင်ရှင်မဲ့ တရားမဝင်ကျွန်းသစ်ခြောက်လုံးကို နိုဝင်ဘာ ၁၆ ရက်က ဖမ်းဆီးရမိခဲ့ ကြောင်း သိရသည်။

ပင်လည်ဘူးမြို့နယ်စီမံခန့်ခွဲရေးကော်မတီ၏ အစီအစဉ်ဖြင့် ပင်လည်ဘူးမြို့နယ်အတွင်း တရားမဝင် သစ်ထုတ်လုပ်သယ်ဆောင်ခြင်း မရှိစေရေးအတွက် ပင်လည်ဘူးမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပင်လည်ဘူးမြို့နယ်သစ်တောဦးစီးဌာနတို့ ပါဝင်သောပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၆ ရက်က ဒေါ်စီကြိုးပြင်တောအတွင်း တရားမဝင်သစ်များရှာဖွေစဉ် ပိုင်ရှင်မဲ့ကျွန်းသစ် ခြောက်လုံး ၃ ဒသမ ၁၇၈ တန် ကာလတန်ဖိုး ငွေကျပ် ၃၉၇၂၅၀ ခန့်ကို ပိုင်ရှင်မဲ့ တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်းနှင့် သိမ်းဆည်းရမိခဲ့သော ကျွန်းသစ်ခြောက်လုံးကို ဝဲလာကျေးရွာအုပ်ချုပ်ရေးမှူး ဦးအုန်းဖေထံ အပ်နှံထားရှိပြီး သစ်တောဥပဒေအရ အရေးယူနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

## သတင်းတို

### ကိုးထပ်ကြီးဘုရား ဂေါပကအဖွဲ့အားဝန်ထမ်းများဂါရဝပြု

စမ်းချောင်းမြို့နယ်ရှိ အတုလာဓိပတိမဟာမုနိသကျ ကိုးထပ်ကြီးဘုရား ဂေါပကအဖွဲ့ဝင်များအား ဘုရားဝန်ထမ်းများက ဂါရဝပြုကန်တော့ခြင်းနှင့် ဩဝါဒစကားနာယူသည့် အခမ်းအနားကို နိုဝင်ဘာ ၁၇ ရက်က ဘုရားကြီးဝင်းအတွင်းရှိ သန္တိသုခဓမ္မာရုံ၌ ကျင်းပခဲ့သည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**


**ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန**
**စမ်းချောင်းမြို့နယ် ကျန်းမာရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနရုံးတွင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

(က) ကျန်းမာရေးဦးစီးဌာနရုံးအဆောက်အအုံ၏ အမိုးပြုပြင်ခြင်းလုပ်ငန်း။

(ခ) ကျန်းမာရေးဦးစီးဌာနရုံး၏ လျှပ်စစ်မီးကြိုးဟောင်းများ လဲလှယ်ခြင်းလုပ်ငန်း။

၂။ တင်ဒါလျှောက်လွှာပုံစံကို ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျန်းမာရေးဦးစီးဌာနမှူးရုံးအမှတ် (၁၅၂)၊ ဗားဂရာလမ်း၊ စမ်းချောင်းမြို့နယ်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက်** - ၂၀-၁၁-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၀-၁၂-၂၀၁၄ ရက်
**တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာ** - စမ်းချောင်းမြို့နယ်၊ ကျန်းမာရေးဦးစီးဌာနမှူးရုံး

**တင်ဒါခေါ်ယူရေးအဖွဲ့**
**စမ်းချောင်းမြို့နယ်၊ ကျန်းမာရေးဦးစီးဌာန**

**တိရစ္ဆာန်အစားအစာများနှင့် ကုန်ကြမ်းပစ္စည်းများ အဝယ်တင်ဒါ**

၁။ **ဝယ်ယူမည့်ပစ္စည်းအမည်** - တိရစ္ဆာန်အစားအစာ (၄)မျိုးနှင့် ကုန်ကြမ်းပစ္စည်း (၂)မျိုး
၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၈-၁၁-၂၀၁၄ရက် ညနေ၄:၀၀နာရီ
၃။ **တင်ဒါပေးသွင်းရမည့်စက်ရုံ** - အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်) မြင်းနှင့်သိုးမွေးမြူရေးစခန်း(ရန်ပယ်/ဟဲဟိုး)

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

**တယ်လီဖုန်းအမှတ်**
**ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)** ၀၆၇-၄၀၈၀၇၆
**ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်** ၀၆၇-၄၀၈၃၅၄

**စက်မှုဝန်ကြီးဌာန**
**အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**
**အမှတ်(၁၁)အကြီးစားစက်ရုံ(ရန်ကုန်)**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၁၁) အကြီးစားစက်ရုံ(ရန်ကုန်)တွင် ဆီဂါလန်(၃၆၀၀)ဆံ့ ဆီသယ်ယာဉ်တစ်စီးအတွက် လိုအပ်သော Tank နှင့် ဆက်စပ်ပစ္စည်းများပြုလုပ်ရန် ကုန်ကြမ်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်မှာ ၂၀၁၄ခုနှစ် နိုဝင်ဘာ ၂၆ရက် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**စီမံကိန်းဌာန**
**အမှတ် (၁၁)၊ အကြီးစားစက်ရုံ (ရန်ကုန်)**
**အမှတ် (၄၆)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၆၆၀၄၇၃၊ ၀၁-၆၆၈၁၇၈**

**မြေနှင့်တိုက်အိမ် ရောင်းမည်**

၁။ BN ၂၀'×၅၀' နှစ်ထပ်တိုက် အဆင့်မြင့်ပရိဘောဂအပြည့်အစုံ ရေ၊ မီး၊ အဲကွန်းပါ ရန်ကုန်မြို့နှင့် မိုင် ၄၀ ခန့်အတွင်း စက်မှုဇုန်များဖွင့်နေသောမြို့

၂။ မအူပင်မြို့ သူဌေးကုန်း(၃)လမ်း၊ (၂)ရပ်ကွက်၊ ဂုတ်ခြိမျက်နှာချင်းဆိုင်အိမ်မရှိပါ။ နေရာကောင်း၊ ကွန်ကရစ်လမ်း (၂) လမ်းဝင်ထွက်နိုင်သည်။ **ဆက်သွယ်ရန် ဖုန်း-၀၉-၄၉၃၁၉၃၂၉**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများအား DDP(ပေါင်းလောင်း) ဂိုဒေါင်အရောက် မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No.28/HPGE/14-15-စက်ဆီ/ချောဆီ(၈၀၀)Drums

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၈ ရက် မွန်းတည့် ၁၂ နာရီ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၉၆ နှင့် ၄၁၀၅၃၈**

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

၁။ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/သပြေကုန်း၊ မြေကွက်အမှတ်(၅၂၈)အား ဦးစိုးတင့် (ဘ)ဦးထွန်းအေး ၉/ပမန(နိုင်)၁၆၃၄၆၄ အမည်ဖြင့် ကြက်ပြေးဒေသ မြေနေရာရွှေ့ပြောင်းချထားရေးကော်မတီမှ ချထားပေးသောမြေကွက်ဖြစ်ပါသည်။

၂။ အဆိုပါမြေကွက်အမည်ပေါက်ပိုင်ရှင် ဦးစိုးတင့် (ဘ)ဦးထွန်းအေး ၉/ပမန(နိုင်)၁၆၃၄၆၄ မှ ကွယ်လွန်သွားပြီး ဇနီး ဒေါ်ဝင်း (ဘ)ဦးသန်းမောင် ၉/ပမန(နိုင်)၁၆၃၄၆၃ မှ ဦးစိုးတင့် (ဘ)ဦးထွန်းအေး သေဆုံးကြောင်းထောက်ခံချက် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာတို့အားတင်ပြ၍ မြေပေးမိန့် ပြောင်းလဲသတ်မှတ်ပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ယနေ့မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အထကကျောင်းခွဲ အဆင့်တိုးမြှင့်ဖွင့်

**ရေဦး နိုဝင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့နယ်နှောကုန်းကျေးရွာ၌ အခြေခံပညာအလယ်တန်းကျောင်းမှ အထက်တန်းကျောင်းခွဲသို့ အဆင့်တိုးမြှင့်ဖွင့်ပွဲကို နိုဝင်ဘာ ၁၂ ရက်က ကျင်းပခဲ့သည်။

ကျောင်းအဆင့်တိုးမြှင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညိုဝင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးချစ်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးစိန်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် နှောကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ဖောင်ဒေးရှင်းအတွက် ခိုင်မာတိုး ကျောက်မျက်ကုမ္ပဏီ မန္တလေးမြို့မှ အလှူငွေကျပ် ၂၀ သိန်းနှင့် ကျောင်းသားမိဘ ၃၆ ဦးက အလှူငွေကျပ် ၂၀၅၀၀၀၀ အပါအဝင် အလှူငွေများကို လည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီနှင့် မြို့နယ်ပညာရေးမှူးရုံးတို့က ဗလာစာအုပ်များကိုလည်းကောင်း ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။ **သန်းထိုက်(ရေဦး)**

## မီးသတ်ရေယာဉ်ဖြင့် မီးငြှိမ်းသတ်မှု သရုပ်ပြ

**ဖျာပုံ နိုဝင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ မြစ်ကမ်းဘေးရှိ မြို့မဈေးကြီးတွင် မီးသတ်ရေယာဉ်(အမြန်)ဖြင့် မီးငြှိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းကို နိုဝင်ဘာ ၁၂ ရက်က ပြုလုပ်ခဲ့သည်။

"ဖျာပုံမြို့က မြစ်ကမ်းဘေးမှာတည်ရှိတော့ မီးငြှိမ်းသတ်တဲ့အခါ ကုန်းပေါ်ကနေ မီးသတ်တဲ့အပြင် မြစ်ထဲကနေလည်း မီးသတ်ရေယာဉ်နဲ့ မြစ်ကမ်းပါးကနေ ရေအလုံအလောက်နဲ့ နေရာအနှံ့ကို မီးသတ်ပေးနိုင်တယ်။ ဒ့ါအပြင် ကုန်းပေါ်က မီးသတ်ကားတွေကိုလည်း ရေထည့်ပေးနိုင်တယ်။ ဒါကြောင့် သရုပ်ပြလေ့ကျင့်မှုကို ပြုလုပ်တာပါ"ဟု ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်ဇင်မင်းက ပြောသည်။ ဖျာပုံမြို့မြစ်အတွင်းရှိ ခရီးသည်တင်ရေယာဉ်များ၊ ကုန်တင်သင်္ဘောများနှင့် မြစ်ကမ်းတစ်လျှောက်ရှိ ဈေးကြီးအပါအဝင် အဆောက်အအုံများ မီးဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် လေ့ကျင့်မှုကို ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် သရုပ်ပြလေ့ကျင့်မှုကို လစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ချမ်းသာ(ဖျာပုံ)**

# ဘဏ်ခွဲ ၁၁၈ ခုနှင့် အီလက်ထရွန်နစ်ဘဏ်စနစ်များ သမဝါယမဘဏ်မှ ဝန်ဆောင်မှုပေးလျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁၉**

ဘဏ်လုပ်ငန်းစနစ် အောင်မြင်ရေးအတွက် ခေတ်မီဘဏ်လုပ်ငန်းစနစ်များကို အချိန်နှင့် တစ်ပြေးညီ သုံးစွဲဖော်ဆောင်နိုင်မှသာ အောင်မြင်သည့် ဘဏ်ဝန်ဆောင်မှုတစ်ခု ဖြစ်လာနိုင်ကြောင်း သမဝါယမဘဏ် ဥက္ကဋ္ဌ ဦးခင်မောင်အေးက ပြောကြားသည်။

စီးပွားရေးလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် ဘဏ်စနစ်တစ်ခုကို တည်ထောင်နိုင်ရန်အတွက် ဆန်းသစ်သည့် ဝန်ဆောင်မှုများကို ဆောင်ရွက်နိုင်ရန် ပြည်တွင်းဘဏ်လုပ်ငန်းများကိုလည်း အကြံဉာဏ်မျှဝေလိုကြောင်း စီဘီဘဏ်ဥက္ကဋ္ဌက နိုဝင်ဘာ ၁၇ ရက်က စီဒိုးနားဟိုတယ်အတွင်း ကျင်းပခဲ့သည့် အသင်းသားနှစ်ပတ်လည်အခမ်းအနား၌ ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် သမဝါယမဘဏ်(စီဘီဘဏ်)ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် ဘဏ်တာဝန်ရှိသူများ၊ အစုရှယ်ယာရှင်များ တက်ရောက်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ ရှယ်ယာရှင်များစွာနှင့် အများနှင့်သက်ဆိုင်သည့် ဘဏ်လုပ်ငန်းတစ်ခုကို အောင်မြင်စွာ မြင်တွေ့ရသည့်အတွက် ဝမ်းသာကြောင်း၊ အများပြည်သူအား ပြည်တွင်း ပြည်ပမကျန် ခေတ်နှင့်အညီ ငွေကြေးဝန်ဆောင်မှုများ ပေးဆောင်ရန်လိုအပ်ကြောင်း ပြောကြားသည်။

သမဝါယမဘဏ်မှာ သက်တမ်းအားဖြင့် ၂၃ နှစ်ရှိပြီဖြစ်ပြီး ဘဏ်ခွဲပေါင်း ၁၁၈ ခုအထိ တိုးချဲ့လာနိုင်သည့်အပြင် ဝန်ထမ်း ၅၆၀၀ ဖြင့် လုပ်ငန်းလုပ်ကိုင်လျက်ရှိသည်။

ဘဏ်ခွဲများတိုးချဲ့ခြင်းအပြင် E-Banking စနစ်ကိုလည်း ပြည်တွင်း ပြည်ပ နိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပြီး အေတီအမ်ကတ်၊ အမ်ပီယူကတ်၊ မာစတာကတ်၊ ဗီဇာကတ်၊ စီယူပီအစရှိသည့် နိုင်ငံတကာအဆင့်မီ ငွေကြေးဝန်ဆောင်မှုများကိုလည်း လုပ်ဆောင်ခဲ့ပြီး ပြည်တွင်း အေတီအမ်စက် ၂၃၆ လုံး၊ မာစတာ၊ ဗီဇာကတ်အသုံးပြုနိုင်သည့် ပီအိုအက်စ် ၇၃၈ လုံး၊ အမ်ပီယူ၊ စီပီယူကတ်များ အသုံးပြုရန် ပီအိုအက်စ် ၉၉၁ လုံးတို့ကို တပ်ဆင်ထားပြီး အီကော့မာ့စ်စနစ် ဝန်ဆောင်သူ ကုန်သည်ပေါင်း ၄၆ ဦးခန့်ရှိကြောင်း သိရသည်။

၂၀၁၄ ခုနှစ်အတွင်း နိုင်ငံတကာ ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများကို တိုးမြှင့်ခဲ့ပြီး ကျောင်းသားလူငယ်များအတွက် စီဘီလူငယ်ကတ်ကို ထုတ်လုပ်ပေးခဲ့ပြီး မိုဘိုင်းဘဏ်စနစ်ကိုလည်း စတင်ဆောင်ရွက်ခဲ့ကြောင်း မကြာမီ လျှပ်စစ်မီတာဘေလ်များ အွန်လိုင်းမှ ပေးဆောင်နိုင်ရန် စီစဉ်လျက်ရှိသည်။

ထို့နောက် ဘဏ်၏ နှစ်ချုပ်အစီရင်ခံစာအား အမှုဆောင်ဒုတိယဥက္ကဋ္ဌ ဦးကျော်လင်းက ရှင်းလင်းပြောကြားပြီး ဒါရိုက်တာအသစ်များ ခန့်အပ်ခြင်း၊ အစုရှယ်ယာရှင်များကမဲပေးကာ ဥက္ကဋ္ဌအသစ် ရွေးချယ်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-ဝသန်လင်း**





# ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုမည့် ကလေးမြို့လေဆိပ်

**ကလေး နိုဝင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းရှိ ကလေးမြို့သည် လေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်းနှင့် ရထားလမ်းကြောင်းများဖြင့် သွားလာနိုင်သဖြင့် ပြည်တွင်းပြည်ပခရီးသွားပြည်သူများ၏ ခရီးသွားလာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အကျိုးပြုလျက်ရှိသည်။

ခရီးသွားဝန်ဆောင်မှုများအနက် လေကြောင်းခရီးစဉ်တွင် ကလေး၊ မန္တလေးနှင့် ရန်ကုန်မြို့ကြီးများသို့ မြန်မာ့လေကြောင်းလိုင်းများနှင့် အဲယားပုဂံလေကြောင်းလိုင်း၊ ကမ္ဘောဇလေကြောင်းလိုင်းများဖြင့် ခရီးသွားပြည်သူများ၏ လိုရာအရပ်ဒေသများသို့ ကလေးမြို့လေဆိပ်မှ တနင်္ဂနွေနေ့မှအပ နေ့စဉ် အချိန်မှန်ပုံမှန်ပြေးဆွဲပေးလျက်ရှိသည်။

ကလေးမြို့လေဆိပ်သည် လေယာဉ်ပြေးလမ်းသည် အရှည်ပေ ၅၅၀၀၊ အကျယ်ပေ ၁၀၀၊ အထူ ၁၈ လက်မ ကျောက်ကတ္တရာ၊ ခံနိုင်ဝန်အား ပေါင် ၇၃၀၀၀ ရှိကာ F28 အမျိုးအစားဖော်ကာလေယာဉ်များ ဆင်းသက်နိုင်ပြီး တစ်ခါတစ်ရံစင်းလုံးငှား လေယာဉ်ငယ်လည်းဆင်းသက်လျက်ရှိသည်။

သို့ဖြစ်၍ ကလေးမြို့လေဆိပ်လေယာဉ်ပြေးလမ်းအား Y8 အမျိုးအစားလေယာဉ်ကြီးများဆင်းသက်နိုင်ရန် လေယာဉ်ဆင်းသက်ပျံသန်းအကွာအဝေး ပိုမိုရရှိနိုင်ရေးတိုင်းတာခြင်းလုပ်ငန်းများဆောင်ရွက်ချက်အရ ပြေးလမ်းအရှည်ပေ ၃၀၀၀ ထပ်မံတိုးချဲ့နိုင်ကြောင်း တွေ့ရှိရပြီး ယခုအချိန်တွင် ပြေးလမ်းအရှည်ပေ ၁၅၀၀ ထပ်မံတိုးချဲ့ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၅ ခုနှစ်တွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

လုပ်ငန်းဆောင်ရွက်မှုများပြီးစီးပြီး Y8 လေယာဉ်ကြီးများ ဆင်းသက်နိုင်ပါက ကလေးမြို့လေဆိပ်မှ ပြည်တွင်းပြည်ပခရီးသွားပြည်သူများ၏ လေကြောင်းခရီးသွားလာမှုကို ပိုမိုအဆင်ပြေချောမွေ့စေမည့်အပြင် ကလေးမြို့လေဆိပ်သည်လည်း မြို့၏ဂုဏ်ကို ပိုမိုမြှင့်တင်လာမည်ဖြစ်သည်။ **ဂျူနိုင်း**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးစီမံကိန်းဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးစီမံကိန်းဦးစီးဌာန ကျန်းမာရေးသတင်းအချက်အလက်များကောက်ယူမည့် ပြည်သူ့ကျန်းမာရေးစာရင်းအင်းပုံစံ၊ ဆေးရုံလချုပ်ပုံစံနှင့် ပြင်ပလူနာရောဂါစာရင်းပုံစံ(၁၅)မျိုးကို ပုံနှိပ်ခြင်း၊ စာအုပ်ချုပ်လုပ်ခြင်းနှင့် အဆိုပါပုံစံများအား တိုင်းဒေသကြီး၊ ပြည်နယ်ကျန်းမာရေးစီမံကိန်းဦးစီးဌာနများသို့ ပေးပို့ခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် ပုံနှိပ်ခြင်းနှင့် စာအုပ်ချုပ်ခြင်းလုပ်ငန်းအသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာန၊ ရုံးအမှတ် (၄၇)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၄၃၁၀၇၀ သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။
၃။ **အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် ပုံစံ(၁၅)မျိုး ပုံနှိပ်ခြင်းနှင့် စာအုပ်ချုပ်ခြင်းလုပ်ငန်းအတွက် ဈေးနှုန်းတင်သွင်းလွှာ-**
**စတင်ရောင်းချမည့်ရက်** - ၂၀-၁၁-၂၀၁၄ ရက်၊ နံနက် ၉း၃၀ နာရီ
၄။ **အိတ်ဖွင့်တင်ဒါပိတ်ရက်** - ၄-၁၂-၂၀၁၄ ရက်၊ ညနေ ၁၆း၀၀ နာရီ

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**

**"တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ကြက်စားပြင်တောင် ကွင်းအမှတ်-၄၉(A)၊ ဦးပိုင်အမှတ်-၁၈(ဃ)၊ ဧရိယာ ၁ ဒသမ ၁၄၃ ဧကနှင့် ဦးပိုင်အမှတ်- ၁၈(င) ဧရိယာ ၁ ဒသမ ၉၅၉ ဧက၊ စုစုပေါင်း ၃ ဒသမ ၁၀၂ ဧက" တို့နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာချက်**

အထက်ပါဘိုးဘွားပိုင်မြေကွက်များမှာ မူလအမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်ကျင်မွှာ၏ တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းအရ ကိတ္တိမအမွေစားမွေခံသမီးဖြစ်သော အမှတ်-၂၈၀၊ ချယ်ရီလမ်း၊ ကညံ့ရုပ်နေ ဒေါ်မိုးမိုးသူ ၆/ထဝန(နိုင်)၀၈၄၇၀၁ (ဘ)ဦးအောင်သူမှ တည်ဆဲတရားဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်ထားသည်ဖြစ်၍ ကျွန်ုပ်တို့၏အမှုသည် ဒေါ်မိုးမိုးသူ၏ တရားဝင်လက်မှတ်ရေးထိုးသဘောတူညီချက်မရှိဘဲ မြေခွဲစိတ်ရန်နှင့် ခွဲစိတ်ခြင်း၊ လက်ပြောင်းလက်လွှဲပြုလုပ်ခြင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လဲလှယ်၊ ငှားရမ်း၊ လှူဒါန်း၊ စွန့်လွှတ်ခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်း၊ ဂရန်မြေအမည်ပေါက် ဆောင်ရွက်ခြင်းအစရှိသဖြင့် ကျွန်ုပ်တို့၏အမှုသည်အား နစ်နာစေမည့်ကိစ္စရပ်များကို လုံးဝမပြုလုပ်ပါရန် သတိပေးကြေညာအပ်ပါသည်။ ပြုလုပ်လာပါက တည်ဆဲဥပဒေအရ တရားစွဲဆိုအရေးယူသွားပါမည်။ **ဒေါ်မိုးမိုးသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ရောဘတ်စန်းအောင်** တရားလွှတ်တော်ရှေ့နေ (စဉ်-၂၄၆၉)
**ဦးထွန်းအောင်** တရားလွှတ်တော်ရှေ့နေ (စဉ်-၃၂၃၈)
**ဒေါ်အေးအေးသက်** တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၂၀)
**ဒေါ်အေးအေးဝင်း** တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၃၄)
**ဒေါ်သဇင်အေး** အထက်တန်းရှေ့နေ (စဉ်-၃၆၄၄၁)
**ဦးကြည်သာဖုန်းမြင့်** အထက်တန်းရှေ့နေ (စဉ်-၄၃၄၃၄)
**ဦးကျော်လတ်စိုး** အထက်တန်းရှေ့နေ (စဉ်-၄၀၅၀၈)

**(HYGIENIC LEGAL CLINIC)**

## ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း စေတနာဆေးခန်းများတွင် တာဝန်ထမ်းဆောင်ရန် တာဝန်ခံဆရာဝန်များ အလိုရှိသည်

ရန်ကုန်၊ မန္တလေး၊ ပြည်၊ ကေတုမတီ၊ မကွေး၊ ပခုက္ကူ၊ မုံရွာ၊ စစ်ကိုင်း၊ ကလေး၊ တီးတိန်၊ ဖလမ်း၊ ကျောက်ဖြူမြို့များရှိ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း စေတနာဆေးခန်းများတွင် ဒေသနှင့်သင့်လျော်သော ချီးမြှင့်လစာငွေဖြင့် ဆရာဝန်များ (ပင်စင်စားနှင့် သစ်လွင်ဆရာဝန်များဦးစားပေး) ခန့်ထားလိုပါသည်။ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းရုံးချုပ် အမှတ် (၅၂)၊ ချင်းတွင်းလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၂၃၀၅၈၂၉၊ ဖက်(စ်) ၀၁-၂၃၀၅၈၂၈ သို့ ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်အတူ လျှောက်လွှာများကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၅ရက် နောက်ဆုံးထားပေးပို့ လျှောက်ထားနိုင်ပါသည်။

**စုံစမ်းရန်-**
**ဒေါက်တာကျော်ကျော် (စေတနာဆေးခန်းများ စီမံချက်မန်နေဂျာ) ဖုန်း-၀၉-၅၀၄၉၂၈၂**
**ဒေါက်တာတင်ကျော်ဦး (ဒုတိယစီမံကိန်းမန်နေဂျာ) ဖုန်း-၀၉-၅၃၀၀၃၀၁**
**ဒေါက်တာဝေယံမောင်မောင် (ဌာနချုပ်လက်ထောက်ဆရာဝန်) ဖုန်း-၀၉-၅၂၁၄၁၆၇**

## ဦးကျော်နိုင်နှင့် အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ မြနန္ဒာရပ်ကွက်၊ မန္တလေး-လားရှိုးလမ်း၊ အိမ်အမှတ်(စီစီ-၁၆/ခ)နေ ဟာဂျီမဒေါ်သဇင်မိုး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဦးကျော်နိုင်သည် ဇနီးဟာဂျီမဒေါ်သဇင်မိုးအား လင့်ဝတ္တရားနှင့်အညီ ကျွေးမွေးစောင့်ရှောက်ခြင်းမရှိသည့်အပြင် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်စေရန် ပြုမူဆောင်ရွက်ခြင်း၊ ရိုက်နှက်ညှဉ်းပန်းသောကြောင့် ဇနီးသည်ဟာဂျီမဒေါ်သဇင်မိုးမှ လွန်ခဲ့သောတစ်နှစ်ခန့်ကတည်းက ၎င်း၏မိဘများအိမ်သို့ ပြန်လာခဲ့ပါသည်။ ဟာဂျီမဒေါ်သဇင်မိုးမှ ဆက်လက်ပေါင်းသင်းလိုသောဆန္ဒမရှိသောကြောင့် ပြင်ဦးလွင်မြို့ အစ္စလာမ်သာသနာရေးရာကောင်စီမှတစ်ဆင့် အစ္စလာမ်ရေးရာကောင်စီဌာနချုပ် အစ္စလာမ့်ဓမ္မသတ်ခုံရုံးသို့ ဓမ္မသတ်တောင်းခံပြီး ၈-၁၁-၂၀၁၄ ရက်က အစ္စလာမ်ခုံလူကြီးများနှင့် အသိသက်သေများရှေ့တွင် ဟာဂျီမဒေါ်သဇင်မိုးမှ မိမိဆန္ဒဖြင့် ခင်ပွန်းဦးကျော်နိုင်အား တွလာဘ်ဗာအင် တစ်ကြိမ်ပြု၍ အပြီးအပိုင်ကွာရှင်းကြောင်း မြွက်ဟကြေညာပြီး ဦးကျော်နိုင်နှင့် အပြီးအပိုင်ကွာရှင်းပြီးဖြစ်ပါသည်။ ဦးကျော်နိုင်နှင့် ဟာဂျီမဒေါ်သဇင်မိုးတို့သည် သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဟာဂျီမဒေါ်သဇင်မိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သာ LL.B**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၁၂၈၊ ၈လမ်း၊ ၇ကွက်၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၄၀၂၅၀၇၇၈၆၊ ၀၈၅-၂၃၂၄၁**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ခရီးသွားများအတွက် ခရီးစဉ်တစ်ခု စလေမြို့မှ ပန်းပုရုပ်စုံကျောင်းတော်ကြီး

**သတင်းဆောင်းပါး - ဝေယံဦး၊ ဓာတ်ပုံ - မောင်ဝိဇ္ဇော**



ရုပ်စုံကျောင်းတော်ကြီးပေါ်တက်ရောက်နေသည့် ရဟန်းငယ်များကို တွေ့ရစဉ်။

ရှေးဟောင်းမြန်မာ့လက်မှုပညာများဖြင့် တည်ရှိနေသည့် ရုပ်စုံကျောင်းတော်ကြီး။ နှစ်ပေါင်း ၁၀၀ ကျော်တိုင် ထိန်းသိမ်းနိုင်ခဲ့မှုကြောင့် ယနေ့တိုင် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်ထားနိုင်သည်။ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် စလေမြို့ရှိ ရုပ်စုံကျောင်းတော်ကြီးဆီသို့ ပြည်တွင်း ပြည်ပ ခရီးသွားများ လာရောက်လေ့လာလျက်ရှိနေသည်။

ပန်းပုရုပ်စုံကျောင်းတော်ကြီးကို ၁၈၈၂ ခုနှစ် သီပေါမင်းလက်ထက်က တည်ဆောက်ခဲ့သောကြောင့် ယခုဆိုလျှင် နှစ်ပေါင်း ၁၃၀ ကျော်ရှိခဲ့ပြီဖြစ်သည်။ ရုပ်စုံကျောင်းတော်ကြီးကို ရုပ်စုံကျောင်းဆရာတော်ကြီးများ အဆက်ဆက်ထိန်းသိမ်းစောင့်ရှောက်ခဲ့ပြီး ယခုရုပ်စုံကျောင်းကြီးဝင်းရှိ ဆရာတော် နှစ်ပါးက ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

ပန်းပုရုပ်စုံကျောင်းတော်ကြီးကို စလေတိုက်နယ်ပြည်သူများက ၁၉၉၂ ခုနှစ်တွင် ဘုရားတန်ဆောင်းပြာသာဒ်ဆောင်တို့ စတင်ပြုပြင်ခဲ့ကြသည်။ ၁၉၉၃ ခုနှစ်၌ နိုင်ငံတော်အစိုးရ၏ အထောက်အပံ့ဖြင့် တမ္ပဝတီဦးဝင်းမောင်နှင့်အဖွဲ့က အကြီးစားပြုပြင်မှုများ ပြုလုပ်ခဲ့သည်။

ယဉ်ကျေးမှုဝန်ကြီးဌာနမှလည်း ကျောင်းတော်ကြီး၏ ကြမ်းခင်းအဟောင်းကို အသစ်လဲလှယ်ပေးခြင်းဖြင့် ရေရှည်တည်တံ့မှုကို အထောက်အကူပြုစေခဲ့သည်။ ရုပ်စုံကျောင်းတော်ကြီး၏ ဖွဲ့စည်းတည်ဆောက်ထားမှုမှာလည်း အဆောင်ပြာသာဒ်၊ ကျောင်းဦးပြာသာဒ်၊ ဓနုဆောင်၊ ကြမ်းခင်းမြှင့်ထားသော ဇေတဝန်ဆောင်၊ ဆောင်မ(ယွန်းဆောင်)၊ အနောက်ဆောင်(ရေလယ်ဆောင်) နှင့် ရုံးဆောင်တို့ရှိကြသည်။

ရုပ်စုံကျောင်းတော်ကြီးတွင် တိုင်လုံးရေ ၁၅၄ လုံးရှိပြီး လက်ရှိပန်းပုရုပ်တုများမှာ ၆၄၅ ရုပ်ဖြစ်ကြောင်း သိရသည်။ ကျောင်းတော်ကြီး၏ အရှေ့ထိပ်မှ အနောက်အထိ ငါးရာ့ငါးဆယ်ဇာတ်နိပါတ်တော်များကို အကန့်လိုက်တစ်ကွက်စီ၊ တစ်ကွက်စီ ထည့်သွင်းတည်ဆောက်ထားသည်။ ပန်းပုရုပ်များထုလုပ်ထားမှုကလည်း လက်ရာမြောက်ပြီး မြန်မာ့ရှေးဟောင်းအနုပညာလက်ရာများကို လေ့လာခွင့်ရရှိစေသည်။

ပွင့်လင်းရာသီတွင် ပြည်တွင်းပြည်ပ ကမ္ဘာလှည့်ခရီးသွားများ နေ့စဉ်လာရောက်လေ့လာလျက်ရှိရာ နိုင်ငံခြားသားဧည့်သည်တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ သတ်မှတ်ထားသည်။ ပြည်တွင်းဧည့်သည်တစ်ဦးလျှင် ငွေကျပ် ၂၀၀ ဖြင့် ဝင်ရောက်လေ့လာနိုင်သည်။ ရုပ်စုံကျောင်းတော်ကြီးဆီသို့ ဧရာဝတီမြစ်ကမ်းမှ ငါးဖာလုံခန့်သာဝေးရာ အချို့နိုင်ငံခြားသားများက လှည်းဖြင့်လာရောက်လေ့လာကြသည်။

ရုပ်စုံကျောင်းတော်ကြီးတည်ရှိနေမှုကြောင့် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး အမှတ်တရပစ္စည်းများ ပြုလုပ်ရောင်းချနိုင်ခြင်းကြောင့် ဝင်ငွေလည်းရရှိစေသည်။ တစ်ဖန် စလေဝန်းကျင်ဒေသသည် သာသနိကအဆောက်အအုံများဖြစ်သည့် စေတီပုထိုး၊ ကျောင်းကန်၊ ဘုရားတို့ဖြင့် စည်ပင်နေသောနယ်မြေဖြစ်သည်။

ရုပ်စုံကျောင်းတော်ကြီးသည် အလျား ၁၅၂ ပေ၊ အနံ ၇၆ ပေရှိရာ ကြီးမားသော ရှေးဟောင်းလက်ရာမွန်ကျောင်းတော်ကြီးလည်းဖြစ်သည်။ ခရီးလမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်ပါက ခရီးသွားဧည့်သည်များ ပိုမိုရောက်ရှိလာမည်ဖြစ်သည်။ ။

# ရန်ကုန်မြို့ စည်ပင်သာယာနယ်နိမိတ်ပြင်ပယာဉ်များ မြို့ဝင်ကြေးကောက်ခံမည်

**ရန်ကုန် နိုဝင်ဘာ ၁၉**

ရန်ကုန်မြို့စည်ပင်သာယာနယ်နိမိတ်အတွင်း ဝင်ရောက်ပြေးဆွဲလျက်ရှိသော အခြားနယ်မြေများမှ မော်တော်ယာဉ်အမျိုးမျိုးအား နိုဝင်ဘာ ၂၆ ရက်မှစ၍ မြို့ဝင်ကြေးကောက်ခံသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ရန်ကုန်မြို့တွင် မော်တော်ယာဉ်များ တိုးတက်များပြားလာမှုကြောင့် ယာဉ်ကြောကျပ်တည်းမှုကို ထိန်းချုပ်မှု အစီအစဉ်တစ်ရပ်အဖြစ် စည်ပင်သာယာနယ်နိမိတ်အတွင်း ဝင်ရောက်ပြေးဆွဲနေသော မော်တော်ယာဉ်အမျိုးမျိုးအား မြို့ဝင်ကြေးကောက်ခံသွားရန် ဂိတ် ၁၀ ခုထားရှိဖွင့်လှစ်ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂိတ် ၁၀ ခုမှာ ဒလမြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့၌ နှစ်ခုစီထားရှိမည်ဖြစ်ပြီး သာကေတမြို့နယ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မှော်ဘီမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၂) လမ်းမကြီးနှင့် ပြည်လမ်းတို့တွင် တစ်ဂိတ်စီ ထားရှိမည်ဖြစ်သည်။ ယင်းဂိတ်များကို နိုဝင်ဘာ ၂၆ ရက်မှ စတင်ဖွင့်လှစ်ကာ မြို့ဝင်ကြေးများကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ သို့ရာတွင် ဌာနဆိုင်ရာယာဉ်များ၊ လူနာတင်ယာဉ်၊ ခရီးသည်ယာဉ်နှင့် ကုန်တင်ယာဉ်များကို မြို့ဝင်ဂိတ်ကြေးကင်းလွတ်ခွင့်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တွင် ၂၀၀၀ ပြည့်လွန်နှစ်များက အငှားယာဉ်စီးရေ နှစ်သောင်းခန့်သာရှိခဲ့သော်လည်း ယခုအခါ ငါးသောင်းကျော်ရှိလာသည့်အတွက် နေ့စဉ် ယာဉ်သွားလာမှုအတွက် ယာဉ်ကြောကျပ်တည်းမှုများဖြစ်ပေါ်လာသည့်အပြင် ပြင်ပနယ်မြေများမှ ဝင်ရောက်ပြေးဆွဲနေသော မော်တော်ယာဉ်များကြောင့် ယာဉ်သွားလာမှုကို ထိခိုက်နေကြောင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးတာဝန်ရှိသူများက ပြောကြားသည်။ စည်ပင်သာယာနယ်နိမိတ်အတွင်း တရားမဝင် ဝင်ရောက်ပြေးဆွဲနေသော မော်တော်ယာဉ်များအား ထိန်းချုပ်လိုက်သဖြင့် ယာဉ်ကြောကျပ်တည်းမှုကို အထိုက်အလျောက်လျှော့ချသွားနိုင်လိမ့်မည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။

**မောင်နွေသစ်**

## နိုဝင်ဘာညီအစ်ကိုအတွက် မွေးနေ့ဆုတောင်း

၂၀-၁၁-၂၀၁၄ ရက်တွင်ကျရောက်သော သားကြီးငြိမ်းပြည့်စုံဖြိုး (ခေတ္တ UK) (၁၉)နှစ်ပြည့်မွေးနေ့နှင့် သားငယ် အဂ္ဂါမိုးထွဋ် (၉)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ ချစ်သောမိသားစုနှင့်အတူတကွ ပျော်ရွှင်ချမ်းမြေ့သောဘဝလမ်းခရီးကို လျှောက်လှမ်းနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်ဖေဖေ - ဦးကျော်တင်ဦး
Ever Best Hotel & Resorts Co., Ltd.
Energy Link Co., Ltd.
ချစ်မေမေ - ဒေါ်စန္ဒာအေး
သားလတ် - ဝေယံမိုးထွဋ်

## မေမြို့ စက်မှုလက်မှုအထက်တန်းကျောင်း (၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲ
### စစ်ကိုင်း-မန္တလေး

စစ်ကိုင်းမြို့၊ ထူပါရုံရွှေကျောင်းဗိမာန်တော်ကြီးတွင် ၂၈-၁၁-၂၀၁၄ ရက် (သောကြာနေ့)မှာ ကန်တော့ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမှာဖြစ်လို့ ဆရာဆရာမများနှင့် ကျောင်းသားများ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| ဦးလှမင်း(၇၁) | ဖုန်း-၀၉-၅၀၅၄၁၄၇ |
| ဦးတင်ဝင်း(၇၃) | ဖုန်း-၀၉-၈၆၂၈၄၉၆ |
| ဦးဝင်းသန်း(၇၅) | ဖုန်း-၀၉-၅၃၉၃၁၇၇ |
| ဦးအောင်သန်း(၇၄) | ဖုန်း-၀၉-၂၅၀၀၆၄၉၁၃ |
| ဦးထင်ကျော်လင်း(၇၁) | ဖုန်း-၀၉-၅၅၀၂၅၆၆ |
| ဦးမြင့်ဆွေ(၆၉) | ဖုန်း-၀၉-၄၇၀၆၃၀၇၄ |
| ဦးတင်အောင်(၇၀) | ဖုန်း-၀၉-၅၀၆၈၀၆၈ |
| ဦးအောင်စိုးမြင့်(၈၁) | ဖုန်း-၀၉-၂၀၂၂၂၆၁ |
| ဦးသန်းနိုင်(၈၁) | ဖုန်း-၀၉-၇၃၀၆၅၇၃၀ |
| ဦးယုနိုင်(၈၃) | ဖုန်း-၀၉-၄၄၈၅၄၀၈၇၀ |
| ဦးစိုးနိုင်(၈၃) | ဖုန်း-၀၉-၅၁၇၃၇၂၅ |
| ဦးအောင်မျိုး(၈၁) | ဖုန်း-၀၉-၅၃၀၄၀၀၃ |
| ဦးပေါစန်း(၇၄) | ဖုန်း-၀၉-၄၇၀၅၉၂၃၉ |
| ဦးဌေးဝင်း(၇၃) | ဖုန်း-၄၇၀၆၀၁၁၇ |
| ဦးအောင်မြတ်သူ(၉၄) | ဖုန်း-၀၉-၄၀၀၄၄၀၂၈၀ |
| ဦးအေးမင်း(၈၅) | ဖုန်း-၀၉-၂၀၀၇၈၂၅ |
| ဦးဇော်ဇော်ဦး(၉၇) | ဖုန်း-၀၉-၄၀၃၇၂၃၇၅၀ |
| ဦးမျိုးမြင့်(၈၂) | ဖုန်း-၀၉-၈၆၂၁၆၅၄ |
| ဦးတန်လိုခန့်မာန်(၈၁) | ဖုန်း-၀၉-၂၄၅၀၂၃၄ |

## တိုက်ခန်းငှားမည်

ဗိုလ်တထောင်လမ်းသွယ်(၂)လမ်း၊ (ယာ)ပထမထပ် (ဟောင်ကောင်နှစ်လွှာ) ပေ(၂၀×၅၀)ထောင့်ခန်း၊ ရေမီးစုံ အသင့်နေနိုင်၊ တစ်လကျပ်(၁၀)သိန်း။
ဖုန်း-၀၉-၅၁၁၄၂၂၃၊ ၀၉-၅၀၂၁၂၃၅

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/အနော်မာ၊ မြေကွက်အမှတ် ၆၂၈/က၊ မြေကွက်တည်နေရာအမှတ် ၆၂၈/က၊ အနော်မာ ၁၅လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ် (နော်ဆူဘီယံ)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား သာကေတမြို့နယ်တရားရုံး၌ ဒေါ်နီလာ(ခ)နူဂျင်နော့မှ ၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ် ၁၇၉ ဖြင့် ဦးနော်ဆူဘီယံ(ခ) ဦးကျော်အေး၊ ဒေါ်သူရေဇာမာတို့အား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ ၂၈-၄-၂၀၀၆ တွင်ရခဲ့သည့် စီရင်ချက်နှင့် အနိုင်ဒီကရီ ၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ် ၂၉ ၏ အမိန့်နှင့်မြေစာရင်းပါ ဦးဆူဘီယံ(ခ) ဦးကျော်အေးနှင့် ဒေါ်သူရေဇာမာတို့မှ ကန့်ကွက်ခြင်းနှင့်ပတ်သက်၍ ဘီလစ်ဒေါ်တင်မေလွင်မှ တရားရုံးအမိန့်အရ ကန့်ကွက်ချက်သည် လွှမ်းမိုးကြောင်းရှင်းလင်းစာတင်ပြပြီး တရားရုံးကိုယ်စား ဘီလစ်တင်မေလွင် ၁၂/ဗဟန(နိုင်)၀၂၀၈၆၇ က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဂ/၉၃၆၂ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

အဒီ ၂၀၂၀ အလွန်မှာရန်ကုန်မြို့ကြီး ဘာဖြစ်သွားမလဲ....
ရဟန်းတစ်ပါးရဲ့အနာဂတ်မှဒီတာဟောကိန်း

ဓမ္မဂင်္ဂါ

အေဒီနှစ်ထောင်ပလပ်စ်
ရန်ကုန်

ဖြန့်ချိရေး - ၀၉၂၅၉၂၆၉၅၁၄
ထွက်ပြီ

## ပြင်ဆင်ဖတ်ရှုပေးပါရန်

၂၃-၁၀-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၄) ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ် (၁၇)ပါ ဒေါ်နီနီလွင် ၁၂/လမန(နိုင်)၁၁၁၄၂၂ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**လှည်းကူးမြို့နယ်တရားရုံး၌**
**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၇၆**

ဦးမြတိုး နှင့် ဦးအေးစန်း(ခ)ဦးအေးသန်း
**တရားလို** **တရားပြိုင်**

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ အောင်ပင်သာကြီးကျေးရွာအုပ်စု၊ အောင်ပင်သာရွာကြီး အမှတ်(၄၆)နေ ဦးအေးစန်း(ခ)ဦးအေးသန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက စပါးဖိုးငွေကျပ် ၁၅ သိန်းနှင့် နစ်နာကြေးကျပ် ၁၅ သိန်း စုစုပေါင်းကျပ်သိန်း ၃၀ တိတိရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၅ရက် (၁၃၇၆ခုနှစ် နတ်တော်လဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နှင်းဝေဇင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**လှည်းကူးမြို့နယ်တရားရုံး**

---

**ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်**

## အကြောင်းကြားစာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး ၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၉**
**နှင့်ဆက်နွယ်သည့် ၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၅၄**

ဦးတင်ထွန်းဦး နှင့် ၁။ ဦးကျော်ညွှန့်
၂။ ဒေါ်တင်တင်မြ
**တရားနိုင်** **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ မြရတနာ ၆ လမ်း၊ အမှတ် ၂၁၄နေ ဦးကျော်ညွှန့်၊ ဒေါ်တင်တင်မြ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၇၉တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးတင်ထွန်းဦးက လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၁ရက် (၁၃၇၆ခုနှစ် နတ်တော်လဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာ ရောက်စေ။

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**ဇော်ဌေး(တ/၂၇၇၄)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)၊**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

---

## အများပြည်သူသိရှိရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ကန်တော်မင်တိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မြေကွက်အမှတ် (၃၁အီး)နှင့် (၃၁အက်ဖ်)၊ ဧရိယာ ၀ ဒသမ ၅၂၀ ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ် အမှတ်(၁၉)၊ ပန်တျာလမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ကျုပ်ထံမှ အမွေဆက်ခံပိုင်ဆိုင်ခွင့် ကြေညာစာတမ်းစာချုပ်အမှတ်-၇၅၇/၁၉၇၇ အရ တရားဝင်အမွေဆက်ခံခွင့်ရရှိထားသူ ဒေါ်သန်းတင်၊ ဒေါ်သန်းရင်တို့ကွယ်လွန်၍ ၄င်းတို့ထံမှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ တူ၊တူမလေးဦးဖြစ်သည့် (၁)ဒေါ်အေးအေးမြ ၁၂/ဒဂန(နိုင်)၀၂၀၄၄၀၊ (၂) ဒေါ်တင်တင်မြ ၁၂/မရက(နိုင်)၀၆၈၉၈၅၊ (၃)ဦးအောင်နိုင် ၁၂/မရက(နိုင်) ၀၈၁၀၁၇၊ (၄)ဒေါ်ချိုချိုမြ ၁၂/ဗဟန(နိုင်)၀၇၀၄၃၁ တို့ထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါမြေကွက်အရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မဋ္ဌုဟန် LL.B**
**အထက်တန်းရှေ့နေ စဉ်-၄၃၆၄၅**
**ဖုန်း-၀၉-၄၂၀၂၄၅၄၀၀**

**ဒေါ်ထက်ထက်အောင် LL.B**
**အထက်တန်းရှေ့နေ၊ စဉ်-၂၈၁၆၇**
**အမှတ်(၁၁)၊ လေးလွှာ(ဘီ)၊ ရွှေဘိုလမ်း၊**
**ကျောက်မြောင်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၀၈၄၁၅၅၊ ၀၉-၇၉၈၁၀၄၆၁၄**

---

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ င/ရပ်ကွက်၊ သုခမ္မာလမ်းမကြီး၊ အမှတ် ၃၂၄ နေ ဒေါ်မြင့်မြင့် ၁၂/ဥကမ(နိုင်)၀၈၉၂၂၃ မှ အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မြင့်မြင့် ၁၂/ဥကမ(နိုင်)၀၈၉၂၂၃ သည် ဦးစိုးမင်းမင်းဦး(ခ)ဦးစိုးလွင်လွင် ၁၂/မဂဒ(နိုင်)၁၀၂၂၃၄ အား ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် ၂၉၂၄/၂၀၁၄ ဖြင့် ၂၉-၁-၂၀၁၄ ရက်တွင် အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားခဲ့ပါသည်။ဒေါ်မြင့်မြင့်မှ ဦးစိုးလွင်လွင်(ခ) ဦးစိုးမင်းမင်းဦးအား လွှဲအပ်ထားသည့် အထူးကိုယ်စားလှယ်စာအား ၁၈-၁၁-၂၀၁၄ ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်**
**၁၂/ဥကမ(နိုင်)၀၈၉၂၂၃**
**င/၃၂၄၊ သုခမ္မာလမ်း၊ မြောက်ဥက္ကလာပ၊**
**ဖုန်း-၀၉-၅၃၄၀၇၆၇**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး**

## ဒေါ်ရင်ရင်မြ

**(တောင်ငူ)**
**အသက် (၈၆)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ် ၂၃နေ (ဦးဘသန်း-ဒေါ်မမကြီး)တို့၏သမီး၊ (ဦးသာလှိုင်-ဒေါ်စော)တို့၏သမီး ချွေးမ၊ (ဒေါ်ခင်ကြည်) ၏ ညီမ၊ (ဗိုလ်မှူးချုပ် ဘသိန်း၊ ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဒုတိယရဲချုပ်ရဲမှူးချုပ် သိန်းဦး-ဒေါ်ခင်မာဝင်း၊ ဒေါ်သဇင်သိန်း (ဌာနခွဲမှူး၊ ဆက်ဆံ/ပြန်ကြားရန်ကုန်မြို့တော်စည်ပင်)၊ ဗိုလ်မှူးကြီးသိန်းဇော် (တပ်မှူး)၊ ဒေါက်တာသိန်းမော်-ဗိုလ်ကြီးဒေါ်ဗျဲလ်ခန့်လွန်း (ငြိမ်း)၊ ဗိုလ်ချုပ်ကိုကိုခိုင် (ငြိမ်း)- ဒေါ်မြင့်မြင့်အေးတို့၏ ချစ်လှစွာသော မိခင်၊ မောင်ဝင်းမင်းခိုင်၊ မခိုင်ကြည်ပြာကိုကို၊ မအေးချမ်းမိုး၊ မသဉ္ဇာဇော်တို့၏ အဘွားသည် ၁၈-၁၁-၂၀၁၄ရက် (အင်္ဂါနေ့)နံနက် ၃း၅၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၁-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၉ နာရီမှ ၁၂နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ရင်ရင်မြ (တောင်ငူ)

**အသက်(၈၆)နှစ်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ဒုတိယရဲချုပ် ရဲမှူးချုပ်သိန်းဦး၏မိခင် ဒေါ်ရင်ရင်မြ (တောင် ငူ)သည် ၁၈-၁၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သား မိသားစုဝင်များ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးအိုက်ပု အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊(၅)ရပ် ကွက်၊ ဗိုလ်ဉာဏလမ်း၊ အမှတ် ၂၆၆ဘီနေ (ဒေါ်ငွေရင်)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်ခင်ဦး၊ ဦးအောင်လင်း-ဒေါ်နန်းခင်ခင်ထား၊ ဒေါ်ခင်ခင်အေး၊ ဦးအောင်ဖုန်းကျော်တို့၏ ချစ်လှစွာသောဖခင်၊ မြေးခုနစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၈-၁၁-၂၀၁၄ရက်(အင်္ဂါနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ဝင်းကြည် အသက်(၇၀)

ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊ (၁၀)လမ်း၊ အမှတ်(၂၆)ပထပ်နေ၊ (ဦးတိတ်ပို့-ဒေါ်ပိုလျှန်) တို့၏သမီး၊ ဦးမောင်ကြီး-ဒေါ်မြင့်ကြည်၊ ဦးထွန်းလွင်-(ဒေါ်အေးကြည်)၊ (ဦးလဝင်း-ဒေါ်စိန်စိန်)၊ (ဦးလဝေ)-ဒေါ်ဝင်းတင်၊ ဒေါ်မြကြည်တို့၏ညီမ၊ ဦးလအောင်-ဒေါ်ဝင်းဝင်းမြင့်၊ ဒေါက်တာကျော်မင်း၊ ဒေါ်ခင်အေးရွှေ(ခေတ္တ USA )တို့၏အစ်မ၊ တူ၊ တူမ ၁၁ ယောက်တို့၏အဒေါ်သည် ၁၈-၁၁-၂၀၁၄ရက် မွန်းတည့် ၁၂ နာရီတွင် Green Corss ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၄ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

---

## (၁)နှစ်ပြည့် လွမ်းဆွတ်သတိရလျှုဒါန်းခြင်း

## ဒေါ်ခင်ခင်လတ် (@) Catherine Saw

## (၁၇-၁၁-၂၀၁၃) (၁၇-၁၁-၂၀၁၄)

ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်ခင်လတ် (@)Catherine Saw ကွယ်လွန်ခဲ့သည်မှာ တစ်နှစ်ပြည့်မြောက်ပါပြီ။ (၁)လ၊ (၃)လ၊ (၆)လ၊ (၁) နှစ်ပြည့်နေ့များတွင် သံဃာတော်များအား ပင့်ဖိတ်၍ ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ သင်္ကန်း၊ နဝကမ္မလှူဒါန်းခြင်း၊ ပရိတ်တရားတော်များ နာယူရေစက်ချ အမျှဝေခြင်းတို့အား ပြုလုပ်နေဆဲပါ။

ပြုပြုသမျှ ကုသိုလ်ကောင်းမှုများကို မိခင်ကြီးရောက်ရာဘုံဘဝမှ သာဓုခေါ်၍ မြင့်ရာဘုံဘဝမှတစ်ဆင့် နိဗ္ဗာန်သို့ တက်လှမ်းနိုင်ပါစေ။

**သား-ဦးမင်းစိန်၊ သမီး-ဒေါက်တာဒေါ်မေသိန်းတိုး**
**ချစ်မြေးများ-မောင်ဇော်လင်းအောင်၊ ပုံပုံ၊ ကိုလင်း**

---

**ပျောက်ဆုံး**

ကျွန်မ မရွှန်းလဲ့နဒီမောင် ၁၂/ရကန(နိုင်)၀၈၇၈၅၁၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၄၃၁၅၈၀၆၅

---

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဧ၊ မြေကွက်အမှတ်-၆၄၁/၂၊ မြေကွက်တည်နေရာအမှတ်-၆၄၁/၂၊ ဥဒ္ဒေနာ ၁လမ်း၊ (ဦးဟန်တိုး၊ ပိုင်ဒီအန်-၀၄၀၅၁၇) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဖခင် ဦးဟန်တိုး၊ မိခင် ဒေါ်ခင်စန်းအုန်း ကွယ်လွန်သဖြင့် ဦးဇော်မင်းဦး ၁၂/ဥကမ(နိုင်)၁၁၉၀၈၈၊ ဦးဇော်မင်းလတ် ၁၂/ဥကမ(နိုင်)၀၀၁၁၅၉၊ ဒေါ်အေးအေးခိုင် ၁၂/ဥကမ(နိုင်)၁၆၄၆၂၃၊ ဦးဇော်မင်းငယ် ၁၂/ဥကမ(နိုင်)၁၈၁၂၄၃၊ ဒေါ်လှိုင်ဝတ်မှုံ ၁၂/ဥကမ(နိုင်)၁၉၇၆၁၄ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက် ၁၅၅၊ မြေကွက်အမှတ် ၈၁၅၊ မြေအမည်ပေါက် ဒေါ်အေးစိန် ISN-၁၃၃၄၃၂ မှ မြေချစလစ်ပျောက်ဆုံးနေပြီး မြေချပါမစ်ထုတ်ယူရခြင်း မရှိသေးပါ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများတင်ပြပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးခြင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ(၆)**

**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးရဲမြင့်

**ဗိုလ်မှူး(ငြိမ်း)ရေ/၃၁၇၂**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ အကောက်ခွန်ဦးစီးဌာန**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁၃၂/စီ)၊ စိမ်းလဲ့ကန်သာလမ်းနေ (ဒေါ်ဆွေဆွေသက်)၏ခင်ပွန်း၊ ဦးရဲထွဋ်(CEO M.Y Group of Companies)- ဒေါ်ဥမ္မာမြင့်(MD M.Y Group of Companies)တို့၏ ကျေးဇူးရှင်ဖခင်၊ မချောပြည့်ရဲထွဋ်၊ မောင်အောင်ပြည့်ရဲထွဋ်တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၁၄-၁၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကောင်းရာသုဂတိလားပါစေလို့ ဆုတောင်းမေတ္တာပေးပို့ပါသည်။**

**M.Y Associates Co., Ltd.**
**(YGN Head Office မှ ဝန်ထမ်းများ)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးရဲမြင့်

**ဗိုလ်မှူး(ငြိမ်း)ရေ/၃၁၇၂**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ အကောက်ခွန်ဦးစီးဌာန**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁၃၂/စီ)၊ စိမ်းလဲ့ကန်သာလမ်းနေ (ဒေါ်ဆွေဆွေသက်)၏ခင်ပွန်း၊ ဦးရဲထွဋ်(CEO M.Y Group of Companies)- ဒေါ်ဥမ္မာမြင့်(MD M.Y Group of Companies)တို့၏ ကျေးဇူးရှင်ဖခင်သည် ၁၄-၁၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကောင်းရာသုဂတိသို့ ရောက်ပါစေကြောင်း ဝန်ထမ်းများမှ ဆုတောင်းမေတ္တာ ပို့ပါသည်။

**Y.H.O Co., Ltd. မှ ဝန်ထမ်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးရဲမြင့်

**ဗိုလ်မှူး(ငြိမ်း)ရေ/၃၁၇၂**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ အကောက်ခွန်ဦးစီးဌာန**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် (၁၃၂/စီ)၊ စိမ်းလဲ့ကန်သာလမ်းနေ ဦးရဲထွဋ်(CEO M.Y Group of companies)- ဒေါ်ဥမ္မာမြင့် (MD M.Y Group of companies)တို့၏ ကျေးဇူးရှင်ဖခင်၊ မချောပြည့်ရဲထွဋ်၊ မောင်အောင်ပြည့်ရဲထွဋ်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၁၄-၁၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကောင်းရာဘုံဘဝသို့ ရောက်ရှိစံမြန်းနိုင်ပါစေ။

**Myaing Hay Wun Co.,Ltd. မှ ဝန်ထမ်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးရဲမြင့်

**ဗိုလ်မှူး(ငြိမ်း)ရေ/၃၁၇၂**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ အကောက်ခွန်ဦးစီးဌာန**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် (၁၃၂/စီ)၊ စိမ်းလဲ့ကန်သာလမ်းနေ ဦးရဲထွဋ်(CEO M.Y Group of companies)- ဒေါ်ဥမ္မာမြင့် (MD M.Y Group of companies) တို့၏ကျေးဇူးရှင်ဖခင်၊ မချောပြည့်ရဲထွဋ်၊ မောင်အောင်ပြည့်ရဲထွဋ်တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၁၄-၁၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဝန်ထမ်းများမှရည်စူးလှူဒါန်းသော ကုသိုလ်ကောင်းမှု အစုစုကို အမျှရ၍ သာဓုခေါ်ဆိုနိုင်ပါစေ။ အမျှ အမျှ အမျှ

**Gold Cement Co.,Ltd. မှ ဝန်ထမ်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးရဲမြင့်(ငြိမ်း) ရေ-၃၁၇၂

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ အကောက်ခွန်ဦးစီးဌာန**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် ၁၃၂/စီ၊ စိမ်းလဲ့ကန်သာလမ်းနေ ဦးရဲထွဋ်(CEO, M.Y Group of Companies)- ဒေါ်ဥမ္မာမြင့် (MD, M.Y Group of Companies)တို့၏ ချစ်လှစွာသော ဖခင်ကြီး ဗိုလ်မှူးရဲမြင့်(ငြိမ်း)သည် ၁၄-၁၁-၂၀၁၄ ရက် ညနေ ၆း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ**
**Sinminn Cement Industry Co.,Ltd.**

---

**ပျောက်ဆုံးကြောင်း**

ကျွန်တော်ဦးဇော်ထွန်းအောင် ၇/လပတ(နိုင်)၀၉၂၄၁၅၏ နိုင်ငံကူးလက်မှတ် ၇၀၀၇၈၄ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၇၂၀၄၅၂

ကြော်ငြာ

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရင်ရင်မြ (တောင်ငူ)
### အသက်(၈၆)နှစ်

ဒုတိယရဲချုပ်၊ ရဲမှူးချုပ်သိန်းဦး-ဒေါ်ခင်မာဝင်းတို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်ရင်ရင်မြသည် ၁၈-၁၁-၂၀၁၄ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အပတ်စဉ်(၂၂)မှ**
**သူငယ်ချင်းများ**

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရင်ရင်မြ (တောင်ငူ)
### အသက်(၈၆)နှစ်

ရဲမှူးချုပ်သိန်းဦး (ဒုတိယရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့)-ဒေါ်ခင်မာဝင်းတို့၏မိခင် ဒေါ်ရင်ရင်မြသည် ၁၈-၁၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲမှူးကြီးမော်ဝင်းအောင်နှင့်ဇနီး**
**တပ်ဖွဲ့မှူး**
**ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း**
**လုံခြုံရေးရဲတပ်ဖွဲ့**

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နန်းစန်းတင်
### အသက်(၈၀)

ရဲမှူးကြီးမြင့်အောင်(ညွှန်မှူး၊ နိုင်ငံတကာမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့)-ဒေါ်ဝေမာကြည်တို့၏မိခင် ဒေါ်နန်းစန်းတင်သည် ၁၇-၁၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနှင့်ဇနီး**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ အာရုံခံတန်ဆောင်း ဒါယိကာမကြီး
## ဒေါ်ခင်စန်းရီ (ပုဂံ-ညောင်ဦး)
### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၃)ရပ်ကွက်၊ ရွှေဝါထွန်း ၂လမ်း၊ အမှတ် ၁၈၈နေ (ဦးကျော်ဇင်)၏ဇနီး၊ ဦးလှ-(ဒေါ်အမာစိန်)၊ ဦးအောင်ကြည်မြင့်-ဒေါ်စန်းစန်းအေး(အထက-၁၊ ဘိုကလေး)၊ ဦးဇော်ဦး-ဒေါ်ရီရီမြင့်တို့၏အစ်မ၊ ဦးမောင်မောင်ကျော်-ဒေါ်ခင်ဌေးလွင်၊ ဦးသိန်းနိုင် (မဟာကြွယ်စားသောက်ဆိုင်)-ဒေါ်သီရိမျိုးသန့်၊ ဦးခင်ဇော်(Managing Director,Unique HMS Co.,Ltd.)-ဒေါ်မြင့်မြင့်စန်း၊ (ဦးအဲလန်ကျော်မြင့်)-ဒေါ်စန်းကေသီ(ခ)တူးတူးတို့၏မိခင်၊ မောင်စစ်နိုင်(Grade-11,Pass,TTC၊ ကမာရွတ်)၊ မောင်ကျော်ဘုန်းထွဋ်(Grade-10, TTC၊ ကမာရွတ်)၊ မောင်ကျော်ဝင်းလွင်(Grade-10, အထက-၁၊ ပုဂံမြို့သစ်)၊ မခင်ကလျာလွင်(Grade-9,TTC၊ ကမာရွတ်)၊ မသဇင်စိုး(အမက၊ ကန်နီပေါက်၊ ညောင်ဦး)၊ မောင်ဘုန်းတေဇ KG(FISC) သန်လျင်၊ မောင်ဇေယျာအောင်တို့၏အဘွားသည် ၁၈-၁၁-၂၀၁၄ရက်(အင်္ဂါနေ့) နံနက် ၁၁း၅၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၁၄ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးသူရဝင်း အသက်(၄၂)နှစ်
**CDC-26954 2nd Engineer, St john Shipmanagement**

ရန်ကုန်မြို့၊ အရှေ့ကြို့ကုန်း ဖလမ်း(တောင်)၊ အမှတ် ၈၈(က)နေ [ဦးဝင်းမောင်(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ကညန)-ဒေါ်ခင်ဌေးစိုး]တို့၏သားငယ်၊ ဒေါ်စန္ဒာဝင်း(ကညန၊အင်းစိန်)၊ ဦးစဝင်းထွဋ်-ဒေါ်နီလာဝင်းတို့၏ညီ/မောင်၊ ဦးမျိုးမြင့်-ဒေါ်လှရင်တို့၏တူ၊ ဒေါ်ယုယုမိုး၊ ဗိုလ်မှူးဝင်းသူ(ငြိမ်း)-ဒေါ်ဖြူဖြူချို၊ ဦးအောင်မြတ်မိုး-ဒေါ်ဇွန်နှင်းဖြူ၊ ဦးအောင်တင်ဆင့်-ဒေါ်ဝင်းမိုးမိုးတို့၏ညီ/မောင်၊ မသက်ထားစံ၊ မောင်မင်းသက်ချို၊ ကိုစစ်မိုးဦး၊ မသွေးမိုးဦး၊ မောင်ကောင်းဆင့်ဝင်း၊ မောင်ဂျူနီယာတို့၏ဦးလေး၊ မောင်အောင်ခန့်(Grade-8, L, TTC)၏ဖခင်၊ ဒေါ်သူဇာမိုး၏ချစ်လှစွာသောခင်ပွန်းသည် ၁၈-၁၁-၂၀၁၄ရက် ည ၁၀း၃၀နာရီတွင် အခန်း ၃၊ တိုက် ၁၁၊ အနောက်ကြို့ကုန်းအရာရှိရိပ်သာ နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၄ရက်(ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## မမျိုးသီဂီ
### အသက်(၂၀)

ဦးဇော်မျိုး-ဒေါ်ခင်ဝင်းတို့၏သမီး၊ ဦးသီဟမျိုးသန့်၊ မခင်ခင်မိုးနှင့် ဗိုလ်မှူးကျော်ထင်တို့၏ညီမလေး ၁၉-၁၁-၂၀၁၄ရက် မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရက်လည်တရားတော်နာအား ၂၆-၁၁-၂၀၁၄ရက် မွန်းလွဲ ၂း၃၀နာရီတွင် လှိုင်ကော်မြို့၊ ကြည်သာယာရပ်ကွက်၊ ဂေါ်ရခါးကုန်းတွင် ပြုလုပ်မည်ဖြစ်ပါသဖြင့် လာရောက်နိုင်ပါရန်နှင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါကတည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

### ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ လမ်း၊ ရိပ်သာ ဒါယကာကြီး
## ဦးချစ်ညွှန့် (မိုးကုတ်မြို့)
### အသက်(၉၂)နှစ်

မိုးကုတ်မြို့၊ ကျပ်ပြင်မြို့မရပ်နေ ဒေါ်ခင်ငြိမ်၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးဝင်းဗိုလ်-ဒေါ်ချိုချိုစိုး၊ ဦးစိုးနိုင်-ဒေါ်နီနီအေး၊ ဦးဝင်းချို၊ ဦးအောင်မြင့်နိုင်-ဒေါ်ဆွေဆွေယု၊ဦးကြည်စိုးဝင်း-ဒေါ်မြင့်မြင့်ချို(မင်းသီဟကျောက်မျက်ရတနာ)၊ ဦးနိုင်ဝင်း-ဒေါ်ရီလင်းမြင့်တို့၏ဖခင်၊ မချောစုသဥ္ဇာဝင်း၊ ကိုဝေဖြိုးအောင်၊ မဖြိုးသဥ္ဇာအောင်၊ မခိုင်သဥ္ဇာစိုး၊ မကေဇင်သက်၊ မောင်အောင်ဖုန်းမြတ်တို့၏ ချစ်လှစွာသောအဘိုးသည် ၁၉-၁၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀နာရီတွင် ရန်ကုန်မြို့ ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၄ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေးမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ် E-14 A၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာဝင်း၊ Yangon Academy ကျောင်းရှေ့၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နေအိမ်မှကားများ နံနက် ၁၁း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာမောင်ဒီ
### ပါမောက္ခချုပ်(ငြိမ်း)၊ ရန်ကုန်တက္ကသိုလ်
### ဒုတိယဝန်ကြီး(ငြိမ်း)၊ ပညာရေးဝန်ကြီးဌာန
### အသက်(၈၂)နှစ်

၁၉၈၆ခုနှစ်၊ စက်မှုအင်ဂျင်နီယာဘွဲ့ရ အချစ်ဆုံးသူငယ်ချင်း ကိုကျော်ထူး (ဦးကုသလ)၏ဖခမည်းတော် ဆရာကြီးဒေါက်တာမောင်ဒီသည် ၉-၁၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းနှင့်၊ သူငယ်ချင်း၏မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**1986 Mech; ဘွဲ့ရ ပြည်တွင်းပြည်ပ**
**မှ သူငယ်ချင်းများ**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာမောင်ဒီ
### ဒုတိယဝန်ကြီး(ငြိမ်း)၊ ပညာရေးဝန်ကြီးဌာန
### ပါမောက္ခချုပ်(ငြိမ်း)ရန်ကုန်တက္ကသိုလ်

ဆရာကြီး ၉-၁၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်ရောက်(၁၉၆၆-၇၀) ဓာတုဗေဒ(မန်းတက္ကသိုလ်)တပည့်များ**

## ဦးကြည်အောင် (တပ်မတော်-ရေ၊ ငြိမ်း)
### အသက်(၇၄)နှစ်

နေပြည်တော်၊လယ်ဝေးမြို့နယ်၊ ကြောင်ရေကျေးရွာနေ(ဦးညီဆင်-ဒေါ်ပု)တို့၏သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊(၉)ရပ်ကွက်၊ အညာစုလမ်း၊ အမှတ် ၁၉၀နေ ဒေါ်စိန်မြရီ၏ခင်ပွန်း၊ (ကိုအောင်ခိုင်မြင့်)၊ ကိုသိန်းဌေးအောင်၊ ကိုဇော်မျိုးအောင်(ခ)ကိုဖိုးဇော်-မစုနှင်းဝေ၊ မမော်မော်သင်း(ခ)မပူစီလုံး၊ ကိုဖြိုးသိန်းထွေးအောင်(ခ)ကိုဖြိုးတို့၏ဖခင်၊ မအိအိမျိုး၊ မသိမ့်သိမ့်နွေးတို့၏အဘိုးသည် ၁၈-၁၁-၂၀၁၄ရက်(အင်္ဂါနေ့) နံနက်၀၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးပေါက်(ခ)ဦးစိုးမြင့် အသက်(၆၈)နှစ်
### (တိုက်ကြီးမြို့နယ်၊ ဝါးဘိုးစုကျေးရွာ)

ရန်ကုန်တိုင်းဒေသကြီး၊တိုက်ကြီးမြို့နယ်၊မင်းလှဝကျေးရွာအုပ်စု၊ဝါးဘိုးစုကျေးရွာနေ (ဦးဘသော်-ဒေါ်ဂွမ်းပုံ)တို့၏သားထွေး၊ လှည်းဆိပ်ကျေးရွာနေ (ဦးတင်ငြိမ်း-ဒေါ်ဌေးဌေး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ တိုက် ၉၊ အခန်း ၄၂၊ ရတနာလမ်း၊ မလိခအိမ်ရာနေ ဒေါ်ဖြူဖြူငြိမ်း၏ခင်ပွန်း၊ ကိုရဲမာန်-မတင်အေးခိုင်၊ မောင်ရဲဝင့်ကိုကို၊ မရဲဝင့်ခင်တို့၏ဖခင်၊ မသဲကလျာဝင့်၏အဘိုးသည် ၁၉-၁၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၀၅နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၂၂-၁၁-၂၀၁၄ရက်(စနေနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအေးအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရီရီမြင့် B.Ecom (Stat)
### အသက်(၅၅)နှစ်

ကြည်း-၁၆၅၁၅ (ဗိုလ်မှူးတင့်လွင်)၏ဇနီး ဒေါ်ရီရီမြင့်သည် ၁၅-၁၁-၂၀၁၄ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်အပတ်စဉ်(၂၂)မှ**
**သူငယ်ချင်းများ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စုစုကြည် (ထားဝယ်)
### အသက်(၅၃)နှစ်

ထားဝယ်မြို့၊ သင်္ဘောဆိပ်ရပ်၊ ကမ်းနားလမ်း၊အမှတ် ၇၂နေ [ဦးရွှေငန်း(ခ)ဦးဘထွန်းကြည်]-ဒေါ်မြသိန်းတို့၏သမီး၊ ဦးမြတ်သွင် - ဒေါ်ခင်စန်း၊ ဒေါက်တာမျိုးမြင့် - ဒေါ်ကြွယ်ကြွယ်၊ ဒေါ်ညာညာ၊ ဦးသန်းအောင်-ဒေါ်နီနီ (USA)၊ ဒေါ်ရင်ရင်၊ ဦးတင်မောင်မြင့်(ဒုတိယခရိုင်တရားသူကြီး၊ ဒက္ခိဏခရိုင်တရားရုံး) - ဒေါ်အေးအေးကြည်တို့၏ညီမ၊ ဦးဇင်ဘို-ဒေါ်အုန်းအုန်းကြည်၊(ဦးကျော်ဇော)-ဒေါ်ဝါဝါကြည်၊ (ကိုသန်းထွဋ်)တို့၏အစ်မ၊ တူ၊ တူမ ခုနစ်ယောက်တို့၏အဒေါ်သည် ၁၈-၁၁-၂၀၁၄ရက်(အင်္ဂါနေ့)နံနက်၀၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## နော်ဒီဘိုးရာ
### မြန်မာအရှေ့တိုင်းဘဏ်လီမိတက်
### အသက်(၆၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ကျမ်းစာသင်ကျောင်းလမ်း၊အမှတ်၂၂နေ(ဦးစောဂေါ်ဖရီ)-နော်စိန်မေတို့၏သမီး၊ဦးစောစယ်မြူရယ်ဂေါ်ဖရီ၊ ဦးစောမက်သရူး၊ ဂေါ်ဖရီတို့၏ညီမ၊ ဦးစောဘထွန်းလှ၏ဇနီး၊ စောအဲန်ဒြူး (ယူနိုက်တက်အမရဘဏ်လီမိတက်၊ ဘုရင့်နောင်ဘဏ်ခွဲ)၏မိခင်သည် ၁၉-၁၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ၂း၁၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့်၂၁-၁၁-၂၀၁၄ရက်(သောကြာနေ့)နံနက် ၉နာရီတွင်ဖူးသာဖြူအောက်မေ့ဖွယ်ရာခန်းမ၌ ဝတ်ပြုဆုတောင်းပြီး နံနက် ၁၀း၃၀ နာရီတွင် ထိန်ပင် ကရင်ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်း၊ ကျမ်းစာသင်ကျောင်းကုန်း၊ ဖူးသာဖြူအောက်မေ့ဖွယ်ရာခန်းမမှ ကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ခင်သိန်း B.A,B.Ed
### အထက်တန်းပြ(ငြိမ်း)
### အထက(၂)ဗိုလ်တထောင်
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်းလမ်း၊အမှတ် ၁၀နေ(ဦးဘသောင်း-ဒေါ်ငြိမ်းအေး)တို့၏သမီး၊ (ဦးခင်မောင်မောင်)-ဒေါ်ခင်ညွန့်တို့၏အစ်မ၊ ဦးမျိုးဆွေ-ဒေါ်မြတ်မြတ်စိုး၊ ဦးဆွေမင်း-ဒေါ်ပပခင်၊ ဒေါ်ဝါဝါခင်၊ ဦးတင်ကိုကိုဦး-ဒေါ်ဖြူဖြူခင်တို့၏ကြီးတော်၊ မစုစန္ဒီနိုင်၊ မစုမြတ်နိုး၊ မယုဇနအောင်၊ မအိမ့်မျက်ခြယ်တို့၏ အဘွားသည် ၁၉-၁၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွန်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွန်လွန်သူအားရည်စူး၍ ၂၅-၁၁-၂၀၁၄ရက် (အင်္ဂါနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မြတင်
### အသက်(၇၇)နှစ်

မိုးကုတ်မြို့၊ မြို့မရပ်နေ (ဦးဘဝင်း-ဒေါ်သူဇာ)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ ရန်ကင်းနေ ဦးလှမြင့်မောင်-ဒေါ်မြင့်မြင့်ကြည်၊ ဦးခင်မောင်သိန်း-ဒေါ်အမာ၊ ဦးဝင်းမြင့်-ဒေါ်သန်းသန်းဝင်း၊ ဦးခင်မောင်ငြိမ်း - ဒေါက်တာဝင်းဝင်းအေး၊ ဒေါက်တာဇော်မင်း-ဒေါက်တာခင်နှင်းဝေတို့၏အစ်မကြီး၊ ရန်ကုန်မြို့၊ အင်းလျားလမ်းနေ ဒေါ်ချိုချိုထွန်း၊ ဒေါ်မာလာထွန်း၊ ဦးကျော်သူ-ဒေါ်ချစ်စုခင်၊ ဒေါ်မွေးကြူသင်း၊ (ဒေါ်နှင်းမိုးအေး)၊ဒေါက်တာမြတ်လေးပန်းကိုဇော်ဟိန်း၊ ကိုဇော်ထက်၊ မမိမိအေးမပိုးမိုးအိ၊ ရန်ကုန်မြို့နေ ကိုကျော်စွာငြိမ်း၊ ကိုကိုကြီး၊ ကိုကိုငယ်၊ မနေခြည်သိန်းတို့၏အဒေါ်၊ မောင်ဘဏ်လင်းထက်၏ ဘွားဘွားကြီးသည် ၁၅-၁၁-၂၀၁၄ ရက်(စနေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်၊ ၁၄၇လမ်း၊ တိုက်အမှတ် ၁၂ (စီ) နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၆-၁၁-၂၀၁၄ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် မန္တလေးမြို့၊ အမှတ် ၃၂၂(ခ)၊ ၈၃လမ်း၊၃၁×၃၂လမ်းကြား ဒေါက်တာဒေါ်လွင်လွင်သန်း၏နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်အေး
### (မုဒုံ/ဘားအံ)
### အသက်(၆၆)နှစ်

မုဒုံမြို့မ၊ သင်္ဘောဦးရပ်၊ ဘုရင့်နောင်လမ်း၊အမှတ် ၁၆နေ (ဦးမောင်ပို-ဒေါ်ဘွားသွင်)တို့၏သမီး၊ဦးထင်-ဒေါ်သိန်းရွှေတို့၏သမီးချွေးမ၊ ဦးတင်ဝေ (တရားလွှတ်တော်ရှေ့နေ)၏ဇနီး၊ဦးခွန်ကြိုးရှိန်-ဒေါ်ဝင်းမြတို့၏ညီမ၊ ဦးရန်နိုင်-ဒေါ်ဝင်းမြင့်တင် (ဦးဆောက်ပန်းမိတ္တူ၊ ကွန်ပျူတာ)၊ ဦးထင်ကျော်(ခ) ဦးထင်ဇော်(PEACFIC- Electronic-Company LTD.)တို့၏မိခင်၊ မောင်လင်းထင်အောင်၊မောင်ဘဏ်ဝင့်အောင်တို့၏အဘွားသည် ၁၈-၁၁-၂၀၁၄ ရက် (အင်္ဂါနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၁၁-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁း၃၀နာရီတွင် မုဒုံမြို့ ကန်ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမျိုးသိန်းထူး (စလင်းမြို့)
### အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၀၁လမ်း၊ အမှတ် ၅၉နေ ဦးမြင့်သိန်း(လ/ထ စက်ရုံမှူး၊ ငြိမ်း)-ဒေါ်တင်ရီတို့၏သား၊ စလင်းမြို့၊ ပုထိုးဖြူရပ်ကွက်၊ လမ်းသစ်လမ်းနေ ဒေါ်လောကီးယား၏ခင်ပွန်း၊ ဦးညီညီ-ဒေါ်ဝါဝါ၊ ဦးစိုးနေအောင်-ဒေါ်မွန်မြတ်စိုးတို့၏အစ်ကိုသည် ၁၉-၁၁-၂၀၁၄ရက် နံနက် ၅နာရီတွင် ရန်ကုန်မြို့၌အလှူဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါ၍ ရေဝေးကာဗာစတန်၌ ဒါဖနာ ပြီးစီးကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တဓမ္မိက မဟာထေရ်
### သက်တော်(၉၀)၊ သိက္ခာတော်(၆၀)

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ရွာကြီးမြောက်ရပ်ကွက် သာသနဝေပုလဓမ္မိကာရုံ ကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တဓမ္မိက မဟာထေရ်မြတ်သည် (၁၃၇၆ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၅ရက်) ၁၁-၁၁-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၄နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၆ ခုနှစ် နတ်တော်လပြည့်ကျော် ၈ရက်) ၁၄-၁၂-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိဈာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဥတ္တမ(ခ)ဦးအောင်စိုး
### (ကုန်သွယ်ရေး၊ ငြိမ်း)၊ ကြည့်မြင်တိုင်
### သက်တော်(၉၀)၊ သိက္ခာတော်(၁၅)ဝါ

ရန်ကုန်မြို့နေ (ဦးအေးမောင်-ဒေါ်သန်းတင်)တို့၏သား၊ ရန်ကုန်မြို့၊ သုဝဏ္ဏ၊ သံသုမာလမ်း၊ တိုက်အမှတ် ၂၀၄/၂နေ (ရဟန်းမယ်တော်ကြီး ဒေါ်လှလှ)၏ခင်ပွန်း၊ ပဲခူးမြို့၊ အောင်တော်မူ မြနန်းရှင်စေတီတော်၊ သန်လျင်(ကျိုက်ခေါက်)၊ နေလစာသင်တိုက်ဦးစီးပဓာနဆရာတော်ဦးတေဇိန္ဒ၊ ဦးဥတ္တဌ၊ ဦးမြင့်ဇော်-ဒေါ်နီလာသိန်း၊ဦးမြင့်မော်၊ဦးသက်အောင်-ဒေါ်နော်ဆာထူးလေး၊ဦးသက်နောင်၊ ဦးအေးကျော်-ဒေါ်သင်းသင်းဦးတို့၏ခမည်းတော်/ဖခင်၊ မြေး လေးယောက်တို့၏အဘိုးသည် ၁၉-၁၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄း၁၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၁-၂၀၁၄ရက်(အင်္ဂါနေ့) နံနက် ၉နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ဗိမာန်၊ လမ်း၊ နတ်လမ်း၊ နံရံ၊ တံတား ဒါယကာကြီး
## ဦးစံသိန်း (သီလအဓိက) (ဂမ္ဘီရပြဒါးပြာ)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့နေ (ဦးဘဉာဏ်-ဒေါ်စိန်ဥ)တို့၏သား၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ တိုက် ၆၁၊ အခန်း ၁၃နေ (ဒေါ်ကျင်ကျင်)၏ခင်ပွန်း၊ (ဦးစိန်သောင်း)-ဒေါ်လှမြင့်၊(ဦးကြီးမြင့်)-ဒေါ်လှမြင့်တို့၏အစ်ကိုကြီး၊ ဦးနေမျိုး-ဒေါ်စန်းစန်းယဉ်၊ ဒေါ်သီတာသိန်း(အကြားအမြင်)၊ ဦးကျော်စံသိန်းတို့၏ဖခင်၊(ဦးသိန်းတန်)-ဒေါ်ခင်ခင်ဝင်း၊ ဦးနေဝင်း-ဒေါ်စိုးစိုးမာ၊ ဦးရဲနိုင်ဦး-ဒေါ်နီလာသောင်း၊ ဒေါ်နီနီမော်(သစ်အခြေခံ)၊ ဦးကျော်မင်းထွန်း-ဒေါ်စန်းစန်းမြင့်တို့၏ဘကြီး၊ တူ/တူမ ၁၅ယောက်၊ မြေး ၁၀ယောက်၊ မြစ် လေးယောက်တို့၏ဘိုးဘိုးကြီးသည် ၁၈-၁၁-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်လှနွဲ့
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၁)ရပ်ကွက်၊ ဂန္ဓမာလမ်း (မြတ်လေးလမ်းနှင့် ဂန္ဓမာလမ်းထောင့်)၊ အမှတ် ၁၃၇၂နေ (ဦးတင်အေး-ဒေါ်မြညွန့်)တို့၏သမီး၊ ဦးချစ်ရီ (မြန်မာ့အာမခံလုပ်ငန်း၊ ငြိမ်း) (စာရေးဆရာမင်းစိုး)၏ဇနီး၊ ဦးမြင့်သိန်း-ဒေါ်မေစန်းတို့၏ညီမ၊ မောင်ကိုဦး၊ မောင်လွင်ဦး၊ မောင်မိုးမင်းဦး-မနှင်းနွယ်နီချိုတို့၏မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၁၈-၁၁-၂၀၁၄ရက် (အင်္ဂါနေ့)မွန်းလွဲ၁း၃၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၄ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၁-၂၀၁၄ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးထွန်းဦးကျော်
### (MOGE, ဘဏ္ဍာရေးဌာန)
### အသက်(၃၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်စံပြရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ အမှတ် ၃၈၊ ပထမထပ်(ယာ)နေ ဦးထွန်း-(ဒေါ်အုံးမြိုင်)တို့၏မြေး၊ သျှားစောင်းကန်ကျေးရွာနေ ဦးမြဦး-ဒေါ်မြရင်တို့၏မြေး၊ (ဦးဇော်ဟုတ်တင် - ဒေါ်မြမြဝင်း)၊ ဗိုလ်မှူးကြီးလှဝင်း - ဒေါ်စန္ဒာထွန်းတို့၏ တူ၊ (ဦးကြည်ဌေး)-ဒေါ်ဝင်းမြင့်သန်းတို့၏သားကြီး၊ မောင်ကျော်စိုးဝင်း၏အစ်ကိုသည် ၁၉-၁၁-၂၀၁၄ရက် မွန်းလွဲ ၂း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၄ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများမွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်ထွေး(သန်လျင်)
### (၁၉၇၁-ဓာတုဗေဒ)
### (အထက-၁၊ ဒဂုံ ကျောင်းသားဟောင်း)
### အသက်(၆၈)နှစ်

(ဦးစိန်ထွန်း - ဒေါ်မှင်)တို့၏သား၊ (ဦးအုန်းမြင့် - ဒေါ်ခင်ရှု)တို့၏ သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ရွာနေ ဒေါ်မြင့်မြင့်လှိုင်၏ခင်ပွန်း၊ (ဦးမြင့်လွင်)-ဒေါ်တိုးကြည်၊(ဦးကြည်မြင့်-ဒေါ်ငြိမ်းရီ)၊ (ဦးလှမြင့်)-ဒေါ်တင်ရွှေ၊ ဦးဘုန်းမြင့်-ဒေါ်ခင်စောကြည်၊ ဦးတင်ဝင်း-ဒေါ်မြင့်မြင့်ရီတို့၏ညီ/မောင်၊မနှင်းမိုးအေး(ဆသရသင်တန်းကျောင်း)၊ မနှင်းမိုးထွေး (အိမ်မဲမြို့နယ် စာရင်းစစ်ရုံး)၊ မနှင်းမြမြမိုး (ဆသရ၊ မရမ်းကုန်း)၊ ကိုနေလင်းအောင်(Skyline Internet Cafe)၊ ဗိုလ်ကြီးအောင်ထွန်းနိုင်တို့၏ဖခင်သည် ၁၉-၁၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၄ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် သန်လျင်မြို့နယ် ဗိုလ်ချုပ်ရွာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးစံအေး (အလုပ်ကျေးရွာ)
### အသက်(၆၈)နှစ်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အလုပ်ကျေးရွာနေ (ဦးစံခင်-ဒေါ်ပုလဲရင်)တို့၏သား၊ (ဦးငယ်-ဒေါ်သောင်းရင်)တို့၏သားသမက်၊ (ဒေါ်ကွင်းစိန်)၏ခင်ပွန်း၊ ဒေါ်ခိုင်၊ အန်တီမိုးတို့၏အစ်ကို၊ ကိုတင်ဦး-မသန်းမြင့်၊ ကိုစံတင်း-မကျော့၊ ဆရာမောင်မောင်(ခ)ဆရာကျော်စွာ၊ ကိုမောင်မြင့်-မနီမိုး၊ ကိုနေမျိုး-မလှရီ၊ ကိုစိုး-မအေးမြတ်မွန်၊ ကိုဇော်လတ်-မခင်ထွေး၊ကိုကျော်မျိုးဟိန်းတို့၏ဖခင်၊ မြေး ၁၃ယောက်တို့၏အဘိုးသည် ၁၉-၁၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၈နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၄ရက်(သောကြာနေ့)ညနေ ၄နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ပြည်နယ်၏သဘာဝအလှတရားကို ဖော်ကျူးမည့် လျှပ်စစ်စွမ်းအား

သတင်းဆောင်းပါး
ကျော်သူဝင်း(မြန်မာ့အလင်း)

နေပြည်တော် နိုဝင်ဘာ ၁၉

**ရခိုင်ပြည်နယ်သည် နိုင်ငံ၏အနောက်ဘက်ပိုင်း၌တည်ရှိပြီး ခရိုင်ငါးခု၊ မြို့နယ် ၁၇ ခု၊ မြို့နယ်ခွဲ သုံးခုဖြင့် ဖွဲ့စည်းထားပြီး လူဦးရေ ၃၃ သိန်းကျော်နေထိုင်ကြသည်။ တောင်ကုန်းတောင်တန်းနှင့် လျှိုမြောင်များထူထပ်လျက်ရှိသောကြောင့် လမ်းပန်းဆက်သွယ်မှုခက်ခဲ၍ ထင်သလောက်ခရီးမပေါက်ခဲ့ပေ။ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိမှုမှာ အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်။**



ရခိုင်ပြည်နယ်ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံကို တွေ့ရစဉ်။

လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိလာသည်နှင့်အမျှ စက်မှုဇုန်များ၊ အအေးခန်းလုပ်ငန်းများ၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်များ၊ အခြားဒေသတွင်း စီမံကိန်းလုပ်ငန်းများနှင့် ပညာရေး၊ ကျန်းမာရေးစသည့် လူမှုရေးလုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ၂၄ နာရီ ဓာတ်အား အလုံအလောက်ရရှိစေရန် နိုင်ငံတော်အစိုးရက အိန္ဒိယအစိုးရ၏ ချေးငွေအကူအညီရယူ၍ ရခိုင်ပြည်နယ်၏ မြို့ကြီး ၁၅ မြို့၌ ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှစတင်၍ လျှပ်စစ်စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ကျောက်ဖြူမြို့အနီးရှိ ရွှေသဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းမှ သဘာဝဓာတ်ငွေ့ ကုဗပေ သန်း ၂၀ ထွက်ရှိပြီး ကျောက်ဖြူဒေသဖွံ့ဖြိုးရေးအတွက် အချို့ကို သုံးစွဲမည်ဖြစ်ကြောင်း သိရသည်။ ကျောက်ဖြူမြို့ အပါအဝင် ကျေးရွာပေါင်း ၁၅ ရွာသို့ ဓာတ်အားများ ပို့လွှတ်နိုင်ခဲ့သည်။ ယခုအခါ မီတာခအနေဖြင့် တစ်ယူနစ်လျှင် အိမ်သုံး ၃၅ ကျပ်၊ စက်မှုဇုန်သုံး ၇၅ ကျပ်သာပေးဆောင်ရတော့သဖြင့် မီးသုံးစွဲသူများပြားလာပြီး ဓာတ်အားပမာဏ ၃ ဒသမ ၂ မဂ္ဂါဝပ်ခန့်တိုးတက်သုံးစွဲလာ၍ ၁ ဒသမ ၁ မဂ္ဂါဝပ် Gas Engine တစ်လုံးကို ထပ်မံတပ်ဆင်၍ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည်။

ထို့ပြင် ၂၃၀ ကေဗွီ ဥသျှစ်ပင်-တောင်ကုတ်-မဟာဓာတ်အားလိုင်းသည် ရခိုင်ရိုးမကို ဖြတ်ကျော်ပြီး ၂၃၀ ကေဗွီ (၁၀၀) အမ်ဗွီအေ တောင်ကုတ်ပင်မဓာတ်အားခွဲရုံတပ်ဆင်ကာ တောင်ကုတ်မြို့နှင့်သံတွဲမြို့များသို့ ဖြန့်ဖြူးပေးဝေနိုင်ခဲ့သည်။ ဆက်လက်၍ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် စစ်တွေ၊ ကျောက်ဖြူ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ ရမ်းဗြဲမြို့များနှင့်မဒဲကျွန်းများထိ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးရန် စီစဉ်လျက်ရှိသည်။ ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းများ လုံးဝပြီးစီးသွားပါက ကျန်ဒေသများအားလုံးသို့ ၂၄ နာရီ ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးနိုင်မည်ဖြစ်သည်။ *စာမျက်နှာ ၉ ကော်လံ ၆* ❄

ယနေ့ မာတိကာ

**ကမ္ဘာ့အကြီးဆုံးနှင့် ဈေးအကြီးဆုံး ကြော်ငြာဘုတ် နယူးယောက်၌ စိုက်ထူ**

စာမျက်နှာ » ၄

**ကလေးသူငယ်များဘဝဖွံ့ဖြိုးဖို့ ကဏ္ဍပေါင်းစုံဆောင်ရွက်စို့**

ဆောင်းပါး စာမျက်နှာ » ၆

**တောင်သမန်အင်းတွင် ကမ္ဘာလှည့်ခရီးသည်များ ငှက်လှေစီးပြီး နေဝင်ဆည်းဆာအလှကို ကြည့်ရှုခံစား**

စာမျက်နှာ » ၁၀


ကြော်ငြာ
အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာနှင့် ဥပဒေကြမ်း အချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။


## ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေကြမ်း

အချပ်ပို က မှ ဇ တွင် ဖတ်ရှုနိုင်ပါသည်။

# ပြည်တွင်းရေကြောင်းမှကူးတို့ယာဉ်နှစ်စင်း ဒလဘက်ရှိ ကမာကဆစ်မှ ရန်ကုန်ခရီးစဉ် ပြေးဆွဲရန်လျာထား

သတင်း-ဝေယံဦး
ဓာတ်ပုံ
တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၁၉

**ရန်ကုန်မြို့ရှိ ပန်းဆိုးတန်း -ဒလ ကူးတို့ခရီးစဉ်ကို ဂျပန်နိုင်ငံမှ ကူးတို့ရေယာဉ်အသစ်သုံးစင်းဖြင့် ပြေးဆွဲပေးနေပြီဖြစ်ရာ ယခင်ပြည်တွင်းရေကြောင်းက ပြေးဆွဲပေးနေသော ကူးတို့ယာဉ်နှစ်စင်းကို ဒလဘက်ခြမ်းရှိ ကမာကဆစ်နှင့် ရန်ကုန်ဘက်ကမ်းသို့ပြေးဆွဲပေးရန် အစီအစဉ်ရှိကြောင်း ပြည်တွင်းရေကြောင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။**



ကမာကဆစ် ဆိပ်ကမ်းဘက်မှ ရန်ကုန်သို့ နေ့စဉ်ခရီးသည် တစ်သောင်းခွဲခန့် သွားလာလျက်ရှိရာ လောလောဆယ်တွင် စက်တပ်ရေယာဉ်ငယ်များဖြင့် သွားလာလျက်ရှိသည်။ ခရီးသည်များဘေးကင်းလုံခြုံစွာသွားလာနိုင်ရေးအတွက် ပန်းဆိုးတန်း-ဒလခရီးစဉ်မှ ကူးတို့ယာဉ်နှစ်စင်းဖြင့် နေ့စဉ်ပြေးဆွဲပေးနိုင်ရန် စီစဉ်နေခြင်းဖြစ်သည်။

ထိုသို့ ကူးတို့ယာဉ်နှစ်စင်း နေ့စဉ်ပြေးဆွဲပေးရန် အစီအစဉ်ရှိသော်လည်း ဒလဘက်ရှိ ကမာကဆစ် ဆိပ်ကမ်းဘက်၌ ကူးတို့ရေယာဉ်ကြီးများ ဆိုက်ကပ်ရန် ဆိပ်ခံ *စာမျက်နှာ ၉ ကော်လံ ၆* ❖







မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS

ဥပဒေကြမ်း

# ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေကြမ်း

**ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေကြမ်း**
**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်      )**
**( ၁၃၇၆ခုနှစ်၊            လ၊       ရက် )**
**( ၂၀၁၄ ခုနှစ်၊            လ၊       ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

**အမည်**

၁။ ဤဥပဒေကို **ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေ** ဟု ခေါ်တွင်စေရမည်။

**အဓိပ္ပာယ်ဖော်ပြချက်**

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဘဏ်** ဆိုသည်မှာ မြန်မာနိုင်ငံတွင် ကူးသန်းရောင်းဝယ်ရေးဘဏ် လုပ်ငန်းဖြစ်စေ၊ ဖွံ့ဖြိုးရေးဘဏ် ဘဏ်လုပ်ငန်းဖြစ်စေ ဆောင်ရွက်ရန် ဗဟိုဘဏ်က လိုင်စင်ထုတ်ပေးထားသည့် ကုမ္ပဏီကိုဆိုသည်။ ယင်းစကားရပ်တွင် လိုင်စင်ရရှိထားသော နိုင်ငံခြားဘဏ်ခွဲလည်း ပါဝင်သည်။

(ခ) **ဘဏ်လုပ်ငန်း** ဆိုသည်မှာ အောက်ပါလုပ်ငန်းများကို ဆိုသည်-

(၁) တောင်းဆိုသည့်အခါချက်ချင်းဖြစ်စေ၊ အချိန်ပိုင်းတစ်ရပ်ဖြင့်ဖြစ်စေ ဘဏ်က ပြန်လည်ပေးရမည့် အများပြည်သူထံမှ အပ်နှံငွေအမျိုးမျိုးကို လက်ခံသည့် လုပ်ငန်း၊

(၂) ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူများက ထုတ်ပေးသော သို့မဟုတ် ပေးသွင်းသောချက်လက်မှတ်များကို ငွေထုတ်ပေးသည့်လုပ်ငန်းနှင့် ငွေကောက်ခံပေးသည့် လုပ်ငန်း၊

(၃) ချေးငွေအမျိုးမျိုးထုတ်ချေးခြင်းလုပ်ငန်း၊

(၄) ဗဟိုဘဏ်က အခါအားလျော်စွာ သတ်မှတ်လုပ်ကိုင်ခွင့်ပြုသည့် ဘဏ်လုပ်ငန်းများ။

(ဂ) **ဦးပိုင်ကုမ္ပဏီ** ဆိုသည်မှာ ဘဏ်လိုင်စင်ရအဖွဲ့အစည်း တစ်ခု၏ အစုရှယ်ယာ ၅၁ ရာခိုင်နှုန်းနှင့်အထက်အား ပိုင်ဆိုင် ပြီး ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဒါရိုက်တာအဖွဲ့ဝင် အများစုကို ရွေးကောက်တင်မြှောက်နိုင်သည့် အခွင့်အာဏာရှိသော သို့မဟုတ် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ စီမံခန့်ခွဲမှုများ၊ လုပ်ငန်းဆောင်ရွက်ချက်များနှင့် မူဝါဒများကိုသော်လည်းကောင်း သိသာစွာလွှမ်းမိုးဆောင်ရွက်နိုင်သော ကုမ္ပဏီတစ်ခုကို ဆိုသည်။

(ဃ) **ဒါရိုက်တာအဖွဲ့** ဆိုသည်မှာ ငွေရေးကြေးရေးအဖွဲ့အစည်း တစ်ခု၏ ဒါရိုက်တာအဖွဲ့ကို ဆိုသည်။

(င) **ဘဏ်ရုံးခွဲ** ဆိုသည်မှာ ငွေရေးကြေးရေးအဖွဲ့အစည်း၏ ပင်မလုပ်ငန်းနေရာအပြင် လုပ်ငန်းဆောင်ရွက်ပေးသည့် ရုံးခွဲ၊ ငွေထုတ်ပေးသည့်ရုံး၊ ငွေတစ်ဆင့်ထုတ်ပေးသည့်ရုံး၊ ကိုယ်စားလှယ်ရုံးနှင့် သတ်မှတ်ကာလတစ်ခုအတွက်သာ လုပ်ငန်းဆောင်ရွက်သည့်နေရာနှင့် ရွှေ့ပြောင်းလုပ်ငန်းဆောင်ရွက်ပေးသည့် ရုံးနေရာတို့ပါဝင်သည်။

(စ) **အလုပ်လုပ်ရက်** ဆိုသည်မှာ စနေ၊ တနင်္ဂနွေ၊ အများပြည်သူ အလုပ်ပိတ်ရက်နှင့် ဘဏ်ပိတ်ရက်မှအပ ကျန်သည့် ပြက္ခဒိန်နေ့ရက်တစ်ခုခုကို ဆိုသည်။

(ဆ) **မတည်ရင်းနှီးငွေ** (Capital funds) ဆိုသည်မှာ-

(၁) မြန်မာနိုင်ငံတွင် တည်ထောင်သည့် ဘဏ်လိုင်စင်ရအဖွဲ့အစည်းဖြစ်လျှင်-

(ကက) ဗဟိုဘဏ်က သတ်မှတ်သည့် မတည်ငွေရင်းလုံလောက်မှုအချိုးကိုပြည့်မီစေရန် လိုအပ်ချက်အရ လုံလောက်စွာထည့်ဝင်ရမည့် မတည်ရင်းနှီးငွေကိုလည်းကောင်း၊

(ခခ) ဘဏ်၏ အရှုံးဖြစ်ပေါ်မှုများကို နုတ်ပယ်ပြီးနောက် အများပြည်သူသို့ ကြေညာသည့် သီးသန့်ရန်ပုံငွေနှင့် ထည့်ဝင်ပြီး မတည်ငွေရင်းနှစ်ရပ်၏ စုစုပေါင်း၊ နှင့်

(၂) မြန်မာနိုင်ငံတွင်လိုင်စင်ရရှိသည့် ပြည်ပမှဘဏ်ဖြစ်လျှင် ဗဟိုဘဏ်ကသတ်မှတ်သော မတည်ရင်းနှီးငွေကို ဆိုသည်။

(ဇ) **ဗဟိုဘဏ်** ဆိုသည်မှာ ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေအရ ဖွဲ့စည်းတည်ထောင်သည့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကို ဆိုသည်။

(ဈ) **အမှုဆောင်အရာရှိချုပ် (Chief Executive)** ဆိုသည်မှာ ငွေရေးကြေးရေးအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စီမံခန့်ခွဲမှုတွင် အဓိကတာဝန်ရှိသူကိုဆိုသည်။ ဤစကားရပ်တွင် ငွေရေးကြေးရေးအဖွဲ့အစည်းတွင် တိုက်ရိုက်ခန့်ထားခြင်းခံရသူဖြစ်စေ၊ ငွေရေးကြေးရေးအဖွဲ့အစည်းအတွက် ခေတ္တဆောင်ရွက်သူဖြစ်စေ၊ ငွေရေးကြေးရေးအဖွဲ့အစည်း၏ အစီအစဉ်ဖြင့် ဆောင်ရွက်သူဖြစ်စေ အကျုံးဝင်သည်။

(ည) **ကုမ္ပဏီ** ဆိုသည်မှာ မြန်မာနိုင်ငံ၏ တည်ဆဲကုမ္ပဏီများဆိုင်ရာဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်ကုမ္ပဏီကို ဆိုသည်။

(ဋ) **ချေးငွေအမျိုးမျိုးထုတ်ချေးခြင်းလုပ်ငန်း (Credit facility)** ဆိုသည်မှာ -

(၁) ငွေရေးကြေးရေးအဖွဲ့အစည်းက ဆက်သွယ်ဆောင်ရွက်သူအား ထုတ်ပေးနိုင်သောရန်ပုံငွေ သို့မဟုတ် ငွေရေးကြေးရေးအာမခံများအရ ချေးငွေထုတ်ပေးခြင်း၊ ကြိုတင်ပေးငွေနှင့် အခြားသော ချေးငွေအမျိုးအစားများ ထုတ်ချေးပေးခြင်း၊

(၂) ဆက်သွယ်ဆောင်ရွက်သူကိုယ်စား ငွေရေးကြေးရေးအဖွဲ့အစည်းကကျခံပေးသည့် အခြားပေးရန်တာဝန်များကို ဆိုသည်။

(ဌ) **ငွေစုငွေချေးအသင်း (Credit Societies) လုပ်ငန်း**ဆိုသည်မှာ အသင်းဝင်များ စာရင်းရှိစုဆောင်းထားသည့်ငွေများကို အသုံးပြု၍ အသင်းဝင်တစ်ဦးချင်းသို့ စားသုံးမှုအတွက်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုအတွက်လည်းကောင်း၊ ကူးသန်းရောင်းဝယ်မှုအတွက် လည်းကောင်း ချေးငွေများထုတ်ပေးခြင်းကို အဓိကထား၍ ဆောင်ရွက်သည့်လုပ်ငန်းကို ဆိုသည်။

(ဍ) ချေးငွေတိုကင် (Credit token) လုပ်ငန်းဆိုသည်မှာ အကြွေးဝယ်ကတ်(credit card)၊ မြီစားကတ် (debit card)၊ ကြိုတင်ပေးကတ် သို့မဟုတ် တန်ဖိုးသိုမှီးထားသောကတ် (stored value card)နှင့် ဗဟိုဘဏ်မှသတ်မှတ်ခွင့်ပြုထားသော အခြားကတ် သို့မဟုတ် ကိရိယာများအတွက် တိုကင်ထုတ်ပေးသည့် လုပ်ငန်းကိုဆိုသည်။

(ဎ) **ချေးငွေသတင်းအချက်အလက်ဌာန** (Creditbureau)ဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက်ဖြစ်စေ၊ ကုမ္ပဏီများအတွက်ဖြစ်စေ ချေးငွေဆိုင်ရာသတင်းအချက်အလက်များကို စုဆောင်းပြီး အခကြေးငွေရယူ၍ ချေးငွေဆိုင်ရာသတင်းအချက်အလက်များ ပံ့ပိုးပေးသည့်အဖွဲ့အစည်းကို ဆိုသည်။

(ဏ) **အပ်နှံငွေ** (deposit) ဆိုသည်မှာ တောင်းဆိုသည့်အခါတွင်ဖြစ်စေ၊ အချိန်ကာလတစ်ခုတွင်ဖြစ်စေ၊ ငွေအပ်နှံသူနှင့် ငွေလက်ခံသူတို့ သဘောတူထားသည့် အခြေအနေတွင်ဖြစ်စေ၊ ငွေပမာဏတစ်ရပ်လုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းအားပြန်လည်ပေးရမည့် ငွေတစ်ရပ်ကိုဆိုသည်။

(တ) **ဖွံ့ဖြိုးရေးဘဏ်** ဆိုသည်မှာ ဘဏ်တွင် သက်တမ်းတစ်နှစ်ထက်ကျော်လွန်သော စာရင်းသေအပ်နှံငွေကို လက်ခံပြီး အဆိုပါဘဏ်က စုစည်းထားသည့် ယင်းအပ်ငွေများ၏ သက်တမ်း သို့မဟုတ် အစိုးရအဖွဲ့က ဖြည့်ဆည်းပေးသည့် ရန်ပုံငွေများ၏ သက်တမ်းနှင့်ကိုက်ညီသော ချေးငွေများဖြင့်အထူးစီးပွားရေးလုပ်ငန်းကဏ္ဍများသို့ ဖြည့်ဆည်းပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ဗဟိုဘဏ်ကလိုင်စင်ထုတ်ပေးထားသောဘဏ်ကို ဆိုသည်။

(ထ) **စာတမ်းအမှတ်အသား** ဆိုသည်မှာ အောက်ပါတို့ ပါဝင်သည် -

(၁) မည်သည့်ပုံစံဖြင့်မဆို သရုပ်ဖော်ထားသည့် သို့မဟုတ် ဖော်ပြထားသည့် အရာဝတ္ထုတစ်ခုခု၊

(၂) အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ၊ သံလိုက်နည်းဖြင့်ဖြစ်စေ၊ စက်မှုပိုင်းဆိုင်ရာနည်းဖြင့်ဖြစ်စေ ရုပ်သေ သို့မဟုတ် ရုပ်ရှင်ဖြင့် မှတ်တမ်းတင်ထားသည့် မြင်နိုင်သောအရာတစ်ခုခု၊ အသံသွင်းထားသည့်အရာတစ်ခုခု၊

(ဒ) **ဝန်ထမ်း**ဆိုသည်မှာ ငွေရေးကြေးရေးအဖွဲ့အစည်း၏ ဝန်ထမ်းကိုဆိုသည်။ ထို့ပြင် ယင်းစကားရပ်တွင် အခြားအလုပ်ရှင်က ခေတ္တလွှဲပြောင်းပေးထားသူများ ပါဝင်သည်။

(ဓ) **ကြွေးမြီများဝယ်ယူကောက်ခံသည့် (Factoring) လုပ်ငန်း** ဆိုသည်မှာ သူတစ်ဦးဦးက ရရန်ရှိသည်များကို ငွေရေးကြေးရေးအဖွဲ့အစည်းက လျှော့နှုန်းဖြင့်ဝယ်ယူ၍ ကောက်ခံပြီးရယူသည့် လုပ်ငန်းကို ဆိုသည်။

(န) **သင့်လျော်မှန်ကန်ခြင်းရှိမှု (Fit and proper)** ဆိုသည်မှာ ဤဥပဒေအရ အကျုံးဝင်သည့် ပုဂ္ဂိုလ်များအတွက် ဗဟိုဘဏ်က စည်းမျဉ်းများဖြင့် သတ်မှတ်သည့်စံနှုန်းများကိုဆိုသည်။ ယင်းစကားရပ်တွင် ပုဂ္ဂိုလ်တစ်ဦး၏ရိုးသားမှု၊ ဖြောင့်မတ်မှု၊ လုံ့လဝီရိယရှိမှု၊ စွမ်းဆောင်ရည်ရှိမှုတို့နှင့် လုပ်ငန်းအတွေ့အကြုံရှိမှုတို့ပါဝင်သည်။

(ပ) **ငွေရေးကြေးရေးအဖွဲ့အစည်း** ဆိုသည်မှာ ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် ဇယားဝင်အဖွဲ့အစည်းများကို ဆိုသည်။

(ဖ) **ငွေရေးကြေးရေး ကုမ္ပဏီလုပ်ငန်း** ဆိုသည်မှာ အများပြည်သူထံမှ အပ်နှံငွေမယူဘဲ အခြားနည်းဖြင့်ရရှိသည့် ငွေကြေးရန်ပုံငွေဖြင့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုဝယ်ယူခြင်းအတွက် ချေးငွေထုတ်ပေးသည့်လုပ်ငန်းကို အဓိကဆောင်ရွက်သည့် လုပ်ငန်းကို ဆိုသည်။

(ဗ) **နိုင်ငံခြားဘဏ်ခွဲ** ဆိုသည်မှာ မြန်မာနိုင်ငံတွင် ဘဏ်လုပ်ငန်းဆောင်ရွက်ရန် ဗဟိုဘဏ်ကလိုင်စင်ထုတ်ပေးထားသည့် နိုင်ငံခြားဘဏ်၏ ဘဏ်ခွဲတစ်ခုကိုဆိုသည်။

(ဘ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(မ) **အငှားချသည့်လုပ်ငန်း** ဆိုသည်မှာ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းကို ငှားယူသူက ဝယ်ယူသည့်နည်းလမ်းဖြင့်ဖြစ်စေ၊ မဝယ်ယူသည့် နည်းလမ်းဖြင့်ဖြစ်စေ ငှားရမ်းခြင်း သို့မဟုတ် တစ်ဆင့်ငှားရမ်းခြင်းလုပ်ငန်းကို ဆိုသည်။

(ယ) **ဘဏ်လိုင်စင်ရအဖွဲ့အစည်း** ဆိုသည်မှာ ဤဥပဒေ ပုဒ်မ ၇ အရ လိုင်စင်ထုတ်ပေးထားသောဘဏ်ကို ဆိုသည်။

(ရ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(လ) **ငွေကြေးဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ အောက်ပါတစ်ခုခုကို ဆောင်ရွက်သည့်လုပ်ငန်းကို ဆိုသည် -

(၁) ငွေလွှဲခြင်း၊

(၂) ငွေပေးချေမှုကိရိယာများကို ထုတ်ဝေခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(၃) ချက်လက်မှတ်များကို ငွေသားဖြင့်လဲလှယ်ပေးခြင်းနှင့်

(၄) ခရီးသွားချက်လက်မှတ် သို့မဟုတ် ငွေပေးအမိန့်လက်မှတ်များ ထုတ်ဝေခြင်းနှင့်ရောင်းချခြင်းလုပ်ငန်းကို ဆိုသည်။

(ဝ) **ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်း** ဆိုသည်မှာ အောက်ပါလုပ်ငန်းတစ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရန် ပုဒ်မ ၁၆အရ မှတ်ပုံတင်ထားသည့် ငွေရေးကြေးရေးအဖွဲ့အစည်းများကို ဆိုသည် -

(၁) ငွေရေးကြေးရေးကုမ္ပဏီလုပ်ငန်း၊

(၂) အငှားချသည့်လုပ်ငန်း၊

(၃) ကြွေးမြီများဝယ်ယူကောက်ခံသည့်လုပ်ငန်း (Factoring)

(၄) ချေးငွေတိုကင်လုပ်ငန်း (Credit token)

(၅) ငွေကြေးဝန်ဆောင်မှုလုပ်ငန်း

(၆) ဗဟိုဘဏ်က သတ်မှတ်သည့် အခြားချေးငွေဝန်ဆောင်မှုလုပ်ငန်းတစ်ခုခု။

(သ) ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုနှင့် ဆက်နွယ်သည့် အရာရှိဆိုသောစကားရပ်တွင် အောက်ပါတို့ပါဝင်သည် -

(၁) ငွေရေးကြေးရေးအဖွဲ့အစည်း၏ အမှုဆောင်အရာရှိချုပ် သို့မဟုတ် ဒုတိယအမှုဆောင်အရာရှိချုပ်၊

(၂) ငွေရေးကြေးရေး အရာရှိချုပ်၊

(၃) ငွေရေးကြေးရေးအဖွဲ့အစည်းတွင် စီမံခန့်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်သော အခြားဝန်ထမ်းများ။

(ဟ) **ငွေပေးချေမှုစနစ်** ဆိုသည်မှာ ငွေကြေးရန်ပုံငွေ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များကို စာရင်းရှင်းလင်းသော သို့မဟုတ် စာရင်းပေးချေရှင်းလင်းသော ငွေပေးချေမှုစနစ် သို့မဟုတ် လွှဲပြောင်းမှုအစီအစဉ်ကိုဆိုသည်။ သို့ရာတွင် အောက်ပါတို့မပါဝင်ပါ-

(၁) သူတစ်ပါးအတွက်လွှဲပြောင်းခြင်း၊ စာရင်းရှင်းလင်းခြင်း၊ စာရင်းပေးချေရှင်းလင်းခြင်းမဟုတ်ဘဲ အဖွဲ့အစည်းတစ်ခုအတွင်း ကိုယ်ပိုင်စီမံခန့်ခွဲမှုကိစ္စရပ်အတွက် ဆောင်ရွက်သည့် ဌာနတွင်းငွေပေးချေမှုစနစ်၊

(၂) ဗဟိုဘဏ်ကသတ်မှတ်နိုင်သည့် အခြားငွေပေးချေမှုစနစ်များ သို့မဟုတ် အစီအစဉ်များ။

(ဠ) **ငွေပေးချေမှုနည်းလမ်းများ** ဆိုသည်မှာငွေ၊ ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုများရယူရာ၌သော်လည်းကောင်း၊ ပေးချေရန်အတွက် သော်လည်းကောင်း အသုံးပြုနိုင်သည့် ထိတွေ့နိုင်သော သို့မဟုတ် မထိတွေ့နိုင်သော ငွေပေးချေမှုနည်းလမ်းတစ်ခုခုကိုဆိုသည်။

(အ) **ပုဂ္ဂိုလ်** ဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် ဥပဒေအရဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်ကို ဆိုသည်။

(ကက) **လုပ်ငန်းတည်နေရာ** ဆိုသည်မှာ အများပြည်သူအတွက် လှည့်လည်ရွှေ့ပြောင်းဖွင့်လှစ်သည့် ရုံးအပါအဝင် ငွေရေးကြေးရေးအဖွဲ့အစည်း၏ရုံး သို့မဟုတ် ရုံးခွဲကို ဆိုသည်။

(ခခ) **သတ်မှတ်ပြဋ္ဌာန်းခြင်း**ဆိုသည်မှာ ဤဥပဒေအရ စည်းမျဉ်းများ ထုတ်ပြန်၍ သတ်မှတ်ခြင်းကို ဆိုသည်။

(ဂဂ) ဆွေမျိုးသားချင်း (Relative) ဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦး၏ ဇနီး သို့မဟုတ် ခင်ပွန်း၊ ညီအစ်ကိုမောင်နှမများ၊ ထိုသူ၏ဇနီး သို့မဟုတ် ခင်ပွန်း၏ ညီအစ်ကိုမောင်နှမများ၊ ထိုသူနှင့် ထိုသူ၏ဇနီး သို့မဟုတ် ခင်ပွန်း၏မိဘ၊ ဘိုးဘွားနှင့် ဆက်ခံသူ သားသမီး၊ မြေးမြစ်များ၊ ၎င်းကိုမှီခိုသူများနှင့် မွေးစားခြင်းကြောင့်ဖြစ်ပေါ်လာသည့် ဆွေမျိုးတော်စပ်သူများကို ဆိုသည်။

(ဃဃ) **ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုနှင့် ဆက်နွယ်သူများ** ဆိုသည်မှာ -

(၁) ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုတွင် အကျိုးစီးပွားအများအပြားရှိသူ သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုကပုဂ္ဂိုလ်ထံတွင် သိသာထင်ရှားသော အကျိုးခံစားခွင့်ရှိခြင်း၊

(၂) ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခု၏ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦး သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းကို ထိန်းချုပ်နိုင်သောစီးပွားရေးလုပ်ငန်းတစ်ခု၊

(၃) ပုဒ်မခွဲငယ် (၁) နှင့် (၂)တို့ပါ လူပုဂ္ဂိုလ်တစ်ဦးဦး၏ ဆွေမျိုးသားချင်းတစ်ဦးဦး၊

*စာမျက်နှာ ၈ သို့*

## ဥပဒေကြမ်း

*စာမျက်နှာ ၁ မှ*

(၄) ပုဒ်မခွဲငယ် (၁) မှ (၃)ထိ ဖော်ပြထားသော ပုဂ္ဂိုလ်တစ်ဦးဦးက ထိန်းချုပ်သည့် အဖွဲ့အစည်းတစ်ခုခု၊

(၅) ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခု၌ ယခင် သို့မဟုတ် လက်ရှိကာလတွင် အကျိုးစီးပွားများစွာရှိနေခြင်း သို့မဟုတ်ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် ဆက်နွှယ်ပတ်သက်နေခြင်းတို့ကြောင့် ဆက်နွှယ်နေသူဟု ဗဟိုဘဏ်က သတ်မှတ်ခြင်းခံရသူ၊

(ငင) **ဇယားဝင်အဖွဲ့အစည်း** ဆိုသည်မှာ ဤဥပဒေအရမဟုတ်ဘဲ အခြားသီးခြားဥပဒေတစ်ရပ်ရပ်အရ တည်ထောင်ပြီးသီးသန့်လူအုပ်စု၊ အသိုက်အဝန်းတစ်ခုအတွက်သာ ငွေရေးကြေးရေးဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကိုဆိုသည်။ ယင်းတို့တွင်-

(၁) ကျေးလက်ဖွံ့ဖြိုးရေးဘဏ်

(၂) စိုက်ပျိုးရေးဘဏ်

(၃) ၂၀၁၁ ခုနှစ် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေအရ လိုင်စင်ထုတ်ပေးထားသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ

(၄) ငွေစုငွေချေးအသင်းများနှင့်

(၅) စာတိုက်ငွေစုဘဏ်တို့ ပါဝင်သည်။

(စစ) **ငွေချေးသက်သေခံလက်မှတ်** ဆိုသည်မှာ တည်ဆဲငွေချေးသက်သေခံလက်မှတ် လဲလှယ်ရောင်းဝယ်ရေးဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် ငွေချေးသက်သေခံလက်မှတ်ကိုဆိုသည်။

(ဆဆ) **လက်အောက်ခံကုမ္ပဏီ** ဆိုသည်မှာ တည်ဆဲမြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း ဖြစ်သည်။

(ဇဇ) **အဓိကကျသည့်အကျိုးစီးပွား** ဆိုသည်မှာ ဗဟိုဘဏ်က သတ်မှတ်သည့်အတိုင်းငွေရေးကြေးရေးအဖွဲ့အစည်း၏ မတည်ရင်းနှီးငွေကို သို့မဟုတ် ဆန္ဒမဲပေးပိုင်ခွင့်ကို ၁၀ ရာခိုင်နှုန်းနှင့်အထက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်မှုကိုသော်လည်းကောင်း၊ ငွေရေးကြေးရေးအဖွဲ့အစည်း၏ စီမံခန့်ခွဲပိုင်ခွင့်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိန်းချုပ်ကွပ်ကဲနိုင်မှုကိုသော်လည်းကောင်း ဆိုသည်။

### အခန်း(၂)
### ကုမ္ပဏီများ အက်ဥပဒေနှင့် သက်ဆိုင်မှု

၃။ (က) ငွေရေးကြေးရေးအဖွဲ့အစည်းများကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရလည်းကောင်း၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေအရလည်းကောင်း ပေးရန်တာဝန်ကန့်သတ်ထားသည့် လီမိတက်ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ရမည်၊

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည်ကုမ္ပဏီများ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ကွဲလွဲမှုမရှိပါက ကုမ္ပဏီများအက်ဥပဒေပါပြဋ္ဌာန်းချက်များသည် ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်သည့်ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် အကျုံးဝင်စေရမည်။

### အခန်း ( ၃ )
### ရည်ရွယ်ချက်များ၊ ယေဘုယျလုပ်ပိုင်ခွင့်များ၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဥပဒေအရ အကာအကွယ်ပေးခြင်း

#### ရည်ရွယ်ချက်နှင့် ဗဟိုဘဏ်၏ ယေဘုယျလုပ်ပိုင်ခွင့်များ

၄။ (က) ဤဥပဒေနှင့် အကျုံးဝင်သော ဘဏ်လိုင်စင်ရအဖွဲ့အစည်းနှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများအား ကြပ်မတ်ကွပ်ကဲရန်နှင့် ကြီးကြပ်စစ်ဆေးရန် ဗဟိုဘဏ်၌ လုပ်ပိုင်ခွင့်ရှိသည်၊

(ခ) ဤဥပဒေနှင့်အကျုံးဝင်သော ငွေရေးကြေးရေးအဖွဲ့အစည်းအားလုံးအား ဗဟိုဘဏ်က ကြပ်မတ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်းပြုရသည့် အဓိကရည်ရွယ်ချက်မှာ ငွေရေးကြေး ရေး စနစ်တည်ငြိမ်မှု၊ လုံခြုံမှုနှင့် ခိုင်မာမှုကိုထိန်းသိမ်းရန်နှင့် ငွေအပ်နှံသူများ၏ ဆုံးရှုံးနိုင်ခြေများကို လျော့နည်းစေရန်ဖြစ်သည်။

(ဂ) ဗဟိုဘဏ်၌အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(၁) လိုင်စင်ထုတ်ပေးခြင်း၊

(၂) မှတ်ပုံတင်ပေးခြင်း၊ အတည်ပြုခြင်းနှင့် လုပ်ပိုင်ခွင့်အပ်နှင်းခြင်း၊

(၃) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၊ ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်းများအား ဤဥပဒေနှင့်အညီ စစ်ဆေးခြင်း၊

(၄) ဘဏ်လိုင်စင်ရအဖွဲ့အစည်း သို့မဟုတ် ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်းအား ဤဥပဒေအရ ထုတ်ပြန်ထားသော အမိန့်၊ စည်းမျဉ်း၊ ညွှန်ကြားချက်နှင့် လမ်းညွှန်ချက်များကို လိုက်နာစေခြင်း၊

(၅) ဘဏ်လိုင်စင်ရအဖွဲ့အစည်းနှင့် ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်းအား ဗဟိုဘဏ်က သတ်မှတ်သည့်အတိုင်း သတင်းအချက်အလက်များနှင့် ကာလအလိုက် အစီရင်ခံစာများကို တင်ပြစေခြင်း၊

(၆) ဘဏ်လုပ်ငန်းစနစ်နှင့်ငွေပေးချေမှုစနစ်တွင် စားသုံးသူအကာအကွယ်ပေးမှုကို ဖော်ဆောင်မြှင့်တင်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း။

(၇) ဤဥပဒေအရ အပ်နှင်းသည့် အခြားလုပ်ပိုင်ခွင့်များ။

(ဃ) ဗဟိုဘဏ်သည် ဤဥပဒေပါ မိမိ၏လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို အကောင်အထည်ဖော်ရန်ဖြစ်စေ၊ လုပ်ပိုင်ခွင့်တစ်ခုခုကို ကျင့်သုံးရန်ဖြစ်စေ၊ တာဝန်တစ်ရပ်ရပ်ကို ထမ်းဆောင်ရန်ဖြစ်စေ မိမိ၏အရာရှိ သို့မဟုတ် ဝန်ထမ်းကို လုပ်ပိုင်ခွင့်အပ်နှင်းခြင်း သို့မဟုတ် ညွှန်ကြားခြင်းပြုနိုင်သည်။

(င) ဗဟိုဘဏ်သည် မိမိ၏အရာရှိ သို့မဟုတ် ဝန်ထမ်းမဟုတ်သူတစ်ဦးဦးကို ဗဟိုဘဏ်၏ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို ဆောင်ရွက်ရန်ဖြစ်စေ၊ လုပ်ပိုင်ခွင့်တစ်ခုခုကို ကျင့်သုံးရန်ဖြစ်စေ၊ တာဝန်တစ်ရပ်ရပ်ကို ထမ်းဆောင်ရန်ဖြစ်စေ ဗဟိုဘဏ်ဒါရိုက်တာအဖွဲ့က သတ်မှတ်ချက်ဖြင့် ခန့်အပ်နိုင်သည်။

#### အခြားကြပ်မတ်ကွပ်ကဲသူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၅။ (က) ဗဟိုဘဏ်သည် ဤဥပဒေနှင့်အကျုံးမဝင်သော ငွေရေးကြေးရေးအဖွဲ့အစည်းများအား ကြပ်မတ်ကွပ်ကဲသူများ၊ ပြည်တွင်းနှင့် နိုင်ငံတကာမှသက်ဆိုင်သော အခြားငွေရေးကြေးရေးကြပ်မတ်ကွပ်ကဲသူများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။ ဘဏ်လိုင်စင်ရအဖွဲ့အစည်းများ သို့မဟုတ် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ ဖလှယ်ရမည်၊

(ခ) ဗဟိုဘဏ်သည် ငွေရေးကြေးရေးစနစ်လုံခြုံမှုနှင့် ခိုင်မာမှုရှိစေရန်အခြားငွေရေးကြေးရေး ကြပ်မတ်ကွပ်ကဲသူများနှင့် နားလည်မှုစာချွန်လွှာနှင့် အခြားသင့်လျော်သည့် စာချုပ်များ ချုပ်ဆိုနိုင်သည်။

(ဂ) နိုင်ငံခြားဘဏ်များ၏ ဘဏ်ခွဲများနှင့် နိုင်ငံခြားဘဏ်များ သို့မဟုတ် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူက အဓိကကျသည့် အကျိုးစီးပွားပိုင်ဆိုင်မှုရှိသည့် ဘဏ်လိုင်စင်ရအဖွဲ့အစည်းနှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများကို ကြပ်မတ်ကွပ်ကဲခြင်းနှင့်၊ ကြီးကြပ်စစ်ဆေးခြင်းပြုရာတွင် ဗဟိုဘဏ်သည် ပြည်ပမှ သက်ဆိုင်ရာကြပ်မတ်ကွပ်ကဲသူများနှင့် လိုလောက်သည့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ဖလှယ်နိုင်ရေးအတွက် အပြန်အလှန်ဆောင်ရွက်မှုအခြေခံဖြင့် ပူးပေါင်းဆောင်ရွက်ရမည်။

(ဃ) ဗဟိုဘဏ်သည် နိုင်ငံခြားဘဏ်ကြပ်မတ်ကွပ်ကဲသူများနှင့် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များချုပ်ဆိုနိုင်သည့်အပြင် နိုင်ငံခြားဘဏ်ကြပ်မတ်ကွပ်ကဲသူများအား သတင်းအချက်အလက်များ ပေးအပ်နိုင်သည်၊

(င) ယင်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များတွင် နားလည်မှုစာချွန်လွှာနှင့် အခြားအစီအစဉ်များအရ ရရှိသောသတင်းအချက်အလက်များကို လျှို့ဝှက်ထားရှိရန်အချက် ပါရှိရမည်။

#### ဤဥပဒေအရ အရေးယူဆောင်ရွက်ခြင်းအတွက် ဥပဒေအရ အကာအကွယ်ပေးခြင်း

၆။ (က) ဗဟိုဘဏ်၊ ဗဟိုဘဏ်၏ဒါရိုက်တာအဖွဲ့ဝင်၊ ဗဟိုဘဏ်၏အရာရှိ သို့မဟုတ် ဝန်ထမ်းတစ်ဦးဦးကိုလည်းကောင်း၊ ဗဟိုဘဏ်၏ကိုယ်စား ဥပဒေနှင့်အညီ ဆောင်ရွက်သူတစ်ဦးဦးအားလည်းကောင်း အောက်ပါကိစ္စတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ သဘောရိုးဖြင့် ဆောင်ရွက်ခြင်း (ထွက်ဆိုချက်တစ်ခုခုပြုလုပ်ခြင်းအပါအဝင်) သို့မဟုတ် ဆောင်ရွက်ရန် ပျက်ကွက်ခြင်းအတွက် မည်သည့်တရားရုံး သို့မဟုတ် အာဏာပိုင်ထံသို့မျှ အရေးယူခြင်း သို့မဟုတ် တရားစွဲဆိုခြင်း သို့မဟုတ် ထိန်းသိမ်းထားရှိခြင်း မပြုရ -

(၁) ဤဥပဒေ သို့မဟုတ် အခြားဥပဒေတစ်ရပ်ရပ်အရ လုပ်ပိုင်ခွင့်ကို ကျင့်သုံးခြင်း သို့မဟုတ် ကျင့်သုံးရာရောက်ခြင်း၊

(၂) ဤဥပဒေ သို့မဟုတ် အခြားဥပဒေတစ်ရပ်ရပ်အရ လုပ်ငန်းတာဝန် သို့မဟုတ် တာဝန်တစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း သို့မဟုတ် ဆောင်ရွက်ရာရောက်ခြင်း၊

(၃) ဤဥပဒေ သို့မဟုတ် အခြားဥပဒေတစ်ရပ်ရပ်ကို လိုက်နာအကောင်အထည်ဖော်ခြင်း သို့မဟုတ် လိုက်နာအကောင်အထည်ဖော်ရာရောက်ခြင်း။

(ခ) ဗဟိုဘဏ်သည် ဤဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို ကျင့်သုံးခြင်း သို့မဟုတ် ကျင့်သုံးရာရောက်ခြင်း သို့မဟုတ် ကျင့်သုံးရန် ပျက်ကွက်ခြင်းမှ ပေါ်ပေါက်သည့် တာဝန်တစ်ရပ်ရပ်အတွက် ထိုသို့ကျင့်သုံးခြင်း သို့မဟုတ် ကျင့်သုံးရာရောက်ခြင်း သို့မဟုတ် ကျင့်သုံးရန်ပျက်ကွက်ခြင်းသည် မရိုးမဖြောင့်သောသဘောဖြင့် ဆောင်ရွက်ခြင်းမဟုတ်ပါက ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော ပုဂ္ဂိုလ်အား ၎င်းတို့၏ ကုန်ကျစရိတ်များကို ပြန်ပေးရမည်၊

(ဂ) ပုဒ်မခွဲ (က) အရ ပေးအပ်သောအကာအကွယ်တွင် အမှုအခင်းတစ်ခုကို ခုခံကာကွယ်ရသည့် ဥပဒေရေးရာ ကုန်ကျစရိတ်များလည်းပါဝင်သည်။

### အခန်း(၄)
### လိုင်စင်ပေးခြင်း၊ လိုင်စင်ပေးရန်လိုအပ်ချက်များနှင့် လိုင်စင်ပယ်ဖျက်ခြင်း

#### ဘဏ်လုပ်ငန်းနှင့် ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းဆောင်ရွက်ခြင်းအတွက် လိုင်စင်လိုအပ်ခြင်း

၇။ (က) မည်သူမဆို အောက်ပါအချက်များနှင့် ညီညွတ်မှုမရှိပါက ဘဏ်လုပ်ငန်းနှင့် ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းကို ဆောင်ရွက်ခွင့်မရှိ-

(၁) မြန်မာနိုင်ငံတွင် ဥပဒေနှင့်အညီ ဖွဲ့စည်းထားသော ကုမ္ပဏီဖြစ်ပြီး ဗဟိုဘဏ်ကထုတ်ပေးသော တရားဝင်လိုင်စင်ရရှိထားခြင်း၊

(၂) နိုင်ငံခြားဘဏ်၏ လက်အောက်ခံဘဏ် သို့မဟုတ် ဘဏ်ခွဲဖြစ်ပြီး ဗဟိုဘဏ်က ထုတ်ပေးထားသော တရားဝင်လိုင်စင်ရရှိထားခြင်း၊

(၃) ပုဒ်မ ၈ အရ ကင်းလွတ်ခွင့်ရရှိထားသူဖြစ်ခြင်း။

(ခ) မည်သူမဆို ပုဒ်မခွဲ (က)ကို ဖောက်ဖျက်၍ ဘဏ်လုပ်ငန်း သို့မဟုတ် ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းကိုလုပ်ကိုင်လျှင် ဤဥပဒေအရ ပြစ်မှုမြောက်သည်။

(ဂ) ကုမ္ပဏီတစ်ခုသည်သိလျက်နှင့်ပုဒ်မခွဲ(က)ကို ဖောက်ဖျက်၍ ဘဏ်လုပ်ငန်း သို့မဟုတ် ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းကို လုပ်ကိုင်ပါက ထိုကုမ္ပဏီသည် ဤဥပဒေအရ ပြစ်မှုမြောက်ပြီး ထိုလုပ်ငန်းနှင့်ဆက်နွှယ်သည့် ကုမ္ပဏီ၏တာဝန်အားလုံးအတွက် ထိုကုမ္ပဏီ၏ပိုင်ရှင် သို့မဟုတ် ဒါရိုက်တာ သို့မဟုတ် အရာရှိအားလုံးတွင် တာဝန်ရှိစေရမည်။

#### ကင်းလွတ်ခွင့်ပြုသည့် ဇယားဝင်အဖွဲ့အစည်းများ

၈။ (က) ဤဥပဒေသည် ဇယားဝင်အဖွဲ့အစည်းများနှင့် မသက်ဆိုင်စေရ။

(ခ) ပုဒ်မခွဲ (က)တွင် မည်သို့ပင်ဆိုစေကာမူ အောက်ပါအချက်တစ်ရပ်ရပ်အရ ဗဟိုဘဏ်၏ ထောက်ခံချက်ဖြင့် ဝန်ကြီးဌာနက ဆုံးဖြတ်လျှင်ဇယားဝင်အဖွဲ့အစည်းများသည် ဤဥပဒေတစ်ရပ်လုံး သို့မဟုတ် အစိတ်အပိုင်းတစ်ရပ်ရပ်နှင့် သက်ဆိုင်စေရမည် -

(၁) ငွေအပ်နှံသူများ သို့မဟုတ် အများပြည်သူအကျိုးစီးပွားကာကွယ်ရန်အလို့ငှာ လိုအပ်ခြင်း၊

(၂) ဇယားဝင်အဖွဲ့အစည်းများ၏ စုစုပေါင်းရရန်ပိုင်ခွင့်များသည် ဤပုဒ်မအလို့ငှာ ဗဟိုဘဏ်က စည်းမျဉ်းဖြင့်သတ်မှတ်သည့် ပမာဏထက် ကျော်လွန်နေခြင်း၊

(၃) ယင်းအဖွဲ့အစည်းက ဘဏ်လုပ်ငန်းစနစ် သို့မဟုတ် ငွေရေးကြေးရေးစနစ်တစ်ရပ်လုံး၏ တည်ငြိမ်မှုနှင့် ခိုင်မာမှုကို ထိခိုက်နိုင်ဖွယ်ရှိခြင်း၊

(၄) ယင်းအဖွဲ့အစည်းက ဤဥပဒေအရ ဘဏ် သို့မဟုတ် ဖွံ့ဖြိုးရေးဘဏ် သို့မဟုတ် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းအဖြစ် လိုင်စင်ရယူခြင်း သို့မဟုတ် မှတ်ပုံတင်ခြင်းမှ တိမ်းရှောင်ရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်နေခြင်း။

(ဂ) ဝန်ကြီးဌာနသည် ပုဒ်မခွဲ (ခ)ပါ ဆုံးဖြတ်ချက်ကို အကျိုးသက်ရောက်စေရန် အမိန့်တစ်ရပ်ကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာရမည်။

(ဃ) ဝန်ကြီးဌာန သို့မဟုတ် ဗဟိုဘဏ်သည် သက်ဆိုင်ရာဇယားဝင်အဖွဲ့အစည်းအား အမိန့်မထုတ်မီ ကိုယ်စားပြုတင်ပြစေရန်အတွက် အခွင့်အရေးပေးရန် မလိုအပ်ပါ။

(င) ပုဒ်မခွဲ(ခ) အရ ဝန်ကြီးဌာနက ထုတ်ပြန်သော အမိန့်တစ်ရပ်ရပ်သည် ဤဥပဒေ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး ဤဥပဒေတွင် ပါရှိသကဲ့သို့မှတ်ယူရမည်။

(စ) ဗဟိုဘဏ်သည် ဤပုဒ်မ အာဏာသက်ရောက်မှုရှိစေရန် လိုအပ်သောစည်းမျဉ်းများ ထုတ်ပြန်နိုင်သည်။

(ဆ) ဇယားဝင်အဖွဲ့အစည်းတည်ထောင်ရန် ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် သော်လည်းကောင်း၊ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင်သော်လည်းကောင်း ပြဋ္ဌာန်းချက် တစ်စုံတစ်ရာပါရှိသော်လည်း ဤပုဒ်မပါပြဋ္ဌာန်းချက်များနှင့် ဤပုဒ်မအရထုတ်ပြန်သော စည်းမျဉ်း သို့မဟုတ် အမိန့်တစ်ရပ်ရပ်သည် အပြည့်အဝအာဏာသက်ရောက်မှုရှိစေရမည်။

#### လိုင်စင်လျှောက်ထားခြင်း

၉။ (က) မည်သူမဆို ဤဥပဒေအရ ဘဏ်လုပ်ငန်း သို့မဟုတ် ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်း လုပ်ကိုင်လိုလျှင် သတ်မှတ်ပုံစံဖြင့် ဗဟိုဘဏ်သို့ လိုင်စင်လျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ(က)အရ လျှောက်ထားချက်တစ်ခုခုတွင် ဗဟိုဘဏ်က သတ်မှတ်သော လိုင်စင်ကြေးအပြင် အောက်ပါအချက်အလက်များနှင့် စာတမ်းအမှတ်အသားများ ပူးတွဲပါရှိရမည် -

(၁) အဆိုပြုလျှောက်ထားသူ၏ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်း မိတ္တူတစ်စောင်နှင့် ယင်း၏ဖွဲ့စည်းခြင်းဆိုင်ရာ အခြားစာတမ်းအမှတ်အသားတစ်ခုခု၊

(၂) အဓိက စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန် အဆိုပြုနေရာနှင့် အဆိုပြုဘဏ်၏ ရုံးခွဲများ၊

(၃) လျှောက်ထားသူ၏ စာရင်းစစ်ဆေးပြီးသော ငွေစာရင်းရှင်းတမ်းများနှင့် အရှုံးအမြတ်စာရင်းမိတ္တူများ၊

(၄) အဆိုပြုအဖွဲ့အစည်း၏ ခွင့်ပြုမတည်ငွေရင်းနှင့် ထည့်ဝင်ပြီးမတည်ငွေရင်း၊

(၅) အဆိုပြုအဖွဲ့အစည်းအတွက် ဆောင်ရွက်မည့်လုပ်ငန်းအမျိုးအစား သတ်မှတ်ဖော်ပြချက်နှင့် ဖွဲ့စည်းတည်ဆောက်ပုံဖော်ပြချက်၊

(၆) အဆိုပြုအဖွဲ့အစည်းတွင် အဓိကကျသည့် အကျိုးစီးပွားရှိသူပိုင်ရှင်၏ အရည်အချင်းနှင့် အတွေ့အကြုံများ၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုနှင့် ငွေရေးကြေးရေးအခြေအနေ၊

(၇) အဆိုပြုအဖွဲ့အစည်း၏ ဒါရိုက်တာများနှင့် အမှုဆောင်အရာရှိချုပ်တို့၏အရည်အချင်းနှင့် အတွေ့အကြုံများ၊

*စာမျက်နှာ ၇ သို့*

စာမျက်နှာ ခမှ

(၈) လျှောက်ထားသူက မိမိနှင့်ဒါရိုက်တာများ၊ အမှုဆောင်အရာရှိချုပ်၊ လုပ်ငန်းတွဲဖက်သက်ဆိုင်သူများ၏ ငွေရေးကြေးရေး၊ ပြစ်မှုကြောင်းနှင့် လုပ်ငန်းကျွမ်းကျင်မှုနောက်ကြောင်းကို ဗဟိုဘဏ်က စုံစမ်းစစ်ဆေးရေးအတွက် ခွင့်ပြုသည့်ခွင့်ပြုချက်၊

(၉) အဆိုပြုအဖွဲ့အစည်း၏ ပိုင်ရှင်များ၊ ဒါရိုက်တာများနှင့် အမှုဆောင်အရာရှိချုပ်တို့က မိမိတို့နှင့် လုပ်ငန်းတွဲဖက် သက်ဆိုင်သူများ၏ငွေရေးကြေးရေး၊ ပြစ်မှုကြောင်းနှင့် လုပ်ငန်းကျွမ်းကျင်မှုနောက်ကြောင်းကို ဗဟိုဘဏ်က စုံစမ်းစစ်ဆေးရေးအတွက် ခွင့်ပြုသည့်ခွင့်ပြုချက်၊

(၁၀) ဗဟိုဘဏ်က စည်းမျဉ်းဖြင့်သတ်မှတ်သည့် အခြားအချက်အလက်များ။

(ဂ) ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၁)မှ (၁၀)အထိ ဖော်ပြထားသော စာတမ်းအမှတ်အသားများအပြင် အောက်ပါစာတမ်းအမှတ်အသားများကို မိမိ၏လက်အောက်ခံဘဏ် သို့မဟုတ် ဘဏ်ခွဲနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတွင်ဘဏ်လုပ်ငန်းလုပ်ကိုင်မည့် နိုင်ငံခြားဘဏ်က လျှောက်လွှာတွင် ပူးတွဲတင်ပြရမည် -

(၁) အပြည်ပြည်ဆိုင်ရာ မြီရှင်အဆင့်သတ်မှတ်သည့် အေဂျင်စီတစ်ခုက မြီရှင်အဆင့် သတ်မှတ်သည့်အစီရင်ခံစာ (Credit rating report)၊

(၂) မတည်ငွေရင်းအခြေအနေဖော်ပြချက်နှင့် စုစုပေါင်းရရန်ပိုင်ခွင့်နှင့် မတည်ငွေရင်းအရ မိခင်နိုင်ငံ၌လည်းကောင်း၊ ကမ္ဘာလုံးဆိုင်ရာ၌လည်းကောင်း မိမိဘဏ်၏ အဆင့်သတ်မှတ်ချက်၊

(၃) နိုင်ငံခြားဘဏ်က မြန်မာနိုင်ငံရှိ မိမိ၏ လက်အောက်ခံဘဏ် သို့မဟုတ် ဘဏ်ခွဲ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် တာဝန်များအားလုံးကို ကာမိစေမည့်ငွေကြေးရန်ပုံငွေထည့်ဝင်မည်ဖြစ်ကြောင်း ကတိပြုဝန်ခံစာ၊

(၄) နိုင်ငံခြားဘဏ်၏ အဓိကလုပ်ငန်းနေရာတည်ရှိသည့်နိုင်ငံ၏ ဘဏ်လုပ်ငန်းကြပ်မတ်ကွပ်ကဲသူက အောက်ပါအချက်များအတွက် ထောက်ခံစာ -

(ကက) နိုင်ငံခြားဘဏ်သည် ထိုနိုင်ငံတွင် ဘဏ်လုပ်ငန်းလုပ်ကိုင်ရန် တရားဝင်လိုင်စင်ရရှိထားကြောင်း၊

(ခခ) နိုင်ငံခြားဘဏ်ကို ထိုနိုင်ငံ၏ဥပဒေအရ မြန်မာနိုင်ငံတွင် လက်အောက်ခံဘဏ် သို့မဟုတ် ဘဏ်ခွဲဖွင့်လှစ်လုပ်ကိုင်ရန် ခွင့်ပြုထားကြောင်း၊

(ဂဂ) နိုင်ငံခြားဘဏ်၏ ဒါရိုက်တာ သို့မဟုတ်အရာရှိသည် ထိုရာထူးအတွက်သင့်လျော်မှုန်ကန်မှုမရှိသည့် အချက်အလက်များ မတွေ့ရှိရကြောင်း။

(ဃ) ပုဒ်မခွဲ(က) နှင့် ပုဒ်မခွဲ(ခ)တွင် ဖော်ပြထားသော ကိစ္စရပ်များသည် လျှောက်ထားသူများအကြားသော် လည်းကောင်း၊ လျှောက်ထားသူ၏ မတူညီသောအတန်းအစား၊ အမျိုးအစား သို့မဟုတ် အကြောင်းအရာဖော်ပြချက်အရ လည်းကောင်း ကွဲပြားနိုင်သည်၊

(င) လျှောက်ထားစဉ်ကာလအတွင်း ဗဟိုဘဏ်သည် ဘဏ်လုပ်ငန်းလိုင်စင် ထုတ်ပေးသင့်/မသင့် ဆုံးဖြတ်နိုင်ရန် နောက်ထပ်သတင်းအချက်အလက်များကို လျှောက်ထားသူထံမှ တောင်းခံနိုင်သည်၊

(စ) ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မခွဲ (ဂ) အရ ဗဟိုဘဏ်က နောက်ထပ်သတင်းအချက်အလက် သို့မဟုတ် စာတမ်းအမှတ်အသားတောင်းခံလျှင် လျှောက်ထားသူသည် ဗဟိုဘဏ်က သတ်မှတ်သည့်အတိုင်း မပေးအပ်ပါက လျှောက်လွှာကို ပြန်လည်ရုပ်သိမ်းသည်ဟု မှတ်ယူရမည်။

**လျှောက်လွှာကို အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း**

၁၀။(က) ဗဟိုဘဏ်သည် ပုဒ်မ ၉ နှင့်အညီ လျှောက်လွှာတင်သွင်းရာတွင် ဤဥပဒေအရ လိုင်စင်ထုတ်ပေးရန် လိုအပ်ချက်များနှင့် ပြည့်စုံပါက လိုင်စင်လျှောက်လွှာကို အတည်ပြုနိုင်သည်။

(ခ) ဗဟိုဘဏ်သည် အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ကြောင်းတွေ့ရှိလျှင် လျှောက်လွှာကို ငြင်းပယ်ရမည် -

(၁) ဤဥပဒေပါ လိုင်စင်ထုတ်ပေးရန် လိုအပ်ချက်များနှင့် မပြည့်စုံခြင်း၊

(၂) လိုင်စင်လျှောက်လွှာတွင်ပါရှိသည့် သတင်းအချက်အလက်ဖြစ်စေ၊ ယင်းနှင့် ဆက်စပ်၍ ပူးတွဲတင်ပြသည့် သတင်းအချက်အလက် တစ်ရပ်ရပ်တွင်ဖြစ်စေ မှားယွင်းကြောင်း၊ လွဲမှားထင်မှတ်စေကြောင်း၊ သို့မဟုတ် မတိကျကြောင်း တွေ့ရှိခြင်း၊

(၃) ဗဟိုဘဏ်က လျှောက်ထားသူသည် ဤဥပဒေ သို့မဟုတ် မြန်မာနိုင်ငံ၏ အခြားဥပဒေတစ်ရပ်ရပ်အရ လိုအပ်ချက်များကို လိုက်နာလိမ့်မည်မဟုတ်ကြောင်း ညွှန်ပြချက်ရှိသည်ဟု ဆုံးဖြတ်ခြင်း၊

(၄) အဆိုပြုအဖွဲ့အစည်းတွင် အဓိကကျသည့် အကျိုးစီးပွားရှိသူတစ်ဦးဦးက လျှောက်ထားသူအပေါ် ဩဇာလွှမ်းမိုးသောကြောင့် လျှောက်ထားသူ၏ စီမံခန့်ခွဲမှုကို ထိခိုက်နိုင်ကြောင်း ညွှန်ပြချက်ရှိသည်ဟု ဗဟိုဘဏ်က ဆုံးဖြတ်ခြင်း၊

(၅) လျှောက်ထားသူသည် အဖွဲ့အစည်းအုပ်စုတစ်စုနှင့် ဆက်နွယ်နိုင်ခြေရှိပြီး ထိုအဖွဲ့အစည်းအုပ်စုသည် လျှောက်ထားသူ၏ စီမံခန့်ခွဲမှုကို ထိခိုက်လာနိုင်ကြောင်း သို့မဟုတ် ဗဟိုဘဏ်၏ကြပ်မတ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်း တာဝန်ထမ်းဆောင်ရာတွင် အဟန့်အတားဖြစ်စေကြောင်း ဗဟိုဘဏ်က ဆုံးဖြတ်ခြင်း၊

(၆) မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေးနှင့်ငွေရေးကြေးရေး အခြေအနေများအရ လျှောက်ထားသူ၏ လိုင်စင်လျှောက်ထားမှုကို ငြင်းပယ်သင့်ကြောင်း ဗဟိုဘဏ်က ဆုံးဖြတ်ခြင်း။

(ဂ) ဗဟိုဘဏ်သည် ပြည့်စုံသည့် လျှောက်လွှာကို လက်ခံရရှိသည့်နေ့ရက်မှ ၁၂ လထက် နောက်မကျစေဘဲ လျှောက်ထားသူအား လုပ်ငန်းလိုင်စင်ထုတ်ပေးမည်ဖြစ်ကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်းစာဖြင့် ပြန်ကြားရမည်။

(ဃ) ဗဟိုဘဏ်သည် လုပ်ငန်းလိုင်စင်ထုတ်ပေးပါက အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာရမည်။

**စည်းကမ်းချက်များ သို့မဟုတ် ကန့်သတ်ချက်များပြုလုပ်ရန် ဗဟိုဘဏ်၏ လုပ်ပိုင်ခွင့်**

၁၁။(က) ပုဒ်မ ၁၀ အရ လိုင်စင်ထုတ်ပေးရာတွင် ဗဟိုဘဏ်သည် မိမိလိုအပ်သည်ဟု ယူဆသည့် စည်းကမ်းချက်နှင့် ကန့်သတ်ချက်များ ချမှတ်နိုင်သည်။

(ခ) ဘဏ်လိုင်စင်ရအဖွဲ့အစည်းများသည် ပုဒ်မခွဲ(က)အရ ဗဟိုဘဏ်ကချမှတ်သည့် ကန့်သတ်ချက်နှင့် စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) ဗဟိုဘဏ်က လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ထုတ်ပေးရာတွင် သက်တမ်းကန့်သတ်ချက်မထားရှိရ။ သို့သော် ဘဏ်လုပ်ငန်းလိုင်စင်ကို လွှဲပြောင်းခွင့်မရှိစေရ။

(ဃ) ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် ဘဏ်လုပ်ငန်းလိုင်စင်ရရှိသည့်နေ့မှ တစ်နှစ်အတွင်း လုပ်ငန်းစတင်လုပ်ကိုင်ရမည်။

(င) ဗဟိုဘဏ်သည် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ လုပ်ငန်းခိုင်မာတည်တံ့စွာ လုပ်ကိုင်ရေးကိုဖြစ်စေ၊ ငွေရေးကြေးရေးစနစ်ကိုဖြစ်စေ၊ ဘဏ်လိုင်စင်ရအဖွဲ့အစည်းသို့ ငွေအပ်နှံသူများ၏ အကျိုးစီးပွားကိုဖြစ်စေ ထိခိုက်နိုင်သည့် ကိစ္စရပ်တစ်ခုခု ပေါ်ပေါက်လျှင် ပုဒ်မခွဲ (က)ပါ စည်းကမ်းချက်နှင့် ကန့်သတ်ချက်များကို ပြောင်းလဲပြင်ဆင်နိုင်သည်။

(စ) မည်သည့် ဘဏ်လိုင်စင်ရအဖွဲ့အစည်းမဆို ဤဥပဒေအရ ခွင့်ပြုထားသည့် ဘဏ်လုပ်ငန်းများကို ဤဥပဒေအရသတ်မှတ်ထားသည့် ကန့်သတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်းမှအပ အခြားမည်သည့်လုပ်ငန်းကိုမျှ ဆောင်ရွက်ခြင်းမပြုရ။

(ဆ) ဘဏ်လိုင်စင်ရအဖွဲ့အစည်းတိုင်းသည် မိမိလိုင်စင်မိတ္တူတစ်စောင်ကို မိမိ၏လုပ်ငန်းနေရာတွင်သော် လည်းကောင်း မြန်မာနိုင်ငံအတွင်းရှိ လုပ်ငန်းလုပ်ဆောင်ရာနေရာတိုင်းတွင်လည်းကောင်း ထင်ရှားစွာပြသထားရမည်။

(ဇ) ဗဟိုဘဏ်သည် ဘဏ်လိုင်စင်ရအဖွဲ့အစည်းနှင့် ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်းတို့၏ စာရင်းကို နှစ်စဉ်အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာရမည်။

**လိုင်စင်ကြေးများ**

၁၂။(က) ဘဏ်လိုင်စင်ရ အဖွဲ့အစည်းတိုင်းသည် အောက်ပါတို့ကို ပေးဆောင်ရမည်-

(၁) လိုင်စင်ရရှိသည့်အခါ လိုင်စင်ကြေး၊

(၂) အဓိက လုပ်ငန်းလုပ်ဆောင်သည့်နေရာရှိ ရုံးချုပ်အပြင် မြန်မာနိုင်ငံအတွင်းတွင် ရုံးတစ်ခုခုဖွင့်လှစ်ခြင်းအတွက် အခကြေးငွေ၊

(၃) အဓိကလုပ်ငန်း လုပ်ဆောင်ရာနေရာရှိ ရုံးချုပ်အပါအဝင် ရုံးအသီးသီးအတွက် ထုတ်ပေးသော လိုင်စင်အတွက် နှစ်စဉ်ကြေး။

(ခ) အခကြေးငွေအသီးသီးကို လိုင်စင်ထုတ်ပေးသည့်နေ့၏ နှစ်ပတ်လည်နေ့မတိုင်မီ တစ်လထက်နောက်မကျစေဘဲ ပေးသွင်းရမည်။

(ဂ) ဗဟိုဘဏ်သည် ဘဏ်လိုင်စင်ရအဖွဲ့အစည်းများ၏ ကွဲပြားသောလုပ်ငန်းအတွက်ဖြစ်စေ၊ မတူညီသောအတန်းအစား၊ အမျိုးအစားများအတွက်ဖြစ်စေ ကွဲပြားသော လိုင်စင်ကြေးများကို ပြဋ္ဌာန်းသတ်မှတ်နိုင်သည်။

**လိုင်စင်ရုပ်သိမ်းခြင်း**

၁၃။(က) ဗဟိုဘဏ်သည် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ လိုင်စင်ကို အောက်ပါအခြေအနေများ ပေါ်ပေါက်လျှင် ရုပ်သိမ်းနိုင်သည်-

(၁) ငွေရေးကြေးရေးအဖွဲ့အစည်းများအတွက် ပြုပြင်သတ်မှတ်သည့် အနည်းဆုံးမတည်ငွေရင်းကို သတ်မှတ်ကာလအတွင်း ထည့်ဝင်ရန်ပျက်ကွက်ခြင်း၊

(၂) လုပ်ငန်းဆုံးရှုံးမှုကြောင့် လျော့နည်းသွားသည့် အနည်းဆုံးမတည်ငွေရင်းလိုအပ်ချက်ကို သတ်မှတ်ကာလအတွင်း ပြည့်မီအောင် ဖြည့်တင်းရန်ပျက်ကွက်ခြင်း၊

(၃) တည်ဆဲဥပဒေများကို ငွေရေးကြေးရေးအဖွဲ့အစည်းအနေဖြင့် ဖောက်ဖျက်ခြင်းနှင့် အာဏာပိုင်များ၏ သတ်မှတ်ချက်များကို သတ်မှတ်ကာလအတွင်း လိုက်နာရန်ပျက်ကွက်ခြင်း၊

(၄) မိမိဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းခံရခြင်း သို့မဟုတ် လူမွဲအဖြစ် ခံယူခြင်း။

(၅) အခြားအဖွဲ့အစည်းတစ်ခုနှင့် ပူးပေါင်းဖွဲ့စည်းခြင်းကြောင့်ဖြစ်စေ၊ မိမိအဖွဲ့အစည်းကို ခွဲခြမ်းဖွဲ့စည်းခြင်းကြောင့်ဖြစ်စေ မူလတရားဝင်ရပ်တည်မှုပျောက်ကွယ်သွားခြင်း၊

(၆) လိုင်စင်ကို ရုပ်သိမ်းခြင်းကြောင့် အမျိုးသားအကျိုးစီးပွားနှင့် ဘဏ်လိုင်စင်ရအဖွဲ့အစည်းတွင် ငွေအပ်နှံသူများ အကျိုးစီးပွားကို မဆန့်ကျင်နိုင်ဟု ဗဟိုဘဏ်က ယုံကြည်ကျေနပ်မှုရှိခြင်း၊

(၇) ဘဏ်လိုင်စင်ရအဖွဲ့အစည်းက လိုင်စင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ မှားယွင်းသော သို့မဟုတ် အရေးကြီးသောအချက်တွင် လွဲမှားထင်ဟပ်စေသော သတင်းအချက်အလက်များပေးခြင်း၊

(၈) ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် လိုင်စင်ရရှိသည့်နေ့ရက်မှ တစ်နှစ်အတွင်း ခွင့်ပြုထားသော ဆောင်ရွက်ချက်များကို စတင်ဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(၉) ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် ခွင့်ပြုထားသော ဆောင်ရွက်ချက်များကို ငွေအပ်နှံသူများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်နစ်နာစေသော နည်းလမ်းဖြင့်ဆောင်ရွက်ခြင်း၊

(၁၀) လိုင်စင်ကို ဆက်လက်ပေးထားခြင်းဖြင့် အမျိုးသားအကျိုးစီးပွားကို ဆန့်ကျင်မည်ဖြစ်ခြင်း၊

(၁၁) လိုင်စင်ကို ဆက်လက်ပေးထားခြင်းဖြင့် မြန်မာနိုင်ငံတွင်ငွေရေးကြေးရေးစနစ်တည်ငြိမ်မှုကို ထိခိုက်မည်ဖြစ်ခြင်း၊

(၁၂) ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ၊ ဤဥပဒေနှင့် ယင်းတို့အရ ထုတ်ပြန်သောစည်းမျဉ်းကို ဖောက်ဖျက်လျက်ဆောင်ရွက်ခြင်း၊

(၁၃) ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် ဗဟိုဘဏ်က ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ခြင်း၊

(၁၄) ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် ကြွေးမြီများကို အပြည့်အဝပေးဆပ်နိုင်ခြင်းမရှိခြင်း သို့မဟုတ် သင့်လျော်သော အချိန်ကာလအတွင်း ကြွေးမြီများကို အပြည့်အဝပေးဆပ်နိုင်ဖွယ်ရာ မရှိခြင်း၊

(၁၅) ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် အခြားဘဏ်လိုင်စင်ရ အဖွဲ့အစည်းတစ်ခုခုနှင့် ပေါင်းစပ်ဖွဲ့စည်းခြင်း၊

(ခ) ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် ပုဒ်မခွဲ (က)အရ လိုင်စင်ရုပ်သိမ်းပေးရန် လျှောက်ထားသည့်အခါ ဗဟိုဘဏ်သည် လျှောက်လွှာကို လက်ခံရရှိပြီး ရက်ပေါင်းကိုးဆယ်အတွင်း လျှောက်လွှာအပေါ် ဆုံးဖြတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ဆုံးဖြတ်ချက်နှင့် ဆုံးဖြတ်ရသည့် အကြောင်းရင်းဆိုင်ရာ သတင်းအချက်အလက်များကို သက်ဆိုင်ရာ ဘဏ်လိုင်စင်ရအဖွဲ့အစည်းသို့ စာဖြင့်ပြန်ကြားရမည်။

(ဃ) ဤပုဒ်မအရ လိုင်စင်ကိုရုပ်သိမ်းရန် ဆုံးဖြတ်သည့်အခါ ဗဟိုဘဏ်သည် အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာရမည်။

**"ဘဏ်နှင့်ဖွံ့ဖြိုးရေးဘဏ်" ဟူသည့်စကားရပ်များကို အသုံးပြုခြင်း**

၁၄။(က) ဘဏ်လိုင်စင်ရအဖွဲ့အစည်းမှအပ မည်သူမျှ ဗဟိုဘဏ်၏ စာဖြင့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ မိမိ၏အမည်တွင် သော်လည်းကောင်း၊ မိမိ၏စာသားတစ်ခုခုတွင်သော် လည်းကောင်း၊ "ဘဏ်"၊ "ဖွံ့ဖြိုးရေးဘဏ်"၊ "ဘဏ်လုပ်ငန်းရှင်" သို့မဟုတ် "ဘဏ်လုပ်ငန်း"ဟု သော်လည်းကောင်း၊ ယင်းစကားရပ်များကို ပြုပြင်ပြောင်းလဲထားသော စကားရပ် သို့မဟုတ် အခြားဘာသာစကား ပြန်ဆိုချက်အရသော်လည်းကောင်း၊ ယင်းတို့နှင့် တူညီသောစကားရပ်ကိုသော်လည်းကောင်း အသုံးမပြုရ၊

(ခ) ဤပုဒ်မတွင် ပါရှိသည့် မည်သည့်အချက်ကမျှ အောက်ပါတို့နှင့် မသက်ဆိုင်စေရ -

(၁) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ အသင်းအဖွဲ့တစ်ရပ်ရပ်၊

(၂) ဥပဒေအရဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်အရဖြစ်စေ ယင်းအသုံးအနှုန်း အခြေကျနေသော အသင်းအဖွဲ့၊

(၃) နိုင်ငံခြားဘဏ်၏ ကိုယ်စားလှယ် သို့မဟုတ် ရုံး၊

(၄) ဘဏ်လုပ်ငန်း သို့မဟုတ် ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်း လုပ်ကိုင်သော အစိုးရကိုယ်စားလုပ်ကိုင်သည့် အဖွဲ့အစည်း၊

(၅) ဗဟိုဘဏ်က အများပြည်သူသိရှိနိုင်ရန် အမိန့်ကြော်ငြာစာထုတ်ပြန်ကြေညာ၍ ကင်းလွတ်ခွင့်ပေးသော ပုဂ္ဂိုလ်တစ်ဦးဦး။

(ဂ) မည်သူမဆို ပုဒ်မခွဲ (က) ကို ဖောက်ဖျက်လျှင် ဤဥပဒေအရ ပြစ်မှုမြောက်သည်။

**သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းကို ပြောင်းလဲပြင်ဆင်ခြင်းများ**

၁၅။ မြန်မာနိုင်ငံအတွင်းဖွဲ့စည်းတည်ထောင်သည့် မည်သည့်

စာမျက်နှာ ဃ သို့

## ဥပဒေကြော်ငြာ

*စာမျက်နှာ ၈ မှ*

ဘဏ်လိုင်စင်ရအဖွဲ့အစည်းမျှ ဗဟိုဘဏ်၏စာဖြင့် ကြိုတင်ခွင့်ပြုချက်မရှိဘဲ မိမိ၏သင်းဖွဲ့မှတ်တမ်း သို့မဟုတ် သင်းဖွဲ့စည်းမျဉ်းကို ပြောင်းလဲပြင်ဆင်ခြင်းမပြုရ။

**အခန်း (၅)**

**ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်းလုပ်ငန်းများ၊ ကိုယ်စားလှယ်ရုံး ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်း လုပ်ငန်းများလုပ်ကိုင်ခြင်း**

၁၆။ (က) ဤဥပဒေ အာဏာသက်ရောက်ပြီးနောက် အောက်ပါတို့နှင့်အညီ ဆောင်ရွက်ခြင်းမရှိပါက မည်သူမျှဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်းလုပ်ငန်းများကို လုပ်ကိုင်ခွင့်မရှိစေရ-
(၁) ကုမ္ပဏီတစ်ခုဖြစ်ခြင်း၊
(၂) ဗဟိုဘဏ်မှ စာဖြင့် သဘောတူညီချက်ရရှိပြီးဖြစ်ခြင်း။
(ခ) ဤဥပဒေ အာဏာသက်ရောက်သောနေ့မတိုင်မီ ဘဏ်မဟုတ်သောငွေရေးကြေးရေး အဖွဲ့အစည်းလုပ်ငန်းကို လုပ်ကိုင်သူများသည် ဆက်လက်လုပ်ကိုင်ခွင့်ပြုကြောင်း ဗဟိုဘဏ်၏ အသိအမှတ်ပြုစာရရှိရေးအတွက် ဤဥပဒေ အာဏာသက်ရောက်သည့်နေ့မှ ခြောက်လအတွင်း ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ရန် ဥပဒေနှင့်အညီ လိုက်နာမည်ဖြစ်ကြောင်း ဗဟိုဘဏ်သို့ လျှောက်ထားရမည်။
(ဂ) ဗဟိုဘဏ်သည် ၎င်း၏သဘောတူညီချက်နှင့် ဥပဒေနှင့်အညီ လိုက်နာကြောင်း အသိအမှတ်ပြုစာထုတ်ပေးရာတွင် မိမိသင့်လျော်သည်ဟု ထင်မြင်သည့် စည်းကမ်းချက်များ သတ်မှတ်နိုင်သည်။
(ဃ) ဗဟိုဘဏ်သည် ဤပုဒ်မ အာဏာသက်ရောက်စေရန် လိုအပ်သော စည်းမျဉ်းများနှင့် လမ်းညွှန်ချက်များ ထုတ်ပြန်နိုင်သည်။
(င) ဗဟိုဘဏ်သည် ဘဏ်မဟုတ်သောငွေရေးကြေးရေး အဖွဲ့အစည်းများ၏ အောက်ပါကိစ္စရပ်များအတွက် စည်းမျဉ်းများနှင့် လမ်းညွှန်ချက်များ ထုတ်ပြန်နိုင်သည်-
(၁) အုပ်ချုပ်မှုအတွက် လိုအပ်ချက်များ၊
(၂) ပွင့်လင်းမြင်သာမှုနှင့် ထုတ်ဖော်ပြောဆိုရန် လိုအပ်ချက်များ၊
(၃) စားသုံးသူ အကာအကွယ်ပေးရေးကိစ္စများ၊
(၄) အစီရင်ခံစာများတင်ပြခြင်းဆိုင်ရာ လိုအပ်ချက်များ၊
(၅) ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်းများအား ကြပ်မတ်ကွပ်ကဲခြင်း ကိစ္စရပ်များ။

၁၇။ ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်းများသည် ဗဟိုဘဏ်ကချမှတ်သည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ အောက်ပါလုပ်ငန်းများအားလုံးကိုဖြစ်စေ၊ တစ်ခုခုကိုဖြစ်စေ ပါဝင်ဆောင်ရွက်နိုင်သည်-
(က) ငွေရေးကြေးရေးကုမ္ပဏီလုပ်ငန်းများ၊
(ခ) အငှားချထားသည့်လုပ်ငန်းများ၊
(ဂ) ကြွေးမြီများဝယ်ယူကောက်ခံသည့်လုပ်ငန်းများ၊
(ဃ) အကြွေးဝယ်ကတ်လုပ်ငန်းများ၊
(င) ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊
(စ) ဗဟိုဘဏ်ကသတ်မှတ်သည့် အခြားငွေချေးဝန်ဆောင်မှုလုပ်ငန်းများ၊
(ဆ) ဗဟိုဘဏ်က ဆုံးဖြတ်သတ်မှတ်သည့် အခြားလုပ်ငန်းများ။

**ကိုယ်စားလှယ်ရုံးတည်ထောင်ခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းပြုရန် လိုအပ်ချက်များ**

၁၈။ (က) မည်သည့်နိုင်ငံခြားငွေရေးကြေးရေးအဖွဲ့အစည်းမျှ ဤဥပဒေအရ ကိုယ်စားလှယ်ရုံးဖွင့်လှစ်ရန်ဗဟိုဘဏ်၏စာဖြင့်ရေးသားထားသည့် ခွင့်ပြုချက်မရရှိဘဲ မြန်မာနိုင်ငံတွင် ကိုယ်စားလှယ်ရုံးဖွင့်လှစ်ခြင်းမပြုရ။
(ခ) ကိုယ်စားလှယ်ရုံးသည် ဗဟိုဘဏ်က သတ်မှတ်ထားသည့် လုပ်ငန်းဆောင်ရွက်ချက်များ သို့မဟုတ် ခွင့်ပြုသည့်လုပ်ငန်းများကိုသာ ဆောင်ရွက်ရမည်။
(ဂ) မည်သည့် နိုင်ငံခြားငွေရေးကြေးရေးအဖွဲ့အစည်းမျှ ယင်း၏ ကိုယ်စားလှယ်ရုံးမှတစ်ဆင့် မြန်မာနိုင်ငံအတွင်း ဘဏ်လုပ်ငန်း၊ ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်း သို့မဟုတ် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း လုပ်ငန်းတစ်ခုခုကို ဆောင်ရွက်ခြင်းမပြုရ။
(ဃ) ဗဟိုဘဏ်သည် ဤပုဒ်မ အာဏာသက်ရောက်စေရန် လိုအပ်သော စည်းမျဉ်းများနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

**စာတမ်းအမှတ်အသားများ၊ ရှင်းတမ်းများ စသည်တို့တင်ပြခြင်း**

၁၉။ (က) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၁၈၊ ပုဒ်မခွဲ (က) တွင် ရည်ညွှန်းထားသော သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် နိုင်ငံခြားအဖွဲ့အစည်းအသီးသီးသည် ဗဟိုဘဏ်၏ ခွင့်ပြုချက်စာရရှိရန် ဗဟိုဘဏ်က သတ်မှတ်သည့် စာတမ်းအမှတ်အသားများ၊ ရှင်းတမ်းများ၊ သတင်းအချက်အလက်များနှင့် အခကြေးငွေများကို ဗဟိုဘဏ်သို့ တင်ပြရမည်။
(ခ) မည်သည့်အချိန်တွင်မဆို ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ကိုယ်စားလှယ်ရုံးတစ်ခုသည်ယင်း၏လုပ်ငန်း သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်းသည့်သတင်းအချက်အလက်များကို ဗဟိုဘဏ်က သတ်မှတ်တောင်းခံသည့် အချိန်ကာလအလိုက် အစီရင်ခံစာများကို တင်ပြရမည်။

**သင်းဖွဲ့စည်းမျဉ်းနှင့် သင်းဖွဲ့မှတ်တမ်းများကို ပြင်ဆင်ခြင်း သို့မဟုတ် ပြောင်းလဲခြင်း**

၂၀။ (က) ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ကိုယ်စားလှယ်ရုံးတိုင်းသည် **ယင်း၏သင်းဖွဲ့စည်းမျဉ်းနှင့် သင်းဖွဲ့မှတ်တမ်း** တစ်ခုခုတွင် ပြင်ဆင်မှု သို့မဟုတ် ပြောင်းလဲမှုတစ်ခုခုပြုလုပ်တိုင်း သုံးလအတွင်း ဗဟိုဘဏ်သို့ အကြောင်းကြားရမည်။
(ခ) ပုဒ်မခွဲ (က)ပါ အကြောင်းကြားချက်ကို ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းမဟုတ်သောအဖွဲ့အစည်း သို့မဟုတ် ကိုယ်စားလှယ်ရုံး၏ ဒါရိုက်တာတစ်ဦးက ဥပဒေနှင့်အညီ ကြေညာ၍ အတည်ပြုရမည်။

**"ငွေရေးကြေးရေးကုမ္ပဏီ "စသည့်စကားရပ်များ သုံးစွဲမှုအပေါ်ကန့်သတ်ခြင်း**

၂၁။ ပုဒ်မ ၁၆ တွင် ရည်ညွှန်းထားသူ မဟုတ်သည့် မည်သည့်ပုဂ္ဂိုလ်မျှ ၎င်းက ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်း၏ လုပ်ငန်းမဟုတ်သည့်အပြင် ပုဒ်မ ၁၆ ပါ လိုအပ်ချက်များကို လိုက်နာဆောင်ရွက်ပြီး မဟုတ်လျှင် သို့မဟုတ် ဤကိစ္စနှင့်စပ်လျဉ်း၍ ဗဟိုဘဏ်၏ ခွင့်ပြုစာရရှိပြီး မဟုတ်လျှင် **"ငွေရေးကြေးရေးကုမ္ပဏီ"**၊ **"ငွေစုငွေချေးအသင်းများ"**၊ **"အငှားချထားသည့်လုပ်ငန်း"**၊ **"ကြွေးမြီများဝယ်ယူကောက်ခံသည့် လုပ်ငန်း (factoring)"**၊ **"ချေးငွေတိုကင်လုပ်ငန်း(Credit token)"**၊ **"ငွေကြေးဝန်ဆောင်မှုလုပ်ငန်း"** စကားရပ်များကိုလည်းကောင်း၊ ယင်းစကားရပ်များကို ဘာသာတစ်ခုခုဖြင့် ပြောင်းလဲရေးသားသည့် စကားရပ်များကိုလည်းကောင်း၊ ယင်းလုပ်ငန်းကို ဆောင်ရွက်သည့် အခြားစကားရပ်တစ်ခုခုကို လည်းကောင်း သုံးစွဲခြင်းမပြုရ။ ထို့ပြင် ယင်းသို့အကျိုးသက်ရောက်စေရန် အခြားနည်းရေးသားဖော်ပြခြင်းမပြုရ။

**ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ကိုယ်စားလှယ်ရုံးများအား ကြပ်မတ်ကွပ်ကဲခြင်း**

၂၂။ (က) အခြားတည်ဆဲဥပဒေ ပြဋ္ဌာန်းချက်များတွင် မည်သို့ပင်ပါရှိစေကာမူ ဝန်ကြီးဌာနသည် အောက်ပါကိစ္စရပ်တစ်ခုခုအတွက် လိုအပ်သည်ဟု ထင်မြင်ယူဆလျှင် ဗဟိုဘဏ်၏ ထောက်ခံချက်အရ ပြန်တမ်းတွင် အမိန့်ထုတ်ပြန်၍ ဤဥပဒေ၏ ပြဋ္ဌာန်းချက်အားလုံး သို့မဟုတ် အချို့သည် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းနှင့်သော်လည်းကောင်း၊ ကိုယ်စားလှယ်ရုံးတစ်ခုခုနှင့်သော်လည်းကောင်း၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း၊ လုပ်ငန်း သို့မဟုတ် ကိုယ်စားလှယ်ရုံးအတန်းအစား သို့မဟုတ် အမျိုးအစားတစ်ခုခုနှင့်သော်လည်းကောင်း ယေဘုယျအားဖြင့် သက်ဆိုင်စေရမည်ဟု ကြေညာနိုင်သည် -
(၁) ငွေကြေးတည်ငြိမ်မှုနှင့် ငွေရေးကြေးရေးစနစ် ခိုင်မာမှုမြှင့်တင်ရေး၊
(၂) မြန်မာနိုင်ငံ၏ အကျိုးစီးပွားအတွက် ချေးငွေအခြေအနေကိုပြုပြင်ရေး၊
(၃) ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းကဖြစ်စေ၊ ကိုယ်စားလှယ်ရုံးကဖြစ်စေ လုပ်ကိုင်သောလုပ်ငန်း သို့မဟုတ် ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အများပြည်သူ၏ အကျိုးစီးပွားကို အကာအကွယ်ပေးရေး။
(ခ) ပုဒ်မခွဲ (က) အရ အမိန့်တစ်ရပ်ကို အများပြည်သူသိရှိရန် ထုတ်ပြန်ကြေညာသည့်အခါ အဆိုပါ ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်း၊ ကိုယ်စားလှယ်ရုံး၊ ယင်းဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ကိုယ်စားလှယ်ရုံးအတန်းအစား၊ အမျိုးအစားနှင့်သက်ဆိုင်သည့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဘဏ်လိုင်စင်ရအဖွဲ့အစည်းများနှင့် သက်ဆိုင်သကဲ့သို့ ယင်းဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း၊ ကိုယ်စားလှယ်ရုံးနှင့်သော်လည်းကောင်း၊ ယင်းဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ကိုယ်စားလှယ်ရုံး၏ အတန်းအစား သို့မဟုတ် အမျိုးအစားနှင့်သော်လည်းကောင်း သက်ဆိုင်စေရမည်။

**ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ကိုယ်စားလှယ်ရုံးတို့၏ စာရင်းကိုထုတ်ပြန်ခြင်း**

၂၃။ ဗဟိုဘဏ်သည် ပုဒ်မ ၂၂ တွင် ဖော်ပြထားသော ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ကိုယ်စားလှယ်ရုံး စာရင်းအားလုံးကို နှစ်စဉ်ထုတ်ပြန်ကြေညာရမည်။

**အခန်း (၆)**

**အပ်နှံငွေလက်ခံခြင်း၊ အပ်နှံငွေခေါ်ယူခြင်းတို့နှင့်စပ်လျဉ်း၍ ကန့်သတ်ချက်များ**

**ခွင့်ပြုချက်မရှိဘဲ အပ်နှံငွေရယူခြင်း**

၂၄။ (က) တည်ဆဲဥပဒေ တစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ပုဒ်မ ၇ အရ ထုတ်ပေးသော လိုင်စင်နှင့်အညီ ဆောင်ရွက်ခြင်းမှအပ မည်သူမျှအပ်နှံငွေများကို လက်ခံခြင်း သို့မဟုတ် ရယူခြင်းမပြုရ။
(ခ) ဗဟိုဘဏ်သည် ပုဂ္ဂိုလ်တစ်ဦးဦးက ဤဥပဒေနှင့်မညီသော ဆောင်ရွက်ချက်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သံသယရှိမှုမှာ လုံလောက်သော အကြောင်းရှိလျှင် ထိုသူ၏ ရုံးခန်းအတွင်းသို့ ဝင်ရောက်ခြင်း၊ ထိုသူ၏စာရင်း၊ စာအုပ်၊ စာတမ်းအမှတ်အသား၊ မှတ်တမ်းများကို စစ်ဆေးခြင်းပြုရန် လုပ်ပိုင်ခွင့်ရှိစေရမည်။
(ဂ) ဗဟိုဘဏ်၏ မေတ္တာရပ်ခံချက်အပေါ် ဥပဒေစိုးမိုးရေးအရာရှိများသည် ချက်ချင်းအရေးယူဆောင်ရွက်ရန်လိုအပ်ပါက ဤပုဒ်မတွင် ရည်ညွှန်းထားသော ပုဂ္ဂိုလ်များ၏ ဥပစာများနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများသို့ဝင်ရောက်၍ ထိုသူ၏ ငွေစာရင်းများ၊ စာအုပ်များနှင့် အခြားမှတ်တမ်းများကို စစ်ဆေးနိုင်ရန် ဗဟိုဘဏ်အား ကူညီရမည်။

**မလိုလားအပ်သောခေါ်ဆိုမှုများ (Unsolicited calls)**

၂၅။ (က) မည်သူမျှဗဟိုဘဏ်၏စာဖြင့် သဘောတူခွင့်ပြုချက်မရရှိဘဲ ပြည်တွင်း သို့မဟုတ် ပြည်ပရှိ ပုဂ္ဂိုလ်တစ်ဦးဦးထံမှ အပ်နှံငွေရရှိစေရန် အောက်ပါတို့ကို ဆောင်ရွက်ခြင်းမပြုရ-
(၁) ငွေအပ်ရန် ဆွဲဆောင်သိမ်းသွင်းခြင်း သို့မဟုတ် အပ်နှံငွေလက်ခံရယူခြင်း၊ သို့မဟုတ်
(၂) အပ်နှံငွေလက်ခံရန်အတွက် သဘောတူညီချက် စာချုပ်ချုပ်ဆိုခြင်း သို့မဟုတ် ထိုသို့ချုပ်ဆိုရန် ကမ်းလှမ်းခြင်း။
(ခ) ပုဒ်မခွဲ (က) ပါ ဗဟိုဘဏ်၏ သဘောတူညီချက်ကို ထိုပုဂ္ဂိုလ် သို့မဟုတ် ထိုပုဂ္ဂိုလ် အတန်းအစား သို့မဟုတ် အမျိုးအစားကို သဘောတူညီချက်တွင် ဖော်ပြထားသော စည်းကမ်းချက်များအတိုင်း ထုတ်ပေးနိုင်သည်။
(ဂ) ဤပုဒ်မပါ **"မလိုလားအပ်သော ခေါ်ဆိုမှု"** ဆိုသည်မှာ အတိအလင်း ဖိတ်ခေါ်ခြင်းမရှိဘဲ ပုဂ္ဂိုလ်ရေးအရ တွေ့ဆုံမှု သို့မဟုတ် နှုတ်ဖြင့် ဆက်သွယ်ပြောဆိုမှုကို ဆိုသည်။

**ဘဏ်လိုင်စင်ရအဖွဲ့အစည်းက ထုတ်ပြန်သော ကြော်ငြာများကို ထိန်းချုပ်ကွပ်ကဲခြင်း**

၂၆။ (က) ဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခုက ပြုလုပ်သောကြော်ငြာတွင် ဖော်ပြချက်တစ်ခုခုမှာ မှားယွင်းကြောင်း၊ လိမ်လည်ခြင်း သို့မဟုတ် လှည့်ဖြားခြင်းပြုကြောင်း ဗဟိုဘဏ်က ထင်မြင်ယူဆလျှင် ဗဟိုဘဏ်သည် ထိုဘဏ်လိုင်စင်ရအဖွဲ့အစည်းသို့ အောက်ပါတို့ကို သို့မဟုတ် တစ်ခုခုကို ဆောင်ရွက်ရန် အကြောင်းကြားစာပေးပို့ညွှန်ကြားနိုင်သည် -
(၁) ကြော်ငြာဆက်လက်ပြုလုပ်ခြင်းကို ရပ်စဲစေခြင်း၊
(၂) ဗဟိုဘဏ်က သတ်မှတ်သည့်နည်းလမ်းအတိုင်း ကြော်ငြာကို ပြင်ဆင်စေခြင်း၊
(၃) ကြော်ငြာများ သို့မဟုတ် ပြသချက်များအားလုံးကို ရုပ်သိမ်း၍ ပြန်လည်ပြင်ဆင်ကြော်ငြာစေရန် သို့မဟုတ် ပြန်လည်ရုပ်သိမ်းရန် ဖြစ်နိုင်သမျှဆောင်ရွက်ခြင်း။
(ခ) ဗဟိုဘဏ်သည် ပုဒ်မခွဲ (က) အရ ထုတ်ပြန်သော ညွှန်ကြားချက်တစ်ခုခုကို ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုနိုင်သည်။

**အခန်း (၇)**

**မတည်ရင်းနှီးငွေ၊ သီးသန့်ရန်ပုံငွေနှင့် သိသာထင်ရှားသော ပိုင်ဆိုင်မှု မတည်ရင်းနှီးငွေထိန်းသိမ်းထားရှိခြင်း**

၂၇။ (က) ဘဏ်လိုင်စင်ရအဖွဲ့အစည်းများသည် ၎င်းတို့၏မတည်ရင်းနှီးငွေကို အောက်ပါအတိုင်း ထားရှိရမည်-
(၁) မြန်မာနိုင်ငံတွင် ဖွဲ့စည်းသည့် ဘဏ်ဖြစ်သည့်ကိစ္စတွင် ယင်း၏ထည့်ဝင်ပြီး မတည်ရင်းနှီးငွေမှာ ကျပ်သန်းနှစ်သောင်း (ကျပ် ၂၀ ဘီလီယံ) ထက်မနည်းရှိခြင်း၊
(၂) နိုင်ငံခြားဘဏ်၏ဘဏ်ခွဲ သို့မဟုတ် လက်အောက်ခံအဖွဲ့အစည်းဖြစ်ပါက အမေရိကန်ဒေါ်လာ ၇၅ သန်းနှင့်ညီမျှသော ငွေပမာဏထက်မနည်း မတည်ရင်းနှီးငွေ ထည့်ဝင်ပြီးဖြစ်ခြင်း။
(ခ) ပုဒ်မခွဲ (က) ပါ မတည်ရင်းနှီးငွေကို ဗဟိုဘဏ်က ထုတ်ပြန်သည့် စည်းမျဉ်းများဖြင့် သတ်မှတ်သည့်အတိုင်း အခါအားလျော်စွာ တိုးမြှင့်နိုင်သည်။
(ဂ) ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် အသားတင်မတည်ရင်းနှီးငွေကိုဆုံးရှုံးမှုများကြောင့် လျော့နည်းမှုမရှိစေဘဲ ဗဟိုဘဏ်က စည်းမျဉ်းများဖြင့် သတ်မှတ်ထားသည့် အချိုးအစားအတိုင်း အမြဲထိန်းသိမ်းထားရှိရမည်။
(ဃ) ဤဥပဒေပါရည်ရွယ်ချက်များအတွက် မြန်မာနိုင်ငံတွင် တည်ထောင်သော ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ကနဦး မတည်ရင်းနှီးငွေသည် ထည့်ဝင်ပြီးမတည်ငွေရင်းဖြစ်ရမည်။
(င) မည်သည့်ဘဏ်လိုင်စင်ရ အဖွဲ့အစည်းမျှဗဟိုဘဏ်၏ စာဖြင့် ကြိုတင်အတည်ပြုချက်မရရှိဘဲ ယင်း၏ အစုရှယ်ယာ မတည်ငွေရင်းကို လျှော့ချခြင်းမပြုရ။
(စ) ဗဟိုဘဏ်သည် လက်အောက်ခံအဖွဲ့အစည်းရှိသော ဘဏ်လိုင်စင်ရ အဖွဲ့အစည်းအား မတည်ရင်းနှီးငွေ တစ်လုံးတစ်စည်းတည်းထားရှိမှုကိုအခြေခံ၍ လုံလောက်သော အနည်းဆုံး မတည်ရင်းနှီးငွေအချိုးထားရှိရန် တောင်းဆိုနိုင်သည်။
(ဆ) ဤဥပဒေပါရည်ရွယ်ချက်များအလို့ငှာ-
(၁) **အဓိကမတည်ငွေရင်း သို့မဟုတ် အလွှာ(၁) မတည်ငွေရင်း (Core capital or Tier 1 Capital)** ဆိုသည်မှာ အပြည့်အဝထည့်ဝင်သည့် သာမန်အစုရှယ်ယာများနှင့် ထပ်တိုးစုဆောင်းထားခွင့်မရှိသော သက်တမ်းသတ်မှတ်ထားခြင်းမရှိသည့် ဦးစားပေးအစု ရှယ်ယာများ(Perpetual non-cumulative preference shares)၊ မတည်ငွေရင်းမှခွင့်ပြုငွေများ(Capital grants) နှင့် ယင်းနှစ်အတွင်း ဆုံးရှုံးငွေများနုတ်ပယ်ပြီး အများပြည်သူသို့ ထုတ်ဖော်ကြေညာသော သီးသန့်ငွေများ၊

*စာမျက်နှာ ၄ သို့*

## ဥပဒေကြော်ငြာ

*စာမျက်နှာ ဃ မှ*

နာမည်ကောင်းတန်ဖိုး၊ လုပ်ငန်းမလည်ပတ်မီ ကုန်ကျစရိတ်များ၊ ကြိုတင်ထုတ်ပေးသည့် ကုန်ကျစရိတ်များ၊ ရွှေ့ဆိုင်းထားသည့် စရိတ်များ (deferred charges)၊ ငှားယူသည့်အခွင့်အရေးများ(Leasehold rights)နှင့် ထိတွေ့၍မရသော အခြားရရန်ပိုင်ခွင့်များကိုဆိုသည်၊

(၂) **ဖြည့်စွက်မတည်ငွေရင်း သို့မဟုတ် အလွှာ(၂) မတည်ငွေရင်း**ဆိုသည်မှာ အနာဂတ်ဆုံးရှုံးမှုများအတွက် အထွေထွေလျာထားမှုများ၊ လက်ငင်းမဖော်ပြနိုင်သည့် ဆုံးရှုံးမှုများ၊ ပြန်လည်ရရှိရန် ဦးစားပေးအဆင့်တွင်မရှိသည့် ကြွေးမြီများ၊ ရွေးနုတ်နိုင်သော ဦးစားပေးအစုရှယ်ယာများနှင့် ဗဟိုဘဏ်က အခါအားလျော်စွာ သတ်မှတ်နိုင်သည့် အခြားပုံစံတစ်မျိုးမျိုးဖြင့် မတည်ရင်းနှီးငွေတို့ကို ဆိုသည်၊

(၃) **စုစုပေါင်းမတည်ရင်းနှီးငွေ**ဆိုသည်မှာ အဓိကမတည်ရင်းနှီးငွေ (Core Capital)နှင့် ဖြည့်စွက်မတည်ရင်းနှီးငွေ နှစ်ခုပေါင်းကိုဆိုသည်၊

(၄) **ဆုံးရှုံးနိုင်ခြေ အလေးပေးတွက်ချက်ထားသော စုစုပေါင်း ရရန်ပိုင်ခွင့်များနှင့် လက်ကျန်ရှင်းတမ်း၌ မပါဝင်သည့် ရရန်ရှိကြွေးမြီများ**ဆိုသည်မှာ ဗဟိုဘဏ်က သတ်မှတ်ထားသည့် နည်းလမ်းဖြင့် ဆုံးရှုံးနိုင်ခြေကိုက်ညှိတွက်ချက်ထားသော မတူညီသော ရရန်ပိုင်ခွင့်အမျိုးအစားများနှင့် လက်ကျန်ရှင်းတမ်းတွင် မပါဝင်သည့် ရရန်ရှိကြွေးမြီများကို ဆိုသည်။

### သီးသန့်ရန်ပုံငွေ ထိန်းသိမ်းထားရှိခြင်း

၂၈။ (က) ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် သီးသန့်ရန်ပုံငွေတစ်ရပ်ထားရှိရမည်။ ထို့ပြင်(ပေးရန်ရှိအခွန်အတွက် လျာထားမှုပြုလုပ်ပြီးနောက်) နှစ်စဉ်အသားတင်အမြတ်ငွေမှအမြတ်ဝေစုခွဲဝေပေးရန် မကြေညာမီ နှစ်စဉ်အသားတင်အမြတ်ငွေမှ အောက်ပါငွေများကို သီးသန့်ရန်ပုံငွေသို့ လွှဲပြောင်းပေးရမည် -

(၁) သီးသန့်ရန်ပုံငွေပမာဏသည် ထည့်ဝင်ပြီးမတည်ငွေရင်း၏ ၅၀ ရာခိုင်နှုန်းအောက် နည်းပါက ထိုနှစ်၏ အသားတင်အမြတ်ငွေ၏ ၅၀ ရာခိုင်နှုန်း ထက်မနည်းသော ငွေပမာဏ၊

(၂) သီးသန့်ရန်ပုံငွေပမာဏသည် ထည့်ဝင်ပြီးမတည်ငွေရင်း၏ ၅၀ ရာခိုင်နှုန်းထက်ကျော်ပြီး ၁၀၀ ရာခိုင်နှုန်းအောက်ရှိပါက ထိုနှစ်၏ အသားတင်အမြတ်ငွေ၏ ၂၅ ရာခိုင်နှုန်းထက်မနည်းသော ငွေပမာဏ။

(ခ) ပုဒ်မခွဲ (က)တွင် မည်သို့ပင်ပါရှိစေကာမူ ဗဟိုဘဏ်သည် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ နှစ်စဉ်အသားတင်အမြတ်ငွေမှ ယင်း၏ သီးသန့်ရန်ပုံငွေသို့ လွှဲပြောင်းပေးရန် မတူညီသော အချိုးတစ်ရပ်ကို အခါအားလျော်စွာ သတ်မှတ်နိုင်သည်။

### ငွေဖြစ်လွယ်သော ရရန်ပိုင်ခွင့်များ ထိန်းသိမ်းထားရှိခြင်း

၂၉။ ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် ငွေဖြစ်လွယ်သော ရရန်ပိုင်ခွင့်များ အနည်းဆုံး သို့မဟုတ် ပျမ်းမျှအနည်းဆုံးပမာဏကို အမြဲတမ်းဖြစ်စေ၊ သတ်မှတ်ကာလတစ်ရပ်အတွက်ဖြစ်စေ ဗဟိုဘဏ်က သတ်မှတ်ထားသည့် စည်းမျဉ်းအတိုင်းထားရှိရမည်။

### ရရန်ပိုင်ခွင့်များ ထိန်းသိမ်းထားရှိရခြင်း

၃၀။ ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် ဗဟိုဘဏ်က စည်းမျဉ်းဖြင့်သတ်မှတ်ထားသည့်အတိုင်း ရရန်ပိုင်ခွင့်များအနည်းဆုံးပမာဏကို အမြဲထားရှိရမည်။

### နိုင်ငံခြားဘဏ်ခွဲအတွက် သတ်မှတ်ထားသော မတည်ငွေရင်း

၃၁။ (က) နိုင်ငံခြားဘဏ်သည် ယင်း၏ဘဏ်ခွဲအတွက် သတ်မှတ်ထားသော အနည်းဆုံး မတည်ရင်းနှီးငွေထားရှိရမည်။ ယင်းပမာဏမှာ နိုင်ငံခြားဘဏ်ခွဲကို ပြည်တွင်းဘဏ်တစ်ခုအဖြစ် တည်ထောင်၍ လိုင်စင်ပေးရာတွင် ထားရှိရမည့် အနည်းဆုံး ကနဦးမတည်ငွေရင်းပမာဏအတိုင်း ထားရှိရမည်။

(ခ) နိုင်ငံခြားဘဏ်က မိမိ၏ ဘဏ်ခွဲအတွက် ထိန်းသိမ်းထားရှိရမည့် သတ်မှတ်ထားသော မတည်ငွေရင်းကို ဗဟိုဘဏ်က စည်းမျဉ်းဖြင့် သတ်မှတ်သည့်ပုံစံနှင့် နည်းလမ်းအတိုင်း ထိန်းသိမ်းထားရှိရမည်။

### ချေးငွေနှင့် အခြားရရန်ပိုင်ခွင့်များအတွက် ကြိုတင်လျာထားခြင်း

၃၂။ ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် -

(က) အမြတ် သို့မဟုတ် အရှုံးတစ်ခုခုကို ကြေညာခြင်းမပြုမီ ချေးယူငွေများ၊ ကြိုတင်ထုတ်ချေးငွေများနှင့် အခြားရရန်ပိုင်ခွင့်များအတွက် ကြိုတင်လျာထားချက်များ ပြုလုပ်ရမည်။

(ခ) ပုဒ်မခွဲ (က)အရ ပြုလုပ်သည့် ချေးယူငွေများ၊ ကြိုတင်ထုတ်ချေးငွေများနှင့် အခြားရရန်ပိုင်ခွင့်များအတွက် ကြိုတင်လျာထားချက်များကို ဗဟိုဘဏ်က သတ်မှတ်ထားသော စည်းမျဉ်းများနှင့် အညီလုံလောက်မှုရှိစေရန် ထားရှိရမည်။

### နှစ်တိုး အမြတ်ငွေများနှင့် လွှဲပို့ငွေများ ပေးချေခြင်း

၃၃။ (က) ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် ၎င်း၏အစုရှယ်ယာဝင်များအား ၎င်းရရှိသော အမြတ်ငွေများမှ အစုပေါ်အမြတ်ငွေများ သို့မဟုတ် နည်းလမ်းတစ်မျိုးမျိုးဖြင့်ခွဲဝေခြင်းကိုသာ ပြုလုပ်ရမည်။

(ခ) ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည်၎င်း၏ အစုရှယ်ယာဝင်များအား အစုပေါ်အမြတ်ငွေပေးခြင်း သို့မဟုတ် အမြတ်ခွဲဝေမှုနည်းလမ်းတစ်မျိုးမျိုးကို အောက်ပါအခြေအနေများနှင့် မညီညွတ်လျှင် ကြေညာခြင်းမပြုရ-

(၁) ရုပ်ဝတ္ထုပုံသဏ္ဌာန်ဖြင့် ရရန်ပိုင်ခွင့်များနှင့်မသက်ဆိုင်သည့် ကြိုတင်အသုံးစရိတ်များနှင့် အခြားအသုံးစရိတ်များအပါအဝင် ၎င်း၏ငွေလုံးငွေရင်းအသွင်ပြောင်းအသုံးစရိတ်များ အားလုံးကိုလုံးဝပယ်ဖျက်ခြင်းမရှိလျှင်၊

(၂) ၎င်း၏ ရရန်ပိုင်ခွင့်များ တန်ဖိုးစုစုပေါင်းသည် ပေးရန်တာဝန် စုစုပေါင်းတန်ဖိုးနှင့် မတည်ရင်းနှီးငွေစုစုပေါင်းတန်ဖိုးထက် လျော့နည်းနေလျှင်၊

(၃) ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရဖြစ်စေ သတ်မှတ်ထားသော လိုအပ်ချက်ကို ချိုးဖောက်လျှင်၊

### ဤအခန်းအရ ထုတ်ပြန်သောစည်းမျဉ်းများ

၃၄။ (က) ဗဟိုဘဏ်သည် အောက်ပါတို့အပေါ် စည်းမျဉ်းများ ထုတ်ပြန်နိုင်သည် -

(၁) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ အနည်းဆုံး မတည်ရင်းနှီးငွေ၊

(၂) ဘဏ်လိုင်စင်ရအဖွဲ့အစည်းက ထိန်းသိမ်းထားရှိရမည့် အနည်းဆုံး သီးသန့်ရန်ပုံငွေ၊

(၃) ဘဏ်လိုင်စင်ရအဖွဲ့အစည်းက ထိန်းသိမ်းထားရှိရမည့် ငွေဖြစ်လွယ်သော ရရန်ပိုင်ခွင့်များ၊ (liquid assets)

(၄) ဘဏ်လိုင်စင်ရအဖွဲ့အစည်းက မြန်မာနိုင်ငံတွင် ထိန်းသိမ်းထားရှိသည့် ၎င်း၏ရရန်ပိုင်ခွင့်များ၊

(၅) မြန်မာနိုင်ငံတွင် နိုင်ငံခြားဘဏ်ခွဲအတွက် သတ်မှတ်ထားသည့် မတည်ငွေရင်း၊ နှင့်

(၆) နှစ်တိုးအမြတ်ငွေနှင့် ရရန်ပိုင်ခွင့်များ လွှဲပြောင်းခြင်းအတွက် ငွေပေးချေခြင်း။

(ခ) ဗဟိုဘဏ်သည် အောက်ပါတို့ကို သတ်မှတ်နိုင်သည် -

(၁) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ကွဲပြားခြားနားသော အတန်းအစားအလိုက် သို့မဟုတ် အမျိုးအစားအလိုက် မြန်မာနိုင်ငံတွင် အနည်းဆုံးထားရှိရမည့် ရရန်ပိုင်ခွင့်ပမာဏအမျိုးမျိုး၊

(၂) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ကွဲပြားခြားနားသော အတန်းအစား သို့မဟုတ် အမျိုးအစားများအလိုက် သတ်မှတ်သော ရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ၊

(၃) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ကွဲပြားခြားနားသော အတန်းအစားနှင့် အမျိုးအစားများအလိုက် ဤဥပဒေ ပြဋ္ဌာန်းချက်အရ ကိစ္စရပ်အမျိုးမျိုးနှင့်စပ်လျဉ်းသည့် လျာထားချက်များ၊

### အဓိကကျသည့် အကျိုးစီးပွားများ ရယူခြင်း

၃၅။ (က) မည်သူမျှ ပုဂ္ဂိုလ်တစ်ဦးချင်းဖြစ်စေ၊ တစ်ဦးထက်ပိုသူများနှင့် ပူးပေါင်း၍ဖြစ်စေ ဘဏ်လိုင်စင်ရ အဖွဲ့အစည်းတစ်ခုတွင် အဓိကကျသည့် အကျိုးစီးပွားများရယူခြင်းအတွက် ဗဟိုဘဏ်၏ ကြိုတင်သဘောတူညီချက်မရရှိဘဲ သဘောတူစာချုပ်ချုပ်ဆိုခြင်း သို့မဟုတ် စီစဉ်ဆောင်ရွက်ခြင်းမပြုရ။

(ခ) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ အဓိကအစုရှယ်ယာဝင်ဖြစ်သူ မည်သူမဆို ဤဥပဒေစတင်အာဏာတည်သည့်နေ့မှ ခြောက်လအတွင်း အဆိုပါ အဓိက အစုရှယ်ယာဝင်အဖြစ်ဆက်လက်တည်ရှိရေးအတွက် ဗဟိုဘဏ်၏ သဘောတူအတည်ပြုချက်ရရှိရန် လျှောက်ထားခြင်းပြုရမည်။ ဗဟိုဘဏ်၏ သဘောတူအတည်ပြုချက်မရရှိလျှင် အဆိုပါ အဓိကအစုရှယ်ယာဝင်အဖြစ် ဆက်လက်မတည်ရှိစေရ။

(ဂ) ပုဒ်မခွဲ(က) သို့မဟုတ် (ခ)နှင့်သက်ဆိုင်သူသည် ဗဟိုဘဏ်က ထုတ်ပြန်သည့် စည်းမျဉ်းများဖြင့် သတ်မှတ်သည့်အတိုင်း အခြား အထောက်အထားစာတမ်းအမှတ်အသားများ ပူးတွဲ၍ ဗဟိုဘဏ်သို့ လျှောက်လွှာတင်သွင်းရမည်။

(ဃ) ဗဟိုဘဏ်သည် ပုဒ်မခွဲ(ဂ)တွင် ရည်ညွှန်းထားသည့် အထောက်အထားများကို နောက်ကြောင်းရာဇဝင် စစ်ဆေးပိုင်ခွင့်ရှိသည်။ ထို့ပြင် ပုဒ်မခွဲ (က)အရ သက်ဆိုင်သောလျှောက်ထားလွှာ တင်သွင်းရာတွင် ထပ်မံလိုအပ်သည့် စာတမ်းအမှတ်အသားများနှင့် သတင်းအချက်အလက်များကို တောင်းဆိုနိုင်သည်။

(င) ဗဟိုဘဏ်က ပုဒ်မခွဲ (က)နှင့်(ခ)တို့အရ တင်သွင်းသည့် လျှောက်လွှာတွင် အောက်ပါအခြေအနေတစ်ရပ်ရပ်၊ သို့မဟုတ် တစ်ရပ်ထက်ပိုကြောင်းတွေ့ရှိပါက အတည်ပြုချက် ထုတ်ပေးခြင်းမပြုရန် ဆုံးဖြတ်နိုင်သည် -

(၁) လျှောက်ထားသူမှာ ပုဂ္ဂိုလ်ရေးအရ သင့်မြတ်လျော်ကန်သူ မဟုတ်ခြင်း၊

(၂) လျှောက်ထားသူသည် ဥပဒေအရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်ပါက ယင်း၏ တစ်ဦးသို့မဟုတ် တစ်ဦးထက်ပိုသည့် ဒါရိုက်တာများ သို့မဟုတ် အမှုဆောင်အရာရှိများမှာ သင့်မြတ်လျော်ကန်သူများ မဟုတ်ခြင်း၊

(၃) လျှောက်ထားသူသည်ဘဏ်လိုင်စင်ရ အဖွဲ့အစည်းအပေါ် သိသိသာသာ ဩဇာလွှမ်းမိုး၍ ဆောင်ရွက်ခြင်းကြောင့် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ စီမံခန့်ခွဲမှုကို ထိခိုက်နိုင်ကြောင်း ဗဟိုဘဏ်က သိရှိထားခြင်း။

(စ) ဗဟိုဘဏ်သည် ပုဒ်မခွဲ (က)အရ လျှောက်ထားချက်တစ်ရပ်ရပ်ကို အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုပိုင်ခွင့်ရှိသည်။

(ဆ) ဘဏ်အသီးသီးသည် ဘဏ်လိုင်စင်ရအဖွဲ့အစည်းတွင် အဓိကကျသည့် အကျိုးစီးပွားရှိသည့် အစုရှယ်ယာဝင်များ၏ အမည်နှင့် နေရပ်လိပ်စာ၊ အဆိုပါ အစုရှယ်ယာဝင်များက မဲပေးပိုင်ခွင့်အရေးအတွက်တို့ပါဝင်သည့် နှစ်စဉ်အစီရင်ခံစာကို ဗဟိုဘဏ်သို့ တင်ပြရမည်။

(ဇ) ဤဥပဒေအလို့ငှာ **"ပူးပေါင်းဆောင်ရွက်သူ (person acting in concert)"** ဆိုသည်မှာ အဓိကအစုရှယ်ယာများ ရယူထားရန် သို့မဟုတ် ဘဏ်လိုင်စင်ရ အဖွဲ့အစည်းတွင်မဲပေးခွင့်အများစုရယူရန်ဖြစ်စေ သို့မဟုတ် အဖွဲ့အစည်းအပေါ် ထိန်းချုပ်ကွပ်ကဲခွင့်ရရှိရန်အတွက် အစုရှယ်ယာများရရှိရန် သို့မဟုတ် မဲပေးခွင့်ရရှိရန်ရည်ရွယ်၍ သဘောတူညီချက် သို့မဟုတ် နားလည်မှုရရှိရန်အလို့ငှာ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပူးပေါင်းပါဝင်ဆောင်ရွက်သူများကို ဆိုသည်။

(ဈ) ဤပုဒ်မအလို့ငှာ ပူးပေါင်းဆောင်ရွက်သူများတွင် လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် ၎င်း၏ဆွေမျိုးများ၊ ကုမ္ပဏီတစ်ခုနှင့် ၎င်း၏ ဆက်နွယ်သော ပုဂ္ဂိုလ်များပါဝင်သည်။

### အဓိကကျသည့်အကျိုးစီးပွားရယူခြင်းဆိုင်ရာကန့်သတ်ချက်များနှင့် မသက်ဆိုင်ခြင်း

၃၆။ (က) ပုဒ်မ၃၅၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ ပြဋ္ဌာန်းချက်များသည် အောက်ပါတို့နှင့် သက်ဆိုင်ခြင်းမရှိစေရ -

(၁) အောက်ပါကိစ္စရပ်များတွင် ဘဏ်လိုင်စင်ရအဖွဲ့အစည်းက မဲပေးရရှိသည့် အစုရှယ်ယာများ -

(ကက) ဘဏ်လိုင်စင်ရအဖွဲ့အစည်းက ချေးငွေပြန်၍ ပေးဆပ်မှုအစားရရှိသည့် မဲပေးသည့် အစုရှယ်ယာများ၊

(ခခ) အာမခံစာချုပ်ထုတ်ဝေခြင်း အစီအစဉ် (underwriting arrangement) အရ ဘဏ်လိုင်စင်ရအဖွဲ့အစည်းက တစ်နှစ်အတွင်း သို့မဟုတ် ဗဟိုဘဏ်က ခြွင်းချက်အခြေအနေတွင် တစ်နှစ်ထက်ပို၍ ခွင့်ပြုပေးသည့် ကာလအတွင်း ထုတ်ရောင်းမည့် မဲပေးသည့် အစုရှယ်ယာများ၊

(၂) ကိုယ်စားလှယ်၊ ယုံမှတ်အပ်နှံသူ သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူအဖြစ် ရရှိထားပြီး ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ မဲပေးသည့် အစုရှယ်ယာများ၊

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် ၁(ကက)အရ ဘဏ်လိုင်စင်ရ အဖွဲ့အစည်းတစ်ခု၏ မဲပေးသည့် အစုရှယ်ယာများကိုရယူသော ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် အဆိုပါမဲပေးသည့် အစုရှယ်ယာများကို ရယူကြောင်း ဗဟိုဘဏ်သို့ အကြောင်းကြားရမည်။

### အစုရှယ်ယာ အများဆုံးကိုင်ဆောင်ထားမှုအပေါ် စည်းမျဉ်းများ

၃၇။ ဗဟိုဘဏ်သည်အောက်ပါတို့ကို သတ်မှတ်နိုင်သည် -

(က) ပုဂ္ဂိုလ်တစ်ဦးဦးက အများဆုံးကိုင်ဆောင်ထားနိုင်သည့် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ မဲပေးနိုင်သည့် အစုရှယ်ယာ ရာခိုင်နှုန်းနှင့်

(ခ) ကုမ္ပဏီ၊လုပ်ငန်းအဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အတန်းအစားအလိုက် ပုဒ်မခွဲ(က)အရ အများဆုံးအစုရှယ်ယာ ရာခိုင်နှုန်း။

### အဓိကကျသည့် အကျိုးစီးပွားများနှင့် အစုရှယ်ယာအများဆုံး ပိုင်ဆိုင်ထားမှုအပေါ် ကန့်သတ်ချက်များအား ဖောက်ဖျက်မှု

၃၈။ (က) ဗဟိုဘဏ်သည် ပုဂ္ဂိုလ်တစ်ဦးဦးက ပုဒ်မ၃၅ ပါ ပြဋ္ဌာန်းချက်ကိုဖြစ်စေ၊ ပုဒ်မ၃၇ အရ ထုတ်ပြန်သည့် စည်းမျဉ်းများကိုဖြစ်စေ ဖောက်ဖျက်ကြောင်း ထင်မြင်ယူဆလျှင် အောက်ပါတို့ကို ဆောင်ရွက်ရန် ညွှန်ကြားချက်ကိုစာဖြင့် ထုတ်ပြန်နိုင်သည်-

(၁) ဖောက်ဖျက်သူ၏ မဲပေးသည့် အစုရှယ်ယာများနှင့် စပ်လျဉ်း၍ အဆိုပါ အစုရှယ်ယာကိုလွှဲပြောင်းခြင်း သို့မဟုတ် အစုရှယ်ယာလွှဲပြောင်းရန် သဘောတူညီချက် သို့မဟုတ် အစီအစဉ်ကို လွှဲပြောင်းခြင်းမပြုရန် တားမြစ်ခြင်း၊

(၂) အဆိုပါ အစုရှယ်ယာနှင့်စပ်လျဉ်း၍ မဲပေးပိုင်ခွင့်အား တားမြစ်ခြင်း၊

(၃) အစုရှယ်ယာများ ထပ်မံထုတ်ခြင်းကို တားမြစ်ခြင်း သို့မဟုတ် ၎င်းအစုရှယ်ယာများ ကိုင်ထားသူအား ရောင်းချရန်ကမ်းလှမ်းခြင်းကို တားမြစ်ခြင်း၊

(၄) စာရင်းရှင်းလင်းဖျက်သိမ်းခြင်းမှအပ အဆိုပါ အစုရှယ်ယာအပေါ် ဘဏ်လိုင်စင်ရအဖွဲ့အစည်းထံမှ ပေးချေမှုကို တားမြစ်ခြင်း၊ သို့မဟုတ်

(၅) ဖောက်ဖျက်သူနှင့်စပ်လျဉ်း၍ ဗဟိုဘဏ်က အဆိုပါ အစုရှယ်ယာများကိုအများ ပြည်သူအားလေလံတင်၍ ရောင်းချရန်အဆိုပါပုဂ္ဂိုလ်အား ညွှန်ကြားခြင်း။

(ခ) ဗဟိုဘဏ်သည် ပုဒ်မခွဲ(က)အရ ထုတ်ပြန်သည့်ညွှန်ကြားချက်ကို ဖောက်ဖျက်သူထံသို့ ဖြစ်နိုင်သမျှ ချက်ချင်းပေးပို့ရမည်ဖြစ်ပြီး သင့်လျော်သည့်နည်းလမ်းဖြင့် အများသိစေရန်ကြေညာနိုင်သည်။

(ဂ) ပုဒ်မခွဲ (က)အရ ညွှန်ကြားချက်ထုတ်ဆင့်ခံရသော ဖောက်ဖျက်သူတစ်ဦးဦးသည် ထိုညွှန်ကြားချက်ကို လက်ခံရရှိသည့်နေ့မှ ၁၄ ရက်အတွင်း ဗဟိုဘဏ်သို့ အဆိုပါ အမိန့်ကို ပယ်ဖျက်ပေးရန် သို့မဟုတ် ပြင်ဆင်ပေးရန်စာဖြင့် လျှောက်ထားနိုင်သည်။

(ဃ) ဗဟိုဘဏ်သည် ပုဒ်မခွဲ (ဂ) အရ လျှောက်ထားချက်ကို စဉ်းစားပြီးနောက် အဆိုပါ ညွှန်ကြားချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြောင်းလဲခြင်းတစ်ခုခုကို ပြုလုပ်နိုင်သည်။

*စာမျက်နှာ စ သို့*

## ဥပဒေကြော်ငြာ

စာမျက်နှာ ၄ မှ

(င) ဗဟိုဘဏ်သည် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဒါရိုက်တာများ သို့မဟုတ် အရာရှိများထံသို့ ပုဒ်မခွဲ(က)အရ ထုတ်ဆင့်သည့် ညွှန်ကြားချက်တစ်ရပ်ရပ်ကို အကျိုးသက်ရောက်မှုရှိစေရန် သို့မဟုတ် အဆိုပါညွှန်ကြားချက်ကို မလွှဲမရှောင်သာဖြစ်စေ၊ အထောက်အပံ့ဖြစ်စေ၊ အကျိုးဆက်အဖြစ်ဖြစ်စေ အကျိုးသက်ရောက်မှုရှိစေရန် လိုအပ်ပါက ညွှန်ကြားနိုင်သည်။

**ဘဏ်လိုင်စင်ရအဖွဲ့အစည်းများ ပေါင်းစည်းခြင်း**

၃၉။ (က) ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် ဗဟိုဘဏ်၏ ကြိုတင်ခွင့်ပြုချက်ရရှိမှသာ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်နိုင်သည်-

(၁) ဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခုက အခြားဘဏ်လိုင်စင်ရ အဖွဲ့အစည်းတစ်ခု၏ လုပ်ငန်းကိုဖြစ်စေ၊ လုပ်ငန်း၏ အဓိကအစိတ်အပိုင်းကိုဖြစ်စေရယူခြင်း သို့မဟုတ် မိမိ၏ ကိုယ်ပိုင်လုပ်ငန်းအားလုံးကိုဖြစ်စေ၊ အဓိကအစိတ်အပိုင်းကိုဖြစ်စေ ရောင်းချခြင်း၊

(၂) ဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခုက အခြားဘဏ်လိုင်စင်ရအဖွဲ့အစည်းနှင့် ပေါင်းစပ်ခြင်း သို့မဟုတ် ပူးပေါင်း ခြင်း၊

(၃) နိုင်ငံခြားဘဏ်ကမြန်မာနိုင်ငံရှိ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ လုပ်ငန်းကိုဖြစ်စေ၊ အဓိက အစိတ်အပိုင်းကိုဖြစ်စေ ရယူခြင်း သို့မဟုတ် မြန်မာနိုင်ငံရှိ ၎င်း၏ ကိုယ်ပိုင်လုပ်ငန်းအားလုံးကိုဖြစ်စေ၊ အဓိကအစိတ်အပိုင်းကိုဖြစ်စေ ရောင်းချခြင်း၊

(၄) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ သို့မဟုတ် ၎င်း၏ဦးပိုင်ကုမ္ပဏီ၏ ထိန်းချုပ်ကွပ်ကဲမှုပြောင်းလဲသွားမည့်ကိစ္စ၊

(ခ) ပုဒ်မခွဲ (က)ပါ အတည်ပြုချက်အတွက် လျှောက်လွှာကို အဆိုပြုသဘောတူစာချုပ်မိတ္တူနှင့် အခြားသက်ဆိုင်ရာသတင်းအချက်အလက်နှင့် စာတမ်းအမှတ်အသားများ ပူးတွဲ၍ ဗဟိုဘဏ်သို့ တင်ပြရမည်။

(ဂ) ဗဟိုဘဏ်သည် လျှောက်လွှာကို လက်ခံရရှိပြီးနောက် လျှောက်ထားသူထံသို့ဖြစ်စေ၊ အခြားပုဂ္ဂိုလ်တစ်ဦးဦးထံသို့ဖြစ်စေ နောက်ထပ်သတင်းအချက်အလက်နှင့် စာတမ်းအမှတ်အသားများ ထပ်မံလိုအပ်ပါက အကြောင်းကြားစာဖြင့် တောင်းဆိုနိုင်သည်။

(ဃ) ဗဟိုဘဏ်သည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ လျှောက်လွှာကိုအတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုရမည်။ ထိုသို့ အတည်ပြုရာတွင် သင့်သည်ဟုထင်မြင်ပါက လိုအပ်သော ပြင်ဆင်ချက်များကိုဖြစ်စေ၊ စည်းကမ်းချက်များကိုဖြစ်စေ သတ်မှတ်နိုင်သည်။

(င) ဤအခန်းပါရည်ရွယ်ချက်များအလို့ငှာ ထိန်းချုပ်ကွပ်ကဲခြင်းတွင် အောက်ပါတို့ ပါဝင်သည်-

(၁) ကုမ္ပဏီ သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသည့် အခြားအဖွဲ့အစည်းတစ်ခုခု၏ ဒါရိုက်တာအဖွဲ့၏ပါဝင်မှုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဩဇာသက်ရောက်မှုကိုလည်းကောင်း၊

(၂) ကုမ္ပဏီကို ကိုယ်တိုင်ဖြစ်စေ၊ ဦးပိုင်ကုမ္ပဏီမှတစ်ဆင့်ဖြစ်စေ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ဖွဲ့စည်းရာတွင် ကုမ္ပဏီ၏ ဆန္ဒမဲပေးပိုင်ခွင့်အာဏာကို ကုမ္ပဏီတစ်ခုတည်းမှဖြစ်စေ၊ လက်အောက်ခံကုမ္ပဏီများမှဖြစ်စေ စုစုပေါင်း ဆန္ဒမဲပေးပိုင်ခွင့်အာဏာ ၂၀ ရာခိုင်နှုန်း သို့မဟုတ် ၂၀ ရာခိုင်နှုန်းထက်ပို၍ ပိုင်ဆိုင်ထားခြင်းသည် လည်းကောင်း ပါဝင်သည်။

**ပူးပေါင်းခြင်း လုပ်ထုံးလုပ်နည်းများ**

၄၀။ (က) ဗဟိုဘဏ်က ပုဒ်မ ၃၈ အရ သဘောတူညီချက်နှင့်စပ်လျဉ်း၍ လျှောက်ထားမှုကို အတည်ပြုချက်ထုတ်ပေးသည့်အခါ မိမိ၏ လုပ်ငန်းကို အခြားပုဂ္ဂိုလ်သို့ လွှဲပြောင်းပေးရမည့်အဖွဲ့အစည်းနှင့် လုပ်ငန်းကိုလွှဲပြောင်းရယူမည့်သူတို့သည် သဘောတူစာချုပ်ကို အကျိုးသက်ရောက်မှုရှိစေရေးအတွက် လိုအပ်သည့် အမိန့်ထုတ်ပေးရန် တရားလွှတ်တော်သို့ ပူးတွဲလျှောက်လွှာကို တင်သွင်းနိုင်သည်။

(ခ) ပုဒ်မခွဲ(က) အရ လျှောက်လွှာအပေါ် ကြားနာရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်သည် ကိစ္စရပ်အခြေအနေအရ သင့်လျော်မျှတမည်ဟု ထင်မြင်သည့်အတိုင်း အကျိုးသက်ရောက်မှုရှိသည့် စည်းကမ်းချက်ဖြင့် အမိန့်ချမှတ်ပေးခြင်း၊ အဆိုပါအမိန့်ကိုပြုပြင်ခြင်း သို့မဟုတ် ပြောင်းလဲခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ဂ)အရ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်က ချမှတ်သည့် အမိန့်ကို လွှဲပြောင်းပေးခြင်းခံရသူသည် အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာရမည်။

(ဃ) လွှဲပြောင်းပေးသူသည် ပုဒ်မခွဲ (က)အရ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်က အမိန့်ချမှတ်သည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း အဆိုပါအမိန့်မှန်ကန်ကြောင်း အတည်ပြုထားသည့် အမိန့်မိတ္တူကို ဗဟိုဘဏ်က မှန်ကန်ကြောင်း အတည်ပြုထားသည့် သဘောတူညီချက် သို့မဟုတ် အစီအစဉ်မိတ္တူပူးတွဲ၍ -

(၁) ကုမ္ပဏီများ မှတ်ပုံတင် အရာရှိထံနှင့်

(၂) ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းနှင့် ဆက်စပ်ဆောင်ရွက်လျက်ရှိသော သို့မဟုတ် အမိန့်အရလွှဲပြောင်းပေးသည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းတွင် အကျိုးသက်ဆိုင်သည့် သက်ဆိုင်ရာမှတ်ပုံတင် သို့မဟုတ် မှတ်တမ်းအာဏာရှိသူထံ (ရှိလျှင်) တင်သွင်းရမည်။

(င) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်သည် ပုဒ်မခွဲ (က) အရ လွှဲပြောင်းရောင်းချနိုင်သော မြေကိုဖြစ်စေ၊ အစုရှယ်ယာတစ်ခုခုကိုဖြစ်စေ၊ လွှဲပြောင်းရောင်းချနိုင်သော မြေတွင် အကျိုးအမြတ်ကိုဖြစ်စေ လွှဲပြောင်းပေးခြင်းခံရသူသို့ အမိန့်ဖြင့် အပြီးအပိုင်အပ်နှင်းသည့်အခါ အဆိုပါ အမိန့်ချမှတ်ပြီးနောက် မြေစီမံခန့်ခွဲသူက ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို အကျိုးသက်ရောက်မှုရှိစေရန်အလို့ငှာ အဆိုပါအမိန့်မိတ္တူကို မြေစီမံခန့်ခွဲသူထံ ချက်ချင်းပေးပို့စေရမည်။

(စ) ပုဒ်မခွဲ (က)အရ ချမှတ်သည့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် တရားလွှတ်တော်၏အမိန့်သည် မြန်မာနိုင်ငံပြင်ပ၌ရှိသော လွှဲပြောင်းပေးသူ၏ပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့် သက်ဆိုင်နိုင်သည်။ ထိုသို့သက်ဆိုင်မှုရှိနေလျှင် အကျိုးသက်ရောက်မှုရှိစေရန် အဆိုပါပစ္စည်း သို့မဟုတ် လုပ်ငန်းတည်ရှိသည့် နိုင်ငံနှင့် မြန်မာနိုင်ငံအကြား တရားရုံးစီရင်ချက်များကို အတည်ပြုရန်ကိစ္စနှင့်စပ်လျဉ်း၍ အပြန်အလှန်အစီအစဉ်များ ရှိလျှင် ထိုအစီအစဉ်အတိုင်း လုပ်ရမည်။ ထိုကဲ့သို့အစီအစဉ် မရှိလျှင် အဆိုပါနိုင်ငံ၏ သက်ဆိုင်ရာဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည်။

### အခန်း (၈)

### လုပ်ကိုင်ခွင့်ပြုသည့် လုပ်ငန်းများ၊ ချေးငွေပေးခြင်းနှင့် ကန့်သတ်ချက်များ

**လုပ်ကိုင်ခွင့်ပြုနိုင်သည့် ဘဏ်လုပ်ငန်းများ**

၄၁။ ဘဏ်လိုင်စင်ရအဖွဲ့အစည်းတိုင်းသည် ၎င်း၏သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းနှင့် လိုင်စင်တွင်ပါရှိသော စည်းကမ်းချက်နှင့် ကန့်သတ်ချက်များအရ ဤဥပဒေက လုပ်ကိုင်ခွင့်ပြုသည့်လုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။

၄၂။ ဘဏ်လိုင်စင်ရ အဖွဲ့အစည်းများသည် ၎င်းတို့၏စီမံခန့်ခွဲရေးနှင့် လုပ်ငန်းဆောင်ရွက်မှုတို့ကို ဤဥပဒေပါ လိုအပ်ချက်များနှင့်အညီ ခိုင်မာပြီး စည်းကမ်းတကျနည်းလမ်းများဖြင့် လိုက်နာဆောင်ရွက်ရမည်။

၄၃။ ပြည်တွင်းရှိ ဘဏ်လိုင်စင်ရအဖွဲ့အစည်းနှင့် နိုင်ငံခြားဘဏ်ခွဲသည် ပုဒ်မ ၄၁ ပါ ယေဘုယျပြဋ္ဌာန်းချက်ကို ကန့်သတ်ချက်မထားရှိဘဲ မိမိအား ထုတ်ပေးထားသည့် လိုင်စင်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကို အထောက်အထားပြု၍ အောက်ပါလုပ်ငန်းအားလုံးကိုဖြစ်စေ၊ တစ်ခုခုကိုဖြစ်စေ၊ ဆောင်ရွက်နိုင်သည်-

(က) အပ်နှံငွေလက်ခံခြင်းလုပ်ငန်း၊

(ခ) ချေးငွေထုတ်ချေးခြင်း၊

(ဂ) အငှားချသည့်လုပ်ငန်း၊

(ဃ) ကြွေးမြီများ ဝယ်ယူကောက်ခံသည့် လုပ်ငန်း၊

(င) ငွေကြေးဝန်ဆောင်မှုလုပ်ငန်း၊

(စ) ချေးငွေတိုကင်လုပ်ငန်း၊

(ဆ) နိုင်ငံခြားသုံးငွေလုပ်ငန်း၊

(ဇ) အကြွေးဝယ်ကတ်၊ ခရီးသွားချက်လက်မှတ်နှင့် ဘဏ်ငွေလွှဲလက်မှတ် (ငွေပေးအမိန့်လက်မှတ်) အစရှိသည့် ငွေပေးချေမှုစာချုပ်စာတမ်းများ ထုတ်ပေးခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်း၊

(ဈ) အာမခံများနှင့် တာဝန်ခံချက်များ ထုတ်ပေးခြင်းလုပ်ငန်း၊

(ည) မိမိ၏ ကိုယ်ပိုင်ငွေစာရင်းအတွက်ဖြစ်စေ၊ ဖောက်သည်များ၏ ငွေစာရင်းအတွက်ဖြစ်စေ ချက်လက်မှတ်၊ ငွေတောင်းခံလွှာများနှင့် အပ်နှံငွေသက်သေခံလက်မှတ်များ၊ နိုင်ငံခြားငွေလဲလှယ်ရေး၊ ငွေကြေးကြိုတင်ရောင်းခြင်းနှင့် လက်ငင်းရောင်းခြင်းဆိုင်ရာ လုပ်ငန်းများ၊ နိုင်ငံခြားငွေလဲလှယ်ရောင်းဝယ်ရေး လုပ်ငန်းများ၊ ပေါက်ဈေးဖြင့် အတိုးနှုန်းဆိုင်ရာ စာချုပ်စာတမ်းများ၊ စာချုပ်စာတမ်းများနှင့် လွှဲပြောင်းနိုင်သော ငွေချေးသက်သေခံလက်မှတ်များအစရှိသည့် ငွေကြေးဈေးကွက်စာချုပ်စာတမ်းများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း၊

(ဋ) ကော်ပိုရိတ်အကြံဉာဏ်ပေးခြင်းလုပ်ငန်း၊

(ဌ) ငွေကြေးပွဲစားလုပ်ငန်း၊

(ဍ) ရင်းနှီးမြှုပ်နှံမှုအစုအဝေးစီမံခန့်ခွဲမှုနှင့် အကြံပေးလုပ်ငန်းဝန်ဆောင်မှုလုပ်ငန်း၊

(ဎ) ယုံကြည်အပ်နှံမှု ဝန်ဆောင်မှုလုပ်ငန်း၊

(ဏ) ချေးငွေထုတ်ချေးရန် ထိုက်တန်သူ ရည်ညွှန်းပေးသည့် ချေးငွေသတင်းအချက်အလက် အထောက်အကူပြုလုပ်ငန်း၊

(တ) အီလက်ထရွန်နစ်နည်းဖြင့် ဘဏ်လုပ်ငန်းဆောင်ရွက်ခြင်းလုပ်ငန်း၊

(ထ) မိုဘိုင်းဘဏ်လုပ်ငန်း၊

(ဒ) အပ်နှံမှု လုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း၊

(ဓ) ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ချေးငွေဖြည့်ဆည်းသည့်လုပ်ငန်း၊

(န) အပေါင်လက်ခံ၍ ချေးငွေဖြည့်ဆည်းသည့်လုပ်ငန်း၊

(ပ) ဗဟိုဘဏ်ကသတ်မှတ်သည့် အခြားဘဏ်လုပ်ငန်းများ။

၄၄။ ဘဏ်တစ်ခုသည် သီးခြားဖွဲ့စည်းသည့် လက်အောက်ခံကုမ္ပဏီ ထူထောင်၍ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) အာမခံလုပ်ငန်း၊

(ခ) ငွေချေးသက်သေခံလက်မှတ်များ ပွဲစားလုပ်ငန်း၊

(ဂ) ဗဟိုဘဏ်ကခွင့်ပြုသည့် ဘဏ်လုပ်ငန်းနှင့် ဆက်စပ်နေသည့် လုပ်ငန်းတစ်ရပ်ရပ်၊

၄၅။ ဖွံ့ဖြိုးရေးဘဏ်တစ်ခုသည် မိမိအားထုတ်ပေးထားသည့် လိုင်စင်ပါ စည်းကမ်းချက်များ၊ ကန့်သတ်ချက်များကို အထောက်အထားပြု၍အောက်ပါ လုပ်ငန်းအားလုံးကိုဖြစ်စေ၊ တစ်ခုခုကိုဖြစ်စေ ပါဝင်ဆောင်ရွက်နိုင်သည်-

(က) ကာလရှည် ငွေကြေးဖြည့်ဆည်းသည့်လုပ်ငန်း၊

(ခ) အာမခံချက်နှင့် ကတိဝန်ခံချက်များ ထုတ်ပေးခြင်းလုပ်ငန်း၊

(ဂ) ဗဟိုဘဏ်က သတ်မှတ်သော အခြားလုပ်ငန်းများ။

၄၆။ မည်သည့်လက်အောက်ခံကုမ္ပဏီများမဆို ဘဏ်တစ်ခုအား ဆောင်ရွက်သော အတိုင်းအတာအထိ ဤဥပဒေအရ ကြီးကြပ်စစ်ဆေးခြင်းကို ခံရမည့်အပြင် ဗဟိုဘဏ်သည် အဆိုပါဘဏ်နှင့် ယင်း၏ လက်အောက်ခံအဖွဲ့အစည်း အသီးသီးသည် သီးခြားစီနှင့် တစ်စုတစ်ပေါင်းတည်း အခြေခံဖြင့် ဗဟိုဘဏ်သို့ အစီရင်ခံရမည့်ကိစ္စနှင့်စပ်လျဉ်း၍ အခြားနည်းအားဖြင့် လိုအပ်သည့် သတင်းအချက်အလက်တစ်ရပ်ရပ်ကို ဗဟိုဘဏ်သည် တောင်းဆိုနိုင်သည်။

၄၇။ ဘဏ်တစ်ခုသည် ဗဟိုဘဏ်၏သဘောတူညီချက်ဖြင့် ယင်း၏လုပ်ငန်းများကို ဆောင်ရွက်ရာတွင်ဖြစ်စေ၊ ယင်းလုပ်ငန်းကြောင့် ပေါ်ပေါက်သော ကြွေးမြီများကို အပြည့်အဝပေးဆပ်နိုင်သည့် အခြေအနေတွင်ဖြစ်စေ၊ ယာယီအားဖြင့် လိုအပ်သောကုန်သွယ်အရောင်းအဝယ် သို့မဟုတ် အခြားသော ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်နိုင်သည်။

**မရွှေ့မပြောင်းနိုင်သော ပိုင်ဆိုင်ပစ္စည်းများရောင်းဝယ်ခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်းလုပ်ငန်းများ ဆောင်ရွက်မှုအပေါ် ကန့်သတ်ချက်များ**

၄၈။ (က) မည်သည့် ဘဏ်လိုင်စင်ရအဖွဲ့အစည်းမျှ ၎င်း၏ကိုယ်ပိုင်ငွေစာရင်းမှဖြစ်စေ၊ ကော်မရှင်အခစားဖြင့်ဖြစ်စေ၊ မိမိအဖွဲ့အစည်းတစ်ခုတည်းသော်လည်းကောင်း အခြားသူများနှင့် ပူးတွဲ၍သော်လည်းကောင်း ၎င်း၏လုပ်ကိုင်ခွင့်ရှိသောလုပ်ငန်းများကို လုပ်ကိုင်ရာတွင် အာမခံအဖြစ်ရယူထားသည့် ပိုင်ဆိုင်ပစ္စည်းနှင့်ဆက်နွှယ်သောလုပ်ငန်းများ လုပ်ကိုင်ခြင်းမှအပ လက်လီလက်ကား ကုန်သွယ်ရောင်းဝယ်ခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်ခြင်းမပြုရ။

(ခ) ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်သည် ဘဏ်လိုင်စင်ရအဖွဲ့အစည်းက ရွှေ သို့မဟုတ် နိုင်ငံခြားငွေကိုဝယ်ယူခြင်း သို့မဟုတ် ရောင်းချခြင်းတို့နှင့် သက်ဆိုင်ခြင်းမရှိစေရ။

(ဂ) ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကိုဖြစ်စေ၊ ၎င်းပစ္စည်းနှင့်ဆက်စပ်သည့် အကျိုးခံစားခွင့်တစ်ရပ်ရပ်ကိုဖြစ်စေ ဝယ်ယူရာ၌ အမှန်တကယ်လိုအပ်သည့် ဘဏ်လုပ်ငန်းအတွက် သို့မဟုတ် ၎င်း၏ဝန်ထမ်းများအတွက် အိမ်ရာဝယ်ယူခြင်းမှအပ ဗဟိုဘဏ်ကသတ်မှတ်သည့် ၎င်း၏ မတည်ရန်ပုံငွေ၏ အချိုးအစားတစ်ရပ်ထက် မပိုစေရ။ သို့ရာတွင် ဤကန့်သတ်ချက်သည် ဘဏ်လိုင်စင်ရအဖွဲ့အစည်းက ကြွေးမြီအတွက် အာမခံအဖြစ်ထားရှိသည့်ပစ္စည်းအား လက်ခံခြင်းနှင့်ကြွေးမြီမပေးဆပ်နိုင်သည့်အတွက် အဆိုပါအာမခံပစ္စည်းကို ရောင်းချရန် အခွင့်အရေးပေါ်ပေါက်သည့် အချိန်အထိ လက်ဝယ်ထားရှိသောကိစ္စရပ်များကို ဟန့်တားခြင်း မရှိစေရ။

**ချေးငွေအမျိုးမျိုးထုတ်ချေးခြင်းလုပ်ငန်း(Credit facilities)နှင့် စပ်လျဉ်းသည့် လိုအပ်ချက်များ**

၄၉။ (က) ဘဏ်လိုင်စင်ရအဖွဲ့အစည်းတိုင်းသည် အောက်ပါတို့ကို ဆောင်ရွက်ထားရှိရမည်-

(၁) ချေးငွေထုတ်ချေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုပြုခြင်းနှင့် ချေးငွေနှင့် ရင်းနှီးမြှုပ်နှံမှုအား စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ လုံလောက်သော ဌာနတွင်းမူဝါဒများ၊ ကျင့်သုံးသည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများ၊

(၂) ရရန်ပိုင်ခွင့်များ၏အရည်အသွေးဆန်းစစ်အကဲဖြတ်ခြင်း၊ ချေးငွေဆုံးရှုံးမှုအတွက် လျာထားခြင်းနှင့် သီးသန့်ငွေ လုံလောက်ထားရှိခြင်းတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန်၊ အဖွဲ့အစည်းအတွင်း လုံလောက်သောမူဝါဒများ၊ ကျင့်စဉ်များနှင့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ထားခြင်း၊

(ခ) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိသည် ဘဏ်လိုင်စင်ရအဖွဲ့အစည်းနှင့် ချေးငွေရယူသူတို့ချုပ်ဆိုထားသည့် သဘောတူညီချက် တစ်ရပ်ရပ်နှင့် ထိုသူအပေါ် သတ်မှတ်ထားသည့် ချေးငွေကန့်သတ်ချက်ကို ကျော်လွန်၍ ငွေချေးခြင်းမပြုရ။

(ဂ) ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် ဗဟိုဘဏ်သို့ အောက်ပါတို့ကို တင်ပြရမည်-

(၁) ချေးငွေပမာဏတစ်ရပ်ရပ်ထုတ်ပေးရေးအတွက် ၎င်း၏ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ၊

(၂) ချေးငွေပမာဏ ခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိအသီးသီးအပေါ် ထားရှိသည့် ကန့်သတ်ချက် သို့မဟုတ် စည်းကမ်းချက်များ၊

(၃) ပုဒ်မခွဲငယ် (၁) တွင် ရည်ညွှန်းထားသည့် ချေးငွေမူဝါဒများ သို့မဟုတ် လုပ်ထုံးလုပ်နည်းများကို ဗဟိုဘဏ်က သင့်လျော်သည်ဟုသတ်မှတ်သည့်အတိုင်း ပြင်ဆင်ချက်များပြုလုပ်ရန်။

**ပမာဏကြီးမားသော ကြွေးမြီများ (Large exposure)**

၅၀။ (က) ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အုပ်စုတစ်ခုခုသို့ ချေးငွေထုတ်ချေးရာတွင် မိမိ၏အဓိက မတည်ငွေရင်း၏ ၂၀%ထက်ပို၍ ထုတ်ချေးခြင်းမပြုရ။

(ခ) ပုဒ်မခွဲ(က)ပါ ကန့်သတ်ချက်သည် ဗဟိုဘဏ်ကသီးသန့်ဖော်ပြသတ်မှတ်ခြင်းမရှိပါက ဘဏ်လိုင်စင်ရ အဖွဲ့အစည်းများ အကြား ဆောင်ရွက်ချက်များအတွက် အကျုံးဝင်ခြင်းမရှိစေရ၊

(ဂ) ဗဟိုဘဏ်သည် ဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခု၏ အာမခံမဲ့ ချေးငွေ၊တစ်စိတ်တစ်ပိုင်းအာမခံ သို့မဟုတ် အာမခံဖြင့်ချေးသော ချေးငွေများအတွက် ထပ်မံ၍ကန့်သတ်ချက်များသတ်မှတ်နိုင်သည်။

စာမျက်နှာ ဆ သို့

စာမျက်နှာ ၈ မှ

(ဃ) ဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခုသည် ဗဟိုဘဏ်သို့ ပမာဏကြီးမားသော ကြွေးမြီတစ်ခုစီ၏ အချက်အလက်များကို ဗဟိုဘဏ်က သတ်မှတ်သည့် အချိန်ကာလ အပိုင်းအခြား၌ သတ်မှတ်သည့်ပုံစံဖြင့် ပေးပို့တင်ပြရမည်။

(င) ဗဟိုဘဏ်သည် လိုအပ်ပါက ဆက်နွယ်နေသည့် မိတ်ဖက်အဖွဲ့အစည်းအုပ်စု၊ စုစုပေါင်းကြွေးမြီပမာဏ၊ ထပ်တိုးကန့်သတ်ချက်နှင့် အခြားလိုအပ်ချက်များကို သတ်မှတ်နိုင်သည်။

(စ) ဤပုဒ်မပါ ရည်ရွယ်ချက်များအလို့ငှာ "ငွေရေးကြေးရေးဆိုင်ရာကြွေးမြီ" ဆိုသည်မှာ ဘဏ်က ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး၏ ကိုယ်စားလှယ်သို့ဖြစ်စေ ချေးငွေအမျိုးမျိုးထုတ်ချေးခြင်းလုပ်ငန်း (credit facility)ကို ဆိုသည်။ ယင်းချေးငွေထုတ်ချေးခြင်းတွင် ချေးငွေ၊ ကြိုတင်ထုတ်ပေးငွေ၊ စာရင်းပိုထုတ်ငွေ (overdrafts)၊ ငှားရမ်းမှုအတွက် ချေးငွေ၊ ချေးငွေဆိုင်ရာစာရွက်စာတမ်းများ လက်ခံခြင်း၊ အာမခံချက်ပေးခြင်း၊ ဘဏ်ငွေလွှဲစာတမ်း (letter of credit)၊ ဘဏ်အာမခံစာချုပ် (Performance bonds)၊ နိုင်ငံခြားငွေလဲလှယ်ရေးပဋိညာဉ်ဆိုင်ရာ သဘောတူစာချုပ်နှင့် ဘဏ်၏လက်ကျန်ရှင်းတမ်းတွင် မပါဝင်သော ချေးငွေ (off-balance sheet credit facility)တစ်ခုခုအပါအဝင် ဆက်သွယ်ဆောင်ရွက်သူ၏ ပေးရန်ရှိသော ဘဏ်သို့တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ငွေရေးကြေးရေးပေးရန် တာဝန်များကိုဆိုသည်။

**ရင်းနှီးမြှုပ်နှံမှုအပေါ် ကန့်သတ်ချက်များ**

၅၁။ (က) ပြဋ္ဌာန်းချက်များအရ ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် အောက်ပါကုမ္ပဏီ သို့မဟုတ် လုပ်ငန်းတစ်ခုခု၏ အစုရှယ်ယာများကိုရယူခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်းမရှိစေရ -

(၁) အများပြည်သူနှင့်သက်ဆိုင်သော စာရင်းဝင်ကုမ္ပဏီ မဟုတ်သည့် ကုမ္ပဏီ သို့မဟုတ် စီးပွားရေးလုပ်ငန်း တစ်ခုခု၊

(၂) ထိုသို့အစုရှယ်ယာရယူခြင်း သို့မဟုတ် လက်ဝယ်ထားရှိရန်အတွက် သတ်မှတ်ထားသောအရည်အချင်းနှင့်မညီဟု ဗဟိုဘဏ်က ကြေညာသော လုပ်ငန်းအမျိုးအစား၊

(ခ) ဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခုသည် အခြားကုမ္ပဏီတစ်ခု သို့မဟုတ် လုပ်ငန်းတစ်ခုတွင် အစုရှယ်ယာရယူခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်းကို ဘဏ်လိုင်စင်ရ အဖွဲ့အစည်း၏ မတည်ရင်းနှီးငွေ၏ ၁၀% ပို၍ ကိုင်ဆောင်ခြင်းမပြုရ၊

(ဂ) ဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခုသည် အောက်ပါအတိုင်း အစုရှယ်ယာရယူခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်းပြုနိုင်သည်-

(၁) အခြားဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခုတွင် အဆိုပါ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ မတည်ရင်းနှီးငွေ၏ ၅ ရာခိုင်နှုန်းအထိ တန်ဖိုးရှိသောအစုရှယ်ယာ၊

(၂) ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းလုပ်ငန်း ဆောင်ရွက်သည့်လုပ်ငန်း သို့မဟုတ် ကုမ္ပဏီတစ်ခုခုတွင် အဆိုပါကုမ္ပဏီ သို့မဟုတ် လုပ်ငန်း၏မတည်ရင်းနှီးငွေ၏ ၅ ရာခိုင်နှုန်းအထိတန်ဖိုးရှိသော အစုရှယ်ယာ၊

(ဃ) အထက်အပိုဒ်ခွဲ (ခ)ပါ ကန့်သတ်ချက်တွင် အောက်ပါတို့ အကျုံးမဝင်ပါ-

(၁) အာမခံခြင်း သို့မဟုတ် တစ်ဆင့်အာမခံခြင်း စာချုပ်တစ်ရပ်ရပ်အရ အလုပ်လုပ်ရက် (၇)ရက်ထက်မပိုသော ကာလအတွက် သို့မဟုတ် ဗဟိုဘဏ်က အတည်ပြုသည့် အခြားထပ်တိုးကာလတစ်ခုခုအတွက် ဘဏ်လိုင်စင်ရအဖွဲ့အစည်းက ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းတစ်ခုခု၏ ရှယ်ယာတစ်ရပ်ရပ်ကို လက်ဝယ်ထားရှိခြင်း သို့မဟုတ် ရယူခြင်း၊

(၂) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ လက်အောက်ခံကုမ္ပဏီဖြစ်သည့် ကုမ္ပဏီတစ်ခု သို့မဟုတ် ဤဥပဒေအခန်း (၁၃)နှင့် (၁၄) တို့အရ အခြားဘဏ်လိုင်စင်ရအဖွဲ့အစည်းတွင် ဗဟိုဘဏ်က စာဖြင့်ရေးသားအတည်ပြုပေးသည့်ရှယ်ယာကို လက်ဝယ်ထားရှိခြင်း သို့မဟုတ် ရယူခြင်းတစ်ခုခု၊

(၃) ဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခုသို့ ပေးရန်စေ့ရောက်သည့် ကြွေးမြီတစ်ရပ်ရပ်အတွက် ပေးချေသည့် ရှယ်ယာအား လက်ဝယ်ထားရှိခြင်း သို့မဟုတ် ရယူခြင်းတစ်ရပ်ရပ်ရှိပါက အဆိုပါရယူခြင်း၊ လက်ဝယ်ထားရှိခြင်းကို ဗဟိုဘဏ်သို့စာဖြင့် အကြောင်းကြားရန်ဖြစ်ပြီး အဆိုပါရယူသည့်နေ့မှစ၍ (၂)နှစ်အတွင်း ရောင်းချရမည်။

(င) ဤပုဒ်မအရ အစုရှယ်ယာများကို ရယူသော သို့မဟုတ် လက်ဝယ်ထားရှိသော ဘဏ်လိုင်စင်ရ အဖွဲ့အစည်းတစ်ခုခုသည် အချိန်မရွေး စစ်ဆေးခြင်းပြုနိုင်ရန်အတွက် အဆိုပါရယူထားသော သို့မဟုတ် လက်ဝယ်ထားရှိသော ရှယ်ယာများကို မှတ်ပုံတင်၍ ထိန်းသိမ်းရမည်။

(စ) ဤပုဒ်မအလို့ငှာ ဗဟိုဘဏ်သည် အောက်ပါတို့အတွက် စည်းမျဉ်းများဖြင့် သတ်မှတ်နိုင်သည်-

(၁) ဘဏ်လိုင်စင်ရအဖွဲ့အစည်းက စီးပွားရေးလုပ်ငန်းတစ်ခုတွင် အစုရှယ်ယာပါဝင်ခြင်း၊ ရယူခြင်း၊ လက်ဝယ်ထားရှိခြင်းနှင့်ဆိုင်သော စည်းကမ်းချက်များ၊

(၂) အဆိုပါ ဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခုက ရယူထားသော ၊ လက်ဝယ်ရှိသော စုစုပေါင်းအစုရှယ်ယာများ၏ တန်ဖိုးပမာဏနှင့် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ရယူပိုင်ဆိုင်နိုင်သော အစုရှယ်ယာများ၏ သဘောသဘာဝနှင့် အများဆုံးတန်ဖိုးပမာဏ။

(ဆ) ဘဏ်လိုင်စင်ရအဖွဲ့အစည်းက ဤပုဒ်မ၏ ပြဋ္ဌာန်းချက်များကိုဖြစ်စေ၊ စည်းမျဉ်းများကိုဖြစ်စေ ဖောက်ဖျက်ပါက ဗဟိုဘဏ်သည်-

(၁) အဆိုပါ ဘဏ်လိုင်စင်ရအဖွဲ့အစည်းအား ကုမ္ပဏီတစ်ခုတွင်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းတစ်ခုတွင်ဖြစ်စေ အစုရှယ်ယာများ ပမာဏတိုးမြှင့်ခြင်းကို တားမြစ်နိုင်သည်။

(၂) ဘဏ်လိုင်စင်ရ အဖွဲ့အစည်းအား ကုမ္ပဏီတစ်ခု သို့မဟုတ် လုပ်ငန်းတစ်ခု လက်ဝယ်ရှိသည့် အစုရှယ်ယာများပမာဏကို သတ်မှတ်ထားသည့်အချိန်အတွင်း လျှော့ချရန် သို့မဟုတ် သတ်မှတ်ထားသည့် ကန့်သတ်ချက် ပမာဏအထိထားရှိရန် တောင်းဆိုနိုင်သည်။

(ဇ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် နိုင်ငံခြားဘဏ်လိုင်စင်ရအဖွဲ့အစည်းများနှင့် ၎င်းတို့၏ နိုင်ငံခြားဘဏ်ခွဲများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

**ကိုယ်ပိုင်အစုရှယ်ယာများနှင့် ကြွေးမြီဆိုင်ရာ သက်သေခံလက်မှတ်များ၊ စာချုပ်များ (Debt Securities) အား ဝယ်ယူခြင်းအတွက် ကြွေးမြီကန့်သတ်ချက်များ**

၅၂။ (က) ပုဒ်မခွဲ(ဂ)ပါပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ မည်သည့်ဘဏ်မျှ မိမိဘဏ်ပိုင်ဆိုင်သော ရှယ်ယာများရယူခြင်းအတွက်သော်လည်းကောင်း၊ စည်းကမ်းချက် သတ်မှတ်မထားသော သို့မဟုတ် အရေးပေါ်ပေးရန်တာဝန်နှင့်စပ်လျဉ်း၍ ကြွေးမြီဆိုင်ရာ သက်သေခံလက်မှတ်များ၊ စာချုပ်များကို ဝယ်ယူခြင်းအတွက်သော်လည်းကောင်း ချေးငွေထုတ်ချေးခြင်း မပြုရ။

(ခ) ပုဒ်မခွဲ (ဂ) ပါပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ မည်သည့်ဘဏ်လိုင်စင်ရအဖွဲ့အစည်းမျှ မိမိပိုင်အစုရှယ်ယာများကို အာမခံထား၍လည်းကောင်း၊ မိမိဘဏ်တွင် အကျိုးစီးပွားများစွာရှိသော ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာများကို အာမခံထား၍လည်းကောင်း ချေးငွေထုတ်ချေးခြင်းမပြုရ။

(ဂ) ဤပုဒ်မသည် ဘဏ်တစ်ခုက မိမိ၏ဝန်ထမ်းများဘဏ်၏ အစုရှယ်ယာများအား ပိုင်ဆိုင်နိုင်သည့် အစီအစဉ်အတွက် ကိုယ်ပိုင်အစုရှယ်ယာများအာမခံထား၍ ချေးငွေဖြည့်ဆည်းပေးခြင်း၊ တားမြစ်ခြင်းမပြုစေရ။ သို့ရာတွင် ဖြည့်ဆည်းပေးသည့် ချေးငွေပမာဏမှာ ဘဏ်၏ထည့်ဝင်၊ ပေးသွင်းပြီး စုစုပေါင်း မတည်ငွေရင်းတန်ဖိုး၏ ၅ ရာခိုင်နှုန်း သို့မဟုတ် မတည်ရင်းနှီးငွေ၏ ၅ ရာခိုင်နှုန်းနှင့်ညီမျှသော တန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက်များရာပမာဏထက် မပိုစေရ။

**ဆက်နွယ်နေသူများအား ချေးငွေပေးခြင်း**

၅၃။ (က) မည်သည့်ဘဏ်လိုင်စင်ရအဖွဲ့အစည်းမျှ ၎င်း၏ဒါရိုက်တာများ၊ မန်နေဂျာများ သို့မဟုတ် အဖွဲ့အစည်း၏ ၅ ရာခိုင်နှုန်းထက်ပိုသည့် အစုရှယ်ယာများကို ကိုင်ဆောင်ထားသူ အစုရှယ်ယာဝင်များအား ချေးငွေထုတ်ချေးခြင်းမပြုရပါ။

(ခ) ပုဒ်မခွဲ (ဂ) အရ မည်သည့်ဘဏ်လိုင်စင်ရအဖွဲ့အစည်းကမျှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ၊ ငွေရေးကြေးရေးအဖွဲ့အစည်းနှင့်ပတ်သက်သူနှင့် ဈေးကွက်စည်းကမ်းသတ်မှတ်ချက်များထက် လျော့နည်းသော စည်းကမ်းချက်များဖြင့် မည်သည့်လွှဲပြောင်းဆောင်ရွက်ခြင်းကိုမျှ မပြုလုပ်ရပါ။

(ဂ) အောက်ဖော်ပြပါ တစ်နည်းနည်းဖြင့် အဆိုပါ လွှဲပြောင်းဆောင်ရွက်ခြင်းကို ဈေးကွက်စည်းကမ်းသတ်မှတ်ချက်များထက် မလျော့နည်းစေဘဲ ဘဏ်လိုင်စင်ရ အဖွဲ့အစည်းကလိုက်နာဆောင်ရွက်ပါက စည်းကမ်းများနှင့်အညီ ဆက်သွယ်ဆောင်ရွက်သည်ဟု မှတ်ယူရမည်-

(၁) ငွေချေးသက်သေခံလက်မှတ်များဈေးကွက်၌ ရောင်းဝယ်ခြင်း၊ နိုင်ငံခြားငွေများနှင့် ရွှေတုံးများအား ဈေးကွက်တွင် ဖြစ်ပေါ်နေသည့် စည်းကမ်းသတ်မှတ်ချက်များဖြင့် ရောင်းဝယ်ခြင်း၊

(၂) ဗဟိုဘဏ်က သတ်မှတ်သည့် စည်းမျဉ်းများအရ ပုဒ်မခွဲ (က)မှ ကင်းလွတ်ခွင့်ပြုထားသည့် လွှဲပြောင်းဆောင်ရွက်ချက် အတန်းအစားများ။

(ဃ) မည်သည့်ဘဏ်လိုင်စင်ရအဖွဲ့အစည်းမဆို အောက်ပါအခြေအနေများမရောက်မီ ဆက်နွယ်နေသူများနှင့် ဆောင်ရွက်ချက်များ မပြုလုပ်ရ-

(၁) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဒါရိုက်တာအဖွဲ့ အစည်းအဝေးတွင် အဆိုပါကိစ္စနှင့်ပတ်သက်သည့် ဒါရိုက်တာမှအပ ကျန်ဒါရိုက်တာအဖွဲ့ဝင် သုံးပုံနှစ်ပုံထက် မနည်းသည့် ဆန္ဒမဲအရ ဒါရိုက်တာအဖွဲ့ အစည်းအဝေးက အတည်ပြုထားပြီးဖြစ်ခြင်း၊

(၂) အဆိုပါ ဆောင်ရွက်ချက်အတွက် အာမခံပစ္စည်းတင်သွင်းထားခြင်း။

(င) မည်သည့်ဘဏ်လိုင်စင်ရအဖွဲ့အစည်းမျှ ဗဟိုဘဏ်က စည်းမျဉ်းချမှတ်သတ်မှတ်ထားသော ပမာဏထက်ကျော်လွန်၍ ဆက်နွယ်နေသူအား ချေးငွေတစ်ရပ်ရပ် ထုတ်ချေးခြင်းမပြုရ။

(စ) ဗဟိုဘဏ်သည် စည်းမျဉ်းများထုတ်ပြန်၍ အောက်ပါတို့ကို သတ်မှတ်နိုင်သည်-

(၁) ချေးငွေထုတ်ချေးမှုတစ်ရပ်ရပ်၏ အရင်းပမာဏ၊

(၂) ချေးငွေအားလုံးအတွက် စုစုပေါင်းအရင်း ငွေပမာဏလက်ကျန် သို့မဟုတ် ဘဏ်လိုင်စင်ရအဖွဲ့အစည်းတစ်ခုက ဆက်နွယ်နေသော အဖွဲ့အစည်းအုပ်စုကိုဖြစ်စေ၊ ယင်းအုပ်စု၏ အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ ထုတ်ချေးသည့် ချေးငွေအမျိုးအစားတစ်ရပ်ရပ်၊

(၃) ဤပုဒ်မအား အကျိုးသက်ရောက်မှုရှိစေမည့် အခြားကိစ္စရပ်များ။

(ဆ) ဆက်နွယ်နေသူနှင့်ပတ်သက်နေသည့် ပေးဆပ်ရန်ရှိသည့် ချေးငွေများအားလုံးကို ချေးငွေအပြည့်အဝ ပေးဆပ်ပြီးသည့်အချိန်အထိ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ လက်ရှိဘဏ္ဍာရေးနှစ်အတွက်နှင့် ဆက်စပ်နေသောဘဏ္ဍာရေးနှစ်များအတွက် ရေးဆွဲသော ငွေရေးကြေးရေးစာရင်းများတွင် ဖော်ပြရမည်။

(ဇ) ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် ၎င်းတို့နှင့်ဆက်နွယ်နေသူများက ဤပုဒ်မတွင် ဖော်ပြထားသော စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ကြောင်းတွေ့ရှိပါက ဗဟိုဘဏ်သို့ ဖောက်ဖျက်သူများကိုဖော်ပြ၍ ချက်ချင်းသတင်းပို့ရမည်။

(ဈ) အကယ်၍ ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် ဤပုဒ်မပါ စည်းကမ်းချက်များအား ချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ စီမံဆောင်ရွက်ခြင်းမပြုပါက ဗဟိုဘဏ်သည် ချေးငွေများပြန်လည်ရရှိရေးအတွက် လိုအပ်သည့် စည်းကမ်းချက်များသတ်မှတ်၍ ရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားချက်ထုတ်ပြန်နိုင်သည်။

(ည) ချေးငွေထုတ်ချေးခြင်းသည် အဆိုပါဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဝန်ထမ်းများသို့ ထုတ်ချေးသည့်ချေးငွေအစီအစဉ်တစ်ရပ်ဖြစ်ပါက ပုဒ်မခွဲငယ် (ဂ)သည် ချေးငွေထုတ်ချေးသည့်အချိန်တွင် ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဝန်ထမ်းတစ်ဦးဖြစ်သော ဒါရိုက်တာတစ်ဦး သို့မဟုတ် အရာရှိတစ်ဦးနှင့် အကျုံးဝင် သက်ဆိုင်ခြင်းမရှိစေရ။

**နိုင်ငံခြားငွေဖြင့်ချေးငွေသတ်မှတ်ချက်များ (Foreign Currency Exposure)**

၅၄။ ဗဟိုဘဏ်သည် ဘဏ်လိုင်စင်ရအဖွဲ့အစည်းများအတွက် နိုင်ငံခြားငွေဖြင့် ချေးငွေအမြင့်ဆုံး ကန့်သတ်ချက်များကို နိုင်ငံခြားငွေကြေးတစ်မျိုးဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေအမျိုးမျိုးဖြင့်ဖြစ်စေ စည်းမျဉ်းထုတ်ပြန်၍ သတ်မှတ်နိုင်သည်။

**ကြပ်မတ်ကွပ်ကဲရေးဆိုင်ရာ အထွေထွေလိုအပ်ချက်များ**

၅၅။ (က) ဗဟိုဘဏ်သည် ဘဏ်များလိုက်နာရမည့် လိုအပ်ချက်များကို သတ်မှတ်ရန် ဤဥပဒေ၏ ပြဋ္ဌာန်းချက်များနှင့်အညီ စည်းမျဉ်းများကို ထုတ်ပြန်ရမည်။

(ခ) ယင်းသို့ ထုတ်ပြန်ရာတွင် ဘဏ်အားလုံးအတွက်ဖြစ်စေ၊ အမျိုးအစားကွဲပြားသည့် ဘဏ်များအတွက်ဖြစ်စေ ထုတ်ပြန်သော စည်းမျဉ်းများသည် အဆိုပါ ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ မတူညီသောရည်ရွယ်ချက်၊ သဘောသဘာဝ၊ လုပ်ငန်းပမာဏနှင့် အဆိုပါဘဏ်၏ ငွေကြေးရရှိရာရင်းမြစ်တို့အပေါ်တွင် မူတည်၍ သတ်မှတ်နိုင်သည်။

(ဂ) အထက် ပုဒ်မခွဲ(ခ) အရ ဗဟိုဘဏ်သည် အောက်ပါတို့နှင့် စပ်လျဉ်းသည့် စည်းမျဉ်းများ ထုတ်ပြန်နိုင်သည်-

(၁) ရရန်ပိုင်ခွင့်များ၏ တန်ဖိုး သို့မဟုတ် တန်ဖိုးပြောင်းလဲခြင်းနှင့်စပ်လျဉ်းသည့် ငွေဖြစ်လွယ်သော ရင်းမြစ်များ (အာမခံနှင့်ရယူသည့် အာမခံပစ္စည်းအပါအဝင်)၊

(၂) ပေးရန်တာဝန်နှင့်စပ်လျဉ်းသည့် ငွေဖြစ်လွယ်သော ရင်းမြစ်များ၊

(၃) ငွေလွှဲစာတမ်း၊ ချေးငွေခွင့်ပြုချက်နှင့် အသုံးမပြုရသေးသော အကြွေးဝယ်ကတ်လက်ကျန်တို့အပါအဝင် ထုတ်ချေးသည့် ချေးငွေအမျိုးအစားအားလုံး သို့မဟုတ် ရင်းနှီးမြှုပ်နှံမှု၊ အာမခံပေးခြင်းနှင့် အရေးပေါ်အခြေအနေအတွက် ထားရှိသည်ဖြစ်စေ၊ မထားရှိသည်ဖြစ်စေ အခြားကတိကဝတ်များအတွက် အမြင့်ဆုံးထုတ်ချေးရမည့် စုစုပေါင်းပမာဏ၊

(၄) အာမခံဖြင့် ချေးငွေများအတွက် ထားရှိရမည့် အတိုးနှုန်းဘောင်သတ်မှတ်ချက်၊

(၅) မတည်ရင်းနှီးငွေနှင့် အပ်နှံငွေအချိုး၊

(၆) လူပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်းတစ်ခု အတွက် အများဆုံးချေးငွေပမာဏနှင့် ငွေချေးယူသူ အမျိုးအစားအလိုက် ထုတ်ချေးနိုင်သည့် အများဆုံး ချေးငွေပမာဏ၊

(၇) ချေးငွေအမျိုးအစားတစ်ရပ်ရပ် သို့မဟုတ် အပ်ငွေအတွက် အတိုးနှုန်း၊ ထုတ်ချေးသည့်ကာလနှင့် အခြား ချေးငွေဆိုင်ရာသတ်မှတ်ချက်နှင့်စပ်လျဉ်းသည့် အထူးအခြေအနေများ၊ သို့မဟုတ် အရေးပေါ်ချေးငွေကိစ္စရပ်များတွင် ကျင့်သုံးရန် သတ်မှတ်ချက်များ၊

(၈) ရရန်ပိုင်ခွင့်များ အမျိုးအစားခွဲခြားခြင်းနှင့်တန်ဖိုးသတ်မှတ်ခြင်း၊ အဆိုပါ အမျိုးအစားခွဲခြားခြင်းနှင့် တန်ဖိုးသတ်မှတ်ခြင်းအပေါ် အခြေခံ၍ လျာထားချက်များပြုလုပ်ခြင်းနှင့် ရလမ်းမသေချာသော ချေးငွေများအပေါ် အတိုးဝင်ငွေကို ဝင်ငွေအဖြစ် သတ်မှတ်တွက်ချက်နိုင်ခြင်းမရှိသော အချိန်ကာလသတ်မှတ်ခြင်း၊

(၉) အောက်ပါတို့နှင့်စပ်လျဉ်းသည့် တားမြစ်ချက်များ၊ ကန့်သတ်ချက်များနှင့် စည်းကမ်းချက်များ-

(ကက) ချေးငွေပုံစံအမျိုးမျိုးနှင့် ရင်းနှီးမြှုပ်နှံမှုများနှင့် ပေးရန်တာဝန်များ၊

(ခခ) ပေးရန်တာဝန်များနှင့် ရရန်ပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ပေးဆပ်မှုနှင့် ပြန်လည်ရရှိမှုသက်တမ်းကာလ ကိုက်ညီစေရန်ဆောင်ရွက်ခြင်း၊

စာမျက်နှာ ၉ သို့

## ဥပဒေကြော်ငြာ

*စာမျက်နှာ ဆ မှ*

(ဂ) နိုင်ငံခြားသုံးငွေများ၊ အဖိုးတန်သတ္တုများ၊ ငွေလဲလှယ်မှုနှင့်စာချုပ်စာတမ်းများ၊ ငွေချေးသက်သေခံလက်မှတ်များ၊ ကြိုတင်ချုပ်ဆိုသည့် စာချုပ်စာတမ်းများ၊ အနာဂတ်ကာလတွင်ပေးချေမည့် လက်ရှိအရောင်းအဝယ်လုပ်နေသော ကုန်စည်များနှင့် ငွေကြေးစာချုပ်များ (Future)၊ သီးခြားနေ့ရက် တစ်ရက်၊ သီးခြားသတ်မှတ်ထားသော ဈေးနှုန်းဖြင့် ဝယ်ယူပိုင်ခွင့်နှင့် ရောင်းချပိုင်ခွင့်ရှိသော အာမခံစာချုပ်များ (options)၊ လဲလှယ်မှုသဘောတူညီချက်များ (Swap Agreements) နှင့် ငွေကြေးများ၊ စတော့ခ်များ၊ စာချုပ်စာတမ်းများ၊ အဖိုးတန်သတ္တုများ သို့မဟုတ် အခြားရရန်ပိုင်ခွင့် သို့မဟုတ် စာချုပ်စာတမ်းများနှင့် သက်ဆိုင်သည့် အခြားဆင့်ပွားစာချုပ်စာတမ်းများတွင် သတ်မှတ်ထားသည့် အချိုးထက်ပိုလွန်သော ကာကွယ်ထားခြင်းမရှိသည့်ပိုင်ဆိုင်မှုများ (unhedged positions)

(ဃ) ဗဟိုဘဏ်မှ ပုဒ်မခွဲ(ဂ)အရ သတ်မှတ်ထားသည့် လိုအပ်ချက်များကို လိုက်နာရန် ပျက်ကွက်သည့် ဘဏ်တစ်ခုခုသည် ဗဟိုဘဏ်က သတ်မှတ်သည့် အချိန်ကာလအတွင်း ဗဟိုဘဏ်၏ စည်းမျဉ်းတွင် သတ်မှတ်သည့် နှုန်းထားဖြင့် ဗဟိုဘဏ်သို့ ဒဏ်ငွေပေးဆောင်ရမည်။

**လုပ်ငန်းဆောင်ရွက်ချက်နှင့် ကတိကဝတ်များအတွက်မှတ်တမ်းများ**

၅၆။ (က) ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် ၎င်း၏ ဆက်သွယ်ဆောင်ရွက်ချက်နှင့် ကတိကဝတ်များ အသီးသီးအတွက် သက်ဆိုင်သော စာရွက်စာတမ်းများကို စာတွဲပြုစုထားရှိရမည်။ အဆိုပါစာတွဲသည် တရားရုံးတွင် သက်သေခံဝင်သော စာတမ်းအမှတ်အသားများ ဖြစ်စေရမည်။

(ခ) ဗဟိုဘဏ်သည် အောက်ပါတို့အပါအဝင် မှတ်တမ်းပြုစုခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာ သတ်မှတ်ချက်များကို စည်းမျဉ်းထုတ်ပြန်သတ်မှတ်နိုင်သည်-

(၁) စာတမ်းအမှတ်အသား အမျိုးအစားများ၊

(၂) ထိန်းသိမ်းထားရှိသည့်ပုံစံ၊ နည်းစနစ်၊

(၃) ထိန်းသိမ်းထားရှိရမည့် သက်တမ်းကာလ၊

(၄) ဤပုဒ်မနှင့်သက်ဆိုင်သော အခြားလိုအပ်သည့် စာတမ်းအမှတ်အသားများ။

**ငွေကြေးခဝါချမှုနှင့် သံသယရှိသော ငွေလွှဲပြောင်းပေးပို့မှု သတင်းပေးပို့ခြင်းများ**

၅၇။ (က) ဗဟိုဘဏ်သည် ဘဏ်လိုင်စင်ရအဖွဲ့အစည်းများနှင့် ဘဏ်မဟုတ်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းများက ၎င်းတို့၏ ဖောက်သည်အား သိရှိခြင်းမူဝါဒနှင့် ဖောက်သည်၏ သတင်းအချက်အလက်အား ဗီရိယပြုရယူခြင်း စံသတ်မှတ်ချက်များအတွက် လိုအပ်ချက်များအပါအဝင် ၎င်းတို့ကောက်ယူစုစည်းရမည့် ဖောက်သည်၏ သတင်းအချက်အလက်များကို စည်းမျဉ်းထုတ်ပြန်သတ်မှတ်နိုင်သည်။

(ခ) မည်သူမျှ ဘဏ်လိုင်စင်ရအဖွဲ့အစည်း သို့မဟုတ် ဘဏ်မဟုတ်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုကို ငွေကြေးခဝါချသည့် ကိစ္စအလို့ငှာဖြစ်စေ၊ အကြမ်းဖက်မှုအား ငွေကြေးထောက်ပံ့မှုကိစ္စအတွက်ဖြစ်စေ သို့မဟုတ် အခြားသော တရားမဝင်သည့် လုပ်ငန်းကိစ္စရပ်များအတွက်ဖြစ်စေ အသုံးမပြုရ။

(ဂ) အကယ်၍ တစ်ဦးတစ်ယောက်သည် ငွေကြေးခဝါချသည့်ကိစ္စ သို့မဟုတ် အကြမ်းဖက်မှုအား ငွေကြေးထောက်ပံ့သည့်ကိစ္စတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့် ဖြစ်စေ ပါဝင်ပတ်သက်သည်ဟု ဘဏ်လိုင်စင်ရအဖွဲ့အစည်း သို့မဟုတ် ဘဏ်မဟုတ်သည့် ငွေရေးကြေးရေးအဖွဲ့အစည်း တစ်ခုခုကဖြစ်စေ၊ ၎င်း၏ဒါရိုက်တာများ သို့မဟုတ် အရာရှိများကဖြစ်စေ ကျိုးကြောင်းခိုင်လုံစွာ သံသယရှိပါက ဗဟိုဘဏ်နှင့် အခွင့်အာဏာရှိသော သက်ဆိုင်သည့် ဥပဒေစိုးမိုးရေးအဖွဲ့အစည်းများသို့ ထိုသူနှင့် ထိုသူ၏ ဆောင်ရွက်ချက်များကို ဆောလျင်စွာ အသေးစိတ် အစီရင်ခံရမည်။

(ဃ) ဗဟိုဘဏ်သည် ကျိုးကြောင်းဆီလျော်စွာ သံသယရှိပါက အောက်ပါတို့နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို အခွင့်အာဏာရှိသည့် သက်ဆိုင်သော တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများထံသို့ ပေးပို့နိုင်သည်-

(၁) ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတွင် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ပါဝင်ပတ်သက်နေသည့် မည်သည့်ပုဂ္ဂိုလ်ကိုမဆို၊ သို့မဟုတ်

(၂) ဆောင်ရွက်ပြီးစီးသော သို့မဟုတ် ဆောင်ရွက်ဆဲဖြစ်သော သို့မဟုတ် ဆောင်ရွက်ရန်ဆဲဆဲဖြစ်သော ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုနှင့် ဆက်နွှယ်နိုင်သော သို့မဟုတ် ဆက်နွှယ်သော လွှဲပြောင်းဆောင်ရွက်ချက် တစ်ရပ်ရပ်။

(င) ဤပုဒ်မ အလို့ငှာ ဖော်ပြသည့် **"ငွေကြေးခဝါချခြင်း"** နှင့် **"အကြမ်းဖက်မှုငွေကြေးထောက်ပံ့ခြင်း"** ဆိုသော စကားရပ်တို့သည် မြန်မာနိုင်ငံတွင် တည်ဆဲဥပဒေအရ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေတို့တွင် ဖော်ပြသောစကားရပ်များနှင့် အဓိပ္ပာယ်တူညီသည်။

**လက်အောက်ခံအဖွဲ့အစည်းများ တည်ထောင်ခြင်း သို့မဟုတ် ပိုင်ဆိုင်မှုရယူခြင်းအား ထိန်းချုပ်ကွပ်ကဲခြင်း**

၅၈။ (က) မည်သည့်ဘဏ်လိုင်စင်ရအဖွဲ့အစည်းမျှ ဗဟိုဘဏ်၏ စာဖြင့် ကြိုတင်ခွင့်ပြုချက်မရှိဘဲ ပြည်တွင်း သို့မဟုတ် ပြည်ပတွင် လက်အောက်ခံအဖွဲ့အစည်းများ ဖွဲ့စည်းခြင်း သို့မဟုတ် ပိုင်ဆိုင်မှုရယူခြင်း မပြုရ။

(ခ) မည်သည့်ဘဏ်လိုင်စင်ရအဖွဲ့အစည်းမျှမြန်မာနိုင်ငံအတွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ ၎င်း၏ရုံးတစ်ခုခုကို ဗဟိုဘဏ်၏ စာဖြင့် ကြိုတင်ခွင့်ပြုချက်မရဘဲ ဖွင့်လှစ်ခြင်းမပြုရ။

**အဆက်အသွယ်ဘဏ်လုပ်ငန်း တည်ထောင်ခြင်း**

၅၉။ (က) ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် ပြည်ပရှိ မည်သည့်ဘဏ်လိုင်စင်ရအဖွဲ့အစည်းနှင့်မဆို အဆက်အသွယ်ဘဏ်လုပ်ငန်းအား ထူထောင်ခွင့်ရှိသည်။

(ခ) ဗဟိုဘဏ်သည် မြန်မာနိုင်ငံပြင်ပရှိ ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် အဆက်အသွယ်ဘဏ်လုပ်ငန်းကို ထူထောင်ခြင်းနှင့်စပ်လျဉ်း၍ စည်းမျဉ်းသတ်မှတ်ချက်များကို ထုတ်ပြန်သတ်မှတ်နိုင်သည်။

**စားသုံးသူအား အကာအကွယ်ပေးခြင်း**

၆၀။ (က) ဗဟိုဘဏ်သည် ဘဏ်လိုင်စင်ရအဖွဲ့အစည်းများ၏စားသုံးသူ အကာအကွယ်ပေးခြင်းနှင့် ငွေရေးကြေးရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရန် တာဝန်ရှိသည့်အပြင် လုပ်ငန်းတာဝန်လည်းဖြစ်သည်။

(ခ) ပုဒ်မခွဲ (က)နှင့်အညီ တာဝန်များကို ဆောင်ရွက်ရန်အတွက် ဗဟိုဘဏ်သည် အောက်ပါ အခွင့်အာဏာများ ရှိသည်။

(၁) မြန်မာနိုင်ငံတွင် ငွေရေးကြေးရေးဆိုင်ရာ စားသုံးသူကာကွယ်ရေးအတွက် မဟာဗျူဟာအစီအစဉ်ကို စီမံချက်ရေးဆွဲရန်နှင့် အကောင်အထည်ဖော်ရန်၊

(၂) အခြားငွေရေးကြေးရေးကဏ္ဍ ကြပ်မတ်ကွပ်ကဲသူများနှင့် ပူးပေါင်း၍ စားသုံးသူအကာအကွယ်ပေးရေး အစီအမံများ ညှိနှိုင်းဆောင်ရွက်ရန်၊

(၃) အခြား ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ငွေရေးကြေးရေးကဏ္ဍ ကြပ်မတ်ကွပ်ကဲသူများထံမှ လိုအပ်သည့် သတင်းအချက်အလက်များ ရယူရန်၊

(၄) အခြားသော ငွေရေးကြေးရေးကဏ္ဍ ကြပ်မတ်ကွပ်ကဲသူများက ကြီးကြပ်ကွပ်ကဲခြင်းမပြုသည့် ကဏ္ဍများ၊ လစ်လပ်နေသောကဏ္ဍများအတွက် ညွှန်ကြားချက်များ ထုတ်ပြန်ရန်၊

(၅) ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် ၎င်းနှင့်ဆက်ဆံသူများအကြားတွင် ပေါ်ပေါက်သည့် အငြင်းပွားမှုများကို တရားရုံးပြင်ပတွင် ဖြေရှင်းသောစနစ်တစ်ရပ်အား တိုးမြှင့်ဆောင်ရွက်ရန်၊

(၆) ငွေရေးကြေးရေးဆိုင်ရာစားသုံးသူ သုတေသနပြုခြင်းနှင့် ကိန်းဂဏန်းစုဆောင်းခြင်းကိစ္စများကို အားကောင်းစေရေးအတွက် ဆောင်ရွက်ရန်၊

(၇) အဓိကပါဝင်သူများ၏ ငွေရေးကြေးရေးအသိပညာဆိုင်ရာ စာပေကွန်ရက်ကို တည်ထောင်ရန်၊

(၈) ငွေရေးကြေးရေးဆိုင်ရာ စားသုံးသူကာကွယ်ရေး နယ်ပယ်နှင့်စပ်လျဉ်းသည့် လုပ်ငန်းဆောင်ရွက်ချက်များ၊ ပြဿနာရပ်များကို အစိုးရနှင့် အများပြည်သူတို့သိရှိစေရန် အစဉ်တစိုက် အသိပေးဖော်ပြရန်။

(ဂ) ဗဟိုဘဏ်သည် ဤပုဒ်မအကျိုးသက်ရောက်စေရန် အလို့ငှာ လိုအပ်သည့် စည်းမျဉ်းများကို ထုတ်ပြန်နိုင်သည်။

**မမျှတသည့်ယှဉ်ပြိုင်လုပ်ကိုင်မှုများအား တိုက်ဖျက်ရေး**

၆၁။ ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် အောက်ပါတို့ကို ဆောင်ရွက်ခြင်း မပြုရ-

(က) ငွေရေးကြေးရေးဈေးကွက်များတွင် ထိန်းချုပ်လွှမ်းမိုးနိုင်သည့် အနေအထားကို ရရှိစေမည့်ပဋိညာဉ်များ သို့မဟုတ် သဘောတူညီချက်များကို ချုပ်ဆိုခြင်း သို့မဟုတ် လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း ၊

(ခ) မိမိအတွက်လည်းကောင်း၊ အခြားပုဂ္ဂိုလ်များအတွက်လည်းကောင်း မမျှတသည့် အခွင့်အလမ်းရရှိစေမည့် မမှန်ကန်သော ခြယ်လှယ်မှုများ လုပ်ဆောင်ခြင်း။

**အခန်း (၉)**

**ဘဏ်လိုင်စင်ရအဖွဲ့အစည်းများ၏**
**ဒါရိုက်တာ အဖွဲ့၊ အမှုဆောင်အရာရှိချုပ်နှင့် အရာရှိများ**

**ဒါရိုက်တာအဖွဲ့**

၆၂။ (က) ဘဏ်လိုင်စင်ရအဖွဲ့အစည်းသည် အစုရှယ်ယာရှင်များ အထွေထွေအစည်းအဝေးမှ ရွေးချယ်ခြင်းခံရသူ ဒါရိုက်တာငါးဦးထက်မနည်း ကိုးဦးထက်မပိုသော ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းထားရှိရမည်။

(ခ) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဒါရိုက်တာအဖွဲ့ အစည်းအဝေးတွင် အစည်းအဝေး ထမြောက်ရန် တက်ရောက်ရမည့် အဖွဲ့ဝင် ဒါရိုက်တာဦးရေ ပြည့်မီစွာတက်ရောက်သော်လည်း သီးခြားလွတ်လပ်သော အမှုဆောင်မဟုတ်သော ဒါရိုက်တာ အနည်းဆုံး တစ်ဦးတက်ရောက်မှသာ ထိုအစည်းအဝေးအထမြောက်သည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်သည် နိုင်ငံခြားဘဏ်ခွဲများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

**ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များ**

၆၃။ (က) အစုရှယ်ယာဝင်များ၏ သင်းလုံးကျွတ် အထွေထွေအစည်းအဝေးမှ ဆောင်ရွက်ရန် ပေးအပ်သည့် လုပ်ငန်းတာဝန်များအပြင် ဘဏ်လိုင်စင်ရအဖွဲ့အစည်းက ဆောင်ရွက်ရမည့် လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များအားလုံးကို ဤဥပဒေအရဒါရိုက်တာအဖွဲ့သည် ကျင့်သုံးဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က)အရ လုပ်ငန်းတာဝန်များကို စနစ်တကျ ဆောင်ရွက်ရန်အလို့ငှာ ဒါရိုက်တာအဖွဲ့သည် လိုအပ်သော စည်းကမ်းများကို ချမှတ်ထားရမည်။

(ဂ) ဒါရိုက်တာအဖွဲ့၏ တာဝန်များတွင် စီမံခန့်ခွဲရေးကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲခြင်းအပြင် အောက်ပါတို့ပါဝင်သည်-

(၁) ပြည့်စုံသောဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲရေးလုပ်ငန်းစဉ် ချမှတ်ခြင်းနှင့် သုံးသပ်ခြင်း၊

(၂) ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေးနှင့် ထိန်းချုပ်ကွပ်ကဲမှုစနစ်နှင့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်းနှင့် သုံးသပ်ခြင်း၊

(၃) လုပ်ပိုင်ခွင့်နှင့် တာဝန်များကိုပေးအပ်ရန် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များအတွက် မူဝါဒများချမှတ်ခြင်း၊

(၄) ကျင့်ဝတ်နှင့်ကျွမ်းကျင်မှုစံများ မြှင့်တင်ပေးမည့် အဖွဲ့အစည်းအတွင်း လက်တွေ့ကျင့်သုံးမှုနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်း၊

(၅) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဌာနတွင်း ထိန်းချုပ်ကွပ်ကဲမှုစနစ်ကို ချမှတ်ခြင်းနှင့်သုံးသပ်ခြင်း။

(၆) ဘဏ်လိုင်စင်ရအဖွဲ့အစည်း၏ ဥပဒေနှင့် ထုတ်ပြန်သည့် နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များ လိုက်နာမှုကို သေချာစေခြင်း။

**ကော်မတီများနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းပိုင်ခွင့်အာဏာ**

၆၄။ (က) ဒါရိုက်တာအဖွဲ့သည် အောက်ဖော်ပြပါ ကော်မတီများအပါအဝင် သီးသန့်ရည်ရွယ်ချက်များဖြင့် ကော်မတီနှင့် ဆပ်ကော်မတီများကိုတစ်ခုဖြစ်စေ၊ တစ်ခုထက်ပို၍ဖြစ်စေ ဖွဲ့စည်းနိုင်သည်-

(၁) ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကော်မတီ

(၂) ချေးငွေကော်မတီ

(၃) လစာချီးမြှင့်ရေးကော်မတီ

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် ကော်မတီနှင့် ဆပ်ကော်မတီတို့၏ လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် လုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် လည်းကောင်း၊ ၎င်းတို့အဖွဲ့ဝင်များကို ပေးရမည့် လစာနှင့် ချီးမြှင့်ငွေများသည်လည်းကောင်း ဒါရိုက်တာအဖွဲ့က သတ်မှတ်သည့်အတိုင်း ဖြစ်စေရမည်။

**ဒါရိုက်တာများနှင့် အရာရှိများအတွက် သင့်မြတ်လျော်ကန်မှု**

၆၅။ (က) ရာထူးတာဝန်နှင့် သင့်မြတ်လျော်ကန်မှုရှိခြင်းနှင့် ဤဥပဒေအရ ရာထူးတာဝန်ထမ်းဆောင်ရန် တားမြစ်ပိတ်ပင်ခြင်းမရှိပါက မည်သူမဆို ဘဏ်လိုင်စင်ရ အဖွဲ့အစည်းတစ်ခု၏ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် မန်နေဂျာအဖြစ် ခန့်အပ်ပိုင်ခွင့်၊ ရွေးချယ်တင်မြှောက်ခံပိုင်ခွင့် သို့မဟုတ် အမည်စာရင်းတင်သွင်းခွင့်ရှိသည်။

(ခ) ဤဥပဒေအရ ရာထူးတာဝန်နှင့်သင့်မြတ်လျော်ကန်သူ ဟုတ်/မဟုတ် ဆုံးဖြတ်ရာတွင် ဗဟိုဘဏ်ကသတ်မှတ်နိုင်သည့် အခြားကိစ္စရပ်များအပြင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရမည် -

(၁) ငွေကြေးနှင့် ဘဏ်လုပ်ငန်း၊ စီမံခန့်ခွဲမှု၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် သက်ဆိုင်ရာကဏ္ဍတစ်ခုခုတွင် ပညာအရည်အချင်း သို့မဟုတ် အသက်မွေးဝမ်းကျောင်းနှင့်ဆိုင်သော အရည်အချင်းများ သို့မဟုတ် ထိရောက်သည့် အတွေ့အကြုံများ၊

(၂) အဆိုပါ ပုဂ္ဂိုလ်သည် လိမ်လည်လှည့်ဖြားမှု၊ မရိုး မဖြောင့်မှု သို့မဟုတ် အခြားမလျော်မကန်ပြုမူကြောင်း ကြပ်မတ်ကွပ်ကဲသည့် အဖွဲ့အစည်းကဖြစ်စေ၊ ပြည်တွင်းပြည်ပတွင် ဖွဲ့စည်းထားသည့် အသက်မွေးဝမ်းကျောင်းအသင်းအဖွဲ့ သို့မဟုတ် ဥပဒေအရဖွဲ့စည်းထားသည့် အခြားအဖွဲ့အစည်းတစ်ခုခုကဖြစ်စေ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် စုံစမ်းခြင်းခံရခြင်း၊

(၃) အဆိုပါပုဂ္ဂိုလ်သည် ငွေရေးကြေးရေး စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ ပြည်တွင်း ပြည်ပရှိ တရားရုံးတစ်ခုခုက ပြစ်ဒဏ်ချမှတ်ခြင်းခံရခြင်း ရှိ/မရှိ၊

(၄) အဆိုပါပုဂ္ဂိုလ်သည် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ လူမွဲစာရင်းခံယူသူအဖြစ် ကြေညာခြင်းခံရခြင်း ရှိ/မရှိ၊

(၅) အဆိုပါ ပုဂ္ဂိုလ်သည် ကြွေးမြီပြန်လည်ပေးဆပ်မှုအပါအဝင် ပြည်တွင်းတွင် ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ တရားရုံးတစ်ခုခု၏ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်တစ်ခုခုကို ကျေနပ်အောင် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူ ဟုတ်/မဟုတ်၊

(၆) အဆိုပါပုဂ္ဂိုလ်သည် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ တရားရုံးတစ်ခုခုကသော်လည်းကောင်း၊ မြန်မာနိုင်ငံတွင် အစိုးရဆေးဘုတ်အဖွဲ့က သော်လည်းကောင်း စိတ်မနှံ့သူဖြစ်သည်ဟု ကြေညာထားခြင်းခံရသူ ဟုတ်/မဟုတ်၊

*ဆက်လက်ဖော်ပြပါမည်*

ပင်ကိုယ်ဖြေလစ်/လေဗီအား
Full Auto အုတ်ရိုက်စက်
စေတ်မီမြေအုတ်ရိုက်စက် များမှာယူနိုင်ပါသည်။
(၆၇)၊သံသုမာလမ်း၊သုဝဏ္ဏသွားအေးတော္ကုသိုလ်အနီး
PH:09 731 99 410
09420035882, 73199257

ပိုင်ရှင်မှ အမြန်ရောင်းမည်။
၁၅ ပေ × ၆၂ ပေ (ပ)ထပ်၊ ထင်ဒိုးပြည့်၊ ဟောင်ကောင် ပုံစံ အဆင့်မြင့် ပြင်ဆင်ပြီး 1 MBR + 2 Room + 2A/C+ ရေပူ/အေး၊ ကြိုးဝိုင်းပါတောင့ရွေ့ကောက်မြောင်း ဆီ အချက်အချာကျ နေရာကောင်း(ရုံးခန်း+လူနေ သင့်တော်) ရောင်းဈေး – 825 သိန်း (ပွဲစားမလို)
Ph : 09-254215578, 09-250656914

# "အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း"

ဆန်းသစ်တီထွင်နိုင်သော ကဏ္ဍအတွက် **FAME Pharmaceuticals Industry Co., Ltd** ကမြန်မာနိုင်ငံတွင် **National Winner** (ပထမ)အာဆီယံ (၁၀)နိုင်ငံတွင် တတိယ (**2nd Runner Up**)ဆုများကို၊ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၁၁)ရက် (အင်္ဂါနေ့)တွင် နေပြည်တော်၌ ကျင်းပသော (၇)ကြိမ်မြောက် **ASEAN BUSINESS AWARDS 2014 (ABA)** ဆုပေးပွဲ အခမ်းအနားတွင်လက်ခံရရှိကြောင်းသိရှိခဲ့ရသဖြင့် **ဒေါက်တာ ခင်မောင်လွင် + ဒေါက်တာ ခင်ခင်ဌေး** နှင့်ဝန်ထမ်းများအားလုံး အတွက် များစွာဂုဏ်ယူမိကြောင်းနှင့်နောင်တွင်လည်းယခုထက်ပိုမိုတိုးတက်အောင်မြင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်း အပ်ပါသည်။

**ဒေါက်တာ ခင်မောင်ဝင်း + ဒေါက်တာ ဝေဝေ**
**DIAMOND LAND**
**စိန်အရောင်းပြခန်း**
**အမှတ်(၅၀)၊ အရှေ့ဘက်တန်း**
**ဗိုလ်ချုပ်ဈေး**

## WISE College ရှိ နိုင်ငံတကာအသိအမှတ်ပြု ABE (UK) မှ တိုက်ရိုက်ချီးမြှင့်သော Business Management Diploma Dec 2014 သင်တန်းများအတွက်သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

အဆင့်အတန်းမြင့်မားသော သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားလိုသူများ၊ ရာထူးကောင်း လစာကောင်း ရရှိလိုသူများ Business Management ဆိုင်ရာနိုင်ငံတကာအသိအမှတ်ပြုလက်မှတ် ပိုင်ဆိုင်လိုသူများ လေ့လာတက်ရောက်သင့်သည့် ABE (UK) Diploma သင်တန်းများကို WISE College တွင် တက်ရောက်နိုင်ပါသည်။

1. Business Management Higher Diploma
   - Higher Diploma (Part-1)
   - Higher Diploma (Part-2)

(တက္ကသိုလ်တက်ရောက်နေဆဲကျောင်းသား/သူများ (သို့) Level-4 Diploma ရရှိပြီးသူများတက်ရောက်နိုင်)

Enroll 1 Get 3 Diplomas (အထူး အခွင့်အရေးတစ်ရပ် အနေဖြင့် အစိုးရအသိအမှတ်ပြု Business Management Diploma (၂) ခုကိုလည်း သင်တန်းကြေး 100% off ဖြင့် ၁နှစ်အတွင်း သင်ကြားရယူနိုင်ပါသည်။)

2. Business Management Graduate Diploma

(ဘွဲ့တစ်ခုခုရရှိပြီး၊လုပ်ငန်းအတွေ့အကြုံရှိသူများ (သို့) Level-5 Diploma ရရှိပြီးသူများတက်ရောက်နိုင်)

၎င်းDiploma များအောင်မြင်ပြီးပါက နိုင်ငံတကာကောလိပ်/တက္ကသိုလ် (UK,Australia, etc....) ၁၂၀ ကျော်တွင် ဒုတိယနှစ်(သို့)BA Final Year(သို့) MBA 1st Year သို့တိုက်ရိုက်တက်ရောက်နိုင်ပါသည်။

WISE College (1009 A/B)၊ ၁၀လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ် တွင် 15 Dec 2014 နောက်ဆုံးထား၍ အပ်နှံနိုင်ပါသည်။ ဖုန်း -01 556183၊ 09-255723388၊ 09-421154862

## English for Academic Purposes(EAP)

အင်္ဂလိပ်စာကို ရေးနိုင်၊ ဖတ်နိုင်၊ ပြောနိုင်၊ နားလည်နိုင်ဖို့ 4 Skills အပြင် လူရည်လည်ဖို့ လူတွင်ကျယ်ဖို့အတွက် Soft Skills လို့ခေါ်တဲ့ နိုင်ငံခြားကျောင်းအတွေ့အကြုံနှင့် လုပ်ငန်းခွင်အတွေ့အကြုံလိုအပ်ချက်များကိုပါ လေ့ကျင့်သင်ကြားပေးမည်။

EAP (Dec) - 5:30 - 8:30 (Tue, Thurs) / (Jan) - 5:30 - 8:30 (Mon, Wed, Thurs)

## IELTS Foundation & Preparatory Courses

IELTS (Dec) - 4:30 - 7:30 (Sat, Sun) / (Jan) - 1:30 - 4:30 (Mon, Wed, Thurs)

Dec & Jan intakes အတွက်Early Bird 20% Discount ရှိသည်။

**Aptis Test** နေ့စဉ်တက် ရုံးချိန်လွတ် အထူးသင်တန်းလည်းဖွင့်ပြီ။

5:30 to 7:30 (Mon to Fri) Aptis Test Enrolment for Dec 6 to 12 exam 5:30 to 7:30 (Sat, Sun)

EPIC Education မှလူဦးရေကို ကန့်သတ်ထားပြီးသင်ကြားမှုအထိရောက်ဆုံး ဝါရင့် ဆရာများမှ စနစ်တကျ သင်ကြားပေးမည်။

Center (I), No.17, 2nd Floor, Shankone Street, Myaynikone, Sanchaung Tsp, Yangon. Ph: 11 223 840
Center (II),No. 31, Mahar Myaing Street, Sanchaung Tsp, Yangon. Ph: 09 32 234 888, 01 536919

သာကေတမြို့နယ်၊ ရွှေခင်းသာလမ်းမကြီး၊မြန်မာ့ကြယ်ငါးပွင့်သင်္ဘောဆိပ်ကမ်းဝန်းအတွင်းရှိ

## HTET OO MARITIME TRAINING INSTITUTE

ပင်လယ်ရေကြောင်းသင်္ဘောသားဖြစ်ချင်သူများအတွက် Whole Package စနစ်ဖြင့် မျက်စိစစ်၊ ဆေးစစ်ခြင်းများ၊ BST နှင့် Pre-Sea သင်တန်းများတက်ရောက်ခြင်း၊ CDC / Passport လျှောက် ထားခြင်းများကို (၄)လ အတွင်း ပြီးမြောက်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးနေပါပြီ။

၁။ BST (4 Tickets) - (နေ့လည်စာ နှင့် Coffee ကို အခမဲ့ကျွေးမွေးမည်)
၂။ Tanker Familiarization Course (T.F) -(နေ့လည်စာနှင့်Coffee ကို အခမဲ့ကျွေးမွေးမည်) ( Oil, Chemical ) (CDC ရှိပြီးသူများသာ)
၃။ Pre-sea Course (Deck , Engine)-(သင်္ဘောပေါ်သို့ လေ့လာရေး ခရီး ပို့ဆောင်ပေးပါမည်)
၄။ Designated Security Duties Course ( DSD)
၅။ Ship Security Awareness Course (SSA) စသည့် သင်တန်းများ အတွက် စုံစမ်းမေးမြန်း စာရင်းပေးသွင်းနိုင်ပါသည်။

(၁) သာကေတမြို့နယ်၊ ရွှေခင်းသာလမ်းမကြီး၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောဆိပ်ကမ်းဝန်းအတွင်းရှိ ထက်ဦးသင်္ဘောသားသင်တန်းကျောင်း
Ph: 09 250278274, 01-544562
(၂) အမှတ်-က/၁၆၈၊ ဒေါပုံသင်္ဘောကျင်းလမ်း (ရေကြောင်းဦးစီးဌာနလမ်း)ဒေါပုံမြို့နယ်၊
Ph: 09 421154222



**FAME** **Uritec®**
For urinary tract infection
ကာလဘာယရိ
TMR 012033 (0516)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

**FAME** **Urocrush®**
For renal stones
ဆီးကျောက်ပျော်ဆေး
TMR 006245 (0714)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified



အညောင်းထိုင်ခြင်းသည် ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။

**လမ်းလျှောက်ပါ ဆန္ဒမွန် သောက်ပါ**

**ဆီးဝမ်းလေမှန် ပေါ့ပါးကျန်းမာမည်**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -2012(YR)004586 ကြော်ငြာခွင့်ပြုချက်အမှတ် -တဆဝက(စာနယ်ဇင်း)၁၄၀/၀၁၁၁၄

